www.burmeseclassic.com

# A MYANMAR LOOKS AT OTHERS










မြန်မာတစ်ဦး၏

# ကမ္ဘာ့အမြင်

ဦးသက်ထွန်း
(အငြိမ်းစားသံအမတ်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

A Myanmar Looks at Others by Retired Ambassador U Thet Tun

မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်၊ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း

အင်္ဂလိပ်+မြန်မာနှစ်ဘာသာတွဲပုံနှိပ်ခြင်း

ပထမအကြိမ် - နိုဝင်ဘာ၊ ၂၀၀၄

စောင်ရေ - ၁၀၀၀

**တန်ဖိုး - ၁၂၀၀ ကျပ်**

BURMESE CLASSIC .com

ဖြန့်ချိရေး

**[illegible]**

၁၁၁၊ ၃၃လမ်း(အလယ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။ ဖုန်း- ၃၇၃၂၁၀
e-mail: daung73@myanmar.com.mm

ထုတ်ဝေသူ-ဦးကျော်ဟင်း (၀၉၁၀)၊ ယုံကြည်ချက်စာပေ၊ ၁၁၁၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့်အဖုံး ပုံနှိပ်သူ-ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလှဲဝင်း ပုံနှိပ်တိုက်၊ အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ စာမူ ခွင့်ပြုချက်အမှတ် ၅၄/၂၀၀၄(၅)။ မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၁၀၀/၂၀၀၄(၉)။
အဖုံးဒီဇိုင်း-နောင်နောင်စိုးသိမ်း

# A Myanmar Looks at Others

## မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်

Table of contents

(မာတိကာ)

- စာရေးသူ၏အမှာ ၄
၁။ (Australia) Waltzing Matilda 5
ဩစတြေးလျနိုင်ငံတော်သီချင်း ၁၀
၂။ (Austria) The Viennese Waltz 15
ဗီယာနာဝေါ့လ်စ်အက ၂၀
၃။ (Canada) The Maple Leaf 25
သကြားပင်ရွက် ၂၉
၄။ (Sri Lanka) Thiri Linka 33
သီရိလင်္ကာ ၃၈
၅။ (France) In Gay Paree 43
ပျော်စရာပါရီ ၄၈
၆။ (England) Out in the Mid-day Sun 53
မွန်းတည့်နေအောက်ဝယ် ၅၈
၇။ (Germany) Auf Wiedersehn 64
နောက်တစ်ခါဆုံကြဦးမယ် ၆၈
၈။ (China) Beijing Diary 7?
ဘေဂျင်းသွားမှတ်တမ်း ၈၁

www.burmeseclassic.com

www.burmeseclassic.com


၉။ (Philippines) The Melting Pot 92
ရောကြိုရာအိုးကြီး ၉၇

၁၀။ (Korea) The Hermit Kingdom 102
ရသေ့နိုင်ငံ ၁၀၇

၁၁။ (Chile) Si Vas Para Chile 112
ချီလီဘက်ရောက်ခဲ့ရင် ၁၁၇

၁၂။ (Czechoslovakia) The Praha Spring 121
ပရာဟာမှနွေဦးစ ၁၂၆

၁၃။ (Egypt) Gift of the Nile 131
နိုင်းလ်မြစ်၏လက်ဆောင် ၁၃၆

၁၄။ (India) The One who Came
Across The sea 141
ပင်လယ်မှ ကူးလာသူ ၁၄၆

၁၅။ (Italy) The Roman Holiday 151
ရောမအပျော်ခရီး ၁၅၆

၁၆။ (Japan) The Swing of the Pendulum 161
တစ်ဘက်စွန်းမှ နောက်တစ်ဘက်သို့ ၁၆၇

၁၇။ (Malaysia)The Peninsulares 172
ကျွန်းဆွယ်သားများ ၁၇၅

၁၈။ (Pakistan) Suddenly Last Summer 178
ရုတ်တရက်ပြောင်းလဲတတ်သည့်နိုင်ငံ ၁၈၄

၁၉။ (Romania) Latins of Eastern Europe 189
အရှေ့ဥရောပမှ လက်တင်လူမျိုး ၁၉၂

၂၀။ (Scotland) North of the Border 195
နယ်ခြားမြောက်ပိုင်းမှ ၁၉၉

၂၁။ (Spain) Night Into Day 203
ညမှနေ့သို့ ၂၀၈

၂၂။ (Switzerand) The Invisible Neutrals 213
မမြင်ရသော ကြားနေများ ၂၁၈

၂၃။ (Thailand) Not so Identical Twins 223
သိပ်မတူသော အမြွှာညီနောင် ၂၂၈

၂၄။ (Hongkong & Singapore)
Islands In The Sun 233
နေထဲကကျွန်းများ ၂၃၆

၂၅။ (Bulgaria) Land of the Bulgars 239
ဘူလ်ဂါးတို့နေပြည် ၂၄၃

၂၆။ (Greece) Greece 247
ဂရိ ၂၅၁

၂၇။ (Portugal) April In Portugal 255
ပေါ်တူဂီကဧပြီလ ၂၅၈

၂၈။ (Lebanon) Modern Phoenicians 262
ခေတ်သစ်ဖီနစ်ရှင်များ ၂၆၆

၂၉။ (Iraq) Once and a Future Land 270
တစ်ခါကနဲ့ အလားအလာနိုင်ငံ ၂၇၄


၃၀။ (Belgium) Divided by the Tongue 277
စကားကြောင့်ခြားနား ၂၈၁

၃၁။ (USA) The All American 285
အမေရိကန်ဆိုသည်မှာ ၂၉၀

၃၂။ Curriculum Vitae of
Wunnakyawhtin U Thet Tun 295
ဝဏ္ဏကျော်ထင် ဦးသက်ထွန်း၏ ကိုယ်ရေးမှတ်စု ၂၉၆


www.burmeseclassic.com

www.burmeseclassic.com



### A Myanmar Looks at Others

By looking at others one may discover one-self. In this pious hope the author looks at the way other people live, work and play, taking note of differences as well as similarities with the Myanmar's. This naturally involves irrelevant generalisations about the so-called national character the very concept of which is still under dispute among sociologists. In anticipation of the ensuing controversy, beginning with questions of protocol, the author describes the peoples he has visited, in random order.

### မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်

အခြားသူတို့အား ကြည့်ခြင်းအားဖြင့် မိမိကိုယ်အကြောင်း မိမိ သိနိုင်လိမ့်မည်လား ဟူသော မျှော်လင့်ချက်ဖြင့် သူတစ်ပါးတို့ နေပုံထိုင်ပုံ၊ အလုပ်လုပ်ပုံ တို့ကို လေ့လာ၍ မြန်မာတို့နှင့် တူညီပုံ၊ ကွာခြားပုံ တို့ကို မှတ်သားသည်။ ယင်းသို့ လေ့လာရာ၌ ယခုတိုင် လူမှုရေး ဘာသာ ပညာရှင်တို့အကြား ငြင်းခုံဆဲ ဖြစ်သော အမျိုးသားသရုပ်အကြောင်း ယေဘုယျ ပြောဆိုခြင်းတို့ ပါဝင်ပေလိမ့်မည်။ ယင်းသို့သော အငြင်းအခုံများ ရှိမည်သိ၍ စာရေးသူ လေ့လာခဲ့သော လူမျိုးတို့အား အစီအစဉ်မဲ့ တင်ပြထားသည်။

**ဦးသက်ထွန်း (အငြိမ်းစားသံအမတ်ကြီး)**

BURMESE CLASSIC .com

### Waltzing Matilda

An Australian friend of mine joined the Navy during the War because he wanted to see the World. Instead he was posted to an offshore island for the rest of the War to guard against a possible Japanese invasion. However, after the War, probably as a compensation, he was sent to the United States and later to Britain as a representative of the Australian Treasury. After several years abroad he fell homesick and asked for a transfer back home. The story of my friend illustrates a typical Australian ambivalence arising out of physical isolation from and spiritual affinity towards the lands of his ancestral origin.

Fortunately to assuage this expatriate feeling, Captain James Cook had brought on his ship *Endeavour* several kegs of brandy when he landed at Botany Bay in 1770. When that supply ran out, veterans of the First Fleet made top fermentation beer out of the first crop of spare grain. Since this was not sufficient to quench the Big Thirst, West Indian rum was shipped in via London and enjoyed a better standing as currency than the coinage then in circulation. When New South Wales Governor Bligh had the audacity to seize two illicit stills belonging to James Macarthur in 1808, the rum-sodden soldiers of the New South Wales Corps staged a Rum Rebellion and promptly arrested the tyrant.

www.burmeseclassic.com

www.burmeseclassic.com



Imported rum was soon replaced by local beer as the Big Spit with hotels and later the old rubbidy (-dub) as well as the venue for its consumption. I found it an exhilarating as well as an intoxicating experience to participate in the Six O'clock Swill when 6 PM closing was still enforced in those establishments crowded with tired and thirsty workers on their way home from offices and factories. The idea was to imbibe as much as possible before the closing hour. At ten to six, a bell would ring and out came all the available change on the counter which would then be laden with beer glasses thus paid for before sales ceased officially.

Since consequences of this condensed drinking were abundantly visible, drinking hours were recently extended to 10 PM, or even beyond in some places. But this has apparently made drinking lose its former brazen rebelliousness and Australian drinkers have been edged out into a shame-faced fifth position in the world log in beer consumption by the Germans, the Czechs, the Belgians and the Luxembourgers, the last with the assistance of parched tourists. Another consequence is the current upsurge of interest in wine, local varieties of which, produced from irrigated crops, are indeed very good. Australian wine is now beginning to travel despite the typical Australian reluctance to publicize it.

However it is not only the excellent beer and wine that Australians out of typical modesty would not publicize, but the whole range of their achievements - from a very high standard of wages and living, to a comprehensive social welfare scheme, to an efficient and independent public service, since good wine needs no bush. Australia today attracts an inflow of about 150,000 immigrants a year, a substantial proportion of them coming from South European countries. This Latin and Balkan Australian element has no doubt added a little colour and excitement to an otherwise staid if healthy life of a sportsman nation.

BURMESE CLASSIC .com



Unlike the Myanmar who took to soccer, the Australian took to cricket and can now beat the former coach at his own game. It is a well-known fact that ubiquitous tennislawns and sea beaches of the Sunshine Continent have produced champion tennis players and swimmers. What is not so well known however is the fact that Australia had contributed more than her fair share of lung-power to the world of music, from Dame Nellie Melba to Joan Sutherland. A limited domestic market of 13 million has no doubt been conducive to a flight of artistic talent (Novel Prize winner Patrick White excluded) to the rest of English speaking world. Movie industry is almost non-existent while the Melbourne theatre is constantly geared to London and Broadway. The recent opening of the spectacular Opera House in Sydney by Queen Elizabeth should however be a signal for a more truly two-way traffic of culture in the future.

Physical isolation also applies to within the Down Under itself, where Christmas is celebrated on the beach. While two-thirds of the population live in the south-eastern tip of the island continent, the remaining third live in places separated hundreds of miles from it and from one another. Then there is the vast arid outback to all these sea-facing cities and their hinterland. In Australia the distances are so great one takes airplanes as one takes buses elsewhere.

What unifies this scattered immigrant nation, living on the largest space island in the world, is not the common language. Because, while English alone is spoken, actually it is a two accent nation, one accent being heard on the public address systems and the other heard in the

www.burmeseclassic.com

www.burmeseclassic.com



street, one heard from its representatives abroad and the other heard from people back home. Instead it is war service abroad that has produced the Australian matey spirit, the equivalent of the Myanmar's *yebaw-seitdat* which unifies that martial race popularly known abroad as the Aussies. "Hello, mate" is the Australian answer to the "Hi, fella" social democracy of the Americans.

American influence is most evident in Sydney whose traditional rivalry with Victorian Melbourne has caused the capital of the Commonwealth to be built up in Canberra situated in between them. Built up is the right word because it was there that I had seen for the first time a bridge with no water underneath in a brand new dug-up lake.

Both the matey Australian man and his shy and freckled mate (the Australian sun again!) are devoted to horse-riding and horse-racing Hence the old gibe, no longer justified, that the Australian lyre is strung with horse hair. On Melbourne Cup day life in the whole of Australia apparently comes to a stand-still and every body puts a bet on the race, ironically to be generally won by a New Zealand horse. Superior horse-legs and lamb-meat are two items the Australians gracefully concede to their tiny neighbour nation.

Although more than 85 percent of Australians are town-dwellers and more than half the entire population of 19 million live in or near Sydney and Melbourne, indulgence in the cult of the beach and a general outdoor life act as safety-valves from the usual urban discontent and violence. Another reason for the stability of Australian life is perhaps their cult of the middle brow which strikes a sympathetic chord in a Myanmar.

If internally peaceable, the Australians of late have been restless like their fellow Common-wealth member



Canadians in the search for a new national identity. Some of them feel that living in Asia they should learn how to be white Asians. In this they will probably be helped by their native lack of stand-offishness and their active role in the Colombo Plan (nearly named as 'Spender Plan", after Sir Percy Spender, but for its financial implications). But it is not only in the foreign policy field that Australia is going through a change. In the economic field, the mineral boom has given an impetus to a change in the economic structure from that of a predominantly agricultural exporter. In the academic field, standards have been raised in order to establish a reputation, so much so that it is beginning to hurt foreign students. It will indeed be interesting to see the emergence of a new Australian posture complete with a new national anthem.

www.burmeseclassic.com

www.burmeseclassic.com

# ဩစတြေးလျ နိုင်ငံတော်သီချင်း

ကျွန်တော့် ဩစတြေးလျမိတ်ဆွေတစ်ဦး ကမ္ဘာကြီးကို ကြည့်ချင်၍ စစ်အတွင်းက ရေတပ်ထဲ ဝင်ပါသည်။ သူ့ခမျာ စစ်ပြီးသည်အထိ အနီးရှိ ကျွန်းတစ်ကျွန်းပေါ်၌ ဂျပန်တပ်များ ဝင်တိုက်လေမလားဟု စောင့်ကြည့်နေရပါသည်။ စစ်ပြီးနောက် (လျော်ကြေးအနေနှင့်များလား မသိ) အမေရိကန်နှင့် ဥရောပတိုက်တို့၌ ဩစတြေးလျ ဘဏ္ဍာစိုးကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်း ခံရပါသည်။ နှစ်ပေါင်းများစွာ နိုင်ငံခြားနေပြီး မိမိဌာနီ လွမ်းလာသည်နှင့် အိမ်ပြန်ခေါ်ရန် လျှောက်ထားရပါသည်။ ဩစတြေးလျတို့ မိမိဘိုးဘေးတို့ လာရာဌာနီနှင့် စိတ်ပေါင်းကိုယ်ခွာ ဖြစ်နေပုံကို ကျွန်တော့်မိတ်ဆွေ ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။

ဤအဝေးရောက်စိတ်ကို ဖြေနိုင်ဖို့ ကပ္ပတိန် ဂျိမ်းစ်ကွပ် ၁၇၇ဝ - ခုနှစ် ဘိုတနီပင်လယ်ကွေ့သို့ ဆိုက်ရောက်စဉ်က ကံအားလျော်စွာ ၎င်း၏ သင်္ဘော 'ကြိုးစားမှုများ' ပေါ်၌ ဘရန်ဒီစည်အချို့ ပါလာခဲ့၏။ ၎င်းအရက်ကုန်သွားသောအခါ ပထမရေတပ်သားကြီးတို့သည် ပထမဆုံးထွက် ကျူစေ့အပိုအလျှံမှ စိမ်ရည်ဘီယာချက်ကြလေသည်။ ယင်းနှင့် ရေတော်မြင်း အာသာမပြေသောအခါ အနောက်အိန္ဒိယကျွန်းစုမှ ရမ်အရက်ကို လန်ဒန်မှတစ်ဆင့် တင်သွင်းရလေသည်။ ယင်းရမ်အရက်ကို ထိုစဉ်က လှည့်လည် သုံးစွဲနေသော ငွေကြေးထက်ပင် လူအများက လက်ခံကြလေသည်။ နယူးဆောက်ဝေးလ် ဘုရင်ခံ ဘလိုင်းက ၁၈ဝ၈ - ခုနှစ်တွင် ဂျိမ်းစ်မက်အာသာပိုင် အခွန်မဆောင် ရမ်အရက်နှစ်စည်ကို သိမ်းယူသောအခါ အရက်မူးနေသော နယူးဆောက်



ဝေးလ် စစ်တပ်သားတို့က 'ရမ်သူပုန်' ထကာ ဘုရင်ခံအား ဖမ်းဆီးခဲ့လေသည်။

များမကြာမီ ပြည်တွင်းဖြစ် ဘီယာက နိုင်ငံခြားဖြစ် ရမ်ကို အစားထိုး၍ ဟိုတယ်နှင့် အရက်ဆိုင်တို့တွင် သောက်သော 'တံထွေးကြီး' ဖြစ်လာလေသည်။ တစ်ခါက ဥပဒေအရ အရက်ဆိုင်တို့သည် ညနေ ၆ - နာရီတွင် ပိတ်ရလေရာ မပိတ်မီ မောမောပန်းပန်း ရောက်လာသော ရေတော်နေသည့် ရုံးပြန် အလုပ်ပြန်တို့နှင့် ပြည့်နှက်နေ၏။ ၆- နာရီ မထိုးခင် ၁ဝ - မိနစ်အလိုတွင် ဘဲလ်တီးရာ ရှိစုမဲ့စု ငွေအကြွေများထုတ်ပြီး အရက်ရောင်းစင်ပေါ်တွင် တင်ကြ၏။ တာရားဝင် ပိတ်ချိန်မတိုင်မီ ဆိုင်မှ ထုတ်ရောင်းသော ဘီယာခွက်တို့ကို မြန်မြန်မော့၊ ကျန်သည့်ခွက်တို့ကို ၆ - နာရီ နောက်ပိုင်းဆိုင်အပြင်သို့ သယ်၍ အပြီးသောက်ကြ၏။ '၆ - နာရီ မော့ပွဲကြီး' တွင် ပါဝင် ဆင်နွှဲရသည်မှာ ပျော်စရာ မူးစရာကြီးပင်။

အချိန်တိုတိုအတွင်း အရက်များများသောက်လျှင် မူးတတ်သည်မှာ ထင်ရှားသောကြောင့် အရက်ဆိုင်ပိတ်ချိန်ကို ည ၁ဝ - နာရီသို့ တိုးပေး၍ အချို့နေရာတို့တွင် ၁ဝ - နာရီနောက်ပိုင်းအထိပင် ခွင့်ပြုလေသည်။ သို့သော် အချိန်တိုးပေးလိုက်သောကြောင့် 'အာခံသောက်မှု' နည်းပါးသွားသောကြောင့် ကမ္ဘာ့ဘီယာသောက်နှုန်းတွင် ဩစတြေးလျတို့သည် ဂျာမန်၊ ချက်၊ ဘယ်လ်ဂျီယံ၊ လပ်စင်ဘက် (ကမ္ဘာ့ခရီးသွားတို့၏ အကူအညီဖြင့်) တို့အောက်သို့ ကျသွားလေသည်။ နောက်တစ်ကြောင်းမှာ ဆည်ရေဖြင့် စိုက်ပျိုးသော စပျစ်ပင်တို့မှ ထုတ်လုပ်သော ဩစတြေးလျ ဝိုင်အရက်သည် လူကြိုက်များလာခြင်း ဖြစ်၏။ ဩစတြေးလျ ဓလေ့အရ ကြော်ငြာမှု နည်းပါးသော်လည်း ဩစတြေးလျ ဝိုင်အရက်ကို ယခုအခါ နိုင်ငံခြားသို့ အတော်တင်ပို့ ရောင်းချနေရပေပြီ။

မိမိကိုယ်မိမိ နှိမ့်ချစိတ်ဖြင့် ဩစတြေးလျတို့ မကြော်ငြာသည်မှာ ဘီယာကောင်း၊ ဝိုင်ကောင်းတို့သာမက မြင့်မားသော လစာနှင့် နေထိုင်မှုအဆင့်အတန်း၊ ကျယ်ပြန့်သော လူမှုဖူလုံရေး စီမံချက်၊ စွမ်းရည်ရှိ၍ လွတ်လပ်သော ပြည်သူ့ဝန်ထမ်း အစရှိသည့် အောင်မြင်မှုတို့ ဖြစ်ပါသည်။ ကြော်ငြာရန် မလိုသည့်အလား ဩစတြေးလျသို့ တစ်ခါက တစ်နှစ်လျှင် ပြောင်းရွှေ့လာသူ ၁၅ဝ,ဝဝဝ ခန့် ရှိခဲ့ပါသည်။ များသောအားဖြင့် ဥရော

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်း၊ နောက်ပိုင်းတွင် ဗီယက်နမ် အစရှိသော အာရှတောင်ပိုင်းမှ ဖြစ်ကြပါသည်။ ကျန်းမာအေးချမ်းသော အားကစားလူမျိုးထဲသို့ စိတ်ဝင်စားဖွယ်ရာ လူသွက်တို့ ဝင်လာခြင်း ဖြစ်၏။

ဘောလုံးဝါသနာပါသော မြန်မာတို့နှင့် မတူ၊ ဩစတြေးလျတို့သည် ကရစ်ကက် ကစားကြ၍ ယခု ဆရာဟောင်း (အင်္ဂလိပ်တို့) ကို နိုင်ပါသည်။ 'နေရောင်ခြည်တိုက်' ၏ ကမ်းခြေနှင့် နေရာတကာတွင်ရှိသော တင်းနစ်ကစားကွင်းတို့က ဩစတြေးလျ ရေကူးနှင့် တင်းနစ်ချန်ပီယံတို့ကို မွေးထုတ်လိုက်ကြောင်း အများသိပင်။ လူသိနည်းသေးသည်မှာ ကမ္ဘာ့ဂီတလောကသို့ ဩစတြေးလျ အသံကောင်းများ (ဒိမ်းနယ်လီ မဲလဘာ၊ ဂျုံးဆပ်သာလင် အစရှိသည်) ပို့ပေးခဲ့ခြင်းပင်။ ပြည်တွင်းဈေးကွက် သန်း ၂၀ မပြည့်သောကြောင့် အနုပညာရှင် အများအပြား (နိုဝယ်လ်ဆုရှင် ပဲထရစ်ဝှိုက်မပါ) အင်္ဂလိပ်စကားပြော အနောက်နိုင်ငံတို့သို့ ပြောင်းရွှေ့ကြ၏။ မဲလဘုန်းပြဇာတ်လောကသည် လန်ဒန်နှင့် နယူးယောက်သို့ အမြဲတမ်း ရွှေ့ရှုနေ၏။ ယခင်က မရှိသလောက် ရှားခဲ့သော ရုပ်ရှင်တို့ကို ယခုအခါ အင်္ဂလိပ်-အမေရိကန်တို့ထံ ပို့နေပေပြီ။ ဆစ်ဒနီမြို့၌ ခန့်ညားသော အော်ပရာ ကပွဲရုံကြီးကို အဲလိဇဘက် ဘုရင်မကိုယ်တိုင် ဖွင့်လှစ်ပေးပြီးနောက် ကမ္ဘာ့အရှေ့တောင်ဘက်စွန်းနှင့် ကမ္ဘာ့အနောက်ဘက်တို့အကြား အနုပညာ နှစ်ဘက်သွားရာလမ်းကြောင်း ပေါက်သွားပေပြီ။

ပထဝီအားဖြင့် သီးခြားနေသော ဩစတြေးလျတိုက်ကို 'အောက်ဆုံးဒေသ' ဟု သမုတ်ကြ၏။ ခရစ်စမတ်ပွဲတော်ကို ပင်လယ်ကမ်းခြေပေါ်၌ ကျင်းပသောနေရာဖြစ်၏။ လူဦးရေ၏ သုံးပုံနှစ်ပုံက ကျွန်း၏ အရှေ့တောင်ဘက်အစွန်းတွင် နေထိုင်လျက်၊ ကျန်တစ်ပုံက ကမ်းခြေမှလည်းကောင်း၊ အချင်းချင်းမှ လည်းကောင်း၊ မိုင်ရာပေါင်းများစွာ ဝေးကွာသော နေရာတို့တွင် နေထိုင်ပါသည်။ ကမ်းခြေမြို့များနှင့် အနောက်ဘက်ဒေသတို့၏ အနောက်၊ ကျွန်းအလယ်တွင် ခြောက်သွေ့ဒေသကြီး ရှိပါသည်။ ဩစတြေးလျတိုက်တွင် တစ်နေရာနှင့် တစ်နေရာ ဝေးလံလွန်း၍ လေယာဉ်ပျံကို အခြားနေရာတို့၌ ဘတ်စ်ကား စီးသလို စီးပါသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးကျွန်းသို့ ပြောင်းရွှေ့၍ ကွဲပြားလွင့်ပါးစွာ နေထိုင်နေကြသော ဩစတြေးလျတို့ကို စုစည်းထားသည်မှာ ဘာသာ



စကားတူ မဟုတ်ပါ။ အင်္ဂလိပ်ဘာသာ တစ်ခုတည်း ပြောကြငြားလည်း အသံနေအသံထား နှစ်ခုကွဲပါသည်။ တစ်ခုကို အသံချဲ့စက်ပေါ်မှာ ကြားရ၍ နောက်တစ်ခုကို လမ်းပေါ်မှာ ကြားရပါသည်။ တစ်ခုကို အဝေးရောက်ကိုယ်စားလှယ်တော်တို့ထံမှ ကြားရ၍ နောက်တစ်ခုကို ပြည်တွင်းပုဂ္ဂိုလ်တို့ထံမှ ကြားရပါသည်။ Aussies ဟု ခေါ်သော စစ်တိုက်ဝါသနာပါသော ဤလူမျိုးကို စုစည်းသည်မှာ နိုင်ငံခြားစစ်မှုထမ်းရာမှ ပေါ်ပေါက်သော (မြန်မာအခေါ်) ရဲဘော်စိတ်ဓာတ် ဖြစ်ပါသည်။ အမေရိကန်တို့၏ လူမှုရေး ဒီမိုကရေစီကို Hi! fella အခေါ်အဝေါ်က ဖော်ပြသလို ဩစတြေးလျတို့က Hey! matc ဟု ဆိုပါသည်။

ဩစတြေးလျတွင် အမေရိကန် အဆန်ဆုံးနေရာမှာ ဆစ်ဒနီမြို့ဖြစ်၍ အင်္ဂလိပ်ဆန်သော မဲလ်ဘုန်းမြို့နှင့် ပြိုင်ဘက်အစဉ်အလာကြောင့် နိုင်ငံမြို့တော်ကို ၎င်းတို့ကြားရှိ ကင်ဘာရာ၌ တည်ဆောက်ခဲ့ပါသည်။ 'တည်ဆောက်သည်' ဆိုခြင်းမှာ မှန်ကန်သော စကားဖြစ်၏။ တူးပြီးသော်လည်း ရေမဖြည့်ရသေးသော ကန်ထဲက တံတားကို ပထမဆုံးအကြိမ် ကင်ဘာရာ၌ တွေ့ခဲ့ရ၏။

ရဲဘော်စိတ်ရှိသော ဩစတြေးလျထီးရော၊ ရှက်စိတ်ရှိပြီး (ဩစတြေးလျ နေကြောင့်) မျက်နှာအပြောက်ထသော ဩစတြေးလျမပါ မြင်းစီးမြင်းပြိုင် ဝါသနာပါ၏။ သို့ကြောင့်လားမသိ ဩစတြေးလျ စောင်းသည်မြင်းဆိုနှင့် ပြီး၏ဟုဆိုသည်။ မဲလ်ဘုန်း ဖလားပွဲနေ့တွင် တစ်နိုင်ငံလုံး မြင်းပွဲကို အာရုံစိုက်၍ လူတိုင်းလို လောင်းကြရာ များသောအားဖြင့် နယူးဇီလန်မြင်းက နိုင်လေ့ရှိ၏။ ပြိုင်မြင်းနှင့် သိုးသားတွင် အိမ်နီးနားချင်း တိုင်းပြည်ကလေးဖြစ်သော နယူးဇီလန်က သာကြောင်းကို ဩစတြေးလျတို့က လက်ခံထား၏။

လူဦးရေ၁၉သန်း၏ ၈၅ ရာခိုင်နှုန်းကျော်က မြို့ပေါ်၌ နေထိုင်၍ ၅၀ ရာခိုင်နှုန်းကျော်က ဆစ်ဒနီနှင့် မဲလ်ဘုန်းမြို့နှင့် အနီးအနားတွင် နေထိုင်ကြသော်လည်း ပင်လယ်ကမ်းခြေနှင့် အခြားကစားခုန်စား လိုက်စားမှုတို့ကြောင့် မြို့ပေါ်ဖြစ်နေကျ မကျေနပ်မှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ကင်းလေသည်။ ဩစတြေးလျ လူနေမှုစနစ် တည်ငြိမ်သည့် နောက်အကြောင်းတစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်း အောက်တန်း မခွဲခြားဘဲ လူတိုင်းလိုလို အလယ်တန်းစား ဖြစ်လိုခြင်းကြောင့်ပင်။ ဤနေရာတွင် မြန်မာနှင့်အတော်တူ၏။

အထဲစိတ်ငြိမ်သော်လည်း ဩစတြေးလျတို့သည် မနသဟာယဝင်ဘက် ကနေဒီယန်တို့ကဲ့သို့ များမကြာမီကစ၍ အမျိုးသားပုံမှတ်ကို လိုက်ရှာနေဟန်တူ၏။ အာရှတိုက်တွင် နေသောကြောင့် 'အာရှဖြူ' တို့ကဲ့သို့ ကျင့်ကြံရမည်ဟု အချို့က ထင်မြင်ကြ၏။ ဤသည်ကို အထောက်အကူ ပြုနိုင်သည်မှာ ၎င်းတို့၏ ဟိတ်ဟန်မဲ့ အမူအရာနှင့် ကိုလံဘိုစီမံကိန်းဝင်အဖြစ် လှုပ်ရှားမှုတို့ဖြစ်၏။ (ကိုလံဘိုစီမံကိန်းကို စတင်ခဲ့သူ ဩစတြေးလျ ဘဏ္ဍာရေးဝန်ကြီး၏ နာမည်ကိုပေးရန်မှာ Spender Plan အသုံးသမား စီမံကိန်းဟု အမိပ္ပာယ် ထွက်နေ၍ မပေးနိုင်ခဲ့ပါ။) ဩစတြေးလျတို့ အပြောင်းအလဲရှိသည်မှာ နိုင်ငံခြားရေးဝါဒနယ်ပယ်တွင် သာမက စီးပွားရေးနယ်ပယ်တွင်လည်း သတ္တုလုပ်ငန်း ဖွံ့ဖြိုးရေးကြောင့် အမိက စိုက်ပျိုးရေး ပို့ကုန်နိုင်ငံမှ ပြောင်းလဲမှု ရှိနိုင်ပါသည်။ ပညာရေးနယ်ပယ်တွင်လည်း နာမည်ရရန် အဆင့်မြင့်လွန်းသည့်အတွက် နိုင်ငံခြားကျောင်းသားတို့ အခက်အခဲ တွေ့ရသည် အထိပင်။ 'ဝေါလ်စ်ကသည့်မတီလ်ဒါ' ခေါ် နိုင်ငံတော်သီချင်းသစ်နှင့်အတူ ပေါ်လာမည့် ဩစတြေးလျနိုင်ငံ ပုံစံသစ်ကို စောင့်ကြည့်ရပေမည်။

## The Viennese Waltz

In order to keep his restless subjects of the sprawling Austro-Hungarian Monarchy happy, Emperor Franz Josef permitted vineyards to sell raw wine without fermenting it or a longer period as required in other wine exporting countries. So to this day in the Grinzing, Sievering and Nusslorf suburbs of Vienna, it is possible to imbibe raw wine right under the vine-tree. Combination of this heady stuff with the Viennese rhythm introduced by Franz Schubert probably led to an equally heady dance known as the Viennese Waltz rendered by Johann Strauss.

The gaiety and sentiment of the Austrians in general and the Viennese in particular is a living refutation of the theory that a people who speak as guttural a language as German cannot be fun-loving. Endowed with a subtle taste in art, they love music, nature and anything spectacular and beautiful. Hence the Austrian's nickname as a light-weight German. It is said that even horses in Austria respond to rhythm as evidenced by the dancing horses at the Spanish Riding School in Vienna.

Probably the Austrian and the Myanmar are one in taking life as easily as possible, avoiding anything unpleasant. This is perhaps a common failing of peoples with a glorious past but now in less edifying circumstances. Rudoph of Habsburg started in 1276 a dynasty

www.burmeseclassic.com

www.burmeseclassic.com



that lasted until the end of First World War. Sometimes by war and intrigue but more often through dynastic marriages, the Habsburgs built up an Empire on which "The sun never set" (an expressinon which the British borrowed later for their own). In the seventeenth century it was the great Austrian commander Prince Eugene of Savoy who stopped the Turkish incursions and saved Europe. In the eighteenth century Empress Maria Theresa during her illustrious reign contended with Frederick the Great of Prussia. In early nineteenth century before the rising tide of Bonapartist power, Emperor Franz had to relinquish the corwn of the Holy Roman Empire.

What emperor Franz lost, his foreign minister Metternich sought to restore through a policy of caution and balance of power. He promoted the marriage of Franz's daughter Marie Louise to Napoleon. When Napoleon planned the invasion of Russia, he accepted the position of a subordinate ally. When Napoleon retreated from Russia, he presented himself as a mediator. When the negotiations failed, he joined the alliance against Napoleon. After Napoleon was defeated at Leipzig by allied armies under the command of the Austrian General Prince Schwarzenberg, he presided over the Congress of Vienna from which Austra emerged as the Continent's dominant power.

Twentieth century has been less kind. The murder of Archduke Franz Ferdinand at Sarajevo started the First World War out of which the Austro-Hungarian Monarchy emerged shorn of gormer territories of Hungary, Czechoslovakia and Yugoslavia as well as of its monarch. Deprived of her former sources of rqaw materials as well as of her principal export markets, economic difficulties led Austra into political disturbances which, complicated by the growing Nazi menace, finally led to Civil War-Austrian Chancellor Engelbert Dollfuss was murdered during an attempted Nazi putsch. Finally in 1938 German troops occupied the country and Hitler, himself hailing from Austria, proclaimed its Anschluss with Germany, incorporating it as an East Mark of the Third Reich.



At the end of the Second World War, Austria including Vienna was divided into zones of occupation by the Four Allied Powers (France, Great Britain, Soviet Union and USA). This apparently inspired Peter Ustionov to play the "Love of the Four Colonels" on London stage and Orson Welles to play the Third Man on the screen. It was only in 1955 that Austria regained her independence by concluding a State Treaty with the Occupying Powers. And on the day after the last foreign soldier departed from Austra, the Parliament voted a law stipulating Austria's permanent neutrality. For many years Austria had not joined even the EEC.

Although like the Myanmar the Austrian has not forgotten the days his ancestors used to wear the golden umbrella' he has indeed worked hard to repairing the war damage while repaying the war reparations. Short of arable land but rich in mineral resources, Austra has been paying for her import of food and coal by exporting products of her largely nationalized industries. The deficit in trade balance is covered by tourist trade exploing the splendours of the golden umbrella, in which the Myanmar can profitably learn one or two things from the Austrian.

An Alpine country with a great variety of scenery, Austran has much to offer to the visitor. There are ski resorts in snow0capped Alps, southern sunshine in the Carinthian lakes (known as the Austrain Riviera) and health spas all over. Above all there is Vienna, Austria's capital and former imperial residence, situated in the very centre of Europe and truly a cross-road of European civi-

www.burmeseclassic.com

www.burmeseclassic.com



lization and culture. In its architectural profile, the new is blended harmoniously with the old. In the centre of the city, St Stephen's Catherdral rears its gothic spire while the baroque era is represented by the Imperial Hofburg, the Karlskirche, the Imperial Library and the numerous palaces, the Belvedere, the Schwarzenberg, the Kinsky. etc some of which now house ministerial officers. The Theresian style, a modification of the baroque, can be seen in the interiors of the Schonbrun Palace. Later in the reign of Emperor Franz Josef, architectural styles of various periods were represented in the building of the Ringstrasse replacing the old city fortification.

Vienna at the end of the eighteenth century was the meeting place of all the great composers, Josef Hadyn, Wolfgang Amadeus Mozart, Ludwig van Beethoven, as well as Franz Schubert. It was in Vienna that with the encouragement of Emperor Josef II, a national German language opera was poineered by Mozart's 'Singspiel' and Beethoven's 'Fidelio' in opposition to the Italian opera which had hitherto held the stage unchallenged Establishment of the Vienna State Opera to be a member of which is the fondest ambition of any great singer and of the Vienna Philharmonic Orchestra composed of eminent virtuosi, all sons of one single region, of one single city, completed the role of Vienna as the centre of music.

There were also other traditions to which the contemporary Austrian is heir to. Although the Austran was never really attracted to questions of the metaphysical like his German brethren, Vienna has been well-known for its schools of psychology and medicine. Though a part of German literature, Austrain literary tradition was distinctly influenced by the Counter Reformation (Austrians remaining 89% Roman Catholic) as well as by close cultural ties with southern and eastern Europe.



To maintain these traditions at high standards, the Austrian has admirably struggled through many political vicissitudes and economic difficulties. Wiser through experience and now serverely neutral, a nation which produced a Metternich (and regrettably also a Seyss-Inquart) has now put forward a Kurt Waldheim at service of the world at large.

www.burmeseclassic.com

www.burmeseclassic.com

# ဗီယာနာဝေါ့လ်စ်အက

သမိုင်းတစ်ခေတ်က ကျယ်ပြန့်လှသော ဩစတြီ ဟန်ဂေရီယန် အင်ပါယာကြီး၏ လက်အောက်ခံနိုင်ငံသားတို့ ငြိမ်သက်စေရန် ကောရာဇ်ဖရန်ဂျိုးဇက်သည် ပြည်တွင်းရှိ စပျစ်ခြံတို့အား ပိုင်အရက်စိမ်းကို အခြားဝိုင်အရက် တင်ပို့သော နိုင်ငံများကဲ့သို့ ကြာကြာမထားဘဲ ရောင်းချခွင့်ပြုခဲ့၏။ သို့ကြောင့် အနှစ် ၂၀၀ ခန့် ယနေ့တိုင် ဗီယာနာမြို့ ဆင်ခြေဖုံးရပ်ကွက်များဖြစ်သော ဂရင်းစင်း၊ ဆီဗာရင်းနှင့် နုစဒေါ့တို့တွင် စပျစ်ပင်အောက်၌ ပင် ဝိုင်အရက်ကို မြည်းနိုင်လေသည်။ ဤဝိုင်အရက်ပြင်းနှင့် ဖရန့်ရှူးဘတ်ရေးသော တေးသွားကို ပေါင်းလိုက်သော် မိုဟန်းစတာရော့တီးသော ဗီယာနာဝေါ့လ်စ်အက ဖြစ်လာလေသည်။

လည်ချောင်းသံပါသော ဂျာမန် စကားပြောသော လူမျိုးသည် အပျော်အပါး ကြိုက်တတ်မည် မဟုတ်ဟူသော သီအိုရီကို ဩစတေရီယန်လူမျိုး၊ အထူးသဖြင့် ဗီယာနာမြို့သားတို့၏ စိတ်နုပုံ၊ စိတ်ရွှင်တတ်ပုံက မှားကြောင်းပြနေ၏။ အနုပညာအထုံပါသော ဩစတေရီယန်တို့သည် ဂီတ၊ သဘာဝနှင့် ထူးထွေလှပသည်တို့ကို ချစ်မြတ်နိုးကြ၏။ သို့ကြောင့် ၎င်းတို့အား အပေါ်စား ဂျာမာန်လူမျိုးဟု သမုတ်ကြလေသည်၊ ဗီယာနာမြို့ရှိ စပိန်မြင်းစီးကျောင်းက သက်သေထူသလို ဩစတြီးယားနိုင်ငံတွင် မြင်းများတပင် စည်းနှင့်ဝါးကို နှစ်မျိုးပုံပေါက်၏။

ဩစတရီယန်နှင့် မြန်မာတို့ တူသည့်အချက်တစ်ခုမှာ အမင်္ဂလာစကား မကြားလိုခြင်းဖြစ်၏။ ဤဓလေ့မှာ ရှေးက ရှေ့ထီးဆောင်းခဲ့ပြီး ယခုသိပ် မကြီးကျယ်နိုင်သူတို့၏ အကျင့်ဖြစ်သည်၊ ဟက်စဘတ်မှ ရှေးဒေါ်က ၁၂၇၀



- ခုနှစ်က စတင် တည်ထောင်ခဲ့သော မင်းဆက်သည် ပထမကမ္ဘာစစ်အပြီးအထိ အခွန့်ရှည်ခဲ့၏။ တစ်ခါတစ်ရံ စစ်တိုက်၍သော်လည်းကောင်း၊ တစ်ခါတစ်ရံ ဉာဏ်နီဉာဏ်နက်ဆင်၍သော်လည်းကောင်း၊ သို့သော် အများအားဖြင့် လက်ထပ်ထိမ်းမြားခြင်းအားဖြင့် ဟက်စဗတ်မင်းတို့သည် 'နေမဝင်သောအင်ပါယာ' ကို တည်ထောင်ခဲ့လေသည်။ (ဤအသုံးအနှုန်းကို နောက်ပိုင်း၌ ဗြိတိသျှတို့က ၎င်းတို့အတွက် ယူခဲ့၏) ၁၇ - ရာစုနှစ်အတွင်း တူရကီတို့၏ ထိုးစစ်ကို တားဆီး၍ ဥရောပကို ကယ်ခဲ့သူမှာ ဩစတရီယန် စစ်ဦးစီး ဆဗွိုင်းမှာ ယူဂျင်းမင်းသား ဖြစ်လေသည်။ ၁၈ - ရာစုနှစ်တွင် ဧကရာဇ်ဘုရင်မ မာရီယာတေရေဇာသည် တိုင်းပြည်ကို ထွန်းပြောင်စွာ အုပ်စိုး၍ ပရပ်ရှား ဘုရင်ကြီး ဖရက်ဒရစ်ကို အတိုက်အခံပြုခဲ့လေသည်။ ၁၉ - ရာစုနှစ် အစပိုင်းတွင် ဧကရာဇ်ဖရန့်သည် ဒီရေအလား တက်လာသည့် ဘိုနာပတ် အင်အားကြောင့် ဟိုလီရိုမန်အင်ပါယာ နာမည်ကို စွန့်ခဲ့ရလေသည်။

ဧကရာဇ်ဖရန့်၏ အဆုံးအရှုံးကို ကာမိစေရန် ၎င်း၏နိုင်ငံခြားရေဝန်ကြီး မက်တာနစ်က သတိကြီးစွာဖြင့် ပါဝါချိန်ခွင် မျှတစေခြင်း ပေါ်လစီကို အသုံးပြုခဲ့လေသည်။ ဧကရာဇ်သမီးတော် မာရီလူးဝီးဇ်ကို နပိုလီယန်အား ဆက်သစေ၏။ နပိုလီယန် ရုရှားနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်သောအခါ နောက်လိုက်မဟာမိတ်နေရာကို လက်ခံ၏။ နပိုလီယန် ရုရှားနိုင်ငံမှ ဆုတ်ခွာသောအခါ ကြားနေစောင့်စပ်ခဲ့၏။ စောင့်စပ်ရေးမအောင်မြင်သောအခါ နပိုလီယန်အား ဆန့်ကျင်သော မဟာမိတ်တို့နှင့်ပေါင်း၏။ ဩစတရီးယန်မင်းသား ရွှားစင်ဘတ် ဦးစီးသော မဟာမိတ်တို့က နပိုလီယန်အား လိုက်ပ်စစ်၌ အနိုင်ရပြီးနောက် ဗီယာနာ အစည်းအဝေးကြီး၌ သဘာပတိလုပ်၍ ဩစတရီးယားနိုင်ငံအား ဥရောပတိုက်၏ အင်အားအကြီးဆုံး နိုင်ငံအဖြစ်ပေါ်ထွန်းစေခဲ့၏။

၂၀ - ရာစုနှစ်အတွင်း ဩစတရီးယားနိုင်ငံ ကံမကောင်းခဲ့။ ဩစတရီယန် အိမ်ရှေ့စံ ဖရန်ဖာဒီနန် မင်းသားကြီး ဆာရာဂျေဗို၌ လုပ်ကြံခံရသည်မှစ၍ ပထမကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားခဲ့၏။ ဩစတရီ ဟန်ဂေရီယန်မင်းဆက်သည် ဟန်ဂေရီ ချက်ကိုစလိုဗက်ကီးယားနှင့် ယူဂိုစလေးဗီးယားနယ်မြေတို့လည်း ဆုံးရှုံး၊ မိမိဘုရင်ပါ ဆုံးရှုံးရလေသည်။ ကုန်ကြမ်းလာရာကုန်ချောပို့ရာ ဒေသတို့ကို ဆုံးရှုံးပြီး စီးပွားရေး အခက်အခဲတို့မှ နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်မသက်မှုများ ပေါ်ပေါက်လာပြီး နာဇီရန်ကြောင့် ရှုပ်ထွေးလာခါ ပြည်တွင်းစစ် ဖြစ်ရသည်အထိပင်။ သြစတရီယန် ဝန်ကြီးချုပ် အဲန်ဂဲဘာတ်ဒေါလ်ဖုစ်သည်လည်း နာဇီလုပ်ကြံမှုကြီးအတွင်း အသတ်ခံရလေသည်။ ၁၉၃၈ ခုနှစ်တွင် ဂျာမန်စစ်တပ်များ ဝင်ရောက်သိမ်းပိုက်၍ မိမိကိုယ်တိုင် သြစတရီယန်လူမျိုးဖြစ်သော ဟစ်တလာက ဂျာမနီနှင့် ပူးပေါင်းခြင်းကို ကြေညာ၍ သြစတရီးယားသည် 'ဂျာမန် တာတိယရိုက်နိုင်ငံ၏ အရှေ့ဘက်နယ်' အဖြစ် သိမ်းသွင်းခံရလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ဗီယာနာ အပါအဝင် သြစတရီးယားကို မဟာမိတ်လေးနိုင်ငံ (အမေရိကန်၊ ဆိုဗီယက်၊ ဗြိတိန်နှင့် ပြင်သစ်) တို့၏ သိမ်းပိုက်နယ်မြေလေးခုအဖြစ် ခွဲဝေအုပ်ချုပ်လေသည်။ ၎င်းမှ အကြံရခါ ပီတာအုစတီးနော့က 'ဗိုလ်မှူးကြီးလေးဦး၏ အချစ်' ပြဇာတ်ကို လန်ဒန်၌ ရုံတင်ပြသ၍ အော်ဆင်ဝဲက 'တတိယလူ' ရုပ်ရှင်ကို ရိုက်ကူးခဲ့လေသည်။ ၁၉၅၅ - ခုနှစ်တွင် သြစတရီးယားသည် သိမ်းပိုက်နိုင်ငံကြီးများနှင့် နိုင်ငံတော်စာချုပ် ချုပ်ဆို၍ လွတ်လပ်ရေး ပြန်လည် ရရှိလေသည်။ သြစတရီးယားမှ နောက်ဆုံးနိုင်ငံခြားစစ်သား ထွက်ခွာသွားပြီးနောက် တစ်ရက်တွင် ပါလီမန် သြစတရီးယား၏ ရာသက်ပန် ကြားနေရေးကို သတ်မှတ်ရေးကို ပြဋ္ဌာန်းခဲ့လေသည်။ နှစ်ပေါင်းများစွာ အီးအီးစီထဲပင် မဝင်ခဲ့ပေ။

မြန်မာတို့လိုပင် သြစတရီးယန်တို့သည် ၎င်းတို့၏ ဘိုးဘေးတို့ ရွှေထီးဆောင်းခဲ့သည်ကို မမေ့သော်လည်း စစ်လျော်ကြေးပေးရင်း စစ်ဒဏ်အပျက်အစီးတို့ကို ပြင်ဆင်ရန် ကြိုးစားပမ်းစား အလုပ်လုပ်ကြ၏။ စိုက်ပျိုးမြေ နည်းပါးသော်လည်း ဓာတ်သတ္တု ပေါကြွယ်ဝ၍ ပြည်သူပိုင် စက်မှုလုပ်ငန်းများမှ ပြည်ပ ပို့ကုန်တို့ဖြင့် အစားအသောက်နှင့် ကျောက်မီးသွေးတို့ကို တင်သွင်းခဲ့၏။ ရွှေထီးဆောင်းခေတ်က ထွန်းပြောင်ခဲ့သည်တို့ကို အသုံးချသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရငွေဖြင့် ကုန်သွယ်မှုလိုငွေကို ဖြည့်ဆည်းခဲ့သည်။ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ သြစတီရီးယန်းတို့ထံမှ မြန်မာတို့ အတုယူစရာ ရှိပါသည်။

ရှုမျှော်ခင်းမျိုးစုံသော အဲလ်ပ်တောင်ဒေသ တိုင်းပြည် ဖြစ်သဖြင့် လာလည်သူတို့အတွက် စိတ်ဝင်စားဖွယ်ရာ များပြားပါသည်။ နှင်းဖုံးသော အဲလ်ပ်တောင်ထိပ်၌ နှင်းလျှောစီးနိုင်၍ သြစတရီးယန်း ရီဗီယဲရာခေါ်သော



ကရင်သီယန်ကန်တို့တွင် နေပူစာလှုံနိုင်ပြီး နေရာအနှံ့အပြားရှိ ရေပူစမ်းတို့တွင် ရေချိုးနိုင်ပါသည်။ ဧကရာဇ်တို့ နန်းစိုက်ရာ မြို့တော် ဗီယာနာသည် ဥရောပတိုက် အလည်တည့်တည့်တွင် တည်ရှိ၍ ဥရောပ ယဉ်ကျေးမှု ဖြတ်သန်းရာ ဗဟိုအချက်အချာ ဖြစ်၏။ အဆောက်အဦ ဗိသုကာလက်ရာတို့မှာ အဟောင်းနှင့်အသစ်ကို အဆင်ပြေအောင် ရောနှောထား၏။ မြို့အလည်တွင် ဂိုသစ်ပုံစံ စိတ်စတဲဖန်ဘုရားရှိခိုး ကျောင်းခေါင်မိုးအချွန်ကို တွေ့နိုင်၍ တရုတ်ပုံစံ အဆောက်အဦတို့မှာ ဧကရာဇ်နန်းတော်ကြီး၊ ဘုရင့်ဘုရားရှိခိုးကျောင်း၊ ဧကရာဇ် စာကြည့်တိုက်နှင့် (ယခု ဝန်ကြီးများရုံး ပြုလုပ်ထားသော) နန်းတော်များ (ဘဲလ်ဗဒီယာ၊ ရှာစင်ဘာတ်၊ ကလင်းစကီးစသည်) ဖြစ်လေသည်။ ရှောန်ဘရွန်း နန်းတော်အတွင်း၌ တရုတ်ပုံစံကို ဧကရာဇ်တေရေဇာစတိုင် ပြုပြင်ထားသည်ကို တွေ့မြင်နိုင်၏။ ဧကရာဇ်ဖရန့်ဂျိုးဇက်လက်ထက် မြို့ဟောင်းခံတပ်ကို ဖြို၍ ဆောက်သော မြို့ပတ်လမ်းတို့တွင် ဗိသုကာ အဆက်ဆက်ပုံစံ အဆောက်အဦတို့ ရှိ၏။

၁၈ - ရာစုအဆုံး ဗီယာနာသည် ဂျိုးဆက်ဟေဒင်၊ ဝိုလ်ဂန်းအာမာဒီယာမိုးဇတ်၊ လွှဒ်ဗစ်ဗန်ဘီတိုဗင်၊ ဖရန့်ရှူဘဲ စသည့် နာမည်ကျော် တေးရေးပညာရှင်ကြီးများ တွေ့ဆုံရာဖြစ်ခဲ့၏။ ၎င်းခေတ်အထိ အော်ပရာလောကကို ကြီးစိုးခဲ့သော အီတာလျံဘာသာကို အာခံ၍ ဧကရာဇ် ဒုတိယမြောက်ဂျိုးဇက်၏ အားပေးမှုဖြင့် ပထမဆုံးသော ဂျာမန်ဘာသာ အော်ပရာများ (မိုးဇတ်၏ ဆင်းစပီးနှင့် ဘီတိုဗင်၏ ဖီဒယ်လီယို) တင်ဆက်သည်မှာ ဗီယာနာမှာပင် တေးသံရှင်တိုင်း စင်ပေါ်တက်ချင်သည့် ဗီယာနာနိုင်ငံတော် အော်ပရာ၊ တစ်နယ်တည်းမွေး၊ တစ်မြို့တည်းပေါက်သော ဂီတပညာရှင်တို့ စုဝေးရာ ဗီယာနာဖီလ်ဟာမိုးနစ် တီးဝိုင်းတို့ကို တည်ထောင်ခြင်းဖြင့် ဗီယာနာသည် ဂီတဗဟို အချက်အချာနေရာကို ယူခဲ့လေသည်။

ယခုခေတ် သြစတရီးယန်းတို့ ဆက်ခံသည့် အခြားရှေးရိုးရာ စဉ်လာတို့လည်း ရှိပါသေးသည်။ ၎င်းတို့၏ ညီအစ်ကို ဂျာမန်တို့လို ဒဿနိက မဆန်သော်လည်း ဗီယာနာသည် စိတ္တဗေဒနှင့် ဆေးပညာအတွက် နာမည်ကြီးပါသည်။ ဂျာမန်စာပေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း သြစတီးရီးယန် စာပေအစဉ်အလာသည် တန်ပြန်ဘာသာရေး လှုပ်ရှားမှု (ကက်သလိပ် ဘာသာဝင် ၈၉ % ရှိသေးသည်) ၏ အရှိန်ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဥရောပ တောင်ပိုင်း အရှေ့ပိုင်းတို့နှင့် ယဉ်ကျေးမှု အဆက်အသွယ်ကြောင့်လည်းကောင်း တစ်မူထူးခြားပါသည်။

အဆင့်အတန်း မြင့်သော ရှေးအစဉ်အလာတို့ကို ထိန်းသိမ်းရန် ဩစတြီးယန်းတို့သည် နိုင်ငံရေး လောကခံနှင့် စီးပွားရေး အခက်အခဲတို့ကြားမှ ချီးမွမ်းဖွယ်ရာ ရုန်းကန်ခဲ့ပါသည်။ သမိုင်းတွင် မက်တာနစ်လို ပုဂ္ဂိုလ်မျိုးရော (ဟစ်တလာ၏ တပည့်) Seyss Inquart လို လူဆိုးပါ ပေါ်ခဲ့၍ ယခုအခါ အတွေ့အကြုံ ရင့်ကျက်ပြီး ဘက်မလိုက်သော ဩစတြီးယားလူမျိုးသည် Kurt Waldheim ကို ကုလသမဂ္ဂသို့ ပေးခဲ့ပြန်သည်။

# The Maple Leaf

Back in the late fifties at the World Bank Board in Washington DC. we used to play a guessing game on the nationality of each director by his behaviour. If the meeting was held in the morning, the last directior to arrive would be the British, since Britons generally never retire before midnight and therefore cannot get up early in the morning. If the meeting was held in the afternoon, the last director to come in would be the French, since no self-respecting Frenchman would eat a lunch lasting less than two-and-a-half hours. By the same token, we used to say that the director who would leave the meeting in a burry five minutes before it ended, knowing very well it would end soon, would be the Canadian director. The victim of our gibe about self-importance was no other than Louis Resminsky who later succeeded to the Governorship of the Bank of Canada and two whom everybody turned for a second opinion after every economic pronouncement made by Diefenbaker, Pearson or Trudeau government. Our gibe was misplaced because he was in fact a busy man commuting between Ottawa and Washington DC.

Outside the boardroom, a Myanmar would have difficulty telling a Canadian from an Ameriacn by sight, because a Canadian man wears the same cut of suit, and

www.burmeseclassic.com

www.burmeseclassic.com



a Canadian woman the same brand of cosmetics, as the American counterpart. While the old description of Canada, as a 3,000 - mile long main street not much more than 100 miles wide, is no longer vaild, nevertheless most Canadians still live within the American TV circuit to get influenced by its commercials.

A Myanmar has a better chance however of identifying a Canadian by speech, because in one out of three cases, he speaks French (though with an accent not quite approved by the Academie Francaise), and in the other two, he speaks English (with an accent half way between the clipped English accent and the American drawl). In Ottawa and other large cities, many Canadians and most public servants are bilingual (which accounts for a more than proportionate Canadian chairman-ship of international committees). But shuold you happen to ask for your gas in English in Quebec, or in French in Ontario, you are sure to get an angry look and indifferent service.

The making of a Canadian had been likened to the designing of a horse by a committee ultimately turning out a camel. The population of Canada was almost entirely French when the British took it over after General Wolfe defeated Montcalm at the faumous Battle of Quebec during the Seven Years' War. But within the next few decades, thousands of settlers from the British Isles as well as the Loyalists fleeing from the successful American War of Independence emigrated to Canada. Thus were created Upper Canada, French and Catholic, and Lower Canada, English and Protestant. These two Canadas, now Quebec and Ontario, were confederated with the maritime provinces of Nova Scotia and New Brunswick in 1867, joined later by Manitoba in 1870, British Columbia in 1871 (on being promised the transcontinental railway to reach the Pacific), Prince Edward Island in 1873,



Saskatschewan and Alberta in 1905 and Newfoundland as recently as 1949.

In spite of the Canadian Pacific Railways and later the Air Canada and Canadian Pacific Jets, most of Canada still has its predominant links to the south rather then to east and west. Though a prominent member of the Commonwealth, Canada is regarded as the country that genuinely had a special relationship with the United States, economically, commercially, culturally and strategically. Apart from geographical proximity it is the super-size of Canada's natural resources and their financing which is obviously beyond the means and markets of its 32 million population that has led to this special relationship. (One can easily tell which side of the border one is on by looking at population signposts of towns and villages always one figure less on the Canadian side). Foreign control of Canadian manufacturing industry is estimated at 58 per cent of assets and 63 per cent of profits although its share of controllong interests where it holds more than half of the equity is below 27 per cent. "Buy Canada Back" is now a favouritye proposition among nationalist minded Canadians.

It is only natural that someone who shares a North American bed with a great elephant should, from time to time, ask such introspective questions as "Who owns Canada?" or "What is Canadianness?" Quebecois may sometimes out-French the French particularly in upholding the status of their language On the *any leit* side, there appears to be ample illustration of the principle that distance, if not absence, makes the heart grow fonder. In the same way as New Zealanders, even further away, are more English than the Australians the people of British Columbia, the farthest province from Britain on the west coast of Canada, appear to retain more English customs than the

www.burmeseclassic.com

www.burmeseclassic.com



eastern Canadians. At the Empress Hotel in Victoria, the capital of British Columbia, they still play croquet on the lawn and observe the Sunday afternoon ritual of drinking tea under the watchful eyes of the city dowagers.

The best cure for a people afflicted with separatism is to meet people who are even more different. Expensive as it was Expo '67 seems to have does a lot of good for the Canadian sense of nationhood. The Olympics also at Montreal, should have the same effect. Actually there appear to be ample grounds for Canadian self-assurane. On the national level, a Canadian need to make no apologies for the quality of his governmental services, social welfare programmes or educational system. Anyone who has visited both sides of the Niagara Falls will confirm it. On the international scene Canadian initiative in peace- making and bridge-building has been amply demonstrated, not the least, by the award of Nobel Peace Prize to Lester Pearson. The Third World will long remember his 'Partners in Development'. Less well knowm but equally demonstrative of Canadian idealism is the career of another Canadian, Maurice Strong 'A self-made millionaire before he turned thirty. Strong left his lucartive business to head the Canadian International Development Agency. Recently he left the CIDA to join the generally faceless international service as the Eecretary-General of the new United Nations Conference on Environment. As long as Canada continues to produce Pearsons and Strongs, Canadians need not have any identification problem.

## ကနေဒါနိုင်ငံတော်အလံ

## သကြားပင်ရွက်

၁၉၅၀ - ခုနှစ်များအတွင်းက ကမ္ဘာ့ဘဏ်ဒါရိုက်တာ အစည်းအဝေးတို့၌ ဘယ်ဒါရိုက်တာ ဘယ်နိုင်ငံက ဖြစ်မည်လဲဟု မှန်းဆတမ်းကစားကြပါသည်။ မနက်ပိုင်း အစည်းအဝေး၌ နောက်ဆုံး ဝင်လာသူသည် ဗြိတိသျှဒါရိုက်တာ ဖြစ်ဖို့များ၏။ ဗြိတိန်တို့သည် သန်းခေါင်ကျော်မှ အိပ်ရာဝင်တတ်၍ မနက်စောစော မထနိုင်ကြ။ နေ့လယ်ပိုင်း အစည်းအဝေး၌ နောက်ဆုံးဝင်လာသူသည် ပြင်သစ် ဒါရိုက်တာဖြစ်ဖို့ များ၏။ ကိုယ့်သိက္ခာကိုယ် ရှိသေသော ပြင်သစ်တစ်ဦးသည် နေ့လယ်စာကို နှစ်နာရီခွဲထက် လျော့၍ မစားနိုင်သောကြောင့်ပင်။ အလားတူပင် အစည်းအဝေး ပြီးခါနီးကြောင်း သိရက်နှင့် မပြီးမီ ငါးမိနစ်အလိုတွင် ကမန်းကတန်း ထွက်သွားသော ဒါရိုက်တာသည် ကနေဒါမှ ဖြစ်ရမည့်ဟု ဆိုကြပါသည်။ အရေးတကြီး လုပ်တတ်သည်ဟု ကျွန်တော်တို့ ပျက်ရယ်ပြုသူမှာ နောင်ကနေဒါ ဗဟိုဘဏ်၏ ဥက္ကဋ္ဌ ဖြစ်လာပြီး ဒီဖင်ဘာကာ၊ ပီယာဆင်၊ ထရူဒိုးကနေဒါ ဝန်ကြီးချုပ် အဆက်ဆက် စီးပွားရေး မြွက်ဟချက် ပြောပြီးတိုင်း လူတိုင်းက ဟုတ်မဟုတ် တိုင်ပင်ရသည့် လူဝီရက်စ်မင်းကီး ဖြစ်ပါသည်။ အမှန်မှာ သူသည် အော်တိုဝါနှင့် ဝါရှင်တန်ဒီစီအကြား ခေါက်တုံ့ခေါက်ပြန် သွားနေရသော အလွန် အလုပ်များသူဖြစ်ကြောင်း ကျွန်တော်တို့က မသိဘဲ ပျက်ရယ်ပြုခြင်း ဖြစ်၏။

အစည်းအဝေး အပြင်ဘက်တွင်ကား မြန်မာတစ်ဦးသည် ကနေဒီယန် တစ်ယောက်ကို အမေရိကန်တစ်ယောက်နှင့် ခွဲခြားဖို့ မလွယ်ပါ။ ကနေဒီယန် ယောက်ျားသည် အမေရိကန်ယောက်ျားကဲ့သို့ အဝတ်အစားဝတ်၍

www.burmeseclassic.com

www.burmeseclassic.com



ကနေဒီယန်မသည် အမေရိကန်မကဲ့သို့ အလှပြင်သောကြောင့်ပင်။ ကနေဒါပြည်သည် မိုင် ၁၀၀ ကျယ်၍ မိုင် ၃၀၀၀ ရှည်သော အမေရိကန်မြို့ လမ်းမတော်တစ်ခုဟု ယခင်ကလို မဆိုနိုင်သော်လည်း ကနေဒီယန်တို့သည် အမေရိကန် ရုပ်မြင်သံကြား စက်ဝိုင်းတွင်း၌ နေထိုင်ကြသောကြောင့် အမေရိကန် ကြော်ငြာတို့၏ ဩဇာနှင့် မကင်းနိုင်။

မြန်မာတစ်ဦးသည် ကနေဒီယန်တစ်ယောက်ကို စကား အသံနေအသံထားဖြင့် မှတ်မိနိုင်ဖို့ ပိုလွယ်ကူပေလိမ့်မည်။ ကနေဒီယန် သုံးဦးအနက် တစ်ဦးသည် ပြင်သစ်စကားပြော၏။ သို့သော် ၎င်း၏ ပြင်သစ်စကား အသံနေ အသံထားကို ပြင်သစ်နိုင်ငံ ပညာရှင်များအဖွဲ့က သဘောကျလိမ့်မည် မထင်။ နောက် နှစ်ဦးပြောသည့် အင်္ဂလိပ်စကား အသံနေအသံထားမှာ အင်္ဂလိပ်စတိုင်အပြတ်နှင့် အမေရိကန်စတိုင် အလေးကြားကွင် ရှိ၏။ အော်တိုဝါနှင့် အခြားမြို့ကြီးတို့နေ ကနေဒီယန် အများအပြားနှင့် အစိုးရဝန်ထမ်း အများအားဖြင့် သည်အင်္ဂလိပ် - ပြင်သစ် နှစ်ဘာသာစလုံး တတ်ကျွမ်းကြ၏။ သို့ကြောင့် နိုင်ငံတကာ ကော်မတီတို့၌ ကနေဒါလူမျိုး ဥက္ကဋ္ဌ များပြားခြင်း ဖြစ်၏။ သို့သော် သင့်ကားအတွက် ဓာတ်ဆီဝယ်ရာ၌ ကွိဘက်နယ်တွင် အင်္ဂလိပ်စကား အောန်တဲရီယိုးနယ်တွင် ပြင်သစ်စကား သုံးမိပါက ဓာတ်ဆီရောင်းသူက ဘုကြည့်ကြည့်၍ မလုပ်ချင်လုပ်ချင် လုပ်ပေးပါလိမ့်မည်။

ကနေဒီယန်လူမျိုး ဖြစ်လာပုံမှာ မြင်းပုံကို ကော်မတီနှင့် ဆွဲသဖြင့် ကုလားအုပ်ပုံ ထွက်လာသည်နှင့် အလားတူသည်ဟု ဆိုကြပါသည်။ 'ခုနစ်နှစ်စစ်ပွဲ' အတွင်း အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဝိုလ်ဖ်က ပြင်သစ်ဗိုလ်ချုပ်ကြီး မွန်းကမ်းကို ကွိဘက်တိုက်ပွဲ၌ အောင်နိုင်လိုက်စဉ်က ကနေဒါ၌ ပြင်သစ်လူမျိုး တစ်သာ နေထိုင်ခဲ့ကြပါသည်။ ထို့နောက် ၁၀ စုနှစ် အနည်းငယ်အတွင်း ဗြိတိသျှကျွန်းစုမှ လာရောက်နေထိုင်သူ ထောင်ပေါင်းများစွာနှင့် အမေရိကန် လွတ်လပ်ရေး စစ်ပွဲမှ ထွက်ပြေးလာသည့် ဗြိတိသျှ ဘက်တော်သားတို့ ကနေဒါသို့ ပြောင်းရွှေ့လာကြ၏။ သို့နှင့် ကက်သလိပ်ဘာသာဝင် ပြင်သစ်တို့၏ အထက်ကနေဒါနှင့် ပရိုတက်စတန် ဗြိတိသျှတို့အောက် ကနေဒါတို့ ပေါ်လာခဲ့၏။ ၎င်းကွိဘက်နယ်နှင့် အောန်တဲရီယိုးနယ်တို့သည် ကမ်းရိုးတန်းနယ်များဖြစ်သော နိုဗာစကိုးသျှနှင့် နယူးဘရန်းစဝစ်တို့နှင့် ၁၈၆၇ -



ခုနှစ်တွင် ပူးပေါင်း၍ မာနီတိုဘာနယ်က ၁၈၇၀ - ခုနှစ်တွင်လည်းကောင်း၊ ပစိဖိတ်ကမ်းခြေအထိ အမေရိကန် ကုန်းတိုက်ဖြတ် မီးရထား ရောက်မည်ဆို၍) ဗြိတိသျှ ကိုလံဘီယာနယ်က ၁၈၇၁ - ခုနှစ်တွင်လည်းကောင်း၊ အက်ဒွပ်မင်းသားကျွန်းက ၁၈၇၃ - ခုနှစ်တွင် လည်းကောင်း၊ ဆက်စကက်ချဝမ်နှင့် အဲလ်ဘာတာနယ်တို့က ၁၉၀၅ - ခုနှစ်တွင် လည်းကောင်း၊ နယူးဖောင်လန်က ၁၉၄၉ - ခုနှစ်တွင်မှလည်းကောင်း ပူးပေါင်းခဲ့ပါသည်။

ကနေဒီယန် ပစိဖိတ် မီးရထားနှင့် နောက်ပိုင်းတွင် အဲယားကနေဒါနှင့် ကနေဒီယန် ပစိဖိတ်ဂျက်လေယာဉ် အဆက်အသွယ်တို့ ပေါ်လင့်ကစား ကနေဒါပြည်သည် အရှေ့နှင့်အနောက်ထက် တောင်ဘက်နှင့် ပိုနီးစပ်လေသည်။ ဓနသဟာယအဖွဲ့ဝင် ဖြစ်လင့်ကစား ကနေဒါသည် အမေရိကန်ပြည်ထောင်စုနှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ စစ်ရေးရာ အထူးဆက်သွယ်မှုရှိသည့် နိုင်ငံဟု အများက ယူဆကြပါသည်။ ပထဝီဝင်အရ နီးစပ်မှုအပြင် ကနေဒီယန် လူမျိုးသန်း ၂၈ ကျော်မျှ၏ ရင်းနှီးငွေဖြင့် ကနေဒါ၏ ပေါကြွယ်ဝလှသော သဘာဝပစ္စည်းတို့ကို ထုတ်ဖော်နိုင်မည် မဟုတ်သောကြောင့် အမေရိကန် အရင်းအနှီးကို ဖိတ်ခေါ်ရန် လိုအပ်ပါသည်။ (ကနေဒါနှင့် အမေရိကန်နယ်ခြား တစ်လျှောက်မြို့ လူဦးရေ မှတ်တိုင်တို့တွင် ကနေဒါဘက်က အမြဲတန်း ဂဏန်းတစ်လုံး လျော့နည်းပါသည်။ နိုင်ငံခြားသားတို့က ကနေဒီယန် စက်မှုလက်မှု လုပ်ငန်း၏ ၅၈ ရာခိုင်နှုန်းကို ပိုင်၍ အမြတ်ငွေ၏ ၆၃ ရာခိုင်နှုန်းကို ရရှိသော်လည်း ၎င်းတို့ရှယ်ယာ ထက်ဝက်ကျော်ပိုင်ဆိုင်သည့် လုပ်ငန်းများမှာ ၂၇ ရာခိုင်နှုန်းထက် နည်းပါသည်။ အမျိုးသားစိတ် ပြင်းထန်လွန်းသော ကနေဒီယန်တို့က 'ကနေဒါကို ပြန်ဝယ်ကြလော့' ဟု ကြွေးကြော်ကြပါသည်။

မြောက်အမေရိကန် ကုတင်ပေါ်၌ ဆင်ကြီးနှင့်အတူ အိပ်သူက 'ကနေဒါကို ဘယ်သူပိုင်သလဲ' 'ကနေဒီယန်ဆန်တယ် ဆိုတာ ဘာလဲ' ဟူသော မေးခွန်းများကို မေးသည်မှာ သဘာဝကျပါသည်။ ကွိဘက်ပြည်နယ်သားတို့သည် ပြင်သစ်ထက်ပင် ပြင်သစ်ဆန်နိုင်ပါသည်။ အထူးသဖြင့် ပြင်သစ်ဘာသာ စကားကို အဆင့်မြင့်ရာ၌ အင်္ဂလိပ်နွယ် ကနေဒီယန်တို့ဘက်ကလည်း 'ဝေးတသသ' ဆိုသလိုပင်။ အင်္ဂလန်နှင့် ပိုဝေးသည့် နယူးဇီလန်တို့က ဩစတြေးလျတို့ထက်ပင် အင်္ဂလိပ် ပိုဆန်သလို၊ အင်္ဂလန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အဝေးဆုံး ကနေဒါ အနောက်ဘက်ကမ်းခြေရှိ ဗြိတိသျှ ကိုလံဘီယာပြည်နယ်သားတို့သည် အရှေ့ကနေဒီယန်တို့ထက်ပင် အင်္ဂလိပ်ထုံးစံ ဓလေ့တို့ကို ထိန်းသိမ်းလေသည်။ ဗြိတိသျှ ကိုလံဘီယာပြည်နယ်၏ မြို့တော် ဗိတိုရိယရှိ ဧကရာဇ်ဘုရင်မ ဟိုတယ်၌ မြက်ခင်းပေါ် ဘောလုံးလှိမ့်သည့် ကရိုကေး ကစားကြသေး၍ တနင်္ဂနွေနေ့ နေ့လယ်တွင် မြို့ကြီးတော်ကြီးများ မျက်စိအောက်တွင် လက်ဖက်ရည်သောက်သည့် အလေ့လည်း ရှိသေး၏။

ခွဲခြားခွဲခြား လုပ်တတ်သည့် လူမျိုးအား တုစားနည်းအကောင်းဆုံးမှာ ပိုကွဲပြားသည့် လူမျိုးတို့နှင့် တွေ့ပေးခြင်း ဖြစ်၏။ စရိတ် အကုန်အကျ များသော်လည်း ၆၇ ပြပွဲ ကျင်းပလိုက်ခြင်းသည် ကနေဒီယန်တို့၏ အမျိုးသားစိတ်အတွက် အကျိုးရှိခဲ့ပါသည်။ မွန်ထရီရယ်မြို့၌ပင် ကျင်းပ သည့် ၁၉၇၈ - ခုနှစ် အိုလံပစ်သည်လည်း ထိုနည်းတူပင်။ အမှန်မှာ ကနေဒီယန်တို့ ဂုဏ်ယူဖွယ်ရာ အချက်အလက် အများအပြား ရှိပါသည်။ နိုင်ငံအဆင့်၌ အစိုးရ ဝန်ထမ်းမှု၊ လူမှုဖူလုံရေး၊ ပညာရေးစနစ်တို့၏ အရည်အချင်းမှာ ဘာမျှ ပြောစရာ မရှိပါ။ နိုင်ဂါရာ ရေတံခွန်၏ နှစ်ဖက်စလုံး ရောက်ဖူးသူတိုင်း သိပါသည်။ နိုင်ငံတကာ အဆင့်၌ ငြိမ်းချမ်းရေး ရရှိရေး၊ တံတားဆောက်လုပ်ရေးနှင့် ပတ်သက်၍ ကနေဒါ၏ အရေးတယူ ဆောင်ရွက်မှုတို့ကို Lestor Pearson အား ငြိမ်းချမ်းရေး ဆုပေးအပ်ခြင်းက သက်သေထူလေသည်။ ၎င်း၏ 'ဖွံ့ဖြိုးရေးလုပ်ဖော်ကိုင်ဖက်များ' စာအုပ်ကို တတိယကမ္ဘာက တော်တော်နှင့် မေ့မှာမဟုတ်ပါ။ အသိနည်းသည့် ကနေဒီယန် မြင့်မြင့်ကြီးမှု တစ်ခုမှာ Maurice Strong ၏ ကြိုးပမ်းမှုတစ်ခု၊ အသက် ၃၀ မပြည့်မီ သန်းကြွယ်သူဌေးဘဝမှာ ကနေဒါအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု အဖွဲ့အစည်းသို့ဝင်၊ ထိုမှတစ်ဆင့် လူသိနည်းသည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အဖွဲ့ အတွင်းရေးမှူးချုပ်လုပ်။ Pearson နှင့် Strong လို လူမျိုးထွက်သမျှ ကာလပတ်လုံး ကနေဒါသည် အသိအမှတ်ပြုခံရမည် ဖြစ်သည်။

## Thiri Linka

The people of Sri Lanka (Thiri Linka in Myanmarized Pali) need no introduction to the Myanmar. Buddhist monks from Ceylon had probably come to Ramannadesa (Aramana in Sinhala) in southern Myanmar in very early times of the history of Buddhism. In return, Buddhaghosa of Suvannabhumi (Sudhammapura in Sinhala) had gone to Lanka Dipa via Buddhagaya in the fifth century A D to study the Sinhalese commentaries. The major objective of King Anawrahts's conquest of Manuha's Thaton was to gain possession of pure Pali texts of Ceylonese origin which were later brought to Pagan together with learned Ceylonese bhikkhus who were teaching them. In return, Anawrahta had sent to King Vijayabhahu of Polonnaruwa when the latter was pressed by the Colas, ships laden with goods for distribution to his troops. When the victorious Ceylonese king celebrated his coronation, he invited Buddhist priests from Aramana to Lanka, and with their aid, effected the prufication of the Buddhist order of the three Nikayas. It is also common knowledge that the kings of Myanmar from Anawrahta to Narapatisithu to Minbin to Bayinnaung, had expressed an interest in the Buddha's Tooth Relic. (now in Kandy). Thus to this day throughout the centuries, political, economic and cultural contacts have continued between the land of pagodas and the land of dagobas.

www.burmeseclassic.com

www.burmeseclassic.com



Less glorious than this common religious heritage has been a common colonial past under British rule. Although the Portuguese formed settlements on the west and south coasts of Ceylon as early as the beginning of the sixteenth century, later taken over by the Dutch in the middle of the seventeenth century, The Kandyan kingdom in central highlands, which according to *Mahavamsa* chronicle, had existed since the sixth century BC, maintained its independence until 1815 when it was lost to the British. There were however two important differences between the British administrations in Myanmar and Ceylon. Whereas in Myanmar the Indian administrative system was introduced and retained, the earlier attempt to introduce Indian administrative methods and Indian officials (largely from Madras) failed having provoked serious riots. As a result, Ceylon acted administratively and constitutionally with regard to its past and existing conditions, and independently of British India. The other difference was in the field of education. In an effort to produce trained Ceylonese for employment in government services, great stress was laid on acquisition of a high standard of English, and higher education in Ceylon was geared to the taking of British examinations. While this attracted to tis colleges a number of neighbours, including the Myanmar looking for a moderately priced English education, it also led to a tendency to neglect the study of national languages and culture, a tendency which was not fully corrected until after Independence.

While economic exploitation was the common theme of colonial rule, whether Portuguese or Dutch or British; nevertheless each period left its own different legacies. For instance the Portuguese introduced Christianity to Roman Catholic denomination which survived the later Dutch efforts to stamp it out. Another Portuguese legacy is the extremely long names which, compounded



with equally long Pali names, played havoc with the railing memory of middle-aged ambassadors-designate to the Land of Sir Lanka. The most famous example was the case of the American Ambassador-designate Maxwell Gluck and the name of the then Prime Minister Solomon West Rigeway Diaz Bandaranaike.

The chief legacy of the Dutch is their descendants, the Burghers, who later filled the middle rungs of the British administration and business. The term burgher' came to be adopted as a torm of address among Eurasians in Asia including the Anglo-Myanmars and Anglo- Indians of pre-war Rangoon. Another Dutch legacy is the Roman Dutch law which co-exists now with the Kandyanlaw (for the Kandyan Sinhalese), The Teaswalamai (for the Tamils), the Moslem law (for the Moslema) and the English law (for most maritime and commercial matters).

In addition to cinnamon trade developed by the Portuguese and the Dutch, the British developed coffee, tea, rubber and coconut plantations which, except for the first-mentioned, still produce the chief exports of Ceylon. However, the country's main economic problem of feeding as own population was not solved, with the result that Ceylon is still burdened with inadequate and high-cost production of rice, its staple diet. This caused a drain on her foreign exchange resources as well as a budgetary subsidy for food. Another current problem is tamil rebellion in the north.

With only a tenth of land area of Myanmar, Ceylon supports a population nearly half of Myanmars. Its population contains 63 % Sinhalese, 19%Tamils, 6% muslims, 0.8 million Moors, 50,000 Burghers and Eurasians and Malays. While two-thirds of them profess Theravada Buddhist faith, another 18 per cent Christians

www.burmeseclassic.com

www.burmeseclassic.com



(mostly Roman Catholic), and 7 per cent Moslem. Lying to the southeast of India, this small island, with its rich diversity of climate, scenery, peoples, religions, tradition and history, as well as its strategic importance in East-West sea route, has earned from the British the epithet of 'a jewel in the Indian Ocean'.

International sophistication arising out of history and geography (Colombo being a compulsory port of call) plus a very British educational system had produced in the past a national elite often dubbed as Buddhist Englishmen. They have been as much devoted to English cricket as Englishmen have been to Ceylon tea. They are extremely articulate, which moved the late Executive Secretary of the ECAFE Dr Lokanathan, himself a no mean orator, to say, "I thought we Indians were fluent, until I met the Ceylonese". Like the Myanmar, the Ceylonese is inclined to promote education, but his problem is to find employment for the educated. Like the Myanmars the Ceylonese is welfare minded, but his problem is to maintain the level of welfare with adequate economic resources. At present, food subsidies, free medicine and free education from the kingergaiten to the university, absorb nearly half of budgetary resources.

Versed in the vulnerability of an export economy, Ceylon has contributed a number of her distinguished sons to the international cause of primary exporters from Sir Clause Corea as Chairman of the GATT to Shirley Amarasinghe of the UN to Gamani Corea as the recently appointed Secretary General of UNCTAD.

Thiri Linka's main political problem is Tamil problem in the north. Tamils came over from India four or five centuries ago. Tamil Tigers are now fighting for autonomy or independence.



Myanmar curry may look hot, what with the red chillies showing, but if tastes quite mild. Indian curry looks hot and tastes hot. Ceylonese curry looks mild, what with the ubiquitous coconut showing and the white chillies not showing but it tastes hot. If the recipe for the national dish is any indication of the national character, we may yet expect a lot more from the race of the gentle lions.

www.burmeseclassic.com

www.burmeseclassic.com

## သီရိလင်္ကာ

သီရိလင်္ကာသားတို့ကို မြန်မာတို့နှင့် မိတ်ဖွဲ့ပေးရန် မလိုပါ။ ဗုဒ္ဓဘာသာသမိုင်း အစကတည်းက သီရိလင်္ကာ (ယခင်အခေါ် သီဟိုဠ်) မှ သံဃာတော်များ ရာမညဒေသ (ဆင်းဟာလာဘာသာအခေါ် အာရမန) သို့ ကြွရောက်ခဲ့ပါသည်။ အပြန်အလှန်အဖြစ် သုဝဏ္ဏဘူမိ (ဆင်းဟာလာဘာသာအခေါ် ဆုဝမပူရ) မှ ရှင်ဗုဒ္ဓဃောသသည် ၄း ရာစုနှစ်တွင် ဗုဒ္ဓဂါယာမှတစ်ဆင့် လင်္ကာဒီပသို့ သီရိလင်္ကာ ဘာသာဋီကာတို့ကို လေ့လာရန် ကြွရောက်ခဲ့ပါသည်။ မနုဟာမင်း၏ သထုံပြည်ကို အနော်ရထာမင်း တိုက်ခိုက်သိမ်းပိုက်လိုက်ရခြင်းအကြောင်းမှာ သီရိလင်္ကာမှ ပါဠိကျမ်းဂန်စစ်များနှင့် ၎င်းတို့အား ပို့ချနေသော ဘိက္ခုများအား ပုဂံသို့ ပင့်ဆောင်လို၍ ဖြစ်၏။ အပြန်အလှန်အဖြစ် အနော်ရထာမင်းသည် ကိုလာစစ်သည်တို့ အငိုင်းခံနေရသော ပိုလံနရုဝ ပြည့်ရှင်မင်း ဝိဇယဘာဟုထံ ၎င်း၏ တပ်သားများအား ဝေငှရန် ပစ္စည်းများ တင်ဆောင်သော သင်္ဘောများကို ပို့တော်မူခဲ့ပါသည်။ စစ်ပွဲအောင်သော မင်းတရား ဘိသိက်ခံတော်မူသောအခါ ရာမညမှ ဘိက္ခုတို့အား သီရိလင်္ကာသို့ ဖိတ်ခေါ်၍ ၎င်းတို့၏ အကူအညီဖြင့် နိကာယသုံးပါး ဗုဒ္ဓသူတော်စင်တို့ကို သန့်စင်ခဲ့၏။ ထို့ပြင် အားလုံးသိကြသည့်အတိုင်း အနော်ရထာ၊ နရပတိစည်သူ၊ ဘုရင့်နောင် မြန်မာမင်း အဆက်ဆက်သည် ယခု ကန္ဒီရှိ ဗုဒ္ဓစွယ်တော်မြတ်ကို စိတ်ဝင်စားခဲ့ကြသည်။ သို့ဖြင့် ရှေးခေတ်မှ ယနေ့တိုင် နှစ်ရာပေါင်းများစွာ Land of Pagodas နှင့် Land of Dagobas အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ အဆက်အသွယ်များ ရှိခဲ့ပါသည်။



ဤနှစ်နိုင်ငံကို အတူခံစားခဲ့ရသော သိပ်မထွန်းပသည့် အတိတ်မှာ ဗြိတိသျှလက်အောက်ခံ ကိုလိုနီဘဝ ဖြစ်ပါသည်။ သီရိလင်္ကာကျွန်း၏ အနောက်ဘက်နှင့် တောင်ဘက်ကမ်းခြေတို့တွင် ၁၆ - ရာစုနှစ် အစကတည်းက ပေါ်တူဂီတို့က အခြေစိုက်ခဲ့ပြီး ၁၇ - ရာစုနှစ် အလယ်တွင် ဒတ်ချ်တို့က ဆက်ခံခဲ့သော်လည်း မဟာဝံသ သမိုင်းအရ ခရစ်တော်မမွေးမီ ခြောက်ရာစုနှစ်ကတည်းက ဇဟိုကုန်းမြင့်ပေါ်တွင် တည်ရှိခဲ့သော ကန္ဒီမင်းဆက်သည် ၁၈၁၅ - ခုနှစ်ကျမှ ဗြိတိသျှတို့ထံ လွတ်လပ်ရေး ဆုံးရှုံးရလေသည်။ သို့သော် ဗြိတိသျှတို့ မြန်မာနှင့် သီရိလင်္ကာနှစ်နိုင်ငံကို အသုံးပြုသော အုပ်ချုပ်ရေး စနစ်မှာ နောက်ပိုင်း၌တွင် ကွဲပြားသွားပါသည်။ မြန်မာပြည်တွင် အိန္ဒိယအုပ်ချုပ်ရေး စနစ်ကို တင်သွင်း၍ ဆက်လက်အသုံးပြုခဲ့ပါသည်။ သီရိလင်္ကာတွင် အိန္ဒိယအုပ်ချုပ်ရေး စနစ်နှင့်အတူ အိန္ဒိယအုပ်ချုပ်ရေးအရာရှိများ (အများအားဖြင့် မခရပ်မှ) ကိုပါ အသုံးပြုရာ အဓိကရုဏ်းများ အကြီးအကျယ် ဖြစ်ပွား၍ ရပ်ပစ်လိုက်ရပါသည်။ သို့ဖြင့် ဗြိတိသျှ - အိန္ဒိယမှ ခြားနား၍ သီရိလင်္ကာတွင် ၎င်း၏အတိတ်၊ ၎င်း၏လက်ရှိ အခြေအနေတို့နှင့် လိုက်လျောညီထွေသော အုပ်ချုပ်ရေး၊ ဖွဲ့စည်းပုံတို့ကို အသုံးပြုစေ၏။ မြန်မာနှင့် ကွဲပြားသည့် နောက်တစ်ချက်မှာ ပညာရေး ဖြစ်ပါသည်။ သီရိလင်္ကာသားတို့အား အစိုးရဝန်ထမ်းအဖွဲ့များ၌ အသုံးပြုနိုင်ရန် အင်္ဂလိပ်စကားကို ဖိသင်ပေး၍ အင်္ဂလန်မှ စာမေးပွဲတို့ကို ဖြေဆိုနိုင်စေမည့် သီရိလင်္ကာ အထက်တန်းပညာရေးစနစ် ထွင်ခဲ့၏။ သို့နှင့် သီရိလင်္ကာကောလိပ်တို့သို့ ဈေးသိပ်မကြီးသော အင်္ဂလိပ်ပညာရေး ရှာနေသော (မြန်မာ အပါအဝင်) အိမ်နီးနားချင်းဆို့ လာတက်ကြပါသည်။ တစ်ဖက်တွင်ကား အမျိုးသား ဘာသာစကားနှင့် ယဉ်ကျေးမှုကို ဂရုပြုနည်းခဲ့ရာ လွတ်လပ်ရေး ရပြီးနောက်မှ ထိုချွတ်ယွင်းချက်ကို ပြင်ခဲ့ရ၏။

စီးပွားရှာရေးသည် ပေါ်တူဂီ၊ ဒတ်ချ်၊ ဗြိတိသျှ ကိုလိုနီအစိုးရ အဆက်ဆက်၏ အဓိက ရည်ရွယ်ချက် ဖြစ်ခဲ့သော်လည်း ခေတ်အသီးသီးက အမွေအမျိုးမျိုး ပေးသွားခဲ့၏။ ပုံစံအားဖြင့် ပေါ်တူဂီတို့က ရိုမန်ကက်သလိပ်ဂိုဏ်း ခရစ်ယာန်ဘာသာ သွင်းသွားပြီးနောက် ဒတ်ချ်တို့က ပြန်ဖျက်သော်လည်း မပျက်ပါ။ ပေါ်တူဂီ၏ အမွေနောက်တစ်ခုမှာ နာမည်ရှည်ကြီးများဖြစ်၍ သီရိလင်္ကာ ပါဠိနာမည်ရှည်ကြီးများနှင့် သွားပေါင်းလိုက်သော်

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးလာ၍ မှတ်ဉာဏ်သိပ်မကောင်းတော့သော သီရိလင်္ကာသွား နိုင်ငံခြားသံအမတ်ကြီးဟောင်းများအဖို့ ပြဿနာဖြစ်လာ၏။ အကျော်ကြား ဆုံး သာဓကမှာ အမေရိကန် သံအမတ်ကြီးဟောင်း Maxwell Gluck မမှတ် မိသော ထိုစဉ်က သီရိလင်္ကာဝန်ကြီးချုပ် Solomon West Ridgeway Diaz Bandaranaike ၏ နာမည် ဖြစ်ပါသည်။

ဒတ်ချ်တို့၏ အမိကအမွေမှာ ၎င်းတို့မှ ဆင်းသက်သော Burghers ဖြစ်၍ ၎င်းတို့သည် နောင် ဗြိတိသျှအုပ်ချုပ်ရေးနှင့် စီးပွားရေးလောက၏ အလယ်တန်း 'အလုပ်နေရာများသို့ ဝင်ရောက်သူတို့ဖြစ်၏။ စစ်ကြိုခေတ် ရန်ကုန်နေ အင်္ဂလိပ် - မြန်မာ၊ အင်္ဂလိပ် - ကုလား ကပြား အပါအဝင် အာရှတိုက်၏ ဥရောပအာရှ ကပြားတို့ကို ခေါ်ဝေါ်သည့် burgher ဆိုသည့် စကားမှာ ၎င်းမှ ဆင်းသက်ပါသည်။ ဒတ်ချ်အမွေ နောက်တစ်ခုမှာ ရိုမင် ဒတ်ချ် ဥပဒေဖြစ်၍ ယခုထက်တိုက် ကန္တီသီရိလင်္ကာသားများအတွက် ကန္တီ ဥပဒေ၊ တမီလ်တို့အတွက် တေဆဝါလာမိုင်၊ မူဆလင်တို့အတွက် မူဆလင် ဥပဒေ၊ ရေကြောင်းနှင့် ကုန်သွယ်ရေးကိစ္စတို့အတွက် အင်္ဂလိပ်ဥပဒေတို့နှင့် အတူ တည်ရှိပါသည်။

ပေါ်တူဂီနှင့် ဒတ်ချ်တို့ စတင်ခဲ့သည့် သစ်ကြမ်းပိုး ကုန်သွယ်ရေး နောက် ဗြိတိသျှတို့က စတင်ခဲ့သော ကော်ဖီ၊ လက်ဖက်ခြောက်၊ ကြက်ပေါင် စေးနှင့် အုန်းခြံများမှ ထွက်ကုန်များသည် ယခုထက်တိုင် သီရိလင်္ကာ၏ အမိက ပို့ကုန်များ ဖြစ်ပါသည်။ မကြာသေးမီအထိ တိုင်းပြည်၏ အမိက စီးပွားရေးပြဿနာမှာ လူအများစားသော ဆန်ထုတ်လုပ်ရေး ဈေးကြီးပြီး မလုံလောက်၍ တင်သွင်းခဲ့ရသောကြောင့် နိုင်ငံခြားငွေကုန်ပြီး ဘတ်ဂျက်မှ ထောက်ပံ့ငွေလည်း ပေးခဲ့ရခြင်း ဖြစ်၏။ လက်ငင်း ပြဿနာမှာ မြောက်ပိုင်း မှ တမီလ်သူပုန်ပင် ဖြစ်၏။

ဧရိယာအကျယ်အဝန်းတွင် မြန်မာပြည်၏ ဆယ်ပုံတစ်ပုံခန့်သာ ရှိသော သီရိလင်္ကာသည် လူဦးရေအားဖြင့် မြန်မာ၏ ထက်ဝက်ခန့် ရှိလေ သည်။ ၎င်းအနက် ၆၃ ရာခိုင်နှုန်းက သီရိလင်္ကာလူမျိုး၊ ၁၉ ရာခိုင်နှုန်းက တမီလ်လူမျိုး၊ ခြောက်ရာခိုင်နှုန်းက မူဆလင်ဖြစ်၍ ဥရောပ - အာရှကပြား နှင့် မလေးလူမျိုး သန်းဝက်ခန့်စီ ရှိပါသည်။ လူဦးရေ သုံးပုံနှစ်ပုံမှာ ထေရ ဝါဒ ဗုဒ္ဓဘာသာဝင်ဖြစ်၍ ၁၈ ရာခိုင်နှုန်းက ဟိန္ဒူဘာသာဝင်၊ ရှစ်ရာခိုင်နှုန်း



က ခရစ်ယာန် ဘာသာဝင် (အများအားဖြင့် ရိုမင်ကက်သလိပ်)၊ ခုနစ်ရာ ခိုင်နှုန်းမှာ မူဆလင်ဖြစ်၏။ အိန္ဒိယ၏ အရှေ့တောင်ဘက်တွင်ရှိ၍ ရာသီ ဥတု၊ ရှုမျှော်ခင်း၊ လူမျိုး၊ ဘာသာ၊ အစဉ်အလာနှင့် သမိုင်းမျိုးစုံ၍ အရှေ့ နှင့်အနောက် ရေကြောင်းလမ်းတွင် အခရာကျသော ဤကျွန်းကလေးကို ဗြိတိသျှတို့က 'အိန္ဒိယ ပင်လယ်ထဲက ရတနာ' ဟု ခေါ်ဝေါ်ကြ၏။

သမိုင်းနှင့် ပထဝီကြောင့် (ကိုလံဘိုသည် ရေကြောင်းလမ်းတွင် သင်္ဘောများ ဝင်နေကျဆိပ်ကမ်း) အပြည်ပြည်ဆိုင်ရာ ယဉ်ပါးမှုနှင့် ဗြိတိသျှ ဆန်သော ပညာရေးစနစ်တို့ကြောင့် ထွက်ပေါ်လာသည့် အထက်တန်းလွှာ ကို 'ဗုဒ္ဓဘာသာဝင် အင်္ဂလိပ်များ' ဟု သမုတ်ကြ၏။ အင်္ဂလိပ်တို့ သီရိလင်္ကာ လက်ဖက်ခြောက် စွဲသလို ၎င်းတို့သည် ကရစ်ကက်ကစား ဝါသနာ ပါကြ ပါသည်။ ၎င်းတို့သည် စကားပြော ကျွမ်းကျင်ကြသဖြင့် (သူကိုယ်တိုင် စကား ပြောတော်သော) အီးကဖေး အမှုဆောင် အတွင်းဝန်ဟောင်း ဒေါက်တာ လောကနသန်က 'တို့ကုလားတွေ စကားပြောလှပြီထင်တာ သီရိလင်္ကာတွေ နဲ့တွေ့မှ ..... ' ဟု ဆိုရစလောက်ပင်။ မြန်မာတို့ကဲ့သို့ သီရိလင်္ကာသားတို့ သည် ပညာရေးကို အားပေး၏ သို့သော် ပြဿနာမှာ ပညာတတ်တို့အတွက် အလုပ်ရှာပေးရေး ဖြစ်၏။ မြန်မာတို့ကဲ့သို့ သီရိလင်္ကာသားတို့သည် လူမှု ဖူလုံရေးကို အားပေး၏။ ပြဿနာမှာ ဘဏ္ဍာရေးဖြစ်၏။ တစ်ခါက စားနပ် ရိက္ခာ ပံ့ပိုးမှု၊ ဆေးအခမဲ့၊ သူငယ်တန်းမှ တက္ကသိုလ်အထိ အခမဲ့ ပညာရေး တို့သည် ဘတ်ဂျက်၏ ထက်ဝက်နီးပါး ကုန်ကျခဲ့၏။

ပို့ကုန်အားကိုး စီးပွားရေးစနစ် မတည်ငြိမ်ကြောင်း ကောင်းစွာ သိ သော သီရိလင်္ကာနိုင်ငံမှ သားကောင်းများဖြစ်သော GATT ဥက္ကဋ္ဌ ဆာ ကလော့ဒ်ကိုးရီးယား၊ ကုလသမဂ္ဂ သံအမတ်ကြီး ရှာလီအမရာဆင်း၊ UNCTAD အတွင်းရေးမှူးချုပ် ဂါမဏိကိုးရီးယားတို့သည် စိုက်ပျိုးရေး ပို့ ကုန်နိုင်ငံတို့ အကျိုးအတွက် လုံးပန်းခဲ့ကြ၏။

သီရိလင်္ကာ၏ အမိက နိုင်ငံရေး ပြဿနာမှာ မြောက်ဘက်စွန်းရှိ တမီလ်သူပုန်ကိစ္စပင် ဖြစ်၏။ တမီလ်တို့သည် နှစ်ပေါင်း လေးငါးရာခန့်က ပင် အိန္ဒိယမှ သီရိလင်္ကာကျွန်းပေါ်သို့ ပြောင်းရွှေ့လာကြသူများ ဖြစ်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးမှသည် လွတ်လပ်ရေးထိ ရှေ့ရှု၍ 'တမီလ်ကျား' အမည်ခံ သူတို့က အကြမ်းဖက် တိုက်ခိုက်နေကြခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဟင်းသည် ငရုတ်သီးတောင်း ထည့်ထားသဖြင့် အရောင်နီ၍ စပ်ယောင်ရှိသော်လည်း စားကြည့်သည့်အခါ ဒီလောက်မစပ်ပေ။ အိန္ဒိယဟင်းသည် စပ်ယောင်ရှိ၍ တကယ်လည်း စပ်၏။ သီရိလင်္ကာဟင်းသည် ငရုတ်ကို အုန်းနို့လွှမ်းထား၍ စပ်ယောင်မရှိသော်လည်း စားကြည့်တော့ တကယ်စပ်၏။ အမျိုးသား အစားအစာက အမျိုးသားဉာဉ်ကို ပြသည်ဆိုလျှင် ညင်သာသော ခြင်္သေ့လူမျိုးထံမှ မျှော်လင့်စရာများ ရှိပေလိမ့်မည်။

## In Gay Paree

In history the Myanmar knew the French as a rival of the English and had therefore attributed them with qualities opposite those of the latter. This instinctive appraisal of the earlier Myanmar was not far wrong because even today it is hard to imagine two peoples living so close to each other-just across the English (not French?) Channel - and yet so different in their way of life. As in the good old days of colonial rivalry, the English and the French let each other do the honours where dishonour is due. For instance, in English, absenting oneself from work without permission is known as taking French leave. In France this kind of gimmick is called English leave. And so on.

It seems the French, quite unlike the English, like to do well what they have to do often. So they eat well .... though not so early in the morning. Whereas the English breakfast is the largest meal of the day, the Continental breakfast consists of just a roll of bread with black coffee. This of course plays havoc with the per diem allowances of the Myanmar delegate who is paid on the good old English system of bed and breakfast basis.

So the Myanmar delegate with a bon appetite sets off from the Arc de Triomphe along the Champs Elysee looking for a good French restaurant, which is not diffi-

www.burmeseclassic.com



cult because all French restaurants are good. In a better one, the commissionaire opens the door for you, the checkroom mademoiselle checks your hat and coar, the maitre d'hotel escorts you to a table strategically chosen so that from there you can see others and can at the same time be seen dining royally, the sommelier advises you on the choice of wines, vin blanc for fish, vin rouge for meat, preceded by an aperitif and followed by cognac, one garcon brings your dish on a trolley to the table while another transfers it from the trolley to your table, the chef comes out of the kitchen to inquire if the sauce is alright, etc. Having gone through this ritual of eating, lasting not less than two and a half hours, and having tipped each and everybody who contributed to its resounding success beyond the 15 per cent service compris, you come away from the restaurant thoroughly convinced of the superiority of French cuisine and also with your per diem finances thoroughly ruined.

To a Myanmar who likes to start and end his day with a tall glass of water, France appears to be a country where no one drinks water but only wine. The only kind of water the French drink is bottled spring water known as Evian or Vichy water and is more expensive than wine Indeed it took a man of Mendes-France's courage to exhort the French to drink less wine. It so happened that Mendes-French had spent a couple of years in Washington DC with the International Monetary Fund where he picked up the American habit of drinking milk. So when he became the Premier of France, he advocated the substitution of wine with milk so that Frenchmen may gain in stature and Frenchwomen may improve their complexion. With predictable certainty, his ministry fell in no time and the brave M Mendes-France had to join the corps of Anciens Ministers as ex-ministers are known in France.



The French also know how to dress well especially Frenchwomen Contrary to expectations, the average Frechwoman is not very good-looking and the fact that she had been raised on a diet of wine since childhood does not help with her complexion either. In fact the majority of the chorus line you see on the Paris stage are actually either English girls brought up on fresh air or American girls raised on a milk diet. So what they lack in physical beauty the Frenchwomen more than make up for by their chic and their willingness and ability to please the men.

That the French are bon vivant is known the world over. But to the visitor without a good working knowledge of the French language, the Frenchworld is only half-open. In fact, without a few words in French or at least the destination pronounced French-style to the taxi-driver, one can go round and round before reaching the French world one wishes to enter. On the other hand showing off a few words of French in a nightclubs can land oneself in a bucket of ice with an expensive bottle of champagne in it. However, with or without French, Paris is an insomniac's paradise, as one can start off the evening at the Folies-Bergère or Cassino de Paris, drop in at Elle et Lui in Montaparnasse for a side-glance on life, catch the late show at Lido in the early hours of the morning and end up with, if not in, onion soup which is best taken at dawn.

French pride in their language precise in meaning, resonant in sound, beautiful in composition, its grammar and vocabulary strictly regulated by the prestigious Academic Francaise, is quite understandable. Whereas a German is surprised if a foreigner speaks his tongue, a Frenchman is disappointed when a foreigner does not speak his language. Many Frenchman who speak one or more foreign languages fluently abroad, will feign igno-

www.burmeseclassic.com

www.burmeseclassic.com



rance when addressed in them by a foreingner in France. And the tenacity with which the delegates de France at international conferences uphold the status of their language, for centuries the diplomatic language of the world, sometimes at the expense of speed in proceeding, is at once admirable and exasperating.

- Clarity of expression and logical thinking the cerebral French so proudly uphold may not however be an asset in a not so logical world where precision will only hurt sensibilities. In fact it had been remarked that whereas an Englishman proceeding illogically from inaccurate premises often arrives at commonsense solutions, a Frenchman pursuing logic from well-grounded facts may often reach an impractical solution. But of late it appears that the cerebral France is reaping good dividends in the field of administration, planning and economy.

The cerebral France is trained in a few unique institutions such as the Ecole des Sciences Politique (alumni-ex-President of the Banque de France M Baumgartner) and the Ecole Normale (alumni President Pompidou), followed up by such famous graduate schools ad the Polytechnique, founded by Napoleon to produce high-powered army engineers, and the Ecole Nationale d' Administration (ENA) which gives intensive training in social sciences in both theory and practice Top grauates of these institutions can join the elitist corps of Inspecteurs des Finances, the Conseil d'Etar, the Cours des Compted or the Quai d'Orsay For example, M Giscard d'Estating is Polytechnique, ENA, Inspecteur des Finances. A thousand or so of these cerebral French run the country once described in exasperation by President de Gaulle as the country of 200 cheeses. This kind of close network is probably necessary in a centralized state like France where every decision of importance is either made in or referred to Paris.



When it comes to national projects, the French, usually given to individualism, give total support to the President and the Cabinet. President Pompidou built Centre Beauborg also named after him. President Giscard encouraged Concorde joint-venture with Britain. President Mitterand built l'Opera Bastille and Louvre dome and encouraged Paris-London shuttle. We wonder what President Chirac has in mind.

www.burmeseclassic.com

www.burmeseclassic.com

## ပျော်စရာပါရီ

သမိုင်းတွင် ပြင်သစ်တို့ကို အင်္ဂလိပ်တို့၏ ပြိုင်ဘက်အဖြစ် မြန်မာတို့ သိခဲ့ရာ အလေ့အကျင့် စိတ်နေစိတ်ထားတို့တွင်လည်း ခြားနားလိမ့်မည်ဟု မှန်းဆခဲ့ကြ၏။ ရှေးမြန်မာတို့၏ မှန်းဆချက် မလွဲခဲ့ပေ။ ယနေ့တိုင် နီးနီးစပ်စပ် အင်္ဂလိပ် (ပြင်သစ်မဟုတ်) ရေလက်ကြားသာ ခြား၍ နေထိုင်ကြပြီး နေပုံထိုင်ပုံ ဤမျှ ခြားနားလှသော လူမျိုးနှစ်မျိုး ရှာတွေ့ခဲ့သည်။ ကိုလိုနီခေတ် ပြိုင်ဘက်များအဖြစ် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် တစ်ဦးနှင့်တစ်ဦး စကားအသုံးအနှုန်းတွင်ပင် ထေ့ကြ၏။ ပုံစံအားဖြင့် အင်္ဂလိပ်စကားတွင် ခွင့်မတောင်းဘဲ အလုပ်မှ လစ်နေခြင်းကို 'ပြင်သစ်ခွင့်' ဟု ခေါ်၏။ ပြင်သစ်စကားတွင် ယင်းကို 'အင်္ဂလိပ်ခွင့်' ဟု ခေါ်၏ စသည်ဖြင့်။

အင်္ဂလိပ်နှင့်မတူ ပြင်သစ်တို့သည် ခဏခဏ ပြုလုပ်ရသည့်တို့ကို ကောင်းစွာ ပြုလုပ်၏။ ပုံစံအားဖြင့် ကောင်းကောင်းစား၏။ နံနက်စောစောမှလွဲ၍ အင်္ဂလိပ်နံနက်စာသည် တစ်နေ့လုံးအတွက် အများဆုံးဖြစ်၏။ သို့သော် continental breakfast ခေါ် ဥရောပနံနက်စာသည် ကော်ဖီမည်းနှင့် ပေါင်မုန့်ကလေးတစ်ခုသာ ဖြစ်၏။ bed and breakfast ခေါ် အိပ်ရာနှင့် နံနက်စာ အင်္ဂလိပ်စနစ်ဟောင်းပေါ် တည်သော ကိုယ်စားလှယ်နေ့တွက်စရိတ်သည် ဥရောပသွား မြန်မာကိုယ်စားလှယ်တော်ကို အခက်ကြုံစေ၏။

သို့နှင့် ဗိုက်မပြည့်သေးသော မြန်မာကိုယ်စားလှယ်တော်သည် Are de Triomph မှထွက်၍ Champs Elysee လမ်းတစ်လျှောက် ပြင်သစ် စားသောက်ဆက်ကောင်းတစ်ခုကို လိုက်ရှာလေသည်။ မခက်ပါ။ ပြင်သစ် စား



တော်ဆက်တိုင်းလို ကောင်းသောကြောင့်ဖြစ်၏။ အဆင့်အတန်းမြင့်သောဆိုင်တွင် တံခါးစောင့်ကြီးက ကြိုဆို၏။ ပစ္စည်းအပ်ရာအခန်းမှ မိန်းကလေးက ကိုယ်စားလှယ်တော်၏ ဦးထုပ်နှင့် အနွေးထည် ကုတ်အင်္ကျီရှည်ကို သိမ်းထားပေး၏။ စားပွဲထိုးချုပ်က သူကြည့်နိုင် ကိုယ်ကြည့်နိုင် စားပွဲ၌ ကိုယ်စားလှယ်တော်အား နေရာချပေး၏။ အရက်စားပွဲထိုးက ငါးနှင့်လိုက်သည့် ဝိုင်အဖြူ၊ အသားနှင့်လိုက်သည့် ဝိုင်အနီ၊ အစားမစားမီ ခံတွင်းကောင်းစေမည့် ဝိုင်၊ အစာစားပြီး အစာကြေစေမည့် ဝိုင် အစရှိသည် အကြံဉာဏ်ပေး၏။ စားပွဲထိုးကလေးတစ်ဦးက အစားအသောက်ကို ငွေ့လှည့်ပေါ်တင်၍ ယူလာ၏။ နောက်တစ်ဦးက ငွေ့လှည်းပေါ်မှ စားပွဲပေါ်သို့ ချပေး၏။ စားတော်ကဲက မီးဖိုမှ ထွက်လာ၍ ဟင်းအစပ် တည့်မတည့် လာမေး၏။ နှစ်နာရီခွဲထက် မနည်းကြာသော စားတော်ပွဲကြီး ဖြစ်မြောက်ရေးအတွက် ကူညီကြသူတို့အား ဆောင်ရွက်ခွန် ၁၅ ရာခိုင်နှုန်းအပြင် ဆုချပြီး စားတော်ဆက်မှ ထွက်လာသော ကိုယ်စားလှယ်တော်ကြီးသည် ပြင်သစ်အစားအသောက် ကောင်းလေစွဟု ဥဒါန်းကျူးလေသည်။ ၎င်း၏ နေ့တွက်စရိတ်လည်း ချောပေပြီ။

အိပ်ရာနိုးနိုးချင်းနှင့် အိပ်ရာမဝင်ခင် ရေတစ်ခွက် ပြည့်ပြည့်သောက်တတ်သော မြန်မာတစ်ဦးအဖို့ ရေအစား ဝိုင်သောက်သော ပြင်သစ်နိုင်ငံသည် ထူးဆန်းနေ၏။ ပြင်သစ်တို့ သောက်သောရေမှာ ပုလင်းသွင်း Evian နှင့် Vichy တို့ဖြစ်၍ ဝိုင်အရက်ထက် ဈေးကြီးလေသည်။ ပြင်သစ်လူမျိုးတို့အား ဝိုင်လျှော့သောက်အောင် တရားဟောရဲသူမှာ ပြင်သစ်ဝန်ကြီးချုပ် Mendes France ဖြစ်၏။ ၎င်းသည် ဝါရှင်တန်ရှိ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၌ နှစ်နှစ်ခန့်မျှ အမှုထမ်းခဲ့ဖူးရာ နွားနို့သောက်သည့် အမေရိကန်အကျင့်ကို ရခဲ့လေသည်။ သူ ပြင်သစ်ဝန်ကြီးချုပ် ဖြစ်လာသောအခါ ပြင်သစ်အမျိုးသားတို့ အရပ်အမောင်းမြင့်လာပြီး ပြင်သစ်အမျိုးသမီးတို့ အသားအရည် လှပလာစေရန် ဝိုင်အစား နွားနို့သောက်ရန် တရားဟော၏။ ထင်သည့်အတိုင်း ၎င်း၏ အစိုးရမှာ မကြာမီ ပြုတ်ကျ၍ ၎င်းသည်လည်း ပြင်သစ်ဝန်ကြီးဟောင်းများအသိုက်ထဲ ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်တို့ အထူးသဖြင့် ပြင်သစ်အမျိုးသမီးတို့ ဝတ်စားဆင်ယင်တတ်ကြလေသည်။ အထင်နှင့်အမြင် မတူဘဲ ပြင်သစ်မတို့သည် ရုပ်ရည်မချောမောလှပေ။ ငယ်စဉ်ကတည်းက ဝိုင်းသောက်လာသဖြင့် အသားအရေလည်း မကောင်းလှ။ ပါရီဇာတ်ခုံပေါ်၌ တွေ့ရသော သံစုံဆိုတေး မိန်ကလေးအများအပြားသည် လေကောင်းလေသန့် ရှူရှိုက်လာခဲ့သော အင်္ဂလိပ်မကလေးများနှင့် နွားနို့အစဉ်တစိုက် သောက်လာခဲ့သော အမေရိကန်မကလေးများ ဖြစ်ကြ၏။ ပြင်သစ်မတို့သည် မူလရုပ်ရည် ရူပကာယအစား အလှပြင်ရာ၌လည်းကောင်း၊ အမျိုးသားတို့စိတ်ကို ဆွဲဆောင်ရာ၌လည်းကောင်း သူမတူအောင် ထူးချွန်လေသည်။

ပြင်သစ်တို့ ကောင်းကောင်းနေ၊ ကောင်းကောင်းစားတတ်ကြောင်း တစ်ကမ္ဘာလုံးသိ၏။ သို့သော် ပြင်သစ်စကား မတတ်သူအတွက် ပြင်သစ်ကမ္ဘာသည် တစ်ဝက်သာပွင့်နေ၏။ ထမင်းစားရေသောက် ပြင်သစ်စကားမပါ၊ အငှားကားယာဉ်မောင်းအား ကိုယ်သွားလိုသည့်နေရာကို ပြင်သစ်လိုပီသစွာ မပြောနိုင်ပါက ကိုယ်ဝင်လိုသည့် ပြင်သစ်ကမ္ဘာသို့ မရောက်နိုင်ဖြစ်တတ်သည်။ တစ်ဖက်တွင်လည်း ညကပွဲရုံ၌ ပြင်သစ်စကား တစ်လုံးနှစ်လုံး ကြားပြောမိပါက ရေခဲစိမ်ရှန်ပိန်ပုလင်းနှင့် မိတတ်၏။ မည်သို့ဖြစ်စေ ပါရီမြို့သည် ညအိပ်မရသူတို့အတွက် လောကနိဗ္ဗာန် ဖြစ်၏။ ညဦး၌ Folies-Berger သို့မဟုတ် Casino de Paris ကပွဲကိုကြည့်၊ Montparnasse ၌ Elle te Lui ကို ဝင်ချောင်း၊ Lido သန်းခေါင်ကျော်ပွဲကို ကြည့်၊ အရုဏ်လင်း၌ နာမည်ကျော် ပြင်သစ်ကြက်သွန်စွပ်ပြုတ် သောက်နိုင်လေသည်။

ပြင်သစ်တို့ ဂုဏ်ယူနိုင်လောက်စဖွယ် ပြင်သစ်စကားသည် အဓိပ္ပာယ်လည်း တိကျ၊ အသံထွက်လည်း သာယာ၊ စာစီရာ၌လည်း လှပ၊ သဒ္ဒါနှင့် ဝေါဟာရကို ကမ္ဘာကျော် ပြင်သစ်အကယ်ဒမီက ကြပ်မတ်ပေး၏။ နိုင်ငံခြားသားက သူတို့စကားပြောလျှင် ဂျာမန်လူမျိုးတို့က အံ့အားသင့်ကြသည်။ နိုင်ငံခြားသားက သူတို့စကားမပြောလျှင် ပြင်သစ်လူမျိုးတို့က စိတ်ခုကြသည်။ နိုင်ငံခြားဘာသာစကားတစ်ခုထက် မနည်း ကျွမ်းကျင်စွာ ပြောတတ်သော အဝေးရောက် ပြင်သစ်တို့ နိုင်ငံတွင်း၌ကား မတတ်ချင်ယောင်ဆောင်တတ်၏။ နှစ်ရာစုပေါင်းများစွာ ကမ္ဘာ့သံတမန်စကား ဖြစ်ခဲ့သော



ပြင်သစ်ဘာသာကို နိုင်ငံ့တကာ အစည်းအဝေးတို့၌ ပြင်သစ်ကိုယ်စားလှယ်တော်တို့ ခုခံကာကွယ်ပုံမှာ ချီးမွမ်းဖွယ်ရာလည်းကောင်း၊ အချိန်ကုန်သဖြင့်လည်း စိတ်တိုဖွယ်ရာလည်း ကောင်း၏။

ဦးနှောက်ကောင်းသော ပြင်သစ်တို့ အလွန်အားထားသော ပိုင်းခြားဆင်ခြင်၍ ပြတ်ပြတ်သားသား ဖော်ပြမှုတို့သည် ဆင်ခြင်တုံတရား ကင်းမဲ့သော တကယ့်ကမ္ဘာတွင် အနာပေါ် တုတ်ကျနိုင်လေသည်။ သို့ကြောင့်ပင် အင်္ဂလိပ်တို့သည် မှားယွင်းသော အဆိုမှ ယုတ္တိညီညွတ်မှု ကင်းမဲ့စွာ ဆင်ခြင်၍ နိဂုံးအမှန်သို့ ရောက်တတ်၏။ ပြင်သစ်တို့သည်ကား မှန်ကန်သော အဆိုမှ ယုတ္တိညီညွတ်စွာ ဆင်ခြင်၍ နိဂုံးအမှားသို့ ရောက်တတ်၏ဟု ဆိုကြသည်။ သို့သော် ဦးနှောက်ကောင်းသော ပြင်သစ်တို့သည် ယခုအခါ အုပ်ချုပ်ရေး၊ စီမံကိန်းနှင့် စီးပွားရေးနယ်ပယ်တို့၌ ရလဒ်ကောင်း နေကြပေပြီ။

ဦးနှောက်ကောင်းသော ပြင်သစ်တို့ ပညာဆည်းပူးရာ တက္ကသိုလ်အကျော်အမော်တို့မှာ ပြင်သစ် ဝဟိုဘဏ်ဥက္ကဋ္ဌဟောင်း Baumgartner ထွက်သော Ecole des Sciences Politiques, သမ္မတဟောင်း Pompidou ထွက်သော Ecole Normale Superieure, စစ်ဘက်အင်ဂျင်နီယာများ မွေးထုတ်ရန် နပိုလီယံ ထောင်သွား၍ သမ္မတဟောင်း Valery Giscard d'Estaing ထွက်သော Polytechnique, သမ္မတ Jacques Chirac ထွက်သော လူမှုရေးသိပ္ပံသဘောတရားနှင့် လက်တွေ့သင်တန်းကြီးပေးရာ Ecole Nationale d'Administration တို့ဖြစ်၏။ ဤတက္ကသိုလ်တို့ကို ထိပ်တန်းမှ အောင်မြင်သူတို့သည် Inspecteurs des Finances, Conseil d'Etat, Cour des Comptes, Quai d'Orsay စသော ထိပ်သီးရုံးအဖွဲ့အစည်းတို့သို့ ဝင်နိုင်လေသည်။ ဦးရေ ၁၀၀၀ ခန့်ရှိသော ယင်းဦးနှောက်ကောင်းတို့က သမ္မတ de Gaulle က cheese အမျိုးပေါင်း ၂၀၀ ကျော်ရှိ၍ အုပ်ချုပ်ရခက်သည်ဟု ညည်းညူသော ပြင်သစ်နိုင်ငံကို စီမံခန့်ခွဲလေသည်။ အရေးကြီးသည့်ကိစ္စတိုင်း ပါရီနှင့် ညှိနှိုင်းဆုံးဖြတ်ရသည့် ပြင်သစ်ကဲ့သို့သော ဗဟိုဦးစီးစနစ်နိုင်ငံ၌ အထက်ပါကဲ့သို့သော ဦးနှောက်ကောင်းအုပ်စု လိုအပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးချင်းဝါဒ လွှမ်းမိုးသော ပြင်သစ်တို့သည် အမျိုးသားစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ သမ္မတနှင့် ဝန်ကြီးအဖွဲ့ကို အကြွင်းမဲ့ထောက်ခံကြ၏။ သမ္မတ Pompidou လက်ထက် ၎င်းအမည်ခံ Centre. Beauborg ဆောက်လုပ်ခဲ့၏။ သမ္မတ Giscard လက်ထက် အင်္ဂလန်နှင့် Concorde ဖက်စပ်လေယာဉ် ဆောက်လုပ်ရေးကို အားပေးခဲ့၏။ Mitterand လက်ထက် l'Opera Bastille နှင့် l'Ouvre Dome တို့ကို ဆောက်လုပ်ခဲ့၏။ Paris - London အမြန်ပြေး မီးရထားလမ်း ဆောက်လုပ်ရေးကိုလည်း အားပေးခဲ့၏။ သမ္မတ Chirac လက်ထက် ဘာပေါ်ဦးမည်လဲ မသိ။

## Out in the Mid-day Sun

It is a pity that the Briton and the Myanmar met in history at the wrong time (in the expansionist nine-teenth century for both Empires) and in the wrong place (at the shifting borders of Assam and Bengal). Because both have qualities, among them a strong sense of humour, to commend each to the other. Not that they are alike-far from it -but their differences are just sufficient to activate the attraction of the opposites.

Both the term 'British' and the more recent coinage 'Briton' are collective fronts abroad. At home they lapse into the English. the Scots. the Welsh and the Irish, each of whom would greatly resent being taken for one another. Even the recent attempt to replace the involved official designation in international parlance of the 'United Kingdom of Great Britain and Northern Ireland' with a much simpler 'Britain' was a non-starter. So instead of sitting in between the congenial and generally reticent delegates of Bhutan and Myanmar the poor UK delegates are still closeted with the representatives of the World Powers, the US and USSR and are expected to make world shattering pronouncements on whatever subject happens to be under discussion.

Among the Britons, the English form the majority, but except when England is playing soccer against

www.burmeseclassic.com

www.burmeseclassic.com



Scotland or when the Irish RepublicanArmy is sniping at the British Tommies, race consciousness is submerged by class consciousness. To the caste-free classless Myanmars who are simply divided into 10 million *myothas* and 40 million *tawthas*, the English class structure appears very complicated-being composed of the royalty, the aristocracy formerly landed and hereditary but now containing the mentocarcy of Labour-created Life Peers the middle class which again is divided into upper middle, middle-middle and lower middle, and the working class which is so called when not on strike.

Death duties, progressive income-tax and hyper inflation having removed much of the economic differences, the most prominent vestige of the English class structure is the speech. As Professor Higgins of *My Fair Lady* fame put it, the moment an Englishman utters a word, he makes other Englishmen despise him. This applies not only to the accent but also to the vocabulary which is either U (for Uppor Class) or non-U. For example, to look in the mirror is non-U but to look at the looking glass is perfectly U, As for the accent, Oxonian stuttering is considered the most select, on the assumption that the more a man stutters, the more time he has to choose his words and therefore the more profound his utterances must be. The most standard speech however is that of London, except that the dialect of the real Londoner (the cockney who is born and bred within the hearing of the Big Ben) is quite incomprehensible to others. Then there is the Yorkshire accent where 'thank you' is pronounced as 'ta'.

The theory that the British Empire was built by Englishmen running away from the foul English weather, perhaps with the assistance of Scotsmen who were running away from the even more foul Highland weather, is



only half true Actually these expatriates were also running away form the suffocating social atmosphere at home where each person is graded by his speech, the school tie he wears and the exact location of his house in a particular street of a particular district and is accordingly assigned a station in life-It should perhaps be remembered that Karl Marx formulated his doctrine of the class struggle while he was living in England.

For fear of betraying his social origin, high or low, an Englishman stays tongue-tied. When he is on the verge of loosening his tongue after a couple of bitters, always taken at room temperature (around 50F in pre-central-heating-days), he saves the situation by biting at his perennial pipe. Heir to the language of Shakespear and Bacon, he expresses his deep-felt emotions in monosyllables like 'Um!' and 'Well'. When he is really carried away, he may say 'Lovely, isn't it?' or 'Shocking, isn't it?' as the case may be. When an Englishman proposes to his beloved, he kneels down beside her, looks into her eyes and says, 'Will you?' When his intentions are less honourable, he sits close to the girl, squeezes her hand and says. 'How about?.'

While an Englishman is not exactly every Juliet's idea of a Romeo (he goes Dutch on date), once he has taken a matrimonial plunge, he makes a pretty stable husband, although he may reserve his right to continue going out with the boys to the local once a week or so. As George Mikes put it, while the Continentals have sex life, the English have the hot water bottle. Now that the coal fire had been banished from the city and central heating has arrived, it is highly speculative what will now replace the hot water bottle?

England is essentially a men's country, of exclusive men's clubs, soccer matches and local pubs, Its tailoring for men's clothing, especially at London's Savile

www.burmeseclassic.com

www.burmeseclassic.com



Row, is world famous. But until Mary Quant came along with her miniskirt, Englishwnomen were among the world's worst-dressed and worst-hatted women. But the erstwhile deficiency in fashion consciousness is amply made up for by the complexion, figure and sweetness of the English Rose. If the stoic Japanese woman makes an ideal wife (or widow) for a revolutionary contemplating *harap-kiri* at some stage of his career, the product of an English finishing school makes an ideal lady for an aspiring governor-general with a stiff upper lip. Unlike in Myanmar, university women (not college girls or co-eds, mind you) are not rated high in the eligibility list in England.

Living on an urbanized crowded island in the ratio of four *myothas* to one *tawtha* (almost the reverse of Myanmars), an Englishman seeks privacy by not speaking to people he has not been introduced to and therefore does not know. In London flats, it is possible to live for years without knowing one's neighbours. From those he knows, such as the wife at the breakfast table or the fellow commuter in the tube, an Englishman insulates himself behind the *London Times*, which for this reason cannot afford to reduce its size despite the newsprint shortage. Instead an Englishman will talk to his pet dog, cat or canary even if he has to indulge in a monologue. But if an Englishman comes to know you well in the course of time, his home, his heart and even his purse will be open to you, since a friend in need is a friend indeed. The only snag is that by that time, he or you may be moved else where and you paths may never cross again.

Early in history when they were still known as the Angles, Saxons and Jutes, the English earned from their Roman conquerors the epithet of the perfidious Albion,



perhaps because they put up wrong road-signs to confuse the foreign invaders. As if to live up to this ancient reputation, the English misname their institutions to mislead the trusting aliens. For instance a public school in England is very private and select while a grammar school teaches very little grammar but a lot of other things. The London School of Economics is a university whereas a College of Commerce teaches shorthand and bookkeeping. A Town Clerk is the highest ranking appointed official in local government, while a Commissionaire is a pensioner who opens doors at hotels.

As people the English set great store by commonsense and place character above cleverness in education. They make practical politicians and consummate diplomats. They are known for their ability to muddle through; when they can no longer muddle through, they call a general election. While the majority of Englishmen are social conformists, there are individuals among them who are thorough going dissenters. Oxford is known as the home of lost causes while the English have often been described as a nation of great eccentrics. Side by side with a hidebound insularity, there lies in the English character a rare capacity to understand and appreciate the most divergent point of view or way of life from their own. One historical consequence of this is that in contrast to the French or Dutch brand of colonialism the British never proselytized culturally and left the local social beliefs and customs alone. If not for anything else, the Myanmar should be grateful to the Briton that culturally the remains a first-rate Myanmar and not a second-hand Englishman.

www.burmeseclassic.com

www.burmeseclassic.com

# မွန်းတည့်နေအောက်ဝယ်

သမိုင်းတွင် ဗြိတိသျှနှင့် မြန်မာလူမျိုးတို့ စတွေ့သည့်အချိန် (ဂုင်းတို့ အင်ပါယာများ တိုးချဲ့နေသည့် ၁၉ - ရာစုနှစ်) နှင့် နေရာ (ပြောင်းလဲနေသော အာသံနှင့် ဘင်္ဂလားဒေသနယ်စပ်များ) အရွေးမှားခဲ့၏။ သို့မဟုတ် ပါက ယင်းလူမျိုးနှစ်ဦးတွင် ဟာသစိတ် အပါအဝင် တစ်ဦးနှင့်တစ်ဦး တည့်နိုင်သည့် စိတ်နေစိတ်ထားများ ရှိသောကြောင့်ပင်။ တစ်ဦးနှင့်တစ်ဦး တူလို့တော့ မဟုတ်။ တူရန်ဝေးလေစွ။ ခြားနားချက်တို့က တစ်ဦးကိုတစ်ဦး ဆွဲဆောင်နိုင်သောကြောင့်ပင်။

British ဗြိတိသျှဆိုသည့် စကားလုံး၊ မကြာသေးမီက ပေါ်လာသော Briton ဆိုသည့် အသုံးအနှုန်းတို့သည် နိုင်ငံရပ်ခြားတွင် သုံးစွဲသည်တို့ဖြစ်၏။ ဗြိတိန်နိုင်ငံတွင်း၌ကား အင်္ဂလိပ်၊ စကော့၊ ဝဲလ်(ရှ်)၊ အိုင်ရစ် စသဖြင့် သီးခြားခေါ်ဝေါ်ကြ၍ မှားခေါ်လျှင် စိတ်ဆိုး၏။ မကြာသေးမီက United Kingdom of Great Britain and Northern Ireland ဟူသော အပြည့်အစုံ ပြည်ဆိုင်ရာ အခေါ်အဝေါ်မှ Britain ဟု ခပ်တိုတို ပြောင်းလဲခြင်းမှာလည်း မအောင်မြင်ပေ။ သို့နှင့် ဗြိတိသျှ ကိုယ်စားလှယ်တို့သည် သဘောကောင်း၊ ဆိတ်ဆိတ်နေတတ်သော Bhutan နှင့် Myanmar ကိုယ်စားလှယ်တော်များအကြားအစား ကမ္ဘာ့ထိပ်သီး US နှင့် USSR တို့အကြား ထိုင်နေရ၍ ဘာကိစ္စ ဆွေးနွေးသည်ဖြစ်စေ၊ ကမ္ဘာတုန်လှုပ်သွား မည့် ကြေညာချက်မျိုး ထုတ်ပြန်လိမ့်မည်ဟု ပရိသတ်က မျှော်လင့်ခဲ့ကြ လေသည်။



ဗြိတိသျှတို့အနက် အင်္ဂလိပ်တို့က အများစုဖြစ်၏။ သို့သော် အင်္ဂလန်နှင့် စကော့တလန်အသင်းတို့ ဘောလုံးကစားစဉ် သို့မဟုတ် အိုင်ရစ်ရိုက်ဘာလီကန်စစ်တပ်က ဗြိတိသျှ စစ်သားတို့အား သေနတ်နှင့် ချောင်းပစ်နေစဉ်ကလွဲ၍ အခြားအချိန်တို့တွင် လူမျိုးရေးစိတ်ဓာတ်ထက် လူတန်းစားစိတ်ဓာတ်က လွှမ်းမိုးလေသည်။ လူတန်းစားမခွဲ၊ မြို့သား ဆယ်သန်း၊ တောသား သန်း ၄၀ ဟူ၍သာ သတ်မှတ်သော မြန်မာတို့အဖို့ ဗြိတိန်လူတန်းစား စနစ်သည် အလွန် ရှုပ်ထွေးသည်။ ထိပ်ဆုံး၌ ဘုရင့်ဆွေတော်မျိုးတော်၊ ထိုနောက် မှူးတော်မတ်တော်များ (ယခင်က မြေပိုင်ရှင် သားစဉ်မြေးဆက်တို့၊ ယခုအခါ ငွေလဘာအစိုးရက တစ်သက်တာ ခန့်အပ်သော ထူးချွန်ပုဂ္ဂိုလ်များ အပါအဝင်)၊ ထို့နောက် လူလတ်တန်းစား (အထက်၊ အလတ်၊ အောက်ဟု ခွဲပြန်သည်)။ (သပိတ်မှောက်သည့်အခါ) အလုပ်သမား လူတန်းစား အစရှိသည်တို့။

အမွေခံခွန်၊ ဖောက်နက်သော အမြတ်တော်ခွန်၊ အလွန်အမင်းတက်သော ကုန်ဈေးနှုန်းတို့၏ဒဏ်ကြောင့် စီးပွားရေး အဆင့်အတန်း ကွဲပြားမှု အတော်ပျောက်ကွယ်သွားပြီ ဖြစ်၏။ ကျန်ရစ်သည့် လူတန်းစား ခြားနားချက်မှာ အင်္ဂလိပ်စကား အပြောအဆိုပင် ဖြစ်၏။ My Fair Lady ပြဇာတ်မှ Professor Higgins ပြောသလို အင်္ဂလိပ်တစ်ဦး ပါးစပ်ဟာလိုက်သည်နှင့် အခြားအင်္ဂလိပ်တို့က အမြင်ကတ်သွားသည်အထိ အသံနေ အသံထားသာမက ဝေါဟာရ ကွဲပြားမှုလည်း ရှိသည်။ U ( Upper Class ခေါ် အထက်တန်းစား) နှင့် non-U ခေါ် အခြားအတန်းအစားတို့ ဖြစ်၏။ ပုံစံအားဖြင့် လူကြည့်မှန်ကို mirror ဟု ခေါ်ပါက non-U ဖြစ်၍ looking-glass ဟု ခေါ်မှ U ဆန်လေသည်။ အသံနေ အသံထားနှင့် ပတ်သက်၍ကား ထစ်ထစ်ငေါ့ငေါ့ ပြောရသော Oxford accent ကို အထင်အကြီးဆုံးဖြစ်၏။ အကြောင်းမှာ စကားပြော ထစ်နေလေ စကားလုံး ရွေးဖို့ အချိန်ရလေ ဖြစ်၍ လေးနက်လိမ့်မည်ဟု မျှော်လင့်သောကြောင့် ဖြစ်၏။ စံအတင်ဆုံး အသံနေအသံထားမှာ လန်ဒန် (အထူးသဖြင့် ဘီဘီစီ) အမျိုးအစား ဖြစ်၏။ သို့သော် လန်ဒန်မြို့သား အစစ် (Big Ben သံ ကြားရသည့် နေသ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုက်နေ (Cockney) တို့ ပြောသည့် East End အသံနေ အသံထားမှာ သူတစ်ပါး နားမလည်လောက်အောင် ဝဲလှ၏။ ထိုနောက် thank you အစား ta ဟုပြောသည့် Yorkshire accent လည်း ရှိသေး၏။

ဗြိတိသျှ အင်ပါယာကို အင်္ဂလိပ် ရာသီဥတုဆိုးမှ ထွက်ပြေးကြသော အင်္ဂလိပ်တို့က (သူ့ထက်ဆိုးသော Highland ရာသီဥတုဆိုးမှ ထွက်ပြေးကြသော စကော့တို့၏ အကူအညီဖြင့်) တည်ဆောက်သည် ဆိုသည်မှာ ထက်ဝက်သာ မှန်ကန်၏။ တကယ်စင်စစ် ၎င်းတို့ ထွက်ပြေးကြသည်မှာ လူတစ်ဦးစီကို သူ့အသံနေ အသံထား သူ့ကျောင်းလည်းစီး၊ ရပ်ကွက်ထဲက လမ်းထဲမှ သူနေသော အိမ်နေရာအလိုက် အမှတ်ပေး သတ်မှတ်သော တင်းကြပ်လှသည့် လူမှုရေးစနစ်မှ ဖြစ်၏။ လူတန်းစားတိုက်ပွဲအကြောင်း Karl Marx သီအိုရီထုတ်သည်မှာ အင်္ဂလန်မှာ ၎င်းနေခိုက်ဖြစ်ကြောင်း သတိချပ်သင့်၏။

လူမှုအဆင့်အတန်း နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ အင်္ဂလိပ်တို့သည် ဆိတ်ဆိတ်နေတတ်၏။ ဗဟိုအနွေးပေးစနစ် မတိုင်မီ အခန်းအပူချိန် ၅၀ ဒီဂရီ၌ ဘီယာနှစ်ခွက်လောက် သောက်ပြီး လျှာသွက်လာချင်သည့်အခါ အမြဲတမ်း ပါးစပ်ထဲထည့်ထားသည့် ဆေးတံကို ခဲလိုက်ခြင်းအားဖြင့် စကားပြောခြင်းကို ရှောင်ရှားလိုက်၏။ Shakepeare နှင့် Bacon တို့၏ ဘာသာစကားကို အမွေခံသူတို့သည် ပြင်းထန်စွာ စိတ်ခံစားမှုကို 'အင်း' 'အဲ' စသည့် လုံးချင်းစကားဖြင့် ဖော်ပြကြလေသည်။ စိတ်လွတ်မတတ် ဖြစ်သည့်အခါ 'လှတယ်နော်' 'ကြောက်စရာပဲနော်' စသဖြင့် ရေရွတ်လေသည်။ အင်္ဂလိပ်ယောကျ်ားတစ်ဦးက သူ့ချစ်သူအား တောင်းပန်သည့်အခါ သူမဘေး၌ ဒူးထောက်၍ သူမ၏ မျက်စိကို စိုက်ကြည့်ပြီး 'will you' ဟု မေးလေသည်။ လက်ထပ်ဖို့ ရည်ရွယ်ချက် မရှိသည့်အခါ သူမ၏ ဘေးနားကပ်ထိုင်၍ သူမ၏လက်ကို ညှစ်ပြီး 'How about?' ဟု မေးလေသည်။

အပြင်တူတူထွက်လျှင် မိန်းကလေးအား စရိတ်ထက်ဝက် ခံနိုင်သော အင်္ဂလိပ်ကျားတို့သည် Juliet မျှော်မှန်းသော Romeo မဟုတ်သော်လည်း အိမ်ထောင်ကျပြီးပါက လင်ကောင်းတစ်ယောက် ဖြစ်လာကြ၏။ သို့



သော် တနင်္ဂနွေ တစ်ပတ်တစ်ခါကား ယောကျ်ားမိတ်ဆွေတို့နှင့် အရက်ဆိုင်ဆက်သွားလေ့ရှိ၏။ George Mikes ပြောသလို ဥရောပတိုက်သားတို့၌ လိင်ဘဝရှိ၍ အင်္ဂလိပ်တို့၌ ရေနွေးအိတ် ရှိ၏။ ယခုအခါ မြို့လယ်တွင် ကျောက်မီးသွေးသုံးခွင့် မပြုတော့ဘဲ လျှပ်စစ်ဓာတ်အားဖြင့် အနွေးဓာတ်ပေးနေပြီဖြစ်ရာ ရေနွေးအိတ်အစား ဘာလာမည်လဲ မသိပါ။

အင်္ဂလန်သည် ဘောလုံးပွဲ၊ ဒေသခံ အရက်ဆိုင်၊ အမျိုးသမီး မဝင်ရသောကလပ်တို့ ထွန်းကားရာ ကျားတို့နိုင်ငံဖြစ်၏။ လန်ဒန်ရှိ ကျားဝတ်စုံဆိုင် Saville Row သည် ကမ္ဘာကျော်ဖြစ်၏။ Mary Quant ၏ မိနီစကတ်မပေါ်ခင် အင်္ဂလိပ်မတို့ဝတ်သော အဝတ်အစားနှင့် ဆောင်းသော ဦးထုပ်တို့သည် ကမ္ဘာပေါ်၌ အညံ့ဆုံးဖြစ်၏။ ဖက်ရှင်မကျသော်လည်း အင်္ဂလိပ်မနှင်းဆီတို့သည် အသားရောင်လှ၊ ကိုယ်ကာယာ အချိုးအစားကျ၍ ချစ်စဖွယ်ရာကောင်းလေသည်။ တစ်ချိန်ချိန်၌ ဟာရာကီရီ သုပ်မည်ဟု စိတ်ကူးထားသော ဂျပန်တော်လှန်ရေးသမား၏ ဇနီး (သို့မဟုတ် မုဆိုးမ) အဖြစ် အသင့်တော်ဆုံး ကြင်ရာမှာ ကြံ့ကြံ့ခံ စိတ်ဓာတ်ပြည့်ဝသည့် ဂျပန်အမျိုးသမီး ဖြစ်သလို ဘုရင်ခံရာထူးမှန်းသော တည်ကြည် တိတ်ဆိတ်သည့် အင်္ဂလိပ်ယောကျ်ားအတွက် အသင့်တော်ဆုံး ကြင်ရာမှာ အင်္ဂလိပ် မိန်းကလေးကျောင်းထွက် ဖြစ်လေသည်။ မြန်မာနိုင်ငံနှင့် မတူ အင်္ဂလန်ကြင်ရာလောင်း စျေးကွက်၌ တက္ကသိုလ်ကျောင်းသူတို့ကို အထက်တန်းကျောင်းသူတို့လောက် တန်ဖိုးမထားကြပေ။

အင်္ဂလန်၌ မြန်မာနိုင်ငံနှင့် ပြောင်းပြန်၊ တောနေတစ်ဦးတွင် မြို့နေလေးဦးရှိရာ အင်္ဂလိပ်တို့သည် မိတ်ဆက်ပေးထားသူ မဟုတ်လျှင် လူစိမ်းအနေဖြင့် နှုတ်ဆက်စကားပြောခြင်း မပြုပေ။ သို့ဖြင့် လန်ဒန်မြို့ တိုက်ခန်းများ၌ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အိမ်နီးနားချင်းချင်း မသိဘဲ နေနိုင်သည်။ သိသူတို့ကိုလည်း စကားမပြောလိုသဖြင့် နံနက်စာ စားပွဲတွင် ဖနီးသည်ထံမှ လည်းကောင်း၊ ရထားထဲတွင် ခရီးသွားဖော်ထံမှ လည်းကောင်း၊ လန်ဒန်တိုင်း သတင်းစာကြီးနောက်ကွယ်၌ အကာအကွယ်ယူ၏။ သို့နှင့် ယင်းသတင်းစာကြီးမှာ စက္ကူရှားပါးလျက်နှင့် အရွယ်အစား မလျော့နိုင်ပေ။ အင်္ဂလိပ်တို့သည် အခြားလူတို့နှင့် စကားပြောမည့်အစား မိမိတို့ချစ်သော

www.burmeseclassic.com

www.burmeseclassic.com



ခွေး၊ ကြောင်၊ ငှက်တို့နှင့် တစ်ဖတ်သက် စကားပြောလေသည်။ သို့သော် သင့်ကို ကောင်းစွာ သိလာသောအခါ သင့်အား သူ၏ အိမ်၊ သူ၏ နှလုံးသား၊ သူ၏ ပိုက်ဆံအိတ်တို့ကိုပင် သူဖွင့်ပေးလိမ့်မည်။ တစ်ခုတည်းသော ပြဿနာမှာ သင်နှင့်သူတို့ လမ်းခွဲကြ၍ ပြန်လည် တွေ့ဆုံခွင့်ရမည်လား မပြောတတ်ပါ။

သမိုင်းဦးအစ Angles, Saxons, Jutes ဟုခေါ်ဝေါ်သော အခါကပင် အင်္ဂလိပ်တို့သည် နိုင်ငံရပ်ခြားမှ ဝင်ရောက်တိုက်ခိုက်သူတို့ မျက်စိလည် လမ်းမှားစေရန် လမ်းညွှန်အမှားတို့ကို စိုက်ထူခဲ့၍လား မသိ။ စစ်ပွဲနိုင် ရောမတို့က 'ကောက်ကျစ်စဉ်းလဲသူ' 'Albons' ဟု သမုတ်ကြ၏။ ရှေးခေတ် အစဉ်အလာကို ထိန်းသိမ်းသည့်အလား အင်္ဂလိပ်တို့သည် ယုံကြည်လွယ်သော နိုင်ငံခြားသားတို့ အထင်အမြင် မှားစေရန် လူမှုအဖွဲ့အစည်းတို့ကို နာမည်မှည့်တတ်၏။ ပုံစံအားဖြင့် အင်္ဂလိပ် public school ခေါ် အများသွားကျောင်းသည် အလွန်ပုဂ္ဂလိကဆန်၍ ဈေးကြီး၏။ တစ်ဖက်တွင် grammar school ခေါ် သဒ္ဒါကျောင်း၌ သဒ္ဒါအနည်းအကျဉ်းသာ သင်၏။ London School of Economic သည် တက္ကသိုလ်ဖြစ်၍ College of Commerce ၌ လက်ရေးတို့နှင့် စာရင်းကိုင်ပညာ သင်၏။ Town Clerk ဆိုသည်မှာ ဒေသန္တရအုပ်ချုပ်ရေး ယန္တရား၌ အမြင့်ဆုံး အရာထမ်း ဖြစ်၏။ Commissionaire ဆိုသူမှာ ဟိုတယ်၌ တံခါးစောင့်သည် ပင်စင်စား ဖြစ်၏။

အင်္ဂလိပ်တို့သည် Commonsense ခေါ် အများသိမြင်တတ်သော ဉာဏ်ကို အလေးထား၍ ပညာရေးတွင် ဉာဏ်ထက်မြက်ခြင်းထက် စာရိတ္တကောင်းမွန်ခြင်းကို အလေးပေး၏။ ၎င်းတို့သည် နိုင်ငံရေး၌ အလုပ်ဖြစ်၍ သံတမန်ရေးရာ၌ ကျွမ်းကျင်လှ၏။ ၎င်းတို့သည် ယောင်ယောင်မှားမှား လုပ်ရင်းဖြင့် အခက်အခဲတို့ကို ကျော်လွှားတတ်၏။ မကျော်လွှားနိုင်သောအခါ အထွေထွေ ရွှေကောက်ပွဲကြီး ကျင်းပ၏။ အင်္ဂလိပ်လူမျိုး အများအားဖြင့်သည် လူမှုရေးစည်းကမ်းကို လိုက်နာသူတို့ ဖြစ်၏။ သို့သော် ပုဂ္ဂိုလ်အချို့သည် အများထုံးကို လုံးဝ ဆန့်ကျင်တတ်၏။ အောက်စဖို့ဒ် တက္ကသိုလ်သည် မနိုင်နိုင်သည့် အကြောင်းအရာတို့ကို ဦးဆောင်သူတို့ ပေါက်ဖွားရာ နေရာဟု ကျော်ကြား၏။ အင်္ဂလိပ်တို့သည် လူထူးလူဆန်း၊ အများအပြား ထွက်



သည့်လူမျိုးဟု ဆိုကြ၏။ အင်္ဂလိပ်တို့သည် တစ်ဖက်တွင် သဘောထား ကျဉ်းမြောင်းသော်လည်း တစ်ဖက်တွင် ၎င်းတို့နှင့် ကွဲလွဲသော သဘောထား၊ ခြားနားသော စရိုက်တို့ကို နားလည်၏။ သမိုင်းဆက် တစ်ခုမှာ ပြင်သစ်နှင့် ဒတ်ချ် ကိုလိုနီ ဝါဒတို့နှင့် မတူ။ အင်္ဂလိပ်တို့သည် လက်အောက်ခံတို့အား သူတို့ယဉ်ကျေးမှုထဲ မသွတ်သွင်းဘဲ ဒေသခံ လူမှုရေး ယုံကြည်ချက်နှင့် ဓလေ့စရိုက်တို့ကို လွတ်လပ်စွာ ထားခဲ့ခြင်း ဖြစ်၏။ ဒုတိယတန်းစား အင်္ဂလိပ် မဟုတ်ဘဲ ပထမတန်းစား မြန်မာအဖြစ် ကျန်ခဲ့သည်ကိုကား ကျေးဇူးတင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## Auf Wiedersehn

To a Myanmar who works to live, a German appears to live to work. It seems a German wishes to do thoroughly if not always well, whatever he undertakes. Not only does he work at his job, he even works at play. Moderation has never been his watchword in life.

Let us take the business of eating (Essen) for instance. It is said that if one is not feeling too hungry at meal-time, he should go to a French resta urant where he will get apperizing food, but that if he is feeling realiy hungry he should go to a German restaurant. Most German specialities known abroad are filling dishes such as Bavarian dumplings and strudels, Swabian Spatzle (noodles), Berliner Plan kitchen (Berlin doughnuts), Westphalian ham etc. And if one is still feeling hungry, one can always fill up with pan-German sausage and sauerkraut. German emigrants have of course given the New World its hamburger (Deutsches Beefsteak) and its frankfurter (Frankfurter Wurstchen).

Or let us take the matter of drinks as another example The Germans are the leading beer drinkers of the world, and as if to remind the world of their superior capacity to imbibe, they hold regular beer festivals. Now if that is their performance in a northern country like Ger-



many with a mean annual temperature of 48 F. you can imagine their thirst in a tropical climate like Myanmar. It has been observed that the volume of German technical assistance in the tropical Third World can be measured by the number of empty beer bottles left behind. Perhaps what wine is to the French, beer is to the Germans.

Or take the matter of having tun. Ginza in Tokyo is perhaps the largest entertainment district in the world. And yet by mid-night, every night-club or geisha house had closed down and every miniskirted hostess or kimono-clad geisha as well as their clients would have gone home in order to be able to rise with the sun next morning. In contrast, night life in Hamburg really lives up to its name. Students all over the world are an energetic lot, but when German students dance, they dance all night.

This single-minded devotion when applied to work produces economic miracles. From war-shattered ruins and near starvation level, the Germans have rebuilt their economy into the strongest exporter in the world, making economic history when at one stage German exports were taxed and imports subsidized. Not only did German workers really work but they never thought of going on strike. Even at more than full-employment level when froeign lobour had to be imported in some areas, they failed to catch the English sickness. No wonder Hitler who certainly knew his people called his party National Sozialistische *Arbeiten* Partei.

Unfortunately in the past, this industrial discipline was preceded by a formidable Prussian tradition of military discipline. Nothing delighted a young German heart than to be able to click his heels and say, 'Jawohl, Herr General! German penchant in the past to take on the rest

www.burmeseclassic.com

www.burmeseclassic.com



of the world in a battle of arms, resulting in a veritable Gotterdammerung (sunset of the gods), has now been replaced by a sincere desire to be a good European as well as sympathetic friend of the Third World.

The German tradition of painstaking thoroughness and thinking through had produced many prominent philosophers and writers from Luther, Goethe, Schiller, Hegel, Kant, Marx, Heine, Rilke, to Mann and Kafka. A formula for European co-operation in research has it that data for an English scholar to sift and a French scholar to write up had best be collected by a German scholar so that no stone would have been left unturned. For a nation with no colonial experience in the East, German interest in Oriental scholarship, particularly Buddhism, is remarkable. Perhaps it is the golden mean philosophy of Buddhism that is attractive to a people who have known extremes of fortune in their experience, heights of glory as well as defeat and humiliation, material affluence as well as economic ruin.

Whatever its other implications, there is no doubt that German thoroughness pays handsome dividends in this age of specialization. It is remarkable how the directories of faculties of prestigious American universities are dominated by German sounding names, first generation or otherwise, the most illustrious example of the former being Henry (formerly Heinrich?) Kissinger.

Perhaps the language is as good a guide as any to national predilections. To a Myanmar who indulges in euphonic changes like the French, German pronunciation is stereotyped and therefore easy to manage, provided one can produce appropriate guttural sounds, But being used to a relative lack of grammar, a Myanmar will need a lot



of patience to master the German grammar where a floor (der Boden) is male, a door (die Tur) is female and a house (das Haus) is neuter. While word building is resorted to in both languages, the monosyllabic Myanmar will need a lot of wind to say such polysyllabic German words as gesell0schaftliche Vernastaltungen. In addition to long words and involved sentences, the fact that the verb comes last as in Myanmar, must make German the despair of simultaneous interpreters.

Side by side with the code of chivalry upheld by Teutonic kinights of old, German attitude towards romance was illustrated by Goethe who was said to have tapped out the rhyme for his verse on the back of his mistress in embrace. Perhaps the German fraulein is the only member of the gentle sex whose heart can be won over through a discussion o fHegelian philosophy - that is, sort of fighting a duel with a rival sutior to prove your ardour. With the approach of women's lib, the German woman has now broken out of the Hitlerian bondage of the church, the children, the hearth and the kitchen and is now a captive of the calorie regime like her European and American sisters.

With his international political status now fully restored and enjoying a material affluence rarely matched in Europe, the German today is a prototype of the New European. Still fond of music and art but with a loghter touch in his attituded towards life, still full of wanderlust in his heart but with a larger lebenstraum to explore, the New German promises to be a much more exciting, if also somewhat more excitable personality than the outdated stereotypes still exhibited in some World War II movies.

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်ခါ ဆုံကြဦးမယ်

မြန်မာတို့ အလုပ်လုပ်သည်မှာ အသက်မွေးဝမ်းကျောင်းဖို့ ဆိုလျှင် ဂျာမန်တို့ အသက်ရှင်နေသည်မှာ အလုပ်လုပ်ဖို့ဟု ဆိုနိုင်လေသည်။ ဂျာမန်တို့သည် တော်ချင်မှ တော်မည်။ သို့သော် ဘာလုပ်လုပ် အလွန်သေချာသည်။ အလုပ်တွင်သာမက၊ အပျော်အပါးလိုက်သည့်အခါတွင်လည်း လွန်လွန်ကျူးကျူးပင်။ ဂျာမန်အဘိဓာန်တွင် မဖြိုမပျက်ပဒါဆိုသော စကားရှိဟန်မတူ။

အစားအစာကိစ္စကို ကြည့်ပါဦး။ ထမင်းစားချိန်၌ သိပ်မဆာလျှင် ပြင်သစ်စားတော်ဆက်သို့ သွားသင့်သည်။ အစားနည်းနည်း အရသာရှိရှိ စားရလိမ့်မည်။ တကယ်တမ်း ဆာနေသည်ဆိုလျှင်တော့ ဂျာမန်ဆိုင်သို့ ယွန်းပေတော့။ နိုင်ငံခြား၌ လူသိများသော ဂျာမန်ဟင်းလျာတို့မှာ ဘာဗားရီးယားပေါက်စီ၊ ဆွာဘီးယားခေါက်ဆွဲ၊ ဘာလင်ဗိုးနတ် ဝက်စဖဲလီယန်ဝက်ပေါင်တို့ဖြစ်၏။ ၎င်းတို့နှင့် မဝသေးလျှင် ဂျာမန်စတိုင် ဝက်အူချောင်းနှင့် မုံလာဥချဉ်တို့နှင့် ဖြည့်နိုင်သည်။ အမေရိကန်တိုက်သို့ ဂျာမန်လူမျိုးတို့ သယ်ဆောင်လာသည်မှာ Deutsche Beefsteak ခေါ် ဟမ်ဘာဂါနှင့် Franfurter Wurstchen ခေါ် ဖရန်ဖွတာတို့ ဖြစ်၏။

အရက်ယမကာကိစ္စကို ကြည့်ပါဦး။ ဂျာမန်တို့သည် ကမ္ဘာပေါ်တွင် ဘီယာအသောက်ဆုံးလူမျိုး ဖြစ်သည်။ ဘီယာသောက်နိုင်ကြောင်း ကြွားလို၍ ဘီယာပွဲတော် မှန်မှန်ကျင်းပပေး၏။ ဟစ်တလာ၏ နာဇီပါတီ တောင်ပိုင်းမြို့တော် မြူးနစ်ဘီယာခန်းမှ စတင်ကြောင်း မှတ်မိကြပေလိမ့်မည်။ အပူချိန်ဖာရင်ဟိုက် ဒီဂရီ ၅၀ မျှသာ ရှိသော ဂျာမနီတွင် ထိုမျှလောက် ဘီယာ



သောက်လျှင် ဒီဂရီ ၈၀ ကျော်သော အပူပိုင်းဒေသတွင် မည်မျှလောက် သောက်မည်ကို စဉ်းစားကြည့်ပေတော့။ အပူပိုင်းဒေသနိုင်ငံတို့သို့ ပေးသော ဂျာမန်ကျွမ်းကျင်မှု ပမာဏကို ကျွမ်းကျင်သူတို့ ထားရစ်သော ဘီယာပုလင်းခွံလွတ် အရေအတွက်မှ မှန်းဆနိုင်သည်ဟု ပြက်ရယ်ပြုပြောကြ၏။ ပြင်သစ်တို့ ဝိုင်သောက်သလို ဂျာမန်တို့ ဘီယာသောက်ကြ၏။

အပျော်အပါး ကိစ္စကို ကြည့်ပါဦး။ တိုကျိုရှိ ဂင်ဇာရပ်ကွက်သည် ကမ္ဘာပေါ်တွင် အကြီးဆုံး ပျော်ပွဲရှင်ရာ ရပ်ကွက်ဖြစ်၏။ သို့လင့်ကစား ညသန်းခေါင်ရောက်လျှင် ကပွဲရုံတိုင်း၊ ဂေရှာအိမ်တိုင်း ပိတ်ကြ၍ ညှော်သည်တိုင်း၊ မိန်းစကတ်ဝတ် ကချေသည်တိုင်း၊ ကီမိုနိုဝတ် ဂေရှာတိုင်းသည် နောက်တစ်နေ့ အရက်လင်းထနိုင်ဖို့ အိမ်ပြန်ကြကုန်၏။ ဟမ်ဘတ်မြို့ ညပျော်ပွဲတို့မှာကား နာမည်နှင့်လိုက်အောင် ညလုံးပေါက်ပင်။ တစ်ကမ္ဘာလုံးရှိ ကျောင်းသားတို့သည် လူငယ်ဘာဝ ဖျတ်လတ်ကြ၏။ ဂျာမန်ကျောင်းသားတို့ ကပွဲလုပ်လျှင် ညလုံးပေါက် ကကြ၏။

ဤလို ဝီရိယမျိုး စိုက်ထုတ်၍ အလုပ်လုပ်သော အံ့သြဖွယ်ရာ စီးပွားရေး တိုးတက်မှု ရရှိ၏။ စစ်ဒဏ်ကြောင့် တိုင်းပြည်လုံးဝ ပျက်စီးပြီး လူအများ ငတ်ပြတ်လုနီးပါး အခြေအနေမှ ကမ္ဘာတွင် ပို့ကုန်အများဆုံး နိုင်ငံဘဝသို့ ရောက်ရှိခဲ့၏။ ပို့ကုန်ကို အခွန်ကောက်၍ သွင်းကုန်ကို ပံ့ပိုးရသည်ဆိုခြင်းမှာ ကမ္ဘာ့စီးပွားရေး သမိုင်းတွင် မကြုံဖူးသည့်အရာဖြစ်၏။ ဂျာမန်အလုပ်သမားတို့သည် အလုပ်ကြိုးစားရုံမက သပိတ်မှောက်ဖို့ စိတ်ကူးထဲပင် မထည့်ချေ။ ကိုယ့်စီကိုယ်င အလုပ်ပြည့်ဝကြပြီး နိုင်ငံခြားမှပင် အလုပ်သမားတင်သွင်းနေရသည့် အချိန်၌ပင် 'အင်္ဂလိပ်ရောဂါ' ခေါ်သည့် သပိတ်မှောက်ရောဂါ မကူးစက်ပေ။ ဓာတ်သီဟစ်တလာက သူ၏ ပါတီကို 'အမျိုးသားဆိုရှယ်လစ်အလုပ်သမားပါတီ' ဟု ခေါ်သည်မှာ မထူးဆန်းပေ။

ကံမကောင်း အကြောင်းမလှသည်မှာ ဤလုပ်ငန်းစည်းကမ်းကြီးမှု အရင်အတိတ်ကာလ၌ ပရပ်ရှား စစ်စည်းကမ်း အစဉ်အလာ ရှိခဲ့ခြင်းပင်ဖြစ်၏။ ဂျာမန်လူငယ်တို့အဖို့ စစ်ဖိနပ်ကို ဆောင့်၍ 'ဟုတ်ကဲ့၊ ဗိုလ်ချုပ်' ဟု ပြောဆိုအလေးပြုရခြင်းထက် စိတ်ကြည်နူးဖွယ်ရာ မရှိခဲ့။ တစ်ကမ္ဘာလုံးကို စစ်မက်အင်အား စိန်ခေါ်လျှင်ရှိ၍ Gotterdammerung ခေါ် နတ်တို့၏ ရုတောခြင်းမျိုးကိုလည်း ခံစားဖူး၏။ သို့သော် ယခင် စစ်မက်လိုလားမှုကို

www.burmeseclassic.com

www.burmeseclassic.com



ဥရောပတိုက်သားကောင်း ဖြစ်လိုစိတ်၊ တတိယကမ္ဘာကို ကူညီလိုစိတ်တို့က အစားထိုးသွားဟန် တူပါသည်။

ဂျာမန်တို့၏ အလွန်အမင်း စေ့စပ်သေချာမှု၊ ပြဿနာတို့ကို ထိုးဖောက်စူးစမ်းမှု အစဉ်အလာကြောင့် Luter, Goethe, Schiller, Hegel, Kant, Marz, Heine, Rilke, Mann, Kafka စသည့် ဒဿနိကဗေဒပညာရှင်ကြီးများ၊ စာရေးဆရာ အကျော်အမော်ကြီးများ ပေါ်ထွန်းခဲ့လေသည်။ ဥရောပတိုက်သားတို့ သုတေသနပြုရာဝယ် အင်္ဂလိပ်ကို စိစစ်နိုင်း၍ ပြင်သစ်ကို ရေးနိုင်းမည့် မှုရင်းအချက်အလက်တို့ကို ဝီရိယအပြည့်အဝနှင့် လုည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် ရှာဖွေမည့် ဂျာမန်ကို ခိုင်းရမည်ဟု ဆိုလေသည်။ အရှေ့တိုင်းတွင် ကိုလိုနီ မရှိခဲ့သော လူမျိုးက အရှေ့တိုင်း ပညာရပ်များ၊ အထူးသဖြင့် ဗုဒ္ဓဘာသာတွင် စိတ်ဝင်စားသည်မှာ ထူးခြားလှပေသည်။ ဘဝအတွေ့အကြုံ ကြီးကျယ်တစ်လှည့်၊ ဆုံးရှုံးသေးသိမ်တစ်လှည့်၊ စီးပွားတောင့်တင်းတစ်လှည့်၊ ပျက်စီးတစ်လှည့်၊ လောကဓံတရား ရှစ်ပါးခံစားဖူးသော လူမျိုးအတွက် ဗုဒ္ဓဘာသာ၏ မဇ္ဈိမပဋိပဒါလမ်းစဉ်တွင် စိတ်ဝင်စားမှု ရှိခြင်းလား မပြောတတ်ပါ။

တခြား ဘာတွေဖြစ်ဖြစ်၊ အထူးကု ပါရဂူတွေ ကြီးစိုးသည့် မျက်မှောက်ခေတ်တွင် ဂျာမန်တို့၏ စေ့စပ်သေချာမှုသည် အကျိုးပေးလေသည်။ နာမည်ကြီး အမေရိကန် တက္ကသိုလ် ဆရာများစာရင်းတွင် ဂျာမန်နာမည်များ၊ ဂျာမနီမှ လက်ငင်းပြောင်းလာသူဖြစ်စေ၊ မျိုးဆက်သစ်ဖြစ်စေ၊ များပြားလှပေသည်။ လူသိအများဆုံးမှာ Henry (ယခင် Heinrich) Kissenger ဖြစ်သည်။

လူမျိုးတစ်မျိုး၏ ဝသီကို ၎င်းတို့၏ ဘာသာစကားမှ ရိပ်စားနိုင်သည်။ ပြင်သစ်တို့ကဲ့သို့ စကားလုံးတွဲလျှင် အသံပြောင်းသည့် မြန်မာတို့အဖို့ ဂျာမန်အသံထွက်သည် ပြောင်းလဲခြင်း မရှိသောကြောင့် လည်ချောင်းထဲမှ အသံထွက်တတ်လျှင် လွယ်ကူသည်။ သို့သော် သဒ္ဒါနည်းပါးသော မြန်မာစကား ပြောသူတို့အတွက် ဂျာမန်သဒ္ဒါသည် ရှုပ်ထွေးလှ၏။ ကြမ်းပြင် (der-boden) သည် ပုလ္လိင်၊ တံခါး (die Tur) သည် ဣတ္ထိလိင်၊ အိမ် (das Haus) သည် လိင်မဲ့ဖြစ်သည်။ နှစ်ဘာသာလုံးတွင် word-building စကားလုံး ထပ်ဆင့်ကြသော်လည်း Monosyllabic ဝဏ္ဏတစ်ခု စကားတစ်လုံး



မြန်မာစကား ပြောနေကျသူတို့ polysyllabic ဝဏ္ဏအများပါ ဂျာမန်စကားလုံး gesellschaftliche Veranstaltungen ကို အသက်တော်တော်အောင့်၍ ပြောရပေလိမ့်မည်။ စကားလုံးကလည်း ရှည်၊ ဝါကျကလည်း ရှုပ်ထွေးရသည့်အထဲ မြန်မာစကားမှာလို ကြိယာက ဝါကျနောက်ဆုံးတွင်မှ လာသောကြောင့် ပြိုင်တူတစ်ချိန်တည်း စကားပြန်သူတွေ အတော်စိတ်ညစ်ရပေလိမ့်မည်။

ရှေးခေတ် ကျူတန်သူရဲကောင်း Teutonic knights တို့ မိန်းမတို့အပေါ် လေးစားသည့်တစ်ဖက်၌ ဂျာမန်တို့ မိန်းမတို့အပေါ် သဘောထားမှုကို ညွှန်ပြသည်မှာ Goethe က သူ့ကဗျာစည်းကို သူဖက်ထားသော အမျိုးသမီး၏ ကျောကုန်းပေါ် တောက်ကြည့်စမ်းသပ်နေပုံ ဖြစ်၏။ အမျိုးသမီးတို့အနက် ဂျာမန်မသည်သာ Hegelian အတွေးအခေါ် ဆွေးနွေးခြင်းဖြင့် ချစ်ကြောဝင်နိုင်သူ ဖြစ်၏။ ချစ်သူက မိမိအတွက် ပြိုင်ဘက်နှင့် ဓားခုတ်လုံ့ထိုးပြိုင်သည့်နှယ်။ သို့သော် နေရာတကာ၌ အမျိုးသမီးများ လွတ်မြောက်ရေးတိုက်ပွဲများ ပေါ်လာသည်နှင့်အမျှ ဂျာမန်မတို့သည်လည်း ဟစ်တလာ ချမှတ်ခဲ့သော ဘုရားရှိခိုးကျောင်း၊ မီးဖိုချောင်နှင့် ကလေးထိန်းဘောင်အတွင်းမှ ရုန်းကန်ထွက်၍ ဥရောပနှင့် အမေရိကန်ညီမတို့နည်းတူ ကိုယ်အလေးချိန်လျှော့ အစားအသောက်စနစ် နောက်လိုက်နေကြပြီ ဖြစ်၏။

အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနေရာလည်း မြန်ရ ဥရောပတွင် ရှာမှ ရှား စီးပွားရေးအဆင့်လည်း ရှိလာသော ဂျာမန်တို့သည် ဥရောပတိုက်သားသစ် အသွင်ကို ဆောင်နေ၏။ ဂီတနှင့် အနုပညာကို မြတ်နိုးဆဲ၊ ဘဝခံယူပုံ ပိုမိုပေါ့ပါးလာ၊ ခရီးလှည့်လည်စိတ်လည်း ရှိစမြဲ၊ လှည့်လည်စရာ နေရာတွေ တိုးပွား၊ ဂျာမန်ပုံစံသစ်သည် ဒုတိယကမ္ဘာစစ်ကြီးအကြောင်း ရုပ်ရှင်ထဲမှာပါသော ပုံစံဟောင်းနှင့် မတူ၊ ပိုမို ဖျတ်လတ်စိတ်ဝင်စားဖွယ်ရာ ကောင်းပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## Beijing Diary

**19 August 2002, Monday**

On the invitation of Peking University (which retains its 104 - years old name) to its symposium on Economic Globalization, Regionalization and the East Asia, I headed for Beijing in the north via Singapore in the south. Why? Because China Air-lines flies between Yangon and Beijing via Kunming only on Wednesdays and Sundays which is awkward form the point of view of the two day (Wednesday and Thursday) conference schedule. Secondly, Changi airport is reputedly the best airport in the world to while away the transit hours.

**20 August 2002, Tuesday**

Met in the early morning at Beijing airport, a new big terminal, (big as all other things in ပြည်ကြီး are) by a young post- graduate named Deng (Same surname as Deng Xiaoping but no relation), I was taken to Da Yuan Hotel, formerly part of the Summer Palace, and close to Peking University. Reportedly under the direct control of the Central Government, it was guarded by two soldiers around the clock and staffed by vigilant employees none of whom, however, speaks English. The food was traditional Peking cuisine, especially at breakfast, consisting



of beans, noodle soup, eggs and milk. The only guests apart from the delegated were a group of provincials sent to recuperate in the capital from mental scars sustained from the country's turbulent past. Having seen the sights of Beijing before, I spent the day resting and reading a latest book (acquired at Changi) on Globalization by Joseph Stiglitz, former Chairman of President Bill Clinton's Council of Economic Advisers and World Bank's chief economist, and winner of the Nobel Prize for Economics 2001.

At the welcome dinner at the hotel restaurant which does not understand what soda water is, I subsisted on Chinese tea avoiding sugar raising beer. I was introduced by host Prof. Hao Bin, director of Centre of East Asian Studies, to his staff and other delegates, the majority being form China, Japan and Korea who share the custom of compulsory exchange of name cards, I soon ran out of mine. The ever helpful lecturer Chu Xiaobo came to the rescue undertaking to make 30 more cards the next day. He regretted however that my request to spend the free day after the meeting in Shanghai rather than in Beijing which I have already seen on a previous visit (like similar requests from some ASEAN participants to stop over in Hongkong or Bangkok) could not be met as the Japanese auditors of the financing Japanese university are very strict with ex-Beijing bills. So this was not Beijing Bureaucracy but Beijing Integrity of Director Hao Bin. At the dinner I noticed that Japanese has become the lingua franca of North East Asia, all the Chinese and Korean professors at my table with Professor Abe of Kyoto conversing in Japanese. My own problem with the simplified ideographs was the same as the old Chinese who felt more comfortable with Japanese or Taiwan newspapers

www.burmeseclassic.com

www.burmeseclassic.com



**21 August 2002, Wednesday**

The opening ceremony was addressed by Vice - President of Peking University which has innumerable departments, centers and institutes and 30,000 students. As the 83 - years old Professor Emeritus of Berkeley, Robert A. Scalapino had a previous engagement: the first speaker was George T. Yu of the University of Illinois at Urbana Champaign who emphasized the need of a new regionalism in Asia. Justin Yifu Lin of Peking U.'s China Center for Economic Research was the next speaker and his main thésis is that though China had developed fast in recent years, economic and social indicators show her present position the same that Japan occupied in the 1960s. More nationalistic Chinese professors challenged this so I mediated drawing an analogy from the race between the hare and the tortoise, saying one does not know if the hare might run backwards or if the tortoise might not turn into a hare. The next speaker was Professor Shigeyuki Abe of the Centre for Southeast Asian Studies of Kyoto University who asked "Where is Japan going?" Giving a brilliant exposition of graphs, he is optimistic despite the decade long recession about the recovery of Japan's manufacturing exports. Another impressive speaker was Dr. Tae-Fong Kim, member of Monetary Policy Committee of the Bank of Korea. He alluded to the signing under the Chiang Mai initiative of seven bilateral currency swaps between East Asian countries for a total value of 17 billion US dollars. The morning session was chaired by Professor Walden Bello of the University of Philoppines and Professor Hua Li of Osaka University of Economics and Law, a rare combination of brains and beauty.

I chaired the afternoon session together with Professor Rostilav B. Rybakov of the Russian Academy of Sciences. The speakers were Professor Scalapino who



gave a masterly survey of the world situation; Professor Kim Won Soo of Osaka Univrsity of Economics and Law, who went into area definitions of East Asia; Professor Walden Bello who alleged that the inefficacy of the ASEAN was due to the hijacking of economics by politics; Director Yan Pin Yoong of the Nanyang Press Holdings Bhd, Malaysia, who alluded to the recent relocation of some manufacturing plants to China from Singapore, Malaysia, Indonesia and Thailand. Professor Baoyun Yang of the School of International Studies of Peking University discussed the projected China - ASEAN Free Trade Zone. The presentations of 20 minutes each were commented upon by four Chinese professors for 10 minutes each after which there would be a few interventions from the floor of three minutes each. The chair's problem was that these time limitations were generally exceeded. So I finally suggested that replies by the authors of the papers be postponed to the next day or included in their submission of final texts.

After dinner the delegates who were still energetic were treated to the traditional Peking Opera in a special theatre. There they were forced to keep mum for an hour while the musicians and dancers provided the necessary noise.

**22 August 2002, Thursday**

With Malaysian Bank Director Yan Pin Yoong and Mongolian Academician C. H. Dalai in the chair, the first speaker was Marzuki Usman, Chairman of DPW Partai Kebangitan Bangsa DKI, Indonesia (former Golkar Party), former Minister of Tourism under President Suharto, who spoke on the current and future trade relations between his country and China. Campaigning for the forthcoming general elections, he was so confident of victory of

www.burmeseclassic.com

www.burmeseclassic.com



his party that he invited 2006 Symposium to Bali. I spoke next (the Myanmar parachutist coming after the Indonesian acrobat), about Myanmar as a case study in pre-globalization. I was followed by Professor Ms Manisoth Keodara of the Faculty of Eco nomics and Management of the University of Laos who described the economy of her country in graphs. She was followed by Ms Chau Thi Hai of the Vietnamese Institute for Southeast Asian Studies who recounted the benefits and challenges of globalization in her country. In reply to favorable comments on my paper made by Peking U. Professor of Myanmar language Zhao Jing appropriately rendered into Myanmar as (ကျော်မင်း) congratulated him on turning out several fluent speakers of Myanmar among member of the Chinese Embassy in Yangon.

In the afternoon, with History Professor Chengyou Song of Peking University and Professor Kim Won Soo of Osaka University in the chair, the first presentation was by Professor of Chinese at Chulalongkorn University, Ms Prapin Manomaivihool on the expanding role of Chinese language pari passu with the increasing importance of Chinese business. In this connection I told the weary crowd a humorous tale of five official languages at UNESCO. I said that when a delegate was speaking in English the absconding staff would have time only for a cup of tea since English is a practical business language and the speaker would sit down after saying what he wanted to convey. On the other hand, a delegate speaking in the beautiful French language would fall in love with his own voice and go on talking so that the disappearing staff would have time for lunch. Followed by a speaker in Spanish, usually a retired professor of history from Latin America, he would go through the whole length of its history which fortunately for the audience



was only two hundred years old. So the staff well feted on French cuisine would have time for a siesta. During the siesta, while the Russian delegate speaks, at first slowly but gathering momentum and finally failing to stop like the brakeless Moscovitch, one would dream probably about Siberia. He would then be woken up by the contradicting Chinese delegate as in the Cold War days speaking in a loud voice. Chinese is such a vigorous speech that a young honeymoon couple cooing, if not seen, is often taken for a long married couple fighting each other. When one wakes up one usually gargles and that is the sound made by the Arab speakers whose rich governments finance the use of Arabic by the United Nations. UNESCO interpreters are now dreading the day when German, Japanese and Myanmar come to be used because in all these languages the verb comes last and they would have to remember all that comes before. (Silent Applause Oriental Style)

The next speaker was Professor Vasily V. Mikheev who expressed "Russia's objective interest to join NEA cooperation with Russian Far Eastern natural resources, scientific potential and with Russian territory which could be used as a transition bridge between NEA and EU." Another Russian Academician Professor Rybakov contended that the Soviet Union did not lose the Cold War to the United States but was defeated by the outdatedness of its own system.

Before the closing ceremony and banquet, the founding of the International Forum of East AsianStudies with its secretariat at Peking University was announced. The proceedings of the Globalization Symposium are to be published at the end of the year by the Press of Osaka University of Economics and Law. The next Symposium is to be held in 2004 in Bangkok.

www.burmeseclassic.com

www.burmeseclassic.com



## 23, August 2002, Friday

My private visit to Shanghai began at the Domestic Wing of Beijing Airport. As all counters were open to all economy flights, there were long queues of passengers everywhere, the majority being composed of budding Chinese tourists. Then when a reception clerk suddenly turned her counter plaque from open to closed position, causing a merger of two queues, a pandemonium issued. Verbal battles erupted, a particularly vicious one being between a hysterical girl of Gang of Four type and three equally vociferous young men. Losing face before foreign visitors, the reception clerk quickly processed my ticket and baggage and directed me to Gate 23. There as I moved up the security check queue there, a sudden change of personnel at the counter took place, a considerate-looking male being replaced by a stern-looking female. The latter looked at my documents and said airport tax coupon was missing. I explained that my ticket is an international one that included all airport taxes. No avail. The lady kept pointing in the direction of airport tax counter with an increasingly reddening face. So I trudged to the faraway airport tax counter where my 50 Yuan was promptly received and a coupon issued. When I returned and handed the coupon to the dragon lady, the tiger person at the top of the queue must have been preparing some action on the usurper because I heard her saying something to him, probably an explanation that I was rerunning from a mission that she sent me on. After she passed me, I was subjected to a thorough going body search by another sternlooking young woman who asked me to empty all the pockets in my coat, shirt and trousers. Finally boarding the plane, I noticed that the first few rows were empty probably reserved for VIPs. Seated together



with several Thai tourists, it was a pleasant brief flight with some palatable refreshments.

At the slightly aging Shanghai Honchai airport (there is another one at Pudong), I noticed a phalanx of uniformed officials at the exit of the baggage room checking if the baggage picked up matches the ticket. Outside, a threefold queue for taxis was efficiently handled by two assistants. Taxis are air-conditioned for the 33 degree centigrade Shanghai summer, and their fares reasonable and documented. Drivers must be all literate to read the directions in ideographs the visitors are furnished with.

At my downtown hotel, I enquired about sightseeing buses and was directed to the travel agents near Shanghai Stadium. Whereas in Beijing coaches with guides speaking English, French or Japanese abound, only Chinese speaking guides are available in Shanghai sight seeing coaches. Perhaps there is not much to see in Shanghai apart from the river, lake and remnants of international settlements, a legacy of the colonial past. So I decided on the feast for the stomach instead of the feast for the eyes. Since I have not had the famous Peking Duck at Peking University, I dined at the famous Peking Duck restaurant of Shanghai Huajude which proudly nangs pictures of the American President George Bush Sr. and the British Prime Minister Edward Heath and where guests are welcomed by Chinese damsels in Empress Dowager robes. For the equally famous Shanghi cuisine, I lunched at the palatial Wang Chai where they serve escargots *a la francais.*

## 24 August 2002, Saturday

At the Honchai International Airport, its tax went under the title of Airport Reconstruction Tax and cost 90 Yuan. The only other snag was there was no instruction

www.burmeseclassic.com

www.burmeseclassic.com



for withdrawing the embarkation card from a corner machine and filling it. The security check was more thorough and included removing the shoes. The less crowded Shanghai - Singapore flight reached its destination at 10 p.m. so I slept the night at the pre-booked US$60 transit hotel. The only problem was that my checked baggage containing my pajamas and medicines was at the luggage room beyond the immigration counter, and this was retrieved with the assistance of the transfer desk personnel. Changi again proved tis efficacy.

**25 August 2002, Sunday**

Silk Air brought back at noon the Myanmar participant at Peking University symposium with his name written in Chinese ideographs (there is no equivalent of Japanese *katakana* in Chinese) meaning Paragon of Virtue, a name initially suggested by *IT MYANMAR BUSINESS MAGAZINE*. The transition from my Japanese name of *Mon-tetsu-ji* meaning Master of Philosophy has been smooth, thought if is doubtful if either name will be useful for the process of globalization.

## ဘေဂျင်းသွားမှတ်တမ်း

**(၁၉၊ ၈၊ ၂၀၀၂) တနင်္လာနေ့**

ပီကင်းတက္ကသိုလ် (အနှစ် - ၁၀၀ ကျော် နာမည်ဟောင်းကို မပြောင်းသေး) ၏ ဖိတ်ကြားချက်အရ 'Economic Globalization, Regionalization and the East Asia တစ်ကမ္ဘာလုံးကြီး ဖြစ်ထွန်းရေး ဒေသဆိုင်ရာ စီးပွားရေးနယ်ပယ် ဖြစ်ထွန်းရေးနှင့် အရှေ့အာရှ' သုတေသန ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြောက်ဘက်ရှိ ဘေဂျင်းသို့ တောင်ဘက်ရှိ စင်္ကာပူမှ တစ်ဆင့်သွားရ၏။ အကြောင်းမှာ ရန်ကုန် - ကူမင်း - ဘေဂျင်း - တရုတ်လေကြောင်းသည် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တို့၌ ပျံသန်းရာ ဗုဒ္ဓဟူးနှင့် ကြာသပတေး နှစ်ရက် ကျင်းပမည့်အစည်းအဝေးနှင့် အံမဝင်ခွင်မကျပေ။ နောက်တစ်ကြောင်းမှာ ကမ္ဘာ့လေဆိပ်များအနက် စောင့်ရမည့် အချိန်ကို အကောင်းဆုံး အသုံးချနိုင်သည့် လေဆိပ်မှာ စင်္ကာပူ ချန်ဂီးလေဆိပ် ဖြစ်သောကြောင့်ပင်။

**၂၀၊ ၈၊ ၂၀၀၂ အင်္ဂါနေ့**

ဘာမဆို ကြီးသဖြင့် တရုတ်နိုင်ငံကို ပြည်ကြီးဟုခေါ်ရာ ဘေဂျင်းလေဆိပ်ရှိ ဧရာမအဆောက်အဦသစ်ကြီး၌ နံနက်အစောကြီး လာကြိုနေသူမှာ ပီကင်း တက္ကသိုလ်ဘွဲ့လွန်ကျောင်းသား Deng ဆိုသူ ဖြစ်၏။ Deng Xiaoping နှင့် အမျိုးနာမည်ချင်း တူသော်လည်း ဆွေမျိုးမတော်ပါ။ သို့သော် ကိုယ်ကာယသေးကွေးပုံကား တူ၏။ ၎င်းက ကျွန်တော့်အား အငှား

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ဖြင့် ပီကင်းတက္ကသိုလ်နှင့် မနီးမဝေးရှိ Da Yuan Hotel သို့ ခေါ် သွား၏။ ဟိုတယ်မှာ Summer Palace ခေါ် နွေနန်းတော်၏ တစ်စိတ် တစ်ပိုင်း ဖြစ်သဖြင့် ဝဟိုအစိုးရ၏ လက်အောက်၌ ထားရှိပြီး နေ့ရောညပါ စစ်သားနှစ်ဦး စောင့်၏။ ဂိတ်အဝင်၌ ကျွန်တော်တို့ အငှားယာဉ်ကို ရပ်ခိုင်းပြီး Deng ၏ မှတ်ပုံတင်ကို စစ်သဖြင့် အငှားယာဉ်မောင်းက ဒေါပွလေသည်။ ဟိုတယ်ဝန်ထမ်းတို့မှာလည်း စိတ်ချရသူချည်း ဖြစ်၏။ အင်္ဂလိပ်စကားကားမပြောတတ်ကြ။ အစားအသောက်မှာ ရှေးရိုးပီကင်း အစားအသောက်။ အထူးသဖြင့် နံနက်စာမှာ ခေါက်ဆွဲပြုတ်၊ ပဲ၊ ကြက်ဥနှင့် နွားနို့တို့ဖြစ်၏။ ဆွေးနွေးပွဲ ကိုယ်စားလှယ်တို့မှအပ ဟိုတယ်တည်းခိုသူများမှာ နယ်မှ အစိုးရ ဧည့်သည်အဖြစ် မြို့တော်ဘေဂျင်း၌ စိတ်အပန်းဖြေလာသူ တစ်သိုက်သာ ရှိ၏။ တရုတ်နိုင်ငံ၏ မကြာသေးမီက သမိုင်းဝင် အဖြစ်အပျက်များအတွင်း စိတ်ထိခိုက်မှုတို့ကို ခံစားခဲ့ရသူတို့နှင့်တူ၏။ ဘေဂျင်း ရှုမျှော်ခင်းတို့ကို ကြည့်ပြီးဖြစ်၍ ဟိုတယ်ခန်း၌ပင် အနားယူရင်း ချန်ဂီလေဆိပ်မှ ဝယ်လာသော သမ္မတ ကလင်တန်၏ စီးပွားရေး အကြံပေးအဖွဲ့ ဥက္ကဋ္ဌနှင့် ကမ္ဘာ့ဘဏ် စီးပွားရေး အရာရှိချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ၂၀၀၁ ခုနှစ် စီးပွားရေးပညာ နိုဘယ်ဆုရှင် Joseph Stiglitz ၏ နောက်ဆုံးပေါ် Globalization စာအုပ်ကို ဖတ်နေခဲ့၏။

ကိုယ်စားလှယ်များအား ကြိုဆိုသည့် ညစာစားပွဲကို ဟိုတယ်စားသောက်ခန်း၌ပင် ကျင်းပ၏။ ဝီစကီနှင့်သောက်ရန် ဆိုဒါမှာဖူးရာ နားမလည် မကြားဖူးဟုဆို၏။ ထမင်းစားပွဲ၌ ဘီယာသာ တိုက်သဖြင့် သကြားရည် တက်မည်စိုး၍ တရုတ်လက်ဖက်ရည်ကြမ်းကိုသာ အဖော်ပြုရ၏။ အရှေ့အာရှ သုတေသနဌာန ညွှန်ကြားရေးမှူး ပါမောက္ခ Hao Bin က သူ၏ တပည့်များ၊ အခြားကိုယ်စားလှယ်များနှင့် မိတ်ဖွဲ့ပေးရာ အများအားဖြင့်မှာ တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့နာမည်ကတ်ပြား လဲလှယ်ရသည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ ဖြစ်၍ ကျွန်တော့်နာမည် ကတ်ပြားများ မကြာမီ ကုန်သွား၏။ ဤတွင် သူတစ်ပါးအား အမြဲကူညီတတ်သည့် ကထိက Chu Xiaoho က နောက်တစ်နေ့ ကတ်ပြားအသစ် ၃၀ ပြုလုပ်ပေးမည်ဟု ဆို၏။ သူ အကူအညီမပေးနိုင်သည်မှာ စတုတ္ထနေ့ အနားယူနေ့ကို ရှန်ဟဲမြို့၌ နေ



သည့်ကိစ္စ ဖြစ်၏။ ဘေဂျင်းမြို့သို့ ရောက်ဖူးသည့် အခြားအာဆီယံ ကိုယ်စားလှယ်တချို့ကလည်း ဟောင်ကောင်၊ ပန်ကောက် အစရှိသည့် မြို့တို့၌ နေခွင့် တောင်းသည်ဟုဆို၏။ ဤတောင်းခံချက် အားလုံးကို ငြင်းပယ်ရသည့်အကြောင်းမှာ ဤဆွေးနွေးပွဲစရိတ်ကျခံသည့် ဂျပန် တက္ကသိုလ်၏ တရင်းစစ်များက အလွန်တိကျ၍ ဘေဂျင်းအပြင်ဘက် ကုန်ကျစရိတ်တို့ကို မေးခွန်းထုတ်မည့်အတွက် ဖြစ်၏။ ဤသည်မှာ ဘေဂျင်းမြူနီကရေစီ မဟုတ်ဘဲ ညွှန်ကြားရေးမှူး Hao Bin ၏ ဘေဂျင်းတည်ကြည်မှုဖြစ်၏။ ထမင်းစားပွဲ၌ သတိပြုမိသည့် နောက်တစ်ချက်မှာ ဂျပန်စကားသည် အရှေ့မြောက်အာရှ၏ အများသုံးစကား ဖြစ်လာခြင်းပင်။ ပါမောက္ခ Abe နှင့် ကျွန်တော့်စားပွဲ၌ ထိုင်သည့် တရုတ်နှင့် ကိုရီးယား ပါမောက္ခအားလုံးသည် ဂျပန်စကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ကြ၏။ ကျွန်တော်၏ တရုတ်စာဖတ် ပြဿနာမှာ ကရုတ်အဘိုးကြီးများနည်းတူ ဖတ်ရလွယ်ကူအောင် အတိုချုံးထားသော တရုတ်စာလုံးတို့ကို အဖတ်ရခက်ခြင်းဖြစ်၏။ ထိုင်ဝမ်းနှင့် ဂျပန်ပြည်တို့၌ သုံးစွဲသော ရှေးရိုးစာလုံးတို့ကို အဖတ်ရ လွယ်လေသည်။

## ၂၁၊ ၈၊ ၂၀၀၂ ဗုဒ္ဓဟူးနေ့

သုတေသနဆွေးနွေးပွဲကို ပီကင်းတက္ကသိုလ် ဒုတိယအဓိပတိက ဖွင့်လှစ်၏။ တက္ကသိုလ်၌ ဌာနပေါင်းများစွာရှိ၍ ကျောင်းသားပေါင်း သုံးသောင်းကျော် ရှိ၏။ တက္ကသိုလ်ဝင်းတို့မှာ ရှေးဟောင်းပုံစံ ဖြစ်သော်လည်း ဝင်းအတွင်းက အဆောက်အဦတို့မှာ ခေတ်သစ်ပုံစံ ဖြစ်၏။ ဩဂုတ်လမှာ ကျောင်းပိတ်ချိန်ဖြစ်ပြီး လမ်း၊ အဆောက်အဦတို့ ပြင်ဆင်နေသောကြောင့် ကိုယ်စားလှယ်တော်တို့အတွက် အနှောင့်အယှက် ဖြစ်ပါက ကြိုတင် တောင်းပန်ကြောင်း မိန့်ကြားသွားပါသည်။ အသက် ၈၃ နှစ်ရှိ University of California at Berkeley မှ ဂုဏ်ထူးဆောင် ပါမောက္ခ Robert A. Scalapino မှာ အစိုးရဌာနတစ်ခုသို့ သွားစရာရှိ၍ University of Nortern Illinois at Urbana-Champaign မှ ပါမောက္ခ George T. Yu က စတင် စာတမ်းဖတ်ကြား၏။ ၎င်းက အနောက်တိုင်း အဖွဲ့အစည်းတို့နှင့် ယှဉ်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တိုင်း၌ ဒေသဆိုင်ရာ စီးပွားရေးနယ်ပယ် အတွေးအခေါ် သစ်တို့ လိုနေပြီဖြစ်ကြောင်း ပြောကြားသွား၏။ ၎င်းနောက် ပီကင်းတက္ကသိုလ်စီးပွားရေးသုတေသနဌာနမှ ပါမောက္ခ Justin Yifu Lin က တရုတ်ပြည်သည် များမကြာမီနှစ်များက လျင်မြန် စွာ တိုးတက်ခဲ့သည်မှန်သော်လည်း စီးပွားရေးနှင့် လူမှုရေးညွှန်းကိန်းများမှာ လွန်ခဲ့သော အနှစ် - ၄၀ ခန့်က ဂျပန်ပြည် အခြေအနေနှင့် တူညီနေကြောင်း ပြောပြသွား၏။ ဤအချက်ကို မျိုးချစ်စိတ် ပိုမိုပြင်းထန်သော တရုတ်ပါမောက္ခအချို့က ငြင်းဆိုကြပါသည်။ သို့နှင့် ကျွန်တော် က ယုန်နှင့်လိပ်ပုံပြင်ကို ပြော၍ ဖျန်ဖြေသည်မှာ အနာဂတ်တွင် ယုန်က နောက်ပြန်ပြေးမည်လော၊ သို့မဟုတ် လိပ်က ယုန်အသွင် ပြောင်းမည်လော မသိနိုင်ဟူ၍။ ၎င်းနောက် စာတမ်းဖတ်သူမှာ ကျိုတို တက္ကသိုလ်၊ အရှေ့တောင်အာရှ သုတေသနဌာနမှ ပါမောက္ခ Shigeyuki Abe ဖြစ်၍ 'Where is Japan going?' 'ဂျပန် ဘယ်လဲ' ဆိုသော မေးခွန်းကို ဖြေကြားလေသည်။ ဆယ်နှစ်ခန့် ကျဆင်းနေသော ဂျပန်၏ စက်မှုပို့ကုန်တို့သည် အနာဂတ်တွင် ပြန်လည် တက်လိမ့်မည်ဟု မြှျဉ်းပုံစံတို့ကို ကျင်လည်စွာ ပြသဖွင့်ဟသွားလေသည်။ စိတ်ဝင်စားဖွယ် နောက်စာတမ်းတစ်ခုမှာ Monetary Policy Committee of the Bank of Korea ကိုရီးယား ဗဟိုဘဏ်၏ ငွေကြေးပေါ်လစီကော်မတီအဖွဲ့ဝင် Dr. Tae-Dong Kim ဖြစ်၏။ ၎င်းက ဝင်းမယ်အစည်းအဝေး ဆုံးဖြတ်ချက်အရ အရှေ့အာရှနိုင်ငံများအတွင်း နှစ်နိုင်ငံချင်း ငွေကြေးလဲလှယ်မှု ခုနစ်ကြိမ်ရှိပြီဖြစ်ကြောင်း ပြောကြားသွားပါသည်။ နံနက် အစည်းအဝေး၏ သဘာပတိများအဖြစ် ဖိလစ်ပိုင်တက္ကသိုလ် ပါမောက္ခ Walden Bello နှင့် Osaka University of Economics and Law မှ ပါမောက္ခ Hua Li (ရုပ်ရည်နှင့် ပညာရည်ဘက်စုံသူ) တို့ ဖြစ်၏။

နေ့လယ်ပိုင်း အစည်းအဝေးကို ကျွန်တော်နှင့် Russian Academy of Sciences မှ ပါမောက္ခ Rostilav B. Rybakov တို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြ၏။ စာတမ်းဖတ်ကြသူတို့မှာ ကမ္ဘာ့အခြေအနေကို တိကျပြတ်သားစွာ တင်ပြသူ Professor Scalapino အရှေ့အာရှဒေသနယ်နိမိတ်ကို သတ်မှတ်သူ Osaka University of Economics and Law မှ ပါမောက္ခ Kim Won Soo? ASEAN သိပ်မအောင်မြင်သည်မှာ စီးပွားရေးကို နိုင်ငံရေးက လွှမ်းမိုးသွားသောကြောင့်ဟုဆိုသူ ဖိလစ်ပိုင်တက္ကသိုလ် ပါမောက္ခ Walden Bello၊ စင်္ကာပူ၊ မလေး ရှား၊ အင်ဒိုနေရှားနှင့် ထိုင်းနိုင်ငံမှ အပြည်ပြည်ဆိုင်ရာမှ ရင်းနှီးမြှုပ်နှံသည့် စက်ရုံများ တရုတ်နိုင်ငံသို့ မကြာသေးမီက ပြောင်းရွှေ့သွားခြင်းကို ထောက်ပြသည့် Nanyang Press Holding BHD, Malaysia ဘဏ်ဒါရိုက်တာ Yan Pin Yoong၊ ဆယ်နှစ်အတွင်း တည်ထောင်တော့မည့် China - ASEAN Free Trade Zone စီမံကိန်းကို ဆွေးနွေးသွားသည့် ပီကင်းတက္ကသိုလ် School of International Studies မှ ပါမောက္ခ Baoyun Yang တို့ဖြစ်၏။ စာတမ်းဖတ်သူ တစ်ဦးလျှင် မိနစ် - ၂၀ စီ၊ စာတမ်းဝေဖန်သူ တရုတ်ပါမောက္ခတစ်ဦးလျှင် ၁၀ - မိနစ်စီ၊ နားထောင်သူ ပရိသတ်ထဲမှ မေးခွန်းမေးသူ တစ်ဦးလျှင် သုံးမိနစ်စီဟု သတ်မှတ်ထားသော်လည်း အချိန်မီ နိဂုံးချုပ်သူ မရှိသလောက်ပင်။ သို့နှင့် ကျွန်တော် က စာတမ်းဖတ်သူတို့၏ ဖြေကြားချက်တို့ကို နောက်တစ်နေ့ အစည်းအဝေးသို့ ရွှေ့ဆိုင်း၍သော်လည်းကောင်း သို့မဟုတ် ပုံနှိပ်ရန်ပို့သည့် ချောထဲတွင် ထည့်၍သော်လည်းကောင်း ဆောင်ရွက်ရန် ညွှန်ကြား၍ အစည်းအဝေးကို ပိတ်ပစ်လိုက်ရလေသည်။

အကြောင်းမှာ ညစာစားပြီးနောက် ပီကင်း အော်ပရာကပွဲရုံသို့ အချိန်မီ သွားရောက်ရန်အတွက် ဖြစ်၏။ ထိုနေရာ၌ ကိုယ်စားလှယ်တော်တို့ စကားမပြောနိုင်တော့သည့်အကြောင်းမှာ တီးဝိုင်းနှင့် ဇာတ်ကသူတို့၏ အသံဖြင့် ဆူညံနေသောကြောင့် ဖြစ်၏။

## ၂၂၊ ၈၊ ၂၀၀၂ ကြာသပတေးနေ့

နံနက်ပိုင်းတွင် မလေးရှား ဘဏ်ဒါရိုက်တာ Yan Pin Yoog နှင့် Mongolian Academician C.H. Dalai တို့က သဘာပတိများအဖြစ် ဆောင်ရွက်၍ ပထမဦးဆုံး စာတမ်းဖတ်သူမှာ အင်ဒိုနေရှားမှ Partai Kebangitan Bangsa DKI (ယခင် Golkar Party) ဥက္ကဋ္ဌ Marzuki Usman ဖြစ်၏။ သမ္မတ ဆူဟာတိုအစိုးရ၌ ကမ္ဘာလှည့်ခရီးသွားလာရေးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်၏။ ၎င်းက အင်ဒိုနေရှားနှင့် တရုတ်နိုင်ငံတို့အကြား



www.burmeseclassic.com

www.burmeseclassic.com



လက်ငင်းနှင့် အနာဂတ် ကုန်သွယ်ရေးအကြောင်း စာတမ်းဖတ်ကြား၏။ ၎င်းသည် လာမည့်ရွေးကောက်ပွဲအတွက် မဲဆွယ်နေရာ၊ နိုင်မည့် သေချာ၍လားမသိ၊ ၂၀၀၆ - ခုနှစ် ဆွေးနွေးပွဲကို အင်ဒိုနေရှားနိုင်ငံ၊ ဘာလီကျွန်း၌ ကျင်းပရန် ဖိတ်ကြားသွား၏။ သူနောက် ကျွန်တော်က Myanmar as a case study in pre-globalization စာတမ်းကို ဖတ်ကြား၏။ သူကို စကားပြော လည်လွန်း၍ အင်ဒိုနေရှားဘားကျွမ်းသမားဟု သမုတ်၍ ပညာရပ်ပြောင်းလွန်းသော ကျွန်တော့်အား မြန်မာလေထီးသမားဟု ခေါ်ကြ၏။ ကျွန်တော့်နောက် စာတမ်းဖတ်သူမှာ University of Laos Faculty of Economics and Management မှ ပါမောက္ခ Ms Manisoth Keodara ဖြစ်၍ ၎င်းက လာအိုနိုင်ငံ စီးပွားရေးကို ပြမျဉ်းပုံစံတို့ဖြင့် ရှင်းလင်းတင်ပြသွား၏။ ၎င်းနောက် စာတမ်းဖတ်သူမှာ Vietnamese Institute for Southeast Asian Studies မှ Ms Chau Thi Hai ဖြစ်၍ ၎င်းက သူ့နိုင်ငံအတွက် globalization ၏ ကောင်းကျိုးဆိုးကျိုးကို တင်ပြသွားလေသည်။ ကျွန်တော့်စာတမ်းအပေါ် ကောက်ချက်ကောင်းများချသော ပီကင်းတက္ကသိုလ် မြန်မာစာပါမောက္ခ Zhao Jing (မြန်မာလို ကျော်မင်း) အား ရန်ကုန်ရှိ တရုတ်သံရုံးသို့ မြန်မာစကား ကျွမ်းကျင်သော တပည့်များ စေလွှတ်နိုင်ခြင်းအတွက် ချီးကျူးစကား ပြောကြားခဲ့ပါသည်။

နေ့လယ်ပိုင်းတွင် ပီကင်းတက္ကသိုလ် သမိုင်းပါမောက္ခ Chengyou Song နှင့် ဒိုဆာကာ တက္ကသိုလ်ပါမောက္ခ Kim Won Soo တို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပါသည်။ ပထမဦးဆုံး စာတမ်းဖတ်သူမှာ ထိုင်းနိုင်ငံ Chulalongkorn University မှ တရုတ်စာပါမောက္ခ Ms Prapin Manomaivibool ဖြစ်၍ ၎င်းက တရုတ်စီးပွားရေးလုပ်ငန်းများ များပြားတိုးတက်လာသည်နှင့်အမျှ တရုတ်စာစကား သင်ကြားလိုသူတို့ များပြားလာကြောင်း ထောက်ပြသွားပါသည်။ ထိုနေရာတွင် ကျွန်တော်ကပင်ပန်းနေပြီဖြစ်သော ပရိသတ်အမောပြေစေရန် ယူနက်စကို၌သုံးသော ဘာသာစကားများနှင့် ပတ်သက်၍ ဟာသနှောသည်မှာ 'ယူနက်စကို ရုံးသူရုံးသားတို့သည် ကိုယ်စားလှယ်တော်တို့ မည်သည့်ဘာသာစကားကို သုံးစွဲသည်ကို အမြဲတစေ စောင့်ကြည့်နေကြ၏။ အင်္ဂလိပ်စကား ပြောနေပါက လက်ဖက်ရည်တစ်ခွက်



ထွက်သောက်ရန်သာ အချိန်ရသည်ဟု ဆို၏။ အကြောင်းမှာ အင်္ဂလိပ်စကားသည် ကုန်သည်စကားဖြစ်၍ ကိုယ်စားလှယ်သည် မိမိပြောလိုသည်ကို ပြောပြီး ထိုင်ချလေ့ရှိ၏။ လှပသော ပြင်သစ်စကား ပြောနေပါက သံသာယာနှင့် ယစ်မူးနေပြီး အခန်းပြင်ပထွက်သူ ဝန်ထမ်းသည် နေ့လယ်စာ စားဖို့ အချိန်ရ၏။ ထို့နောက် စပိန်ဘာသာဖြင့်ပြောသော ကိုယ်စားလှယ်သည် လက်တင်အမေရိကန်မှ သမိုင်းပါမောက္ခဖြစ်ဖို့များ၍ မိမိနိုင်ငံသမိုင်းအစမှအဆုံးထိ ပြောလေ့ရှိရာ ကံအားလျော်စွာ သမိုင်းမှာ အနှစ် - ၂၀၀ကျော်မျှသာ ရှိ၏။ သူပြောနေစဉ် ပြင်သစ်နေ့လယ်စာ စားထားသော ဝန်ထမ်းသည် တစ်ရေးအိပ်ဖို့ အချိန်ရ၏။ တစ်ရေးအိပ်စဉ် ရုရှားကိုယ်စားလှယ် စကားပြောရာ နံနက်စောစော နှိုးရခက်သည့် Moscovitch ကားကဲ့သို့ အစနှေးသော်လည်း အရှိန်ရလာလျှင် ဘရိတ်အုပ်လို့ မရတော့သည့်အတွက် Siberia အကြောင်း အိပ်မက်မက်နိုင်၏။ ၎င်းအား အိပ်ရာမှ လန့်နိုးသူမှာ စစ်အေးအတွင်းက ရုရှားက ဖြူလျှင် သူကမည်း၊ ရုရှားက မည်းလျှင် သူကဖြူသည့် တရုတ်ကိုယ်စားလှယ်ပင် ဖြစ်၏။ တရုတ်စကားသည် အလွန် ကျယ်လောင်ရာ ညားခါစမောင်မယ် ချစ်တင်းဆိုနေသံသည် လူသာမတွေ့ရပါက အိမ်ထောင်သက် အနှစ် - ၃၀ကျော် လင်မယား ရန်ဖြစ်နေသည်ဟု ထင်ရ၏။ အိပ်ရာမှ နိုးလာသူသည် ပလုတ်ကျင်းလေ့ရှိရာ ထိုအသံသည် အာရပ် ကိုယ်စားလှယ် စကားပြောသံပင် ဖြစ်၏။ ကုလသမဂ္ဂက အာရပ်စကားသုံးရန် အာရပ်သူဌေးနိုင်ငံများက ငွေကြေးမြောက်မြားစွာ ထောက်ပံ့ထား၏။ နိုင်ငံတကာ စကားပြန်တို့သည် ဂျာမန်၊ ဂျပန်နှင့် မြန်မာစကားတို့ ကုလသမဂ္ဂသုံးစကားများ ဖြစ်လာမည်ကို အလွန် စိုးရိမ်နေကြ၏။ အကြောင်းမှာ ၎င်းတို့၏ သဒ္ဒါ၌ ကြိယာက ဝါကျ၏ အဆုံးမှလာသဖြင့် စကားပြန်ခမျာ ဝါကျ ရှေ့ပိုင်းအားလုံးကို မှတ်ထားရမည် ဖြစ်သောကြောင့်ပင်။ (အရှေ့တိုင်း ပုံစံ အသံမထွက် ဩဘာသံ)

ထို့နောက် စာတမ်းဖတ်သူမှာ Institute for Far Eastern Studies, Russian Academy of Sciences rS ygarmu© Vasily V. Mikheev ဖြစ်၍ ၎င်းက ရုရှား၏ အရှေ့ဖျားဒေသမှ သဘာဝအင်အားစုများ၊ သိပ္ပံပညာအင်အားများဖြင့် ရုရှားက အရှေ့မြောက်ဒေသ NEA နှင့် စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်းဆောင်ရွက်ပါက ရုရှားနယ်မြေကိုလည်း NEA နှင့် EU အကြား ပေါင်းကူးတံတားအဖြစ် အသုံးပြုနိုင်မည် ဖြစ်ကြောင်း အဆိုပြုပါသည်။ နောက် Russian Academician တစ်ယောက်ဖြစ်သော Professor Rybakov က ဆိုဗီယက်ပြည်ထောင်စုသည် စစ်အေးတိုက်ပွဲကြီးကို အမေရိကန်အား ရှုံးခြင်းမဟုတ်။ မိမိတို့၏ စနစ်ကြီး ခေတ်မမီတော့၍ ပြည်ထောင်စုကြီး ပြိုကွဲခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား မတိုင်မီ ပီကင်းတက္ကသိုလ်၌ ရုံးစိုက်မည့် International Forum of East Asain Studies တည်ထောင်ကြောင်း ကြေညာပါသည်။ Globalization Symposium ၏ မှတ်တမ်းကို နှစ်ကုန်တွင် Osaka University of Economics and Law ပုံနှိပ်တိုက်က ထုတ်ဝေပါမည်။ နောက်တစ်ကြိမ် သုတေသန ဆွေးနွေးပွဲကို ၂၀၀၄ - ခုနှစ် ဝန်ကောက်မြို့၌ ကျင်းပပါမည်။

**၂၃၊ ၈၊ ၂၀၀၂ သောကြာနေ့**

ကျွန်တော်၏ ရှန်ဟိုင်းသွား ကိုယ်ပိုင်ခရီးစဉ် ဘေကျင်းလေဆိပ် ပြည်တွင်းပိုင်းတွင် စတင်ပါသည်။ သာမန်တန်း ခရီးစဉ်အားလုံးအတွက် ကောင်တာအားလုံးကို ဖွင့်ထားရာ ရှည်လျားသော တန်းကြီးများတွင် ခရီးသည်များ ပြည့်နှက်နေပါသည်။ အများအားဖြင့်မှာ ခရီးလှည့်လည်သွားသည့် အကျင့်စပြီဖြစ်သော တရုတ်တိုင်းရင်းသားများ ဖြစ်ပါသည်။ ထိုအချိန်တွင် စာရေးမတစ်ယောက်က ကောင်တာဆိုင်းဘုတ်ကို 'ဖွင့်သည်' မှ 'ပိတ်သည်' ဘက်သို့ ရုတ်တရက် လှည့်လိုက်ရာ တန်းနှစ်ခု ရောနှောသွားပြီး ဆူဆူညံညံ ဖြစ်သွားပါသည်။ စကားရန်ပွဲများ ပေါ်ပေါက်လာပြီး အထူးသဖြင့် Gang of Four ပုံစံ အော်ကြီးဟစ်ကျယ် အမျိုးသမီးတစ်ဦးနှင့် ဒေါနှင့်မောနှင့် ပြန်ပြောနေသော လူငယ်သုံးဦးတို့အကြား အတော်ပြင်းထန်ပါသည်။ နိုင်ငံခြားသားများရှေ့ မျက်နှာပျက်ရသော စာရေးမက ကျွန်တော့်လက်မှတ်နှင့် သေတ္တာကို မြန်မြန်စစ်ပေး၍ ဂိတ် နံပါတ် ၂၃ သို့ ညွှန်လိုက်ပါသည်။ ဂိတ်အဝင်ဝ၌ လုံခြုံရေး အစစ်ဆေးခံရန် တန်းစီရပါသည်။ တန်းထိပ်ရောက်ခါနီးတွင် စစ်ဆေးရေးဝန်ထမ်း ရုတ်တရက် ပြောင်းသွားပါသည်။ သဘော



ကောင်းပုံရသော အမျိုးသားနေရာတွင် ရှုတင်းတင်း အမျိုးသမီး ရောက်လာပါသည်။ ၎င်းက ကျွန်တော်၏ စာရွက်စာတမ်းများကို ကြည့်ပြီး လေဆိပ်ခွန်လက်မှတ်လိုနေသည်ဟု ဆိုပါသည်။ ကျွန်တော်၏ လေယာဉ်လက်မှတ်သည် အပြည်ပြည်ဆိုင်ရာ လက်မှတ်ဖြစ်၍ လေဆိပ်ခွန်ဆောင်ပြီးဖြစ်ကြောင်း ပြောပါသည်။ ဘယ်လိုပြောပြော မရ။ လေဆိပ်ခွန်ကောင်တာဘက်သို့သာ လက်ညှိုးထိုးပြနေပြီး ၎င်း၏မျက်နှာမှာလည်း တဖြည်းဖြည်း ပိုနီမြန်းလာပါသည်။ သို့နှင့် ကျွန်တော်လည်း dragon lady နဂါးကြီးတော်အား အရှုံးပေး၍ ဝေးလံသော လေဆိပ်ခွန်ကောင်တာသို့ သုတ်ခြေတင်ရပါသည်။ ယွမ်ငွေ - ၅၀ ပေးလိုက်သော် ရရှိကြောင်း လက်မှတ် ချက်ချင်းထွက်လာပါသည်။ လုံခြုံရေးကောင်တာ ပြန်ရောက်၍ လေဆိပ်ခွန်လက်မှတ် အပ်သောအခါ တန်းထိပ်မှကျားက ကျွန်တော့်ကို တန်းကျော်သူအဖြစ် ကျောဘက်မှ ဘာများ အရေးယူဖို့ စီမံနေသလဲမသိ။ နဂါးကြီးတော်က သူလွှတ်ထားသူဖြစ်ကြောင်း ရှင်းပြပုံရ၏။ ကျွန်တော့်ကို အထဲဝင်ခိုင်းပြီးနောက် နဂါးဒေါ်လေးတစ်ဦးက ကျွန်တော့်ကုတ်အကျႌ ရှပ်အကျႌနှင့် ဘောင်းဘီအိတ်တို့ထဲမှ ပစ္စည်းအားလုံး ထုတ်ခိုင်းပြီး စစ်ဆေးပါသည်။ 'လေယာဉ်ပေါ် ရောက်သောအခါ ထိပ်မှ ကုလားထိုင်တန်း အနည်းငယ် လွတ်နေသည်ကို သတိပြုမိ၏။ VIP များအတွက် ချန်ထားပုံရ၏။ အနောက်ဘက်တွင် ထိုင်းခရီးသည်အချို့နှင့် အတူထိုင်ပြီး လိုက်သွားရာ အထစ်အငေါ့မရှိ။ အစားအသောက်လည်းကောင်း၏။

အသက် အနည်းငယ်ရပြီဖြစ်သော ရှန်ဟိုင်း Honchai လေဆိပ် (Pudong ၌ နောက်တစ်ခုရှိသည်) ၌ ခရီးသည်များ ကိုယ့်ပစ္စည်း ကိုယ်ကောက်ယူ၍ အထွက်တွင် စောင့်နေသော ဝန်ထမ်းတို့က ပစ္စည်းနံပါတ်နှင့် လေယာဉ်လက်မှတ်ပေါ်က ပစ္စည်းနံပါတ်ကို တိုက်ကြည့်စစ်ဆေးသည်။ လေဆိပ်ပြင်ဘက်၌ အငှားယာဉ်စောင့်ရန် သုံးတန်းစီရသည့် နေရာ၌ ဝန်ထမ်းနှစ်ဦးက အဆင်ပြေအောင် ကားပေါ်တင်ပေး၏။ ရှန်ဟိုင်း၏ ၃၃ ဒီဂရီ နွေရာသီအတွက် အအေးခတ်ပေးထားသော အငှားယာဉ်တို့သည် ဈေးနှုန်းချိုသာ၍ ပြေစာလည်းပေး၏။ နိုင်ငံခြားခရီးသည်များ သွားလိုရာကို တရုတ်စာဖြင့် ရေးပေးထားလေ့ရှိရာ ၎င်းကို ဖတ်ရှုနိုင်ဖို့ အငှား ယာဉ်မောင်းတို့သည် စာတတ်များ ဖြစ်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုသည့် မြို့လယ်ဟိုတယ်၌ ရှန်ဟိုင်းမြို့ကြည့် ဘတ်စကား အကြောင်း မေးကြည့်ရာ ရှန်ဟိုင်းအားကစားရုံ အနီးရှိ ခရီးသွားကိုယ်စား လှယ်ရုံးများသို့ ညွှန်လိုက်၏။ ဘေဂျင်း၌ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန် စကားတတ်သော လမ်းညွှန်သူပါသော ဘတ်စကား အများအပြား ရှိသော် လည်း ရှန်ဟိုင်း၌ တရုတ်စကားပြော လမ်းညွှန်သူများသာ ရှိ၏။ ရှန်ဟိုင်း၌ မြစ်၊ ကန်နှင့် ကိုလိုနီခေတ် အပြည်ပြည်ဆိုင်ရာ ရပ်ကွက်တို့၏ အကြွင်း အကျန်တို့သာ ကြည့်စရာရှိ၍လား မသိ။ ထို့ကြောင့် မျက်စိအာရုံအစား လျှာအရသာ ခံစားတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သို့နှင့် ပီကင်း တက္ကသိုလ်၌ မစားခဲ့ရသော နာမည်ကျော် ပီကင်းဘဲကို နာမည်ကြီး Shanghai Huajude စားတော်ဆက်၌ စားခဲ့ပါသည်။ ဧည့်သည်တို့ကို တရုတ် ဘုရင်မကြီးများကဲ့သို့ ဝတ်စားထားသော တရုတ်အမျိုးသမီးကလေးများက ကြိုဆိုပါသည်။ ယခင် ဧည့်သည်တော်ကြီးများ ဖြစ်ခဲ့သော အမေရိကန် သမ္မတဟောင်း George Bush Sr. နှင့် ဗြိတိသျှဝန်ကြီးချုပ် Edward Heath တို့၏ ဓာတ်ပုံတို့ကို ဝင့်ကြွားစွာ ပြသထားတုန်းဖြစ်၏။ အလားတူ နာမည် ကြီးသော ရှန်ဟိုင်းစတိုင် အစားအစာကို နန်းတော်တမျှ ခန့်ညားသော Wang Chai စားတော်ဆက်၌ စားခဲ့ပါသည်။ ထိုနေရာ၌ escargots a la francais ပင် ရနိုင်ပါသည်။

**၂၄၊ ၈၊ ၂၀၀၂၊ စနေနေ့၊**

Honchai လေဆိပ်၌ လေဆိပ်ခွန်ကို လေဆိပ်ပြန်လည် တည် ဆောက်ရေးခွန်ဟုခေါ်၍ ယွမ် - ၉၀ ယူ၏။ မကြေညာဘဲ ထောင့် တစ်ထောင့်၌ လေယာဉ်ပေါ်တက် ကတ်ပြားစက်ထားသည်မှလွဲ၍ အခြား ပြဿနာ မရှိပါ။ နောက်တစ်ခု လုံခြုံရေးအစီအစဉ် ပိုကြပ်မတ်၍ (ဖုံး ပါမည်စိုး၍) ဖိနပ်ပါ ချွတ်ပြရပါသည်။ ရှန်ဟိုင်း - စင်္ကာပူခရီးစဉ် လေယာဉ် မှာ လူပိုခေါ်၏။ ည ၁၀ - နာရီမှ Changi ရောက်၍ လေဆိပ်တွင်း ဟိုတယ်ခန်းမှာပင် ရှစ်နာရီအတွက် US$ ၆၀ ပေးပြီး အိပ်ရ၏။ ပြဿနာ တစ်ခုမှာ လေယာဉ်အောက် ဝမ်းထဲထည့်လိုက်သော သေတ္တာက လူဝင်မှု ကြီးကြပ်ရေးကောင်တာ အပြင်ဘက်ရောက်နေပြီး သေတ္တာထဲတွင် ကျွန်တော် ၏ ညအိပ်အကျီ၊ ဘောင်းဘီနှင့် သောက်ဆေးတို့ ပါသွားခြင်းဖြစ်၏။ စင်္ကာပူ



လေယာဉ်ဝန်ထမ်းတစ်ဦးက လိုက်ပါရွေးပေး သဖြင့် ပြဿနာပြေရှင်းသွား ၏။ Changi လေဆိပ်ဆိုင်များမှာ ညသန်းခေါင်မှ ပိတ်၍ နံနက် ၆ - နာရီ တွင် ဖွင့်သဖြင့် လေဆိပ်ဟိုတည် တည်းခိုသူများအတွက် အဆင်ပြေ၏။ မြို့တွင်း ကယ်လီဖုန်းလည်း အခမဲ့ ပြောနိုင်၍ စင်္ကာပူနေ မိတ်ဆွေတို့နှင့် ဆက်သွယ်နိုင်၏။

**၂၅၊ ၈၊ ၂၀၀၂၊ တနင်္ဂနွေနေ့၊**

Silk Air လေယာဉ်ဖြင့် ရန်ကုန် ပြန်ရောက်လာသော ပီကင်း တက္ကသိုလ် သုတေသနဆွေးနွေးပွဲ တက်ရောက်သူ မြန်မာပညာရှင်အား လက်ဆောင်ပါးလိုက် သော တရုတ်နာမည် ၏ အဓိပ္ပာယ်မှာ Paragon of Virtue သီလ စောင့်ထိန်းသူဖြစ်ရာ ယခင် ဂျပန်နာမည် Master of Philosophy ဒဿနိက ဆရာနည်းတူ ကမ္ဘာကြီးတစ်ရွာ ဖြစ်ရေး အတွက် အသုံးကျလိမ့်မည် မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## The Melting Pot

A partisan of the environmental school, as opposed to the hereditary school, in the debate on what maketh a man, will naturally point out the Filipino as a case in his favour. Among the Mongoloid stock presently inhabiting South east Asia, none are so different from each other as the Myanmar and the Filipino. The title of an English play called "What happened on the way to the Roman Forum" could perhaps be recast to read "What happened to the Malay on the way to the Philippines."

Although they all started trekking together from somewhere near Tibet, centuries ago, the Myanmar and the Malaysian stayed on in the South-east Asian Peninsula while the Filipino went on and sailed across the South China Sea to a group of 7100 islands. Thus came about the first difference that while the Myanmars remained essentially a land-people, the Filipinos became a sea - faring nation with such characteristics as love of adventure, propensity to emigrate, and so on.

Another environmental difference is the while the Myanmar lives on a land singularly free from natural disaster, the Filipino has to live with frequent typhoons, floods and earthquakes. That probably makes the Filipino more alert - and hence a better boxer - if also more volatile



in temperament than the Myanmar.

Living scattered on numerous islands, the Filipinos never developed a national political unit as the Myanmars did, until the Spanish conquered and welded the islands into a colony in the sixteenth century. However, the early Filipinos had mastered the technique of terrace cultivation of rice with the aid of an intricate irrigation system as evidenced by the remaining rice terraces on mountainside in northern Luzon, extending over 1200 mules.

The spiritual Filipino also had a more varied experience than his Myanmar counterpart although both started out with animism. The Myanmar was converted early to Buddhism and stayed solidly Buddhist until Christianity arrived with the Western missionaries and Islam with the Moslem immigrants in recent times. The Philippines came under the influence of Hinduized Kingdoms of Sumatra and Java between the ninth and fifteenth centuries. This was followed by the arrival of Islam via Borneo at Mindanao island where it is still predominant. But the wholesale conversion of the Filipino people to Roman Catholic faith took place under Spanish rule which lasted for three and a half centuries. Protestanism was introduced by the Americans in the beginning of this century.

Language-wise also the Filipino had a more varied career. While there are eight major native tongues of Malay origin, the Tagalog-spoken by people of Manila and adjoining areas-has been adopted as the national Filipino language. Then there is Sanish the official language for almost four centuries, and now of course English, brought by the Americans. So the English one hears among the Filipino, especially of the older generation, is of an

www.burmeseclassic.com

www.burmeseclassic.com



American variety, but spoken with and admixture of Spanish and Tagalog accents, at once more lively and staccato than the monotone English spoken by the Myanmar.

The most interesting aspect of the Filipino however is his racial make-up. The aboriginal Negritos were overwhelmed by the Malays who arrived in growing waves between 200 BC and AD 1500,. Then there were some Chinese who began settling from the seventh century onward as well as some Japanese. Then came the Spanish who named the islands "Filipinas" after their King Philip II and called their descendents Filipinos. The conquistadores were so arrogant they called the Moslems of Mindanoa The Moros (Spanish for Moors) and all others Indios. It took a man of Jose Rizal's stature to appropriate the name of Filipino for his people from the Spanish usurpers much as the Myanmar nationalists appropriated the title of *Thakin* (master) from British usurpers. Some Mexicans came with the galleon trade from Acapulco in the seventeenth and eigthteenth centuries as did some Indians away form the Sepoy Mutmy in the middle of the nineteenth century. More recent times have seen further infusions of blood coming from Europe and America.

So a Myanmar arriving in Manila to-day will be hard put to identify the product of this racial melting pot. It is only when he goes some distance out of the capital that he will clearly see the Malay base of the Filipino people. There is another interesting contrast the capital city offers to the rest of the country. Whereas in Manila, men appear to be a more handsome race than the women, the more normal reverse pattern prevails in the provinces. Modern Filipino girls are of course more figure conscious and have produced a complete beauty queen series of Miss International, Miss World and Miss Universe.



Apart from beauty queens, what has this South east Asian Cultural melting pot produced? It has certainly produced an artistic people. "Traditional Filipino embroidery, handicrafts and ceramics bear testimony to it. So do more recent Filipino art and movies which ardently vie for international recognition. But it is in the field of music and dancing that the Filipino is without rival in Asia. Most of the music bands and vocalista performing in the night spots of carefree capitals of Asia are Filipinos. Now not only in Asia but on the world stage even, Filipino performers such as Miss Saigon have appeared.

Living a risky maritime life in a disaster prone area, the Filipino turns to religion for comfort and consolation. At the same time, the Filipino, being endowed with a natural joie de vivre, is funloving. This is of course no paradox to a Myanmar. Anyone escorting a Filipino date will do well however to let her drop in at a church on the way. Another seeming paradox is the boundless hospitality of the Filipino and the endless vendetta he pursues on personal affronts, real or imaginary.

Still another paradox - this time, on a national scale -- is a very high birth rate (45 per thousand) in this predominantly Catholic country and a vigorous governmental cpmpaign for birth control. In the field of education, which is conducted in English, nusing, encouraged the majority of is and nurse trained in the Philippines emigrate to the United States and other English speaking countries.

But the real cue to the Filipino spririt is found in their choice of a national hero. The Filipinos did not go back to early history to choose the Filipino chieftain Lapu-Lapu who refused to submit to Spanish authority and killed the discoverer Magellan in battle. They did not go

www.burmeseclassic.com

www.burmeseclassic.com



back to the grass roots and choose Bonifacio who led the peasantry and the proletariat in an uprising against an absentee feudal system of land tenure. They did not even choose General Aguinaldo who routed the Spaniards in his second revolt, proclaimed the First Republic on June 12, 1898 (now the official Independence Day of the Philippines) and required the United States to mobilize five times the forces needed to secure the Spanish surrender. But they chose Jose Rizal as their national hero because they prize virtue more than victory, sacrifice above success, because Rizal died before a Spanish firing squad for the redemption of the Filipino nation. With their memory of Rizal in their heart and his last poem "Adios, patria adorada" on their lips, the Filipinos became the first Asian colony to be freed from foreign rule on July 4, 1945.

# ရောကျိုးရာအိုးကြီး

လူသည် မွေးရာပါက ဖန်တီးတာထက် ပတ်ဝန်းကျင်က ဖန်တီးတာက ပိုသည်ဟု အငြင်းပွားသူသည် သာဓကအဖြစ် ဖိလစ်ပီနိုကို လက်ညှိုးထိုးပြပေလိမ့်မည်။ အရှေ့တောင်အာရှ၌ နေထိုင်ကြသော မွန်ဂိုလွိုက်မျိုးနွယ်များအနက် မြန်မာနှင့် ဖိလစ်ပီနိုတို့လောက် မတူသူ မရှိဟု ဆိုရပေမည်။ 'ရောမစုဝေးရာအသွား ဘာဖြစ်သွားတာလဲ' ဟူသော အင်္ဂလိပ်ပြဇာတ်နာမည်လို 'ဖိလစ်ပိုင်အသွား၊ မလေးဘာဖြစ်သွားတာလဲ' ဟူ၍သာ မေးချင်တော့သည်။

ရှေးသရောအခါက တိဗက်အနီးအနားမှ အတူတူ ထွက်ခွာကြသော်လည်း မြန်မာနှင့်မလေးရှားတို့သည် အရှေ့တောင်အာရှ ကျွန်းဆွယ်၌ နေရစ်ခဲ့ကြပြီး ဖိလစ်ပီနိုတို့သည် တရုတ်တောင်ပိုင်း ပင်လယ်ကို ဖြတ်၍ ကျွန်းပေါင်း ၇၁၀၀ ရှိရာသို့ ဆက်လက်သွားခဲ့ကြ၏။ ဤတွင် မြန်မာတို့က ကုန်းပေါ်နေလူမျိုးဖြစ်ပြီး ဖိလစ်ပီနိုတို့က ပင်လယ်သွား လူမျိုးအဖြစ် စွန့်စားမှုကြိုက်၊ နိုင်ငံရပ်ခြား သွားရောက်နေထိုင်ချင်စိတ် ပေါက်ခဲ့ကြလေသည်။

ပတ်ဝန်းကျင် အချက်အလက် ခြားနားချက် နောက်တစ်ခုမှာ မြန်မာတို့သည် သဘာဝဘေးအန္တရာယ် အလွန်ကင်းစင်သော တိုင်းပြည်တွင် နေထိုင်ရသော်လည်း ဖိလစ်ပီနိုတို့သည် မကြာခဏ လေမုန်တိုင်း၊ ရေလွှမ်းမိုးခြင်း၊ ငလျင်ဒဏ်တို့ကို ခံရသောကြောင့် အမြဲသတိဝီရိယနှင့် နေရလေသည်။ သို့ကြောင့်လားမသိ၊ ဖိလစ်ပီနိုတို့သည် လက်ဝှေ့ထိုး ပိုတော်ကြပြီး စိတ်အပြောင်းအလဲလည်း ပိုမြန်ကြ၏။ ကျွန်းပေါင်း မြောက်မြားစွာတွင် ပြန့်ကြဲနေထိုင်ကြ၍ ဖိလစ်ပီနိုတို့သည် မြန်မာတို့လို နိုင်ငံဖွဲ့စည်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ပါ။ ၁၆ - ရာစုနှစ်အတွင်းမှ စပိန်တို့က ကျွန်းများကို သိမ်းပိုက်စုစည်း၍ ကိုလိုနီ ပြုလုပ်ခဲ့ပါသည်။ သို့သော် ရှေးဦးဖိလစ်ပိုင်နိုတို့သည် အဆင့်မြင့်ဆည်မြောင်းစနစ်ဖြင့် တောင်ခါးပန်း၌ စပါးစိုက်တတ်ကြောင်း လူဇုံကျွန်းမြောက်ပိုင်းရှိ မိုင် ၁၂၀၀ ကျော် စပါးကွင်းတို့က သက်သေပြပါသည်။

ဘာသာရေးတွင် နှစ်ဦးစလုံး နတ်ကိုးကွယ်ရာမှ စတင်သော်လည်း မြန်မာက ဗုဒ္ဓဘာသာသို့ စောစောဝင်ပြီး စွဲစွဲမြဲမြဲ ယုံကြည်ဆဲပင်။ ခရစ်ယာန်ဘာသာသည် အနောက်တိုင်းသား သာသနာပြုတို့က သယ်ဆောင်လာ၍ အစ္စလာမ်ဘာသာသည် ကူးလာသူ မူဆလင်ဘာသာဝင်တို့နှင့် ပါလာ၏။ ဖိလစ်ပိုင်နိုတို့၏ ဘာသာရေး အတွေ့အကြုံမှာ ပိုမိုများပြား၏။ ဖိလစ်ပိုင်သည် ၉ - ရာစုနှစ်နှင့် ၁၅ - ရာစုနှစ်အတွင်း ဇုမတ္တာရားနှင့် ဂျားဗားဟိန္ဒူမင်းဆက်တို့၏ အရိပ်အာဝါသကို ခံယူခဲ့၏။ အစ္စလာမ်ဘာသာသည် ဘော်နီယိုမှတစ်ဆင့် မင်းဒါနောင်ကျွန်းသို့ ရောက်ရှိ၍ ယနေ့တိုင် တည်မြဲနေ၏။ စပိန်လက်အောက် အနှစ် ၃၅၀ ကျရောက်စဉ်က ဖိလစ်ပိုနို အများအပြား ရိုမန်ကက်သလစ် ဘာသာဝင် ဖြစ်သွားကြ၏။ ပရိုတက်စတင့် ဘာသာသည်ကား ၂၀ - ရာစုနှစ် အစတွင် အမေရိကန်တို့က စသွင်း၏။

ဘာသာစကားနှင့် ပတ်သက်၍လည်း ဖိလစ်ပိုနိုတို့က အတွေ့အကြုံ ပိုများ၏။ ဖိလစ်ပိုင်တွင် မလေးနွယ် အမိကတိုင်းရင်းဘာသာစကား ရှစ်ခုရှိရာ၊ မနီလာနှင့် ပတ်ဝန်းကျင်ဒေသ၌ သုံးသော တာဂါလောက်စကားကို အမျိုးသားစကားအဖြစ် ခံယူ၏။ အနှစ်လေးရာ စပိန်တို့ ကြီးစိုးစဉ်က စပိန်စကားသည် ရုံးသုံးစကား ဖြစ်ခဲ့၏။ ထို့နောက် အမေရိကန်တို့က အင်္ဂလိပ်စကား ယူလာ၏။ သို့ကြောင့် ဖိလစ်ပိုနိုတို့ အထူးသဖြင့် သက်ကြီးပိုင်းတို့ ပြောဆိုသော အင်္ဂလိပ်စကားသည် အမေရိကန် လေယူလေသိမ်းတွင် စပိန်နှင့် တာဂါလောက် လေသံနှောထားသဖြင့် မြန်မာတို့လေသံတစ်ဆင့်တည်းနှင့် ပြောသော အင်္ဂလိပ်စကားထက် ပိုမိုလှပ်ရှား ပြတ်တောက်လေသည်။ ဖိလစ်ပိုနိုတို့နှင့် ပတ်သက်၍ စိတ်ဝင်စားစရာ အကောင်းဆုံးအချက်မှာ ၎င်းတို့၏လူမျိုးဖွဲ့ပုံစံ ဖြစ်၏။ မူရင်း တိုင်းရင်းသားဖြစ်သော နက်ဂရိတို့ကို ဘီစီ ၂၀၀ နှင့် အေဒီ ၁၅၀၀ အတွင်း ဦးရေများသထက် များစွာဝင်ရောက်လာသော မလေးတို့က လွှမ်းမိုးသွား၏။ ထို့နောက် ၇ - ရာစုနှစ်



မှ စတင်၍ တရုတ်လူမျိုးများ ဝင်ရောက်လာကြ၏။ (ဂျပန်အချို့လည်း ပါ၏)။ ထို့နောက် စပိန်တို့ ဝင်ရောက်လာကြပြီး ၎င်းတို့၏ဘုရင် ဒုတိယမြောက် ဖိလစ်အမည်ကို စွဲ၍ ကျွန်းစုကို ဖိလစ်ပီနားစ်၊ လူမျိုးကို ဖိလစ်ပိုနိုဟု ခေါ်ဝေါ်၏။ စပိန်စိုးမိုးသူတို့ မာနထောင်လွှားပုံမှာ မင်ဒါနာအိုကျွန်းနေ မူဆလင်တို့ကို မိုရိုး Moros (စပိန်ဘာသာဖြင့် မိုး Moors ) ဟုခေါ်၍ ကျန်သူတို့ကို အင်ဒီယိုး (Indios) ဟုခေါ်၏။ မြန်မာအမျိုးသား ဝါဒီတို့က အာဏာသိမ်း ဗြိတိသျှတို့ထံမှ သခင်အမည်ကို ပြန်လုယူရသလို ဖိလစ်ပိုနိုဆိုသည့်အမည်ကို အာဏာသိမ်း စပိန်တို့ထံမှ ဟိုဆေးရီဇော်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးက ရယူပေးခဲ့ရလေသည်။ ၁၇ - ရာစုနှစ်နှင့် ၁၈ - ရာစုနှစ်တို့အတွင်း အာကာပူလ်ကို Acapulco မှ လှေကြီးများဖြင့် မက္ကဆီကိုလူမျိုးအချို့နှင့် ၁၉ - ရာစုနှစ်လယ် ဆီပွိုင်ပုန်ကန်မှု Sepoy Mutiny မှ ထွက်ပြေးလာသူ အိန္ဒိယလူမျိုးအချို့လည်း ဖိလစ်ပိုင်သို့ ရောက်လာလေသည်။ ထို့နောက်ပိုင်းတွင်လည်း ဥရောပနှင့် အမေရိကန်တိုက်သားအချို့ လာရောက်နေထိုင်ကြ၏။

ယနေ့ မနီလာသို့ ရောက်ခါစ မြန်မာတစ်ဦးအဖို့ ဤလူမျိုးစုံ ရောကျိုအိုးကြီးထဲမှ ထွက်ပေါ်လာသူကို မည်သူမည်ဝါဟု ခန့်မှန်းရန် ခက်ခဲပေလိမ့်မည်။ မြို့တော်အပြင် အတော်ဝေးဝေးတွင်မှ ဖိလစ်ပိုနိုလူမျိုး၏ မလေးလက်အောက်ခံကို ထင်ထင်ရှားရှား တွေ့ရှိရပေမည်။ မြို့တော်နှင့် ကျန်နေရာတို့ ကွားခြားပုံ နောက်တစ်ချက် ရှိသေး၏။ မနီလာမြို့ပေါ်တွင် ယောက်ျားက မိန်းမထက် ပိုချော၍ နယ်ကျမှ သဘာဝအရ မိန်းမက ယောက်ျားထက် ပိုလှလေသည်။ ခေတ်သစ် ဖိလစ်ပိုနိုမတို့သည် ကိုယ်ကာယအလှအပကို ပိုမိုဂရုစိုက်ကြ၍ Miss International, Miss World, Miss Universe. မယ်နိုင်ငံတကာ၊ မယ်ကမ္ဘာ၊ မယ်စကြဝဠာအဖြစ် အသီးသီး အရွေးခံရပေပြီ။

ဤအရှေ့တောင်အာရှယဉ်ကျေးမှု ရောကျိုအိုးကြီးထဲမှ အလှမယ်တို့အပြင် ဘာများ ထွက်လာပါလိမ့်။ အနုပညာ ထူးချွန်သည့်လူမျိုး ပေါ်ပေါက်သည်မှာ အမှန်ဖြစ်၏။ ရှေးရိုးစဉ်လာ ဖိလစ်ပိုနိုလက်ထိုးပန်းပွင့်၊ အိမ်တွင်းပညာလက်ရာ၊ စဉ့်အိုးခွက်လက်ရာတို့က သက်သေပြနေ၏။ မကြာသေးမီကလည်း နိုင်ငံတကာ အသိအမှတ်ပြု ပန်းချီပန်းပုနှင့် ရုပ်ရှင်တို့ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့၏။ ဖိလစ်ပီနိုတို့ အာရှ၌ ပြိုင်ဘက်ကင်းသည်မှာ ဂီတနှင့် အက ဖြစ်၏။ အာရှမြို့တော်များရှိ ဖျော်ဖြေရေးစခန်းတို့၌ သီဆိုတီးမှုတ်နေသူများ အများအားဖြင့်မှာ ဖိလစ်ပီနိုတို့ပင် ဖြစ်၏။ ယခုမူ အာရှတွင်သာမက Miss Gaigon ပြဇာတ်ဝင်တို့ကဲ့သို့ ဥရောပ၊ အမေရိကန် စံချိန်မီသူတို့ပင် ပေါ်ထွန်းပေပြီ။

ပငြိသန္ဓေတားဆီးရေးကို ခွင့်မပြုသော ဘာသာရေးကြောင့် လူဦးရေတိုးနှုန်းများသော ဖိလစ်ပီနိုတို့သည် နိုင်ငံခြားသွားရောက် အလုပ်လုပ်သူတို့ကို အားပေး၏။ ပညာရေးတွင်လည်း သူနာပြုသင်တန်းတို့ကို အားပေး၍ သင်တန်းဆင်း အများအပြားသည် အမေရိကန်နှင့် အခြား အင်္ဂလိပ်စကားပြောနိုင်ငံတို့သို့ သွားရောက်လုပ်ကိုင်ကြ၏။

ဘေးအန္တရာယ်များသော ကျွန်းများပေါ်၌ နေထိုင်ရသော ဖိလစ်ပီနိုတို့သည် စိတ်တည်ငြိမ် နှစ်သိမ့်ရေးအတွက် ဘာသာရေးဘက် ရှေးရှုကြ၏။ တစ်ချိန်တည်းတွင်ပင် ၎င်းတို့သည် ပျော်ပျော်ရွှင်ရွှင်နေတတ်၏။ မြန်မာတို့အတွက် မထူးဆန်းပေ။ ဖိလစ်ပီနို အမျိုးသမီးနှင့် အပြင်ထွက်လျှင် ဘုရားရှိခိုးကျောင်း၌ ခေတ္တ ဝင်ရောက်ဝတ်ပြုခွင့်ပေးရန် အဆင်သင့် ရှိရပေမည်။ ထူးဆန်းသည်မှာ တစ်ဖက်တွင် အလွန် ဉာဏ်ဝတ်ကျေသော ဖိလစ်ပီနိုတို့သည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ရန်ငြိုးရှိလျှင် ဘယ်တော့မှ အခဲမကြေခြင်းပင်။

တကယ့်ဖိလစ်ပီနို စိတ်ဓာတ်ကို ၎င်းတို့၏ အမျိုးသား သူရဲကောင်း ရွေးပွဲတွင် တွေ့ရှိရ၏။ ၎င်းတို့၏ အမျိုးသားသူရဲကောင်းမှာ စပိန်အာဏာပိုင်တို့ထံ လက်နက်မချဘဲ ဖိလစ်ပိုင်ကျွန်းကို တွေ့ရှိသူ Magelan ကို သတ်ရဲသူ စော်ကဲ Lapu - Lapu လည်းမဟုတ်၊ တောင်သူလယ်သမား အလုပ်သမားတို့ကို ခေါင်းဆောင်၍ ပဒေသရာဇ် လယ်မြေစနစ်ကို တော်လှန်သူ Bonafacio လည်း မဟုတ်၊ စပိန်တို့ကို မောင်းထုတ်၍ ၁၈၉၈ - ခုနှစ် ဇွန်လ ၁၂ - ရက်နေ့တွင် ပထမလွတ်လပ်ရေး ကြေညာခဲ့ပြီး စပိန်စစ်တပ်အား လက်နက်ချစေခဲ့သော အမေရိကန်စစ်တပ်ကို ငါးဆ ချဲ့စေခဲ့သူ General Aguinaldo ပင် မဟုတ်၊ စစ်နိုင်ရေးထက် ပါရမီကို အလေးပေး၊ အောင်



မြင်ရေးထက် ကိုယ်ကျိုးစွန့်မှုကို အလေးထား၍ စပိန်ပေးသော သေဒဏ်ကို ရင်ဆိုင်ခဲ့သူ 'Jośc Rizal' သာ ဖြစ်၏။ ၎င်းကို စိတ်ထဲတွင် သတိရ၊ ၎င်း၏ Adios, Patria adorada ခေါ် 'ချစ်သောတိုင်းပြည်ကို နှုတ်ဆက်ခဲ့ပါ၏' ကဗျာကို ရွတ်လျက် ဖိလစ်ပီနိုတို့သည် ၁၉၄၅ - ခုနှစ် ဇူလိုင်လ ၄ - ရက်နေ့တွင် နိုင်ငံခြားလက်အောက်မှ ပထမဆုံး လွတ်မြောက်သော အာရှလူမျိုး ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

## The Hermit Kingdom

If there is any justification in calling the Myanmars the Irish of the East, there seems to be an even greater one for calling the Koreans the Poles of the Orient. Brilliant individualists who could not however get on amongst themselves, the worst enemies of the Koreans in history were the Koreans themselves. Hedged in between the expansive Empires of China and Japan, internal dissension naturally invited foreign intervention time and again. Fearful of such intervention, the Koreans would whenever possible withdraw themselves into their peninsular shell, thereby earning their country the epithet of the Hermit Kingdom.

The only true benefactors of the Second World War but for which they might never have been liberated from Japanese domination which had already lasted half a century, they were soon after words plunged into war and division, sot that they may not prove an exception to the rule that war, like crime, never pays. Emerging out of this background a proud and virile people like the Koreans may be forgiven if they appear to act like cats on a hot tin roof to drowsy neighbours. In immediate post-independence years, the teaching of Japanese was banned by President Syng Man Rhee



Although most of the Japanese-built industries and buildings have been wiped out by the war, the legacy of knowledge of Japanese language remains as a guide to the age of Korean adults. In present day Korea every Korean above the age of forty is fluent in Japanese while hardly anyone below that age knows any Japanese except perhaps in Pusan which listens in to television from Kuyshu across the sea.

Korean nationalism also manifests itself in the matter of written language. Hangul, a phonetic aplhabet invented with much ingenuity by Emperor Sejong five hundred years ago, is now vary much in evidence in Korean cities - on street signs, in shop windows, on banners and so on. However, being a late comer to Chinese ideographs, already entrenchded as a learned technical language, it is used in conjunction with the ideographs in official edicts and scholastic texts much in the same way as kana is used in Japan.

A more genuine mark of Korean identity is the Korean national dress. Women wear a very short, flared blouse and a long, high waisted skirt, adding stature to the generally tall Korean women. Even in war-time Japan when its identity was looked down upon, Korean women defiantly donned this national dress as a contrast to the Japanese kimono. Korean male garb, especially as worn by patriarchs, complete with a 'bird cage hat' and an inevitable pipe, projects an image of serene old age, an object of filial piety in Confucian Korea.

Korean virility shows itself best in songs and dances, always a reliable guide to national temperament. The Ural-Altai origin of the Korean Language reveals iteself in the Turkish sounding singing voice of Korean women, especially when accompanied by the *kayagum* (the equivalent of the Japanese shamisen) to match which

www.burmeseclassic.com

www.burmeseclassic.com



the choreography is also rendered somewhat masculine. According to some observers of the Korean scene, the singing voice and the manner of dancing are merely a reflection of the dominant role of Korean woman in domestic life of the family. Another point of resemblance to Myanmar women is that Korean women retain their name on marriage, making concession to western system of adopting the husband's name only when abroad. An external implication of the Korean throat power is that the international opera of the future is likely to be dominated between the golden voices of Australian and Korean origin.

The strong character of Korean women is matched by their beauty, thus disposing of a theory of male chauvinism that beauty and brains do not go together. This perhaps explains the historical barter trade between Korea and Mongol China whereby Mongolian princesses were brought to Korea to rule as queens and Korean beauties were exported to China to be consorts of Mongolian nobles. The traditional coiffure, with the hair parted in the middle and pulled back and knotted severely or held by a large decorative pin, suits the Korean women better than the fancier Western hair-dos.

Korean men, on the other hand, set great store by physical prowess, the art of karate having originated in Korea. Looked upon with some suspicion by the judo purists in Japan, its conquest of the rest of the world including Myanmar was relatively swift. In Korea itself, those engaged in the martial arts are trained in *taekwando*, a combination of karate and judo.

Koreans have three names, the family name placed first, a name identifying the generation placed second, and an individual given name placed third. Early in their history they adopted about 200 Chinese clan names as



their family names, While the number of clan names remained static, the number of clan members multiplied in time with the result that the South Korean population of 50 million now have to make do with 200 family names, an average of 200,000 persons claiming the same name. Favourite names in the order of popularity are Kim, Lee, Park, Ahn, Chae, Cho, Choi, Chung, Han, Kang, Koo, Ki, Lim, Oh, Noh, Shin, Shim, Yoo and Yum. You can at random address a Korean as Mr Kim, and be correct in almost every other case.

Korean houses are limited to the ground floor as well as in size by an ingenious radiant heating system whereby kitchen heat is piped in stone hues under the floor of other 'all-purpose' rooms. Large or small, Korean houses like to be walled in, Chinese style. Perhaps because of the limited living space, at least in the cities, Koreans young and old like to spend a lot of time at ubiquitous tea-houses serving tea (with ginseng for those in need of vigour) in tasteful decor and against a background of soft music; the young in search of companionship and romance, and the old to clinch business deals or to set up rival factions to whatever institutions are in existence.

At higher levels of affluence, kisaeng (the equivalen of geisha) restaurants are visited. There are however a few differences between the two age-old institutions of geisha and kisaeng. Whereas the geisha houses are situated in accessible places, some kisaeng houses are build on more remote places like hilltops, both to secure peace and quiet and to insulate the noise of merriment emanating from them. Whereas at geisha parties, the geishas rotate among the guests, offering variety at the expense of permanent company, at kisaeng parties, the kisaeng girls stick to the same guest for the evening.

www.burmeseclassic.com

www.burmeseclassic.com



Scondly whereas the geishas generally confine themselves to occasional sip of the sake, the kisaengs will keep you company in whatever you drink, *chong-fong* (the equivalent of sake), beer or whiskey. While the head geisha is known as *mamasan* (mother), the head kisaeng is merely called sister. Whether it is because kisaengs have a nominally younger head or because their intake of alcohol is greater, a kisaeng party is definitely more lively, the games played being more vigorous and daring, if also less expensive. Japanese businessmen have been known to fly into some Korean cities just for an evening at a kisaeng party.

What delights a Myanmar palate in Korean diet is not so much the *bulgogi* (the equivalent of Japanese suki0 yaki) or even the *sinsollo* (a more regal version of Chinese hotpot) but the peppery, fermented radish pickle called *kimchi* without which no Korean meal is complete. Koreans are perhaps the only northern people who can stand a lot of hot chillies in their diet.

One economic consequence of the division of Korea is the attempt to attain economic self-sufficiency in each half which had formely specialized-industry in the North and agriculture in the South. Considering that Korean national initiative was suppresed for half a century and that the country was despoiled and the entire population dislocated by the war, the progress made in the short period of the last two decades in many fields of endeavour is truly amazing. When final retunification, the avowed aim of both Koreas, is achieved, with *Arirang* possibly as the new national anthem, the Land of the Morning Clam, peopled by such a dynamic and persevering race, is bound to emerge as the Land of the Morning Glory.

# ရသေ့နိုင်ငံ

မြန်မာတို့ကို Irish of the East အရှေ့တိုင်း အိုင်းရစ်များဟု ခေါ်ထိုက်လျှင် ကိုရီးယားတို့ကို Polish of the East အရှေ့တိုင်းပိုးလစ်များဟု ပို၍ပင် ခေါ်ထိုက်ပါသည်။ တစ်ဦးစီအဖြစ် လူတော်များဖြစ်ကြသော်လည်း အချင်းချင်း မညီညွတ်ကြသောကြောင့် သမိုင်းတစ်လျှောက် ကိုရီးယားတို့၏ အကြီးဆုံးရန်သူမှာ ကိုရီးယားတို့ပင် ဖြစ်လေသည်။ နယ်ချဲ့အင်ပါယာများ ဖြစ်ကြသော တရုတ်နှင့်ဂျပန်အကြား တည်ရှိ၍ အချင်းချင်း မညီညွတ်မှုကြောင့် ပြည်ပမှ စွက်ဖက်မှုများ မကြာမကြာ ရှိခဲ့၏။ ဤစွက်ဖက်မှုကို ကြောက်၍ ကိုရီးယားတို့သည် မိမိတို့၏ ကျွန်းဆွယ်တွင်းသို့ ဝင်ပုန်းနေတတ်သောကြောင့် သူတို့၏ တိုင်းပြည်ကို Hermit Kingdom ရသေ့နိုင်ငံဟု သမုတ်ကြ၏။

ဒုတိယကမ္ဘာစစ်ကြီး၏ ကျေးဇူးကြောင့် အနှစ် ၅၀ ဂျပန်တို့၏ ကြီးစိုးမှုမှ လွတ်မြောက်ခဲ့ကြသော်လည်း မကြာမီ တိုင်းပြည်နှစ်ခြမ်းကွဲ၊ စစ်ဘေးဒဏ်ခံရပြန်သဖြင့် ရာဇဝတ်မှုနည်းတူ စစ်သည်ကောင်းကျိုးမပေးဟူသော ဆိုရိုးစကားအတိုင်းပင်။ ယင်းကဲ့သို့သော သမိုင်းနောက်ခံကြောင့် မာန်ရှိ လုပ်ရှားအားရှိသော ကိုရီးယားတို့ကို အနည်ထိုင် အိမ်နီးနားချင်းတို့က မျက်စိရှုပ်ချင် ရှုပ်ကြပေလိမ့်မည်။ လွတ်လပ်ရေး ရပြီးစနှစ်များတွင် ဂျပန်စာမသင်ရဟု သမ္မတ ဆင်မန်ရီးက ပညတ်ခဲ့၏။

ဂျပန်တို့ တည်ဆောက်သွားသော စက်ရုံ၊ အလုပ်ရုံ အဆောက်အဦများ စစ်အတွင်းက ပျက်စီးသွားပြီ ဖြစ်သော်လည်း ဂျပန်စကား တတ်မြောက်ခြင်းသည် ကိုရီးယားတို့ အသက်ကို ခန့်မှန်းသည့်အတိုင်းအတာ အဖြစ် ကျန်ရစ်ခဲ့၏။ မျက်မှောက် ကိုရီးယား၌ ဂျပန်စကားတတ်မြောက်သူ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အသက် ၇၀ ကျော်သူတို့သော်လည်းကောင်း၊ ဂျပန်နိုင်ငံ ကျူရှူး ကျွန်းနှင့် ကပ်နေ၍ ဂျပန်ရုပ်မြင်သံကြား ကြည့်နေကျ ဖူစန်မြို့ကစ်ပိုက် နေထိုင်သူတို့သော်လည်းကောင်း၊ ဂျပန်နှင့် ကုန်သွယ်ပညာ ဖလှယ်သူ လူငယ် လူလတ်တို့သော်လည်းကောင်း ဖြစ်ကြ၏။ အကြောင်းမှာ လွတ်လပ်ခါစ ကိုရီးယားတွင် သမ္မတ ဇင်းမင်းရီ က ဂျပန်စာပေ မသင်ရဟု ပညတ်ခဲ့သော ကြောင့်ပင်။

ကိုရီးယားအမျိုးသားစိတ်ဓာတ်ပေါ်လွင်သည့် နောက်ကိစ္စတစ်ရပ် မှာ စာရေးသားပုံ ဖြစ်၏။ နှစ် - ၅၀၀ ခန့်က ဆေးဂျွန်ဧကရာဇ်ဘုရင် ကျွမ်းကျင်စွာ တီထွင်ခဲ့သည့် ဟန်ဂူလ်အက္ခရာကို ယနေ့ ကိုရီးယားမြို့ကြီး များပေါ်၌ လမ်းဆိုင်းဘုတ်များတွင်လည်းကောင်း၊ ဆိုင်ပြခန်းတို့တွင် လည်း ကောင်း၊ တံခွန်တို့တွင်လည်းကောင်း ထင်ရှားစွာ တွေ့ရှိရ၏။ သို့သော် ပညာရပ်အဝဝတွင် နေရာရပြီးဖြစ်သော တရုတ်စာနောက်မှ ပေါ်လာသော ကြောင့် ရုံးအမိန့်ကြော်ငြာများ၊ စာကြီးပေကြီး များတွင် ဟန်ဂူလ်အက္ခရာကို ဂျပန်အက္ခရာများနည်းတူ တရုတ်စာနှင့် တွဲသုံးထားသည်ကို တွေ့ရ၏။

ကိုရီးယား ပိုစစ်သည့်အရာတစ်ခုမှာ ကိုရီးယားအမျိုးသားဝတ်စုံ ဖြစ်၏။ ကိုရီးယား အမျိုးသမီးတို့သည် အင်္ကျီတိုတို ဂါဝန်ရှည်ရှည် ဝတ် သောကြောင့် အရပ်ရှည်ရသည့်အထဲ ပိုရှည်သည်ဟု ထင်ရ၏။ ကိုရီးယား တို့အား အထင်အမြင်သေးသည့် စစ်အတွင်း ဂျပန်မြည့်၌ပင် ကိုရီးယား အမျိုး သမီးတို့သည် ဂျပန်ကီမိုနိုနှင့် တစ်မူထူးခြားသည့် ကိုရီးယားဝတ်စုံကို ရဲရဲ စွာ ဝတ်ဆင်ကြ၏။ ကိုရီးယား အမျိုးသားတို့ အထူးသဖြင့် သက်ကြီးရွယ်အို တို့၏ ဝတ်စုံပေါ်တွင် ငှက်လှောင်ချိုင့်ပုံစံဦးထုပ်ဆောင်း၍ မပါမဖြစ် ဆေးတံ ခဲလိုက်သောအခါ ကွန်မြူနစ်ဘာသာ ကိုးကွယ်သော ကိုရီးယားနိုင်ငံ၌ အထူး လေးစားကြသော သက်ကြီးရွယ်အိုဖခင်ပုံစံ ထွက်လာလေသည်။

အမျိုးသားစိတ်ဓာတ် ဖော်ပြလေ့ရှိသော အဆိုအကတွင်လည်း ကိုရီးယား အားမာန်ပေါ်လွင်လေသည်။ ကိုရီးယားစကား Ural - Altai အုပ်စုမှ ဆင်းသက်ကြောင်း ထင်ရှားသည်မှာ ကိုရီးယားအမျိုးသမီးတို့ သီချင်း ဆိုသည့်အခါ တူရကီသံ ထွက်ခြင်းပင် ဖြစ်၏။ အထူးသဖြင့် ခါယာဂွန်း တူရိယာ (ဂျပန်ရှာမိဆင်ခပ်ဆင်ဆင်) နှင့် လိုက်ဆိုသည့်အခါ ဖြစ်၏။ က သည့် အခါလည်း အနည်းငယ် ယောက်ျားဆန်၏။ ကိုရီးယားအကြောင်း



ဓာတ်သိသူတို့က ယင်းဆိုကပုံမှာ ကိုရီးယားသူတို့ အိမ်တွင်းဘဝ ကြီးစိုးပုံ၏ အရိပ်ထင်ခြင်းဟု ဆိုသည်။ မြန်မာအမျိုးသမီးတို့နှင့်ဆင်သည့် နောက် တစ်ချက်မှာ ကိုရီးယား အမျိုးသမီးတို့သည် အိမ်ထောင်ကျသည့်အခါ မိမိတို့ ၏ နာမည်ကို မစွန့်လွှတ်ဘဲ နိုင်ငံခြားသွားသည့်အခါမှ ယောက်ျားနာမည်ကို ခံယူခြင်း ဖြစ်၏။ ကိုရီးယားတို့ အသံအောင်လှသဖြင့် အနာဂတ် ကမ္ဘာ့ အော်ပရာလောကကို ၎င်းတို့နှင့် ဩစတြေးလျတို့ ကြီးစိုးဖွယ်ရာရှိ၏။

ဦးနှောက်ကောင်းခြင်းနှင့် အဆင်းလှခြင်း အတူမနေဟူသော ယောက်ျားတို့၏ နှိမ်ရိုးဆိုရိုးစကားကို ပယ်ဖျက်သည့်နှယ် ကိုရီးယား အမျိုး သမီးတို့သည် စိတ်ဓာတ်ပြင်းပြသလောက် ရုပ်ရည်လည်း ချောမော၏။ အတိတ်ကာလက မွန်ဂို တရုတ်မင်းသမီးတို့ကို ကိုရီးယားဘုရင်တို့၏ ကြင်ယာ တော်မိဖုရားအဖြစ် ဆေါ်ဆောင်လာကြ၍ ကိုရီးယားအလှမယ်တို့ကို တရုတ် ပြည်နေ မွန်ဂိုမှူးမတ်တို့၏ ဇနီးသည်များအဖြစ် လဲလှယ်ခဲ့သည့် အစဉ်အလာ ရှိခဲ့၏။ ဆံပင်ကို အလယ်တည့်တည့်မှ နောက်သပ်ခွဲပြီး ထုံး၍သော်လည်း ကောင်း၊ အရောင်ခြယ်ဆံထိုးနှင့် ထိန်းထားသည့် ရှေးဆံသပုံစံသည် အနောက်နိုင်ငံပုံစံတို့ထက် ကိုရီးယားအမျိုးသမီးကို့နှင့် ပိုလိုက်လေသည်။

ကိုရီးယား အမျိုးသားတို့သည်ကား ကာယစွမ်းအားကို အလေးပေး လိုက်စားကြရာ ကာရာတေးပညာသည် ကိုရီးယားနိုင်ငံမှ စတင်သည်ဟု ဆို ကြ၏။ ကနဦးတွင် ဂျပန်ဂျူဒိုပညာရှင်တို့က သံသယရှိကြသော်လည်း ယခုမူ မြန်မာအပါအဝင် ကမ္ဘာ့အားကစားလောကကို လွှမ်းမိုးသွားပြီဖြစ်၏။ ကိုရီးယားနိုင်ငံတွင်မူ ကာရာတေးနှင့် ဂျူဒိုကို ပေါင်းစပ်ထားသော တေကွမ် ဒိုပညာကို လိုက်စားကြ၏။

ကိုရီးယားလူမျိုးတို့တွင် နာမည်သုံးလုံးရှိ၏။ ရှေ့ဆုံးမှာ ဆွေမျိုး နာမည်၊ အလယ်မှာ မျိုးဆက်၊ နောက်ဆုံးတွင် မိဘပေးနာမည်။ သမိုင်း အစတွင် ၎င်းတို့သည် တရုတ်ဆွေမျိုးနာမည်တို့ကို ခံယူကြ၏။ ဆွေမျိုး နာမည်ဦးရေမတိုးဘဲ လူဦးရေသာ တိုးမြင့်တိုးနေ၍ သန်း ၆၀ - ကျော် ကိုရီး ယားတို့သည် ဆွေမျိုးနာမည် ၂၀၀ - ခန့်ကို ခွဲဝေယူရ၍ နာမည်တစ်ခုလျှင် ပျမ်းမျှ လူသုံးသိန်းခန့်ရှိ၏။ အများကြိုက်နာမည်တို့မှာ Kim, Lee, Park, Ahn, Chae, Cho, Choi, Chung, Han, Kang, Koo, Ko, Lim, Oh, Noh, Shin, Shim, Yoo, Yun တို့ ဖြစ်၏။ ကိုရီးယားတစ်ယောက်ကို ရမ်းသမ်း၍

www.burmeseclassic.com

www.burmeseclassic.com



Kim ဟု ခေါ်လိုက်ပါ။ နှစ်ယောက်တွင် တစ်ယောက်က 'ဟုတ်ကဲ့' ဟု ထူးလိမ့်မည်။

ကိုရီးယားအိမ်တို့သည် ခပ်ကျဉ်းကျဉ်း တစ်ထပ်အိမ်များသည့် အကြောင်းရင်းမှာ မီးဖိုမှ အပူဓာတ်ကို ကျောက်ပိုက်သွယ်၍ အခြားအခန်းကြမ်းပြင်တို့ကို နွေးစေသည့် ဓနစ်ကြောင့် ဖြစ်၏။ အိမ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ တရုတ်စတိုင် နံရံခတ်သည့်အလေ့ ရှိ၏။ မြို့ကြီး များတွင် နေစရာကျဉ်းသောကြောင့် အသက်ကြီးကြီးငယ်ငယ် ကိုရီးယားတို့သည် နေရာတကာရှိသော လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိ၏။ လက်ဖက်ရည်ဆိုင်တို့သည် လှပစွာ ပြင်ဆင်ထား၍ တေးသံသာလည်း ဖွင့်ထား၏။ လူငယ်တို့က အဖော်၊ အချစ် ရှာကြသည့်နေရာဖြစ်၏။ လူကြီးတို့ လုပ်ငန်းဆွေးနွေးရာ၊ တီးတိုးတိုင်ပင်ရာ နေရာဖြစ်၏။ အားလိုပါက လက်ဖက်ရည်ထဲတွင် ဂျင်ဆင်းထည့်၏။

ပိုက်ဆံရှိသူတို့ကမူ Kisaeng ကီဆိုင်းပျော်တော်ဆက် (ဂျပန်ဂေရှာအိမ်နှင့် ဆင်တူ) တို့သို့ သွားကြ၏။ ဂျပန်ဂေရှာနှင့် ကိုရီးယား ကီဆိုင်းတို့ ခြားနားချက် အနည်းငယ်ရှိ၏။ ဂေရှာအိမ်တို့မှာ သွားရလွယ်ကူသော နေရာတို့တွင် ရှိသော်လည်း ကီဆိုင်းပျော်တော်ဆက်တို့မှာ တောင်ကုန်းထိပ်ကဲ့သို့ ငြိမ်သက်သောနေရာတို့တွင် တည်ဆောက်လေ့ရှိ၏။ အကြောင်းမှာ ကီဆိုင်းပါတီသည် ဂေရှာပါတီထက် ပိုဆူညံခြင်းကြောင့်ပင်။ နောက် ခြားနားချက်တစ်ခုမှာ ဂေရှာတို့သည် ဧည့်သည်တို့အကြား လည်ပတ်၍ ဧည့်သည်တစ်ဦးဘေးတွင် ၁၀ - မိနစ် ၁၅ - မိနစ်ခန့်စီသာ ထိုင်ကြ၏။ ဧည့်သည်တို့သည် ဂေရှာ အချောအလှများစွာနှင့် တွေ့ဆုံခွင့်ရသော်လည်း ကြာကြာမိတ်ဖွဲ့ခွင့်ကား မရကြ။ ကီဆိုင်းမယ်တို့သည်ကား ဧည့်သည်ဘေး၌ တစ်ညနေလုံး ထိုင်နေ၍ သိကျွမ်းခွင့်ရ၏။ နောက်ခြားနားချက် တစ်ခုမှာ ဂေရှာမယ်တို့သည် ရံဖန်ရံခါသာ ဆာကေးဝိုင်အရက်ကို ဧည့်သည်နှင့်အတူ လိုက်သောက်သော်လည်း ကီဆိုင်းမယ်တို့သည်ကား Chong-jong (ဆာကေးနှင့်ဆင်တူ) ဘီယာ၊ ဝီစကီ ဘာမဆို ဧည့်သည်နှင့်အတူ လိုက်သောက်လေသည်။ ဂေရှာမယ်တို့၏ အထိန်းတော်ကို မာမာစန် (အမေ) ဟုခေါ်၍ ကီဆိုင်းမယ်တို့၏ အထိန်းတော်ကိုကား အစ်မဟု ခေါ်၏။ ကီဆိုင်းမယ်တို့၏ အထိန်းတော်က ပိုအသက်ငယ်၍ပေလော၊ သို့မဟုတ်



ကီဆိုင်းမယ်တို့က အရက်ပိုသောက်နိုင်၍လားမသိ ကီဆိုင်းပါတီသည် ဂေရှာပါတီထက် ပိုပျော်စရာကောင်းလေသည်။ ကစားကွက်တို့သည်လည်း ပိုရဲတင်းလေသည်။ ဈေးလည်းပိုပေါသဖြင့် ဂျပန်လုပ်ငန်းရှင်သူဌေးတို့ ကီဆိုင်းပါတီ တစ်ညနေတက်ရန် ဂျပန်မှကိုရီးယားမြို့ကြီးများသို့ လေယာဉ်စီးလာကြသည်ဟု ဆို၏။

ကိုရီးယားအစားအစာ၌ မြန်မာတို့ ခံတွင်းတွေ့သည်မှာ bulgogi၊ ဘူလ်ဂေါဂီ (ဂျပန်ဆုကီယကီနှင့် ဆင်တူ)၊ sinsolo ဆင်းဆိုလို (တရုတ် hotpot ထက် ပိုခန့်ညားသည်) အပြင် ငရုတ်သီး ခပ်စပ်စပ်၊ မုန်လာဥ အချဉ်ဖောက် kimchi ကင်း(မ်)ချီ ဖြစ်၏။ ၎င်းမပါလျှင် ကိုရီးယားတို့ ထမင်းမစားသလောက်ပင်။ မြောက်ပိုင်းဒေသတွင် ငရုတ်သီးအစပ် စားသည်မှာ ကိုရီးယားတို့သာ ရှိ၏။

ယခင်က ကိုရီးယားပြည် မြောက်ပိုင်းတွင် စက်မှုလက်မှု၊ တောင်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးကို ဇောက်ချလုပ်ကိုင်ခဲ့ရာ တိုင်းပြည်နှစ်ခြမ်းကွဲသွားပြီးနောက် နှစ်ခြမ်းစလုံးက စက်မှုရော လယ်ယာပါ တိုးတက်အောင် ကြိုးစားခဲ့ကြ၏။ ပြန်လည် ပေါင်းစည်းမိသည့် တစ်နေ့၌ လျှင်မြန်ထက်မြက် လုံ့လဝီရိယရှိသော လူမျိုးနေသော Land of the Morning Calm အေးငြိမ်သော နံနက်ခင်းနိုင်ငံသည် Land of the Morning Glory ထွန်းတောက်သော နံနက်ခင်းနိုင်ငံ ဖြစ်လာမည်မှာ မုချ မလွဲပေ။

www.burmeseclassic.com

www.burmeseclassic.com

## Si Vas Para Chile

To a Myanmar, dates in Chilean history are easy to remember. The Chileans gained their independence from the Spaniards about the time the Myanmars began to lose their territory to the British. The Chileans added to their territory by winning the War of the Pacific against neighbouring Bolivia and Peru about the time the Myanmars completely lost theirs to the British. Not only this coincidence of historical dates but the country of Chile itself was hardly known to the Myanmar until the advent of Allende Government and the UNCTAD III it hosted, in the same way as Myanmar was hardly known to the Chilean until the Myanmar Road put it on the world map during World War II.

To students of geography, of course, Chile (derived from Tchili meaning snow or cold in old Quichua dialect) has always held its fascination as a small and elongated strip of land lying between the Andes and the South Pacific, only 110 miles wide at most but as much as 2650 miles long. Its climate ranges from the desert in the north to the Mediterranean in the middle to the rainy in the near south to the Tundra at the southern end. In Chile is situated the southernmost city in the world, Punta Arenas, a gateway to the Antarctica across the Strait of Magellan.



To a Myanmar arriving in Chile via Peru where one-third of the population look like him and another third somewhat like him, the Chileans may appear completely European like the Argentinians. He will see many blond people who speak only Spanish but look as though they should speak German or English. Little will suspect that in fact in many a Chilean runs the blood of the fierce Araucanian Indians of the south, who valiantly resisted the Incas from the north and later for three centuries the Spanish conquistadores.

Coming from Peru at the head of an army of 150 Spanish soldiers and one thousand Peruvian Indians, a Spaniard captain Pedro de Valdivia founded Santiago in 1541. After the *Peninsulares* came the Germans who settled mostly in the south. In other part of the country a plentiful sprinkling of English, Irish and Scottish names indicated an infusion of northern European blood, especially through Valparaise, the most important port on the west coast of America until the opening of the Panama Canal. For example, a Myanmar visiting the Naval Academy of Chile will be told that it is named after a Chilean admiral called Arturo Prat. He will also learn to his surprise that the Aung San of Chile bears the name of Bernardo O'Higgins.

On the other hand, the south European element has been reinforced by more recent arrivals of Spaniards, Italians and Slavs. Whatever the racial mix, ancient or modern, the final product is a strikingly handsome race. Other nations have their fair share of beauties but Chilean women are unfailingly good-looking and often beautiful. Their looks are matched by a charm often characterized as oriental. The least Latin of South Americans

www.burmeseclassic.com

www.burmeseclassic.com



chaperoning is a thing of the past in Chile. However, an aspiring Don Juan, mistaken for a bachelor because he does not wear a wedding ring, will often discover to his dismay that his charming date has been briefed by Papa on how best to get to the rendezvous and back home.

A representative of the Third World arriving in downtown Santiago may question its suitability as the venue for a conference on under-development, since the impression he gets is that of a modern South European city. A promenade along the suburban Avenida Providencia where the chic Chilena displays her elegance may heighten his doubts. It is only when he drives further out to shanty-towns of card board boxes where the under-privileged live under their own laws and their own 'government', that one realizes the reality of the Third World in Chile.

A brief look at the economy of Chile will reveal the Third World characteristics of the Chileno. A major llivestock producer in the eighteenth century, a major wheat exporter in the nineteenth century and a net food exporter unitl World War II, Chile has now become a food importer. While importing wheat from the rich Argentmian neighbours, the Chilicans plant grapes, next only to wheat in acreage, and drink up the excellent wines at fantastically low prices. The Chileans also prefer imported meat, again from Argentina, to their own excellent sea-food, governmental exhortations to the contrary not withstanding. Imported American films are screened at extremely cheap admission rates while it is often difficult to see the excellent local ballet accompanied by a choir.

Foreign exchange to pay for these and other imports are derived 80 per cent from the export of copper, of which Chile has the world's largest reserve. The story of copper in Chile was put in a nutshell, if somewhat simplistically, by a simple miner as 'They took the copper and left us the holes'. As in the rest of Latin America, unequal distribution of wealth has been a thorny problem in Chile. Until the recent land reforms, there were over 300 large farms each with more than 12000 acres while half a million peasants lived on less than 4 acres per family. Likewise, a considerable proportion o fbanking and industrial capital was owned between foreign capital and the Chilean economic elite composed largely of the Alessandri, Yarur, Matte and Edwards families.



Approach to these economic problems was mainly political. An intensely political people, Chileans young and old took to political demonstrations as readily as they would burst out into the *cueca* folk-dance accompanied by the guitar, the clapping of hands and the tinkling of the huaso's (cowboy) spurs. The typical Chilean fiesta is the rodeo where the *huasos* demonstrate their riding skills, play guitars and sing typically Chilean cowboy songs. A hospitable and friendly people, the Chileans are tolerant of the manner of enjoyment of fun. If they wished you to arrive punctually at a party, they used to specify the hour as English time.

For a small nation of 16 million people living in an isolated corner of the world, the Chileans seem to have a knack of hitting the world press headlines. This may be because Chile has had many 'firsts'. Even its desert was distinguished for possessing the only natural nitrate found in the world. Its *Chuquicamata* is the rorld's largest open pit copper mine and its *El Teiênte* the wrold's largest underground copper mine. Chile was the first country in Latin America where a Communist Party won political power through democratic elections. It also produced the

www.burmeseclassic.com

www.burmeseclassic.com



Pinochet Syndrome Largely the Chileans have threatened to become the most expatriate people in Latin America. After all their most popular song has been 'Si vas para Chile' or *'Look my girl up* if you go to Chile'.

# ချီလီဘက်ရောက်ခဲ့ရင်

မြန်မာတစ်ဦးအတွက် ချီလီသမိုင်းရက်စွဲများကို မှတ်ရလွယ်ပါသည်။ မြန်မာ့နယ်မြေများ ဗြိတိသျှတို့ထံ စတင် ဆုံးရှုံးသည့်အချိန်၌ ချီလီတို့ စပိန်အောက်မှ လွတ်မြောက်ပါသည်။ မြန်မာ့နယ်မြေများ ဗြိတိသျှလက်အောက် လုံးဝရောက်သည့်အခါ ချီလီတို့ အိမ်နီးနားချင်း ဘိုလီဗီယားနှင့် ပီးရူးတို့ကို စစ်နိုင်၍ နယ်မြေတိုးချဲ့နိုင်ခဲ့၏။ ဤရက်စွဲများ တိုက်ဆိုင်ခြင်းသာမက၊ ချီလီနိုင်ငံကိုပင် မြန်မာတို့ မသိရှိခဲ့ခြင်းမှာ အာယန်းဒေ အစိုးရတက်ပြီး UNCTAD ခေါ် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံအဖွဲ့အစည်း ကျင်းပသည်အထိ ဖြစ်၏။ ချီလီတို့ကလည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း Myanmar Pred ပေါ်လာမှ မြန်မာကို သိရှိခဲ့၏။

Quichua စကားတွင် နှင်း သို့မဟုတ် ချမ်းအေးသည်ဟု အဓိပ္ပာယ်ထွက်သော စကားလုံး (Tchili) မှ ဆင်းသက်သည့် (Chile) ကို (Andes) တောင်တန်းနှင့် တောင်ပစိဖိတ်သမုဒ္ဒရာကြား၌ရှိသော သေးသွယ်၍ ရှည်လျားသည့် မြေကြီးစကလေးအဖြစ် ပထဝီဝင် ပညာရှင်တို့ စိတ်ဝင်စားခဲ့ကြ၏။ အများဆုံး မိုင် ၁၁၀ မျှသာ ကျယ်ဝန်း၍ မိုင် - ၂၆၅၀ မျှပင် ရှည်လျား၏။ ရာသီဥတုမှာ မြောက်ဘက် သဲကန္တာရဥတု၊ အလယ်ဘက်တွင် မြေထဲပင်လယ်ဥတု၊ တောင်ဘက်တွင် မိုးဥတု၊ တောင်ဘက်စွန်းတွင် တန်းဒရာ၊ ချီလီရှိ (Punta Arenas) သည် ကမ္ဘာပေါ်တွင် တောင်ဘက်အစွန်ဆုံးမြို့ဖြစ်၍ (Strait of Magellan) ကို ဖြတ်သွားလျှင် (Antartics) သို့ ရောက်၏။

မြန်မာတစ်ဦး ချီလီသို့ ပီးရူးမှတစ်ဆင့် သွားရောက်ပါက ပီးရူးမှ လူဦးရေ သုံးပုံတစ်ပုံက သူနှင့် ချွတ်စွပ်တူ၍ နောက်သုံးပုံတစ်ပုံက သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆင်ဆင် ရှိရာမှ ချီလီရောက်သည့်အခါ သူနှင့် လုံး၀ ကွဲပြား၍ အာရှင် တီးနီယန်တို့ကဲ့သို့ ဥရောပတိုက်သားရုပ်ကို တွေ့ရှိရပေမည်။ ဆံပင်ရွှေရောင်နှင့် ဂျာမန် သို့မဟုတ် အင်္ဂလိပ်စကားပြောမည် ထင်ရသော ပုဂ္ဂိုလ်တချို့ စပိန်စကားပြောနေသည်ကို တွေ့ရှိရပေမည်။ သို့သော် ၎င်းတို့ အများအပြားတွင် ရှေးယခင်ကာလက မြောက်ပိုင်းမှ အင်ကာစစ်သည်တို့အားလည်းကောင်း၊ ထိုနောက်ပိုင်း စပိန်စစ်သည်တို့အားလည်းကောင်း ခုခံ တိုက်ခိုက်ခဲ့သော (Araucanian Indian) တို့၏ ရဲသွေးကျန်ရှိနေသေးသည်ကို သိပ်မရိပ်စားမိကြပါ။

စပိန်စစ်သည် - ၁၅၀ နှင့် (Peruvian Indian) စစ်သည် - ၁၀၀၀ ကို ဦးဆောင်လျက် စပိန်ဗိုလ်ကြီး (Pedro dé Valdivia) သည် ၁၅၄၁ - ခုနှစ်တွင် (Santiago) မြို့ကို တည်ထောင်လေသည်။ စပိန်တို့နောက် ဂျာမန်တို့ ရောက်လာပြီး တောင်ပိုင်းတွင် အခြေစိုက်ကြ၏။ အခြားနေရာတို့တွင် အင်္ဂလိပ်၊ အိုင်ရစ်နှင့် စကော့နာမည်များတွေ့ရှိရပေရာ ပနားမားတူးမြောင်း မဖောက်မီ အမေရိကန် အနောက်ဘက်ကမ်းခြေ၌ အရေးကြီးဆုံး ဆိပ်ကမ်းမြို့ ဖြစ်ခဲ့သော (Valparaise) မှ မြောက်ဥရောပသို့ ၀င်ရောက်လာပုံပေါက်၏။ ချီလီနိုင်ငံ ရေတပ်တက္ကသိုလ်အား (Arturo Prat) ဆိုသည့် ပုဂ္ဂိုလ်၏ အမည်ပေးထား၏။ ချီလီနိုင်ငံ၏ အောင်ဆန်းကဲ့သို့သော ပုဂ္ဂိုလ်၏အမည်မှာ (Bernardo O'Higgins) ဖြစ်၏။

တစ်ဖက်တွင်လည်း ချီလီယန်တို့၏ တောင်ဥရောပသွေးကို နောက်ပိုင်း ရောက်ရှိလာသော စပိန်-အီတာလျံနှင့် စလပ်တို့က ဖြည့်တင်းခဲ့၏။ ရှေးကဖြစ်စေ၊ နောက်ပိုင်းကာလက ဖြစ်စေ၊ လူမျိုးသွေး မည်သို့ရောရော နောက်ဆုံး ထွက်ပေါ်လာသည်မှာ ချီလီယန် လူချောလူလှ လူမျိုးဖြစ်၏။ အခြားလူမျိုးတို့တွင်လည်း မိန်းမချောများ ထွက်သည်မှန်၏။ သို့သော်လည်း ချီလီယန်မတို့သည် အားလုံး ကြည့်ကောင်း၍ အများအပြားသည် ချောမောလှပ၏။ အလှအပအပြင် အရွေ့တိုင်းဆံန် ဆန် တပ်မက်ဖွယ်ရာလည်း ရှိ၏။ တောင်အမေရိကန်တို့အနက် လက်တင်မဆန်ဆုံး ဖြစ်၍ မိန်းကလေးတစ်ဦး ပြင်ပထွက်လျှင် အဖော်ပါရသည့်အလေ့ မရှိတော့။ လူပျို့လှည့်သူသည် လက်စွပ်ဝတ်မထားပါက လူပျိုဟု အထင်ခံရတတ်သော်လည်း မိန်းမပျိုက ဖခင်ဖြစ်သူက ယောက်ျားမာယာ သင်ကြားပေးထားပြီး ဖြစ်လိမ့်မည်။



စန်တီယာဂိုမြို့လယ်ခေါင်သို့ တတိယကမ္ဘာစစ်မှ ရောက်လာသူသည် ခေတ်မီ တောင်အမေရိကန်မြို့ကိုတွေ့ပြီး စီးပွားရေး အောက်ကျနောက်ကျခြင်းအကြောင်း ဆွေးနွေးမည့် အစည်းအဝေး ပြုလုပ်ရန် သင့်တော်သည့်နေရာ ဟုတ်ပါမည်လားဟု ထင်ယောင်ထင်မှား ဖြစ်ပေလိမ့်မည်။ မြို့ဆင်ခြေဖုံးရှိ (Avenida Providencia) လမ်းမကြီးပေါ်၌ ၀တ်စား ဆင်ယင်ထားသော ချီလီယန်အမျိုးသမီးများကို တွေ့လျှင် ပို၍ပင် ထင်မှားပေလိမ့်မည်။ မြို့ပြင်ပိုထွက်၍ စက္ကူဘူးအိမ်များ၌ နေထိုင်ပြီး ကိုယ့်မင်းကိုယ့်ချင်းလုပ်နေကြသော ဆင်းရဲသားရပ်ကွက်ကိုမြင်မှ ချီလီသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံပါတကားဟု ရိပ်စားမိကြပေမည်။

ချီလီ၏ စီးပွားရေးကိုလေ့လာပါက ဖွံ့ဖြိုးဆဲနိုင်ငံ၏သင်္ကေတ ပေါ်လာပါလိမ့်မည်။ ၁၈ - ရာစုနှစ်တွင် တိရစ္ဆာန်မွေးမြူ၊ ၁၉ - ရာစုနှစ်တွင် နိုင်ငံခြားသို့ ဂျုံတင်ပို့၊ ၂၀ - ရာစုနှစ်တွင် ဒုတိယ ကမ္ဘာစစ်ကြီးအထိ အစားအစာ တင်ပို့နေရာမှ နောက်ပိုင်းတွင် အစားအစာ တင်သွင်းသည့် နိုင်ငံဖြစ်လာလေသည်။ အိမ်နီးနားချင်း အာဂျင်တီးနားမှ ဂျုံတင်သွင်း၍ ပြည်တွင်း၌ ဂျုံစိုက်ဧကနီးပါး ကျယ်ပြန့်သော မြေဧကတွင် စပျစ်စိုက်၍ ထွက်လာသော စပျစ်ရည်ကောင်းကို ဈေးပေါပေါနှင့် သောက်ပစ်လေသည်။ ချီလီယန်တို့သည် အစိုးရတိုက်တွန်းသည်ကို နားမထောင်ဘဲ ပြည်တွင်းထွက် ငါးပုစွန်ထက် အာဂျင်တီးနားမှ တင်သွင်းသော အမဲသားကို ပိုမို နှစ်သက်ကြ၏။ ပြည်တွင်း ကပြသီဆိုသော ဘဲလေးပွဲကို ကြည့်ရခက်သလောက် အမေရိကန်မှ ရုပ်ရှင်ကားတို့ကို ဈေးပေါပေါနှင့် ရုံသွင်း တင်ပြလေသည်။

အထက်ပါ တင်သွင်းကုန်တို့အတွက် ကျခံရသော နိုင်ငံခြားငွေ၏ ၈၀ ရာခိုင်နှုန်းကို ကြေးနီတင်ပို့ ရောင်းချရာမှ ရရှိ၏။ ကမ္ဘာ့ကြေးနီ အများစုသည် ချီလီ၌ရှိ၏။ ချီလီကြေးနီ၏ ဓာတ်လမ်းကို သတ္တုတွင်းတူးသမားတစ်ဦးက ခပ်လွယ်လွယ်နှင့် ပြောသည်မှာ "သူတို့က ကြေးနီယူသွားပြီး ကျုပ်တို့ကို ကျင်းတွေပေးခဲ့တယ်" ဟု။ အခြားလက်တင် အမေရိကန်နိုင်ငံများနည်းတူ ၀င်ငွေမမျှတခြင်းသည် ချီလီနိုင်ငံ၏ အဓိက ပြဿနာ ဖြစ်၏။ လယ်ယာပြန်လည် ခွဲဝေခြင်းမပြုမီ လယ်အကြီးစား ၃၀၀ ကျော်သည် ဧက ၁၂,၀၀၀ စီရှိ၍ လယ်သမား ငါးသိန်းခန့်သည် အိမ်ထောင်စုတစ်ခု လယ်

www.burmeseclassic.com

www.burmeseclassic.com



ငါးဧကသာ ရှိလေသည်။ ထိုနည်းတူ ဘဏ်နှင့် စက်မှုအရင်းအနှီးအများစုကို နိုင်ငံခြား လုပ်ငန်းရှင်တို့နှင့် ချီလီ ဆွေမျိုးကြီးလေးခုက ပိုင်ဆိုင်လေသည်။

ဤစီးပွားရေး ပြဿနာတို့ကို ကိုင်တွယ်နည်းမှာ နိုင်ငံရေးနည်း ဖြစ်ခဲ့၏။ ချီလီယန်တို့သည် လူကြီးရော လူငယ်ပါ စိတ်နှလုံးလမ်းလျှောက်ခြင်းကို ဂီတာတီး၊ (cueca) ရိုးရာအက ဝင်က၊ လက်ခုပ်တီး၊ (cowboy) ခြေသံချင်း ခတ်ခြင်းနှင့် အလားတူ ဝါသနာပါ၏။ ချီလီရိုးရာပွဲသည် မြင်း စီးပြ၊ ဂီးတာ တီး၊ (cowboy) သီချင်းဆိုသည့်ပွဲဖြစ်၏။ ချီလီယန်တို့သည် ညှော့ဝတ်မြူငှာ ခင်မင်တတ်၍ သည်းညည်းလည်း ခံတတ်၏။ ဧည့်သည်တို့အား အချိန်မှန် ရောက်စေလိုလျှင် ဖိတ်စာ၌ အင်္ဂလိပ်အချိန်ဟု ရေးသားတတ်၏။

ကမ္ဘာ့ချောင်တစ်ခု၌နေ၍ လူဦး ရေ ၁၅ - သန်းသာသာသာ ရှိသော ချီလီယန်တို့သည် ကမ္ဘာ့သတင်း၌ ပေါ်တတ်သည့် အကြောင်းမှာ 'ပထမဆုံး' ဖြစ်တတ်ခြင်းကြောင့်လားမသိ။ ချီလီ သဲကန္တာရသည် သဘာဝ (nitrate) ရှိရာ တစ်ခုတည်းသောနေရာ ဖြစ်၏။ ကမ္ဘာ့အကြီးဆုံး မြေပေါ် ကြေးနီတွင်းနှင့် ကမ္ဘာ့အကြီးဆုံး မြေအောက်ကြေးနီတွင်းတို့သည် ချီလီတွင် ရှိ၏။ ချီလီသည် လက်တင်အမေရိကန်၌ ကွန်မြူနစ်ပါတီက ရွေးကောက်ပွဲနည်းဖြင့် ပထမဆုံး အာဏာရသည့် နေရာ၊ လူဦးရေ အများဆုံး ပြည်ပသို့ ရွှေ့ပြောင်းရာအရပ်၊ (Pinochet syndrome) ထွက်ရာအရပ်လည်း ဖြစ်၏။ သို့ကြောင့် (Si vas para Chile) သင် ချီလီဘက်ရောက်ခဲ့ရင် ကျုပ်ရည်းစားကို ဝင်ကြည့်ခဲ့ပါဟု ဆို၏။

*

## The Praha Spring

If ever there was a country which conformed least to the pre-conceived notions of an alien visitor. if would be Czechoslovakia. A European watershed between the Baltic, Black and North Seas, Czechoslovakia is a completely landlocked centre of Europe. An elongated territory tapering from west to east, its greatest width taking only three hours motoring to traverse, yet it has a most varied photopography-mountain ranges alternating with valleys. fertile plains with rolling country pastures with deep woods.

Arriving in the capital of the most industrialized socialist country, one is struck by Praha's traditional architectural treasures, ranging from the monumental Praha Castle to the pituresque taverns in cobble-stoned streets. Tradition usually carries grandiose pomp with it; yet the manner of welcome accorded by the City of Hundred Towers to visitors is informal though sincere. Even the climate conspires to baffle the stranger; it rains a lot more there in spring and summer than in winter.

A people often identified with Teutonic efficiency turn out to be one hundred per cent Slav. A stranger fond of abbreviations would do well not to refer to them as Czechs lest he cause offence to the Slovak partners of the

www.burmeseclassic.com

www.burmeseclassic.com



federation Yet no real ethnic distinction has been found between the original Czechs and Slovaks. Only an accident of history - when on the destruction of their Great Moravian empire in the beginning of the tenth century, the Slovaks passed under Magyar rule for a thousand years and the Czechs went on to found the Bohemian kingdom --led to separated development. This was later accentuated by religious differences when the Czech Reformation was brought about by the Hussites and the Bohemian Brethren. But the Czechs themselves fell under Austrian domination early in the seventeenth century. Re-united in a single political entity only at the end of the First World War when the Austro-Hungarian Monarchy disintegrated, they were again the victims of a divide and rule policy when Hitler set up a puppet state in Slovakia and made Bohemia and Moravia German protectorates in the Second World War. Reunited as co-equal partners of the Czechoslovak Socialist Republic (CSSR), the Czechs and Slovaks, numerically two to one, are separated again.

Their languages being closely related, the Czechs and Slovaks can understand each other without having to learn the other tongue. In fact Czech was the withen language of Slovakia for five hundred years. On the other hand, when the use of Czech in schools as well as in official intercourse was abolished by the Habsburgs towards the end of the eighteenth century, Slovakia formed the Czech national reserve.

Is is hard to think of any other people, not even the Myanmar with their pre-Independence slogan of Myanamr is our national language'. for whom the revival of national language and literature meant so much for the national awakening. Held in the custody of peasants and other common folk during the Habsburg domination for three centuries when the nobility and the educated used



German, Czech came back into its own when the 'awakenears', sxholars and other patrous alike, invented or borrowed words conveying abstract ideas,. Likewise, in resisting Magyarization efforts, Solvak became a literary language in the middle of the nineteenth century. No wonder than that most Czechoslovak national heroes have been scholars, like Jan Hus the Rector of Charles University (founded 1348), or Jojannes Amos Comenius the last bishop of the Bohemian Brethren, or Frantisek Palacky the historian 'Father of the Naiton'. In more recent times, both Czechoslovak Presidents of the inner-war period, Masaryk and Benes, were university professors.

Likewise, Czhechoslovak passion for music and the arts can be understood as part of a search for national identity. Two religious songs one composed a thousand years ago by St. Adâlbert and the other composed seven hundred years ago about the Czech Prince St. Wenceslas, have become such secular national prayers that Hitler found it necessary to forbid their public perpformance. The eighteenth century produced considerable musical talent, but conditions at home being what they were, much of it went abroad until it found a home in the Praha Conservatory at the beginning of nineteenth century. Praha then became a musical centre attracting such luminarles as Beethoven, Mozart, Wagner, Liszt and Chopin. Since music is a power as far as emotions are concerned, it played an important role in the national awakening of the following decades.

Also in the arts, the Habsburg demination produced a cultural paradox. While it transfonned Praha into the great Baroque showpiece of Europe, it also forced Czech culture underground. The arts became an imported article clothed in a foreign language, while native Czech work lost its sopistication and apart from some under-

www.burmeseclassic.com

www.burmeseclassic.com



ground poetry, became more or less folk art. Since then Czechoslovak art has staged a comeback with w vengeance. Contemporary Czechoslovak art has produced the Magic Lantern, a brilliant attempt to bring cinema and theatre together in a kind of total entertainment. Even far away New York cinema has staged Czechoslovak film festivals. Czechoslovak film fans seem to favour ethereal technicolour as background and platinum blonds as idols. Characterization in films also reflects real life where, contrary to bourgeoise expectations, ravishing beauties are found among factory workers rather than receptionists or sales assistants.

It is not easy for a stranger to associate this intense passion for culture with a high degree of industrialization and salesmanship. Iron ore deposits and abundant coal had given Czechoslovakia a large metallurgical industry even before the War. The Skoda steel wroks at Pilsen (also well-known for its Pilsener Urquel beer) was indeed the real objective of Hitler's designs on Czechoslovakia while the Sudeton Germans provided a political pretext for his annexation of the country. Czechosolvak economic presence pre-war in the Third World has been the famous Bata shoes with which canvas shoes were identified.

Supporting a population one-third of the size of Myanmar's on a land area only one-fifth of that of Myanmar, Czechoslovakia is a net food importer. Perhaps conscious of the value of food, the Czechoslovaks prepare it well and eat well. A visit to a Czechoslovak table is full of surprises. Dinner is served early, soon after an aperitif; sausage, fish, dumplings and meat courses following one another. After dessert and coffee follow the serious drinking and converstation until the early hours of the morning. The some-what cool and unspproachable exterior melts and the Slavonic bonhomie makes its appearance, slow in coming but steadily gaining momentum.



In spite of the Bohemian appellation, the Czechoslovaks have that depressed, slightly withheld manner of people who expect automatically to be ignored. They are historically minded, because being a nation submerged for so long, they had to live on the glorious past to keep their self-respect. Having known oppression as well as glory in their history, the Czechoslovaks are calm and composed, if somewhat cynical. Having gone many times in the past into exile or underground together with their language, literature and the arts, the Czechoslovaks treasure them while other people take them for granted. If their national heroes have been reformers and scholars, their alter ego is the good soldier Schweik, unassuming but venturesome passive but unyielding, giving the appearance of being feeble-minded but actually full of dry humour and earthy wisdom.

www.burmeseclassic.com

www.burmeseclassic.com

## ပရာဟာမှ နွေဦးစ

မရောက်ဖူးသေးသော ခရီးသည်တစ်ဦးအတွက် အထင်နှင့်အမြင် အကွဲလွဲဆုံးနိုင်ငံသည် ချက်ကိုစလိုဗက်ကီးယားပင် ဖြစ်မည်။ Baltic, Black, North Seas တို့ ဥရောပဦဆုံရာ ချက်ကိုစလိုဗက်ကီးယားသည် ဥရောပ တိုက်အလယ်ရှိ ပင်လယ်ထွက်ပေါက်မဲ့နိုင်ငံလည်း ဖြစ်၏။ အနောက်မှ အရှေ့ ဘက်သို့ ရှူးသွားသည့် ရှည်မျှောမျှောနယ်မြေ၏ အကျယ်ဆုံးနေရာကို မော် တော်ကားဖြင့် ဖြတ်မောင်းလျှင် သုံးနာရီသာကြာ၏။ သို့လင့်ကစား မြေပြင် အနေအထားမှာ တောင်တန်းမှသည် တောင်ကြားဒေသ၊ မြေသြဇာ ကောင်း မြေပြန့်မှသည် တောင်ကုန်း၊ မြက်ခင်းမှသည် တောနက် ကွဲပြား၏။

စက်မှုအထွန်းကားဆုံး ဆိုရှယ်လစ်နိုင်ငံ၏မြို့တော် ပရာဟာသို့ ရောက်သွားလျှင် ရိုးရာဗိသုကာ အမွေအနှစ်များ ပရာဟာ ရဲတိုက်ကြီးများ မှသည် ကျောက်လုံး ခင်းလမ်းများပေါ်ရှိ ကြည့်ချင်စဖွယ် ထမင်းဆိုင်များကို တအံ့တသြ တွေ့ရှိရပေမည်။ ရိုးရာဓလေ့နောက်တွင် ဟိတ်ကြီးဟန်ကြီး ပါ လေ့ရှိသော်လည်း မျှော်စင် တစ်ရာမြို့တော်က ခရီးသွားတို့အား စိတ်ဖြူစင် စွာ ရိုးရိုးလေး ကြိုဆိုလေသည်။ ရာသီဥတုကပင် ခရီးသွားအား အံ့သြစေ သည်မှာ ဆောင်းတွင်းမှာထက် နွေဦးစနှင့် နွေရာသီတွင် မိုးပိုရွာခြင်း ဖြစ်၏။

"ကြူတန်လူမျိုးတို့၏ စွမ်းရည်ရှိသည်ဆိုသော ချက်ကိုစလိုဗက်တို့ သည် အမှန်မှာ ရာနှုန်းပြည့် စလပ်လူမျိုး ဖြစ်၏။ အတိုကောက်စာလုံး ကြိုက် သော သူစိမ်း က "ချက်" ဟု ခေါ်ပါက ပြည်ထောင်စုသားချင်းဖြစ်သော စလိုဗက်က ကြိုက်မည်မဟုတ်ပါ။ သို့သော် အမှန်မှာ မူရင်းချက်နှင့် စလိုဗက်



တို့အကြား၌ လူမျိုးသွေး ခြားနားမှု မရှိပါ။ သမိုင်းတစ်လျှောက် အဖြစ် အပျက်များကြောင့်သာ ဖြစ်၏။ ၎င်းတို့၏ မိုရေဗီယန်အင်ပါယာကြီး ပျက်စီး သွားသောအခါ စလိုဗက်တို့သည် နှစ်ပေါင်းတစ်ထောင်ကြာမျှ မဂ္ဂယာတို့ လက်အောက်သို့ ရောက်သွား၍ ချက်တို့ကမူ ဘိုဟီးမီးယန် ဘုရင့်နိုင်ငံကို ထူထောင်ခဲ့၏။ ဟူးဆိုက်နှင့် ဘိုဟီးမီးယန် ဘုန်းကြီးတို့က Czech Reformation ပြုလုပ်လိုက်သောအခါ ဘာသာရေးအားဖြင့်လည်း ကွဲပြားခဲ့၏။ သို့နှင့် ၁၇ - ရာစုနှစ် အစတွင် ချက်တို့ကိုယ်တိုင် ဩစတရီးယန်တို့ လက် အောက်သို့ ကျရောက်ခဲ့၏။ ပထမကမ္ဘာစစ်ကြီးအပြီး ဩစတရီ - ဟန်ဂေ ရီယန် မင်းဆက် ပြုတ်သည့်အခါမှ ချက်နှင့် စလို ဗက်တို့ ပြန်ပေါင်းထုပ်ကြ ရ၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တစ်ဖန် ဟစ်တလာက "ခွဲ - အုပ်ချုပ်" ပေါ်လစီကိုသုံး၍ စလိုဗက်ကီးယားတွင် ရုပ်သေးအစိုးရထောင်၊ ဘိုဟီးမီးယား နှင့် မိုရေဗီးယားတို့ကို ဂျာမနီ၏ အစောင့်ရှောက်ခံနယ်များအဖြစ် ဖန်တီး လိုက်၏။ ဒုတိယကမ္ဘာစစ်ကြီးအပြီး လူဦးရေ နှစ်ဆတစ်ဆရှိသော ချက်နှင့် စလိုဗက်တို့သည် ချက်ကိုစလိုဗက် ဆိုရှယ်လစ်သမ္မတနိုင်ငံတွင်း တန်းတူ တန်းမျှ ဖြစ်လာကြ၏။

ချက်နှင့် စလိုဗက် ဘာသာတို့သည် အလွန်နီးစပ်ကြသဖြင့် တစ်ဦး စကားတစ်ဦး နားလည်ပြီး အထူး သင်ကြားနေဖို့ မလိုပါ။ အမှန်စင်စစ် ချက် သည် အနှစ် - ၅၀၀ ခန့် စလိုဗက်ကီးယား၏ ရေးစကားဖြစ်ခဲ့၏။ တစ်ဖက် တွင်လည်း Hapsburg ဘုရင်တို့က ၁၈ - ရာစုနှစ် အဆုံးက ချက်ဘာသာကို ကျောင်းများ၊ ရုံးများ၌ တားမြစ်ထားစဉ် ချက်ဘာသာသည် စလိုဗက်ကီး ယားတွင် ခိုလှုံခဲ့ရ၏။

လွတ်လပ်ရေးမရခင် "ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့ စကား" ဟု ကြွေးကြော်ခဲ့ကြသော မြန်မာတို့ထက်ပင် ချက်တို့စလိုဗက်တို့အဖို့ အမျိုးသားစာပေနှင့် စကား ပြန်လည်ပြန့်ပွားရေးသည် အမျိုးသားနိုးကြားရေး အတွက် အရေးကြီးခဲ့၏။ Hapsburg တို့ အနှစ် - ၃၀၀ ခန့် ကြီးစိုးစဉ်က အုပ်ချုပ်ရာဇာနှင့် ပညာတတ်တို့က ဂျာမန်စကား ပြောဆိုကြ၍ ချက်ဘာသာ သည် တောသူတောင်သား လူအများလက်ထဲတွင် ထားခဲ့ရရာ "နိုးကြား သူများ" ပညာရှင်များနှင့် အခြားမျိုးချစ်ပုဂ္ဂိုလ်များက နက်နဲသော အကြံ

www.burmeseclassic.com



အဆတို့ကို ဖော်ပြနိုင်သည့် စကားလုံးတို့ကို တီထွင်ကူးယူခြင်းဖြင့် ချက်ဘာသာ အဆင့်အတန်းကို ပြန်လည် မြှင့်တင်ခဲ့ရ၏။ အလားတူ စလိုဗက်စကားကလည်း မဂ္ဂယာဘာသာ ကြီးစိုးမှုကို ခုခံရင်း ၁၉ - ရာစုနှစ်အလယ်တွင် စာပေစကား ဖြစ်လာလေသည်။ သို့ကြောင့် ၁၃၄၈ - ခုနှစ် ထောင်ချားလ်စ်တက္ကသိုလ်၏ ပါမောက္ခ ချုပ် Jan Hus, နောက်ဆုံး ဘိုဟီးမီးယန်ဂိုဏ်းချုပ် Johannes Amos Comenius "နိုင်ငံ့ဖခင်" သမိုင်းဆရာ Frantisek Palacky စသော အမျိုးသား လူစွမ်းကောင်းတို့သည် အများအားဖြင့် ပညာရှင်များ ဖြစ်ကြ၏။ Masaryk, Benes စသည့် နောက်ပိုင်းခေတ် သမ္မတတို့သည်လည်း တက္ကသိုလ် ပါမောက္ခများ ဖြစ်ကြ၏။

အလားတူပင် ချက်ကိုစလိုဗက်တို့ ဂီတနှင့် အနုပညာ လိုက်စားပုံမှာ အမျိုးသား နိုးကြားရေးတစ်ရပ်ပင် ဖြစ်၏။ လွန်ခဲ့သည့် အနှစ်တစ်ထောင်က St. Adalbert ပြုစုခဲ့သော ဓမ္မတေးနှင့် လွန်ခဲ့သည့် အနှစ် ၇၀၀ က ချက်မင်းသား St. Wenceslas အကြောင်း ဖွဲ့ဆိုခဲ့သော ဓမ္မတေးကို လူအများက နှစ်သက်သီဆိုလွန်းအားကြီး၍ ဟစ်တလာက လူထုလူဝေးနှင့် မသီဆိုရဟု တားမြစ်ခဲ့လေသည်။ ၁၈ - ရာစုနှစ် အတွင်း ဂီတအနုပညာသည် အတော်ထွက်ခဲ့သော်လည်း ပြည်တွင်း၌ အခြေအနေ မပေးသဖြင့် နိုင်ငံခြား ရောက်သွားသူများ၏။ ၁၉ - ရာစုနှစ် အစတွင်မှ ပေါ် ထွက်လာသော Praha Conservatory ၌ စုဝေးမိပြီး ဥရောပ နာမည်ကျော် Bee- thoven, Mozart, Wagner, Liszt, Chopin တို့ပါ လာရောက်ကြ၏။ ဂီတသည် စိတ်နှလုံးကို တုန်လှုပ်စေနိုင်သည်ဖြစ်ရာ နောက်ဆယ်စုနှစ်များအတွင်း အမျိုးသားနိုးကြားရေးတွင် ထိရောက်အရေးပါခဲ့၏။

အနုပညာတွင်လည်း Hapsburg မင်းဆက် ကြီးစိုးစဉ် ပရာဟာမြို့သည် ဥရောပ၏ Baroque ပြခန်းဖြစ်လာသည့် တစ်ဖက်၌ ချက်မူရင်းအနုပညာသည် မြေအောက်ရောက်သွား၏။ နိုင်ငံခြားဘာသာဖြင့် ဖော်ဆိုသော နိုင်ငံခြားယဉ်ကျေးမှု တင်သွင်းလာပြီး ချက်မူရင်း အနုပညာသည် ကဗျာမှအပ ကျေးလက်အနုပညာ ဖြစ်သွား၏။ ယခုမှ ချက်အနုပညာများစွာ ဖွံ့ဖြိုးတိုးတက်လာပြီး Magic Lantern ကဲ့သို့သော ရုပ်ရှင်နှင့်ပြဇာတ်ကို ပေါင်း



ထားသည့် ရာပြည့်ဖြေဖျော်မှုမျိုးကို တီထွင်လေသည်။ အလွန်ဝေးလံသော နယူးယောက် ရုပ်ရှင်လောကတွင် ချက်ကိုစလိုဗက် ရုပ်ရှင်ပွဲတော် ကျင်းပသည်အထိ ကျော်ကြား၍ ရောက်စုံနောက်ခံ၊ ရွှေဖြူဆံရှင် မင်းသမီးတို့ ရေပန်းစားကြ၏။ ရုပ်ရှင်ဇာတ်ကားထဲမှာလိုပင် ပြင်ပဘဝမှာလည်း နုံးစာရေးမ၊ အရောင်းစာရေးမများထက် စက်ရုံအလုပ်သမတို့ကြား၌ အချောအလှ ပိုများလေသည်။

အနုပညာလိုက်စားသူတို့ စက်မှုလက်မှု ရောင်းဝယ်ဖောက်ကားမှုတွင်လည်း ကျွမ်းကျင်လိမ့်မည်ဟု ထင်သူနည်းပါးပေမည်။ သို့သော် သံကျောက်ရိုင်းနှင့် ကျောက်မီးသွေး ပေါကြွယ်သဖြင့် ချက်ကိုစလိုဗက်ကီးယားတွင် စစ်မဖြစ်မီကပင် သံမဏိလုပ်ငန်း ထွန်းကားခဲ့၏။ Pilsener Urquel ဘီယာထွက်သော Pilsen မြို့ တွင် SkodaWorks ရှိရာ ဟစ်တလာ မျက်စိကျ၍ Sudeten ဂျာမန်တို့ကြောင့်ဟု အကြောင်းပြကာ ချက်နိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခြင်းဖြစ်၏။ စစ်ကြိုခေတ် တတိယကမ္ဘာတွင် ချက်မှ Bata ဖိနပ် ရေပန်းစားခဲ့ရာ ကင်ဗတ် (ရွက်ထည်ချုပ်) ဖိနပ်ဆိုလျှင် ဘာတာဖိနပ်ကိုပင် သိကြ၏။

မြန်မာပြည်၏ ငါးပုံတစ်ပုံသာ ရှိသော မြေဧရိယာပေါ်၌ မြန်မာ၏ သုံးပုံတစ်ပုံမျှသော လူဦးရေနေသဖြင့် နိုင်ငံခြား မှ အစားအစာ တင်သွင်းရရာ အစား၏ တန်ဖိုးသိသောကြောင့် အစားကို ကောင်းကောင်းချက်၊ ကောင်းကောင်းစား၏။ ညစာကို စောစော အမြည်းအရက် တစ်ခွက်တိုက်ပြီး အစားကျွေး၏။ ဝက်အူချောင်း၊ ငါး၊ ပြုတ်မုန့်စိမ်းခဲ၊ အသား ဆက်တိုက်ကျွေး၏။ နောက် အချိုနှင့်ကော်ဖီ၊ ထို့နောက် အရက်များများတိုက်ပြီး စကားများများပြော၏။ ညသန်းခေါင်ကျော်အထိ အေးစက်စက် အပေါ် ယံကြော ပျော်သွားပြီး စလဗ်တို့၏ ခင်တတ်မင်တတ်သည့် မူရင်းပုံစံ ပေါ်လာ၏။

ခပ်ပျော့ပျော့ နေတတ်သူဟု အဓိပ္ပာယ်ပေါက်သော ဘိုဟီးမီးယန် နာမည်ရှိသော်လည်း ချက်ကိုစလိုဗက်တို့သည် လူတွေ့ရမှာ ကြောက်သလို နေတတ်ပုံပေါက်၏။ သမိုင်းစိတ်ရှိ၍ ကာလတာရှည်စွာ အနိုင်ခံခဲ့ရသော ကြောင့် ချက်ကိုစလိုဗက်တို့သည် တည်ငြိမ်၍ စိတ်အနည်းငယ် ချဉ်၏။ ဟိုနှင့်အတူ ပြည်ပနှင့် မြေအောက်ထွက်ပြေးခဲ့ရသော ဘာသာစကားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုကို အခြားလူမျိုးများထက် အထူးမြတ်နိုး၏။ သူတို့၏ အမျိုးသာ လူစွမ်းကောင်းများသည် ပညာရှင်နှင့် ပြုပြင်ပြောင်းလဲသူများ ဖြစ်ဖါ သူတို့၏ မိတ်ဆွေရင်းသည် စစ်သည်ကောင်း Schweik ဖြစ်၏။ သူသ မဝ့်စားသော်လည်း အမှန်မှာ ရဲတင်း၏။ အေးဆေးသော်လည်း အမှန်မှ ခေါင်းမာ၏။ စိတ်ပျော့ပုံရသော်လည်း အမှန်မှာ ဟာသစိတ်နှင့် အောက်မြေ ခိုင်သည့် အလိမ္မာရှိ၏။



ကားသည့် ရာပြည့်ဖြေဖျော်မှုမျိုးကို တီထွင်လေသည်။ အလွန်ဝေးလံသော နယူးယောက် ရုပ်ရှင်လောကတွင် ချက်ကိုစလိုဗက် ရုပ်ရှင်ပွဲတော် ကျင်းပ သည်အထိ ကျော်ကြား၍ ရောက်စုံနောက်ခံ၊ ရွှေဖြူဆံရှင် မင်းသမီးတို့ ရေပန်း စားကြ၏။ ရုပ်ရှင်ဇာတ်ကားထဲမှာလိုပင် ပြင်ပဘဝမှာလည်း ရုံးစာရေးမ၊ အရောင်းစာရေးမများထက် စက်ရုံအလုပ်သမတို့ကြား၌ အချောအလှ မိုး များလေသည်။

အနုပညာလိုက်စားသူတို့ စက်မှုလက်မှု ရောင်းဝယ်ဖောက်ကားမှု တွင်လည်း ကျွမ်းကျင်လိမ့်မည်ဟု ထင်သူနည်းပါးပေမည်။ သို့သော် သံ ကျောက်ရိုင်းနှင့် ကျောက်မီးသွေး ပေါကြွယ်သဖြင့် ချက်ကိုစလိုဗက်ကီးယား တွင် စစ်မဖြစ်မီကပင် သံမဏိလုပ်ငန်း ထွန်းကားခဲ့၏။ Pilsener Urquel ဘီယာထွက်သော Pilsen မြို့ တွင် SkodaWorks ရှိရာ ဟစ်တလာ မျက်စိ ကျ၍ Sudeten ဂျာမန်တို့ကြောင့်ဟု အကြောင်းပြကာ ချက်နိုင်ငံကို ဝင် ရောက်သိမ်းပိုက်ခြင်းဖြစ်၏။ စစ်ကြိုခေတ် တတိယကမ္ဘာတွင် ချက်မှ Bata ဖိနပ် ရေပန်းစားခဲ့ရာ ကင်ဗတ် (ရွက်ထည်ချုပ်) ဖိနပ်ဆိုလျှင် ဘာတာ ဖိနပ်ကိုပင် သိကြ၏။

မြန်မာပြည်၏ ငါးပုံတစ်ပုံသာ ရှိသော မြေနေရာပေါ်၌ မြန်မာ၏ သုံးပုံတစ်ပုံမျှသော လူဦးရေနေသဖြင့် နိုင်ငံခြား မှ အစားအစာ တင်သွင်းရရာ အစား၏ တန်ဖိုးသိသောကြောင့် အစားကို ကောင်းကောင်းချက်၊ ကောင်း ကောင်းစား၏။ ညစာကို စောစော အမြည်းအရက် တစ်ခွက်တိုက်ပြီး အစား ကျွေး၏။ ဝက်အူချောင်း၊ ငါး၊ ပြုတ်မုန့်စိမ်းခဲ၊ အသား ဆက်တိုက်ကျွေး၏။ နောက် အချိုနှင့်ကော်ဖီ၊ ထို့နောက် အရက်များများတိုက်ပြီး စကားများ များပြော၏။ ညသန်းခေါင်ကျော်အထိ အေးစက်စက် အပေါ်ယံကြော ပျော် သွားပြီး စလစ်တို့၏ ခင်တတ်မင်တတ်သည့် မူရင်းပုံစံ ပေါ်လာ၏။

ခပ်ပျော့ပျော့ နေတတ်သူဟု အဓိပ္ပာယ်ပေါက်သော ဘိုဟီးမီးယန် နာမည်ရှိသော်လည်း ချက်ကိုစလိုဗက်တို့သည် လူတွေ့ရမှာ ကြောက်သလို မှုန်တေတေပုံပေါက်၏။ သမိုင်းစိတ်ရှိ၍ ကာလတာရှည်စွာ အနိုင်ခံခဲ့ရသော ကြောင့် ချက်ကိုစလိုဗက်တို့သည် တည်ငြိမ်၍ စိတ်အနည်းငယ် ချဉ်၏။ သူတို့နှင့်အတူ ပြည်ပနှင့် မြေအောက်ထွက်ပြေးခဲ့ရသော ဘာသာစကားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုကို အခြားလူမျိုးများထက် တထူးမြတ်နိုး၏။ သူတို့၏ အမျိုးသား လူစွမ်းကောင်းများသည် ပညာရှင်နှင့် ပြုပြင်ပြောင်းလဲသူများ ဖြစ်ပါက သူတို့၏ စိတ်ဓာတ်ရင်းသည် စစ်သည်ကောင်း Schweik ဖြစ်၏။ သူသည် ယုံစားသော်လည်း အမှန်မှာ ရဲဘောင်း၏။ အေးဆေးသော်လည်း အမှန်မှာ ခေါင်းမာ၏။ စိတ်ပျော့ပုံရသော်လည်း အမှန်မှာ ဟာသဉာဏ်နှင့် ထောက်ခြေ နိုင်သည့် အလိမ္မာရှိ၏။

## Gift of The Nile

Of the two factors which mould the national character, environment and history, the former is as simple as the latter is complex, in the case of the Egyptains. Topography of Egypt is easy for a Myanmar to imagine; that is, if he thinks in reverse terms. Whereas the Ayarwady flows from a delta in southern Myanmar, the Nile flows from south to north and forms a delta in northern Egypt. So Upper Egypt means southern Egypt whereas Upper Myanmar means northern Myanmar. Rainfall is another matter which calls for reverse imagination. Whereas parts of Myanmar are among the wettest regions in the world, most of Egypt receives practically no rain during the whole of the year and is in fact covered by desert.

But there is one aspect of economic geography which is common to Myanmar and Egypt and which had a similar impact on their political development. Before the colonization of the delta in recent times cultivation in Old Myanmar was done with the aid of an irrigation network as in Egypt. Since that irrigation network had to be controlled by a central government and could not possibly be left to independent authorities, both of these 'hydraulic societies' more or less skipped the feudalistic stage of political evolution. In the case of Egypt, the small size of the inhabited area and the easy access of the flat land were

www.burmeseclassic.com

www.burmeseclassic.com



additional factors for the unity of government throughout its six millenium of history.

This long unity had blended the people of Egypt in a marked degree of racial homogeneity. No doubt Egypt had received hordes of invaders, from the Persians to the Macedonians to the Romans to the Arabs to the Circassians to the Turks, in its long history. But these conquerors had mostly settled in the cities, only to be eventually submerged by succeeding generations of Egyptan emigrants from rural districts. In this way, Egyptian people have more or less preserved the characteristics of their Pharaonic ancestors upto the present time. Resemblance is no doubt enhanced by the fact that as Cleopatra did two thousand years ago, modern Egyptian women wear the eye-shadow, Revlon in the cities and the kohl in the countryside. Traces of foreign racial elements, notably of the Greeks, the Arabs and the Turks, can be observed only in the larger cities.

Whereas the Myanmar is essentially a rustic, there being only one *myotha* to more than four *Tawthas*, the Egyptian is much more of a city-dweller, the ratio of urban to rural population being as high as three to four. The reason is not far to seek. Egypt's per capita production of cement is sixteen times that of Myanmar, while Egypt's production of timber is negligible compared to Myanmar's abundance of wood and bamboo. Egyptain cities are therefore as impressive as the Egyptian countryside is wretched. The village is a collection of huts of sun-dried mud brick with mud roofs on beams of date palm. Probably the reverse is true of Myanmar. While wooden houses or more commonly the bamboo huts look attractive individually in the spacious and green countryside, their conglomerations in towns are as much an eye-sore as they are a fire hazard.



Inhabitants of the land of pyramids, their age structure is also a broad-based pyramid. Psychologically and historically a very old people, the Egyptians are biologically very young, nearly two-thirds of the population being under thirty. An economic factor which contributes to the high birthrate is widespread cotton cultivation which provides employment for children and turn the child into a financial asset at an early age. The almost obligatory nature of marriage, limited employment opportunities for women, the prestige and legal advantages enjoyed by married women are social factors which lead to a high nuptiality rate. Early marriages, the security against divorce a child affords its mother, as well as frequent divorces and re-marriages tend to increase the chance of child-bearing.

Kublai Khan ကုဗလိုင်ခန်နှင့် Russian Czar ဇာဘုရင်တို့၏ ရေတပ်တို့ကို Kamikaze နတ်မုန်တိုင်းက ချေမှုန်းပေးသဖြင့် သမိုင်းတွင် စစ်တစ်ခါမှ မရှုံးဘူးသော ဂျပန်သည် ၁၉၄၅ - ခုနှစ် ဩဂုတ်လ ၁၅ - ရက်နေ့တွင် အမေရိကန်အကျုံးမြူးကို အရှုံးပေးလိုက်ရလေသည်၊ နောက် အနှစ်အစိတ် တိတိပြည့်သည့် ၁၉၇၀ - ခုနှစ် ဩဂုတ်လ ၁၅ - ရက်နေ့တွင် အင်အားကြီးမားခဲ့သော အမေရိကန်ဒေါ်လာသည် ဂျပန်ယန်းငွေနှင့် ဂျာမန် မတ်(က်) တို့၏ ပူးတွဲတိုက်စစ်ကို မခံရပ်နိုင်ဘဲ ရွှေနှင့် အဆက်ဖြတ် လက်နက်ချခဲ့ရလေသည်။ ၁၉၄၅ - ခုနှစ်နောက်ပိုင်း ဟီရိုဟီတို ဘုရင်ကြီးသည် ဗိုလ်ချုပ်ကြီး Mac Arthur အား SCAP ဌာနချုပ်၌ သွားရောက်တွေ့ဆုံရ၏၊ ၁၉၇၀ - ခုနှစ်နောက်ပိုင်း သမ္မတ Nixon သည် ဗြိတိန်အသွား Alaska ၌ ခေတ္တရပ်နားသော ဟီရိုဟီတိုဘုရင်ကြီးအား သွားရောက်တွေ့ဆုံရ၏။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း တစ်တိုင်းပြည်လုံး ဗုံးကြဲခံရပြီး အစားတော်မွတ်နီးပါးဘဝမှ ပြန်လည်ထူထောင်ရသည့် ဂျပန်သည် အမေရိကန်၊ အီးအီးစီ၊ CMEA တို့နှင့် တန်းတူအင်အားကြီး စီးပွားရေးနိုင်ငံ ဖြစ်လာခဲ့၏။ သိမ်းပိုက်ခဲ့သည့်နယ်မြေတို့မှ ပြန်ရောက်လာသည့် ဂျပန်တို့ပါ ထည့်ပေါင်းလိုက်လျှင် သန်းရာကျော်သွားသည့် ဂျပန်လူမျိုးသည် သဘာဝပစ္စည်း ခေါင်းပါးသည့် ကျွန်းစုကလေးပေါ် နေထိုင်ရင်း ဘယ်လိုနလန်ထူလာခဲ့ပါလိမ့်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် စစ်ကိုနိုင်ငံပေါ်လစီအဖြစ် မသုံးရဟု ပညတ်ထားသော ဂျပန်သည် ဂျာမနီအလားတူ ကာကွယ်ရေး စရိတ်ကျခံဖို့ မလိုဘဲ ရှိသမျှအင်အားကို တိုင်းပြည်ပြန်လည်ထူထောင်ရေးနှင့် စီးပွား

www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးရေးသို့ အားစိုက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု အကြောင်းပြသည်လည်း ရှိ၏။ သို့သော် အကြောင်းရင်းမှာ စစ်လည်းရှုံး၊ တိုင်းပြည်လည်း အသိမ်းပိုက်ခံရသဖြင့် ခပ်ရှက်ရှက်နှင့် ဂျပန်တို့သည် ၎င်းတို့၏ ပြင်းထန်သော မျိုးချစ်စိတ်ကို စီးပွားရေးပြိုင်ဆိုင်ရေးသို့ ဇောက်ချ၍ လူမျိုးမျက်နှာကို ပြန်ဆယ်ခြင်းဖြစ်၏။ ၎င်းတို့အတွက် သမိုင်းကို ပြန်ဖော်ခြင်းသာ ဖြစ်၏။ Tokugawa ခေတ်က Samurai ဆာမူရိုင်တို့ ဂျပန်ပြည်ကို ပိတ်ထားသည်ကို အမေရိကန် Commodore Perry ၏ သင်္ဘောနက်ကြီးများက ဖွင့်လိုက်ရာ ဂျပန်၏ Ricanissance ပြန်လည် မွေးဖွားခြင်း ဖြစ်သော Meiji Restoratin မေဂျီနန်းတော် ပြန်လည်တည်ဆောက်ရေးကာလတွင် ရာထူးပြုတ်သွားသော ဆာမူရိုင်းတို့သည် ၎င်းတို့၏ ဘုရှိဒိုစိတ်ဓာတ်ကို စက်မှုလက်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းတို့သို့ ဇောက်ချခဲ့ဖူးပါသည်။

သို့သော် ယင်း economic miracle အံ့သြဖွယ်စီးပွားရေး အောင်မြင်မှုနောက်ဘက်တွင် ဂျပန်လူမျိုးတစ်ဦးစီက မည်မျှ အနာခံခဲ့ရမည်နည်း။ မခံရပ်နိုင်ဖွယ်ရာတို့ကို ကြံ့ကြံ့ခံခြင်း၊ အထက်အမိန့် အမြဲမသွေ လိုက်နာခြင်း၊ စက်ရုံစည်းကမ်း လိုက်နာခြင်း၊ ကုန်သွယ်မှု ပြိုင်ဆိုင်ခြင်း စသည့် အရည်အချင်းတို့သည် ပြင်ဘက်မှနေ၍ ချီးမွမ်းဖွယ်ရာဖြစ်သော်လည်း အထဲမှ ပုဂ္ဂိုလ်တစ်ဦးစီအတွက် မိမိလိုရာ ကိုယ်စားအများအကျိုးကို ဦးစားပေးရသည့် ခံစားမှုမှာ မည်မျှ ကြီးမားပေလိမ့်မည်နည်း။ စစ်ရေးပြသည့်အခါ ယခင် ဂျာမန်စစ်တပ်၊ သို့မဟုတ် ယခု ရုရှားစစ်တပ်၏ goose-step ခြေဆန့်လမ်းလျှောက်နည်းဖြစ်စေ၊ ဗြိတိသျှ နန်းတော်စောင့် တပ်လဲလှယ်နည်း ဖြစ်စေ၊ ပရိသတ်အဖို့ ကြည့်၍ကောင်းသော်လည်း တပ်သားတို့အဖို့ကား လွယ်မည် မဟုတ်ပါ။ သို့ကြောင့် ယာမာတိုတစ်ဦး နေရာထဲ ဝင်ကြည့်ကြရအောင်။

မြန်မာပြည်မှာကဲ့သို့ ဂျပန်တစ်ဦး၊ အထူးသဖြင့် ယောကျ်ားကလေးတစ်ဦးအတွက် ကလေးဘဝသည် ပျော်စရာအကောင်းဆုံး အချိန်ဖြစ်၏။ သားကြီးသြရသ ဖြစ်ပါက ဘိုးဘေးဘီဘင် ဆွေမျိုးနာမည်ကို မျိုးဆက်ရမည့်သူအဖြစ် မင်းတရားကလေးသဖွယ် အပြုစုခံရ၏။ အကြီးဆုံး မိန်းကလေးဖြစ်၍ အစ်ကိုနှင့် မောင်များမရှိလျှင် သူသည်လည်း အရေးကြီး၏။ အကြောင်းမှာ သူ့ယောကျ်ားကို ဆွေမျိုးထဲ မွေးစားလိုက်ပြီး ၎င်းက ဆွေမျိုးနာမည်ကို မျိုးဆက်ပေးရမည် ဖြစ်သောကြောင့်။ သို့ကြောင့် နောင် ဂျပန်



ဝန်ကြီးချုပ်နှစ်ဦး ဖြစ်လာသည့် ညီအစ်ကိုအရင်၊ နှစ်ယောက်သည် တစ်ယောက်က ကိရှိ၊ နောက်တစ်ယောက် ဆာတိုး ဖြစ်နေ၏။

စစ်ကြိုခေတ် ဘူရှာဆွေမျိုးမှ ဂျပန်ကလေးအတွက် rat race ဘဝ အပြေးပြိုင်ပွဲသြည် အသက် ၁၁ - နှစ်၌ စ၏ (အင်္ဂလိပ်ကလေး၏ eleven plus နှင့် အလားတူ)။ ပန်းတိုင်မှာ Imperial Universities ဘုရင့်တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ယူ၍ အစိုးရရာထူးရရန် ဖြစ်၏။ တိုကျိုက နာမည်အကြီးဆုံးဖြစ်၍ ကျိုတိုက ဒုတိယလိုက်၏။ (စစ်ဘက်လိုက်သူတို့အဖို့ ဘုရင့်စစ်တက္ကသိုလ်ဝင်ဖို့လို၏။) ဘုရင့်တက္ကသိုလ်သို့ ဝင်ရန် နံပါတ်ပါသော အထက်တန်းကျောင်းတစ်ခုခု (ပုံစံအားဖြင့် တိုကျိုရှိနံပါတ် (၁) ကျောင်း၊ ကျိုတိုရှိ နံပါတ် (၃) ကျောင်း စသည်) မှ အောင်ရမည်။ ယင်းနံပါတ်ကျောင်းများသို့ ဝင်နိုင်ရန် အလယ်တန်းကျောင်းကောင်းတစ်ခုမှ အောင်ရမည်။ သို့ကြောင့် ဘဝ၌ အောင်မြင်ချင်သော ဂျပန်လူငယ်သည် အင်မတန် မှတ်ရန်ခက်ခဲသော တရုတ်စာလုံးများ အပါအဝင် ဂျပန်စာတို့ကို ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း ထိုနေရာနှစ်ခုအကြား လျှပ်စစ်ဓာတ် မီးရထားထဲ၌ လည်းကောင်း ကျက်မှတ်ရပေမည်။ သို့နှင့် ဂျပန်လူငယ်သည် များမကြာမီ မျက်မှန်တပ်ဆင်ရ၍ မျက်မှန်ပါဝါမှာလည်း တစ်တန်းလျှင် တစ်ဆင့်တိုးလာပေမည်။ သို့ကြောင့် ဂျပန်နှစ်ယောက်တွင် တစ်ယောက်က မျက်မှန်တပ်သည်ဟု နိုင်ငံခြားသားတို့က ဆို၏။

ပညာရေး ထိပ်တန်းရောက်သည်မှာ တစ်ဒါဇင်၊ နှစ်ဒါဇင်မှ တစ်ယောက်ဖြစ်သဖြင့် ကျန်ခဲ့သူများ မည်မျှ ခံစားရမည်ကို တွေးကြည့်လို့ရ၏။ ၎င်းတို့အနက် စိတ်ထက်သူတို့၏ ပြဿနာဖြေရှင်းနည်းမှာ အာဆာမာ မီးတောင်ထိပ်ပေါ်မှ ခုန်ချခြင်းဖြစ်၍ တောင်ကမ္ဘားတွင် တောင်တက်စီးကောက်ရိုးဖိနပ်တို့ကို တွေ့ရှိနိုင်၏။ ထိုထက် ရင်ကွဲဖို့ကောင်းသည်မှာ စာမေးပွဲ အောင်ပြားသော်လည်း စာကျက်လွန်၍ အဆုပ်ရောဂါရသူတို့ ဖြစ်၏။ သို့ကြောင့် အဆုတ်ရောဂါ ကာကွယ်ဖို့လားမသိ၊ ကျောင်းသားလူငယ်များအကြား ချည်မျက်နှာဖုံးတပ်ထားသူ အတော်များပြား၏။

အောင်မြင်သူ အနည်းငယ်အတွက်ကား အကျိုးအမြတ် များလှပေသည်။ အစိုးရယန္တရားအတွင်း တစ်ဆင့်တစ်ဆင့် မှန်မှန်တက်သွားပြီး လမ်းတွင် မိန်းမချော၊ သူဌေးသမီးကို လက်ထပ်နိုင်၏။ ကျောင်းသားအ

www.burmeseclassic.com



၌ပင် ဥပမာ ကျိုတိုတက္ကသိုလ်ကျောင်းသားသည် မင်းကတော်ဖြစ်လိုသော Gion ရပ်ကွက်မှ Maiko နှင့် Geisha တို့ထံမှ ပတ်စားပေးခြင်း ခံရ၏။ သို့ကြောင့် ကျိုတိုတက္ကသိုလ် ဝင်သော်လည်း Gion တက္ကသိုလ်ဘွဲ့ယူသည်ဟု ပြောစမှတ်ပြု၏။ ၎င်းတို့အထဲမှ လူတော်တစ်ဦးက အမြဲတန်း အတွင်းဝန် ဖြစ်သွားသောအခါ ကျန်သူ့အတန်းသားအားလုံးက မျက်နှာကိစ္စကြောင့် ရာထူးမှ နုတ်ထွက်ကြရာ ၎င်းတို့ကို ကုမ္ပဏီအသီးသီးတွင် ဒါရိုက်တာ ခန့်ပေး၏။ အသက်ပြည့်၍ဖြစ်စေ သို့မဟုတ် အသက်မပြည့်ခင်ဖြစ်စေ အငြိမ်းစားယူသော အစိုးရအရာရှိတို့ကို ၎င်းတို့၏ အစိုးရတွင်း အဆက်အသွယ်တို့ကြောင့် ပုဂ္ဂလိကကဏ္ဍက ဝမ်းပန်းတသာ ကြိုဆိုကြ၏။ နိုင်ငံရေးပါတီတို့ကလည်း ၎င်းတို့၏ အုပ်ချုပ်ရေးအတွေ့အကြုံကြောင့် အလားတူ ကြိုဆိုကြ၏။

အစိုးရထဲ၌ဖြစ်စေ၊ ကုမ္ပဏီ၌ဖြစ်စေ အရာရှိကြီးတစ်ဦး၏ အလုပ်ပြီးသည့်အချိန် အိမ်မပြန်ရသေးဘဲ ဂေရှာအိမ် သို့မဟုတ် ညကပွဲ၌ လုပ်ငန်းဆက်ရသေးသည်။ အကြောင်းမှာ ရုံးခန်းမှာထက် ၎င်းနေရာတို့က လုပ်ငန်းစေ့စပ်ဆွေးနွေးရန် ပိုသာယာသည်ဟု ယူဆသောကြောင့် ဖြစ်၏။ ဂေရှာတို့၏ လုပ်ငန်းကို နားမလည်သော နိုင်ငံခြားသားတို့က အထင်မှားကြ၏။ အမှန်မှာ ၎င်းတို့၏ တာဝန်မှာ အလုပ်လွန်စိတ်တိုနေသော အရာရှိကြီးများ စိတ်ပြေစိတ်ကောင်းအောင် ပြုစုရန်ဖြစ်၏။ ၎င်းတို့အတွင်း ဆက်ဆံမှု မည်သို့ပင်ဖြစ်စေ လင်ယောကျ်ား ပြန်မရောက်မချင်း အိမ်၌ ထိုင်စောင့်နေရသော ဇနီးသည်အဖို့ကား မစားသာပေ။ သို့ကြောင့် သွားစရာမရှိ၍ လင်ယောကျ်ားရုံးမှ အိမ်သို့ တိုက်ရိုက်ပြန်လာသော ရန်ကုန်နှင့် အလားတူမြို့တော်များကို ဂျပန်ဇနီးသည်တို့က အလွန်နှစ်မြို့ကြ၏။

ရှေးဂျပန်တွင် မိန်းမတစ်ယောက်သည် သူ့ဘဝ၌ အရှင်သုံးဦး ရှိသည်ဟုဆို၏။ ငယ်စဉ်တွင် ဖခင်၊ အိမ်ထောင်သည်ဘဝတွင် လင်ယောကျ်ား၊ မုဆိုးမဘဝတွင် သားကြီးဩရသ။ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု၌ ရုပ်ရည်ချောမောသော မိန်းကလေးသည် ငယ်ရွယ်သော မောင်နှမတို့အား ဖြစ်စေ၊ အိုမင်းမစွမ်းသော မိဘတို့အားဖြစ်စေ ကြည့်ရှုထောက်ပံ့နိုင်ရန် နှစ်များစွာ Maiko ကချေသည်ဖြစ်ရန် လေ့ကျင့်ပြီး ထိုမှတစ်ဆင့် Geisha (တတ်ကျွမ်းသူဟု အဓိပ္ပာယ်ထွက်) ဖြစ်လာ၏။ နောက်ပိုင်းခေတ်တွင်ကား ထိုမျှ



စိတ်မရှည်တော့ဘဲ အကသင်ခန်းစာ အနည်းငယ်ယူပြီး ညကပွဲရုံ၌ အငှားကသူအဖြစ် ဝင်ရောက်အလုပ်လုပ်ကြ၏။ သို့ကြောင့် Gion ရှိသော ကျိုတို၌ပင် Maiko ကချေသည် ရှားပါးလှ၍ တစ်ညထဲ၌ ထမင်းစားပွဲတစ်ခုမှ နောက်တစ်ခုသို့ လိပ်ပြာမယ်ကလေးများပမာ ကူးသန်းကပြကြ၏။

ရှေးဂျပန်တွင် ဘူရှိဒိုနောက်လယ်သမားနှင့် ကုန်သည်အရင် အလေးပေးခံရသော လယ်သမားတို့၏ ဝီရိယကြောင့် ဂျပန်ပြည်တွင် အစားဖူလုံသွားပြီ ဖြစ်သော်လည်း နေစရာမြေ ကျဉ်းမြောင်းရသည့်အထဲ လေထုရေထုပြဿနာက ပေါ်ရသေး၏။ နေရာကျဉ်းမြောင်းမှုကြောင့် ဂျပန်တို့သည် သဘာဝမြတ်နိုးမှုကို ဂျပန်ဥယျာဉ်၊ အသေးစားလက်ရာများ Ikebana ပန်းထိုးပညာတို့ဖြင့် ဖော်ပြကြ၏။ ကျဉ်းမြောင်းမှုကို ပြည်တွင်းပြည်ပ ခရီးသွားခြင်းဖြင့် ကျော်လွှားကြ၏။ သို့ကြောင့် နိုင်ငံခြားဈေးဆိုင်တို့၌ ဂျပန်စာဖြင့် ပစ္စည်းတို့ကို ဖော်ပြရေးသားကြ၍ ပါရီကဲ့သို့သော လေယာဉ်ဆိပ်တို့၌ ဂျပန်လိုပြောသော ကောင်တာတို့ကို ဖွင့်ပေးထား၏။

စစ်ကြိုခေတ်က ဂျပန်ပြည်၌ လုပ်သည်ဟု ကမ္ပည်းထိုးထားလျှင် အပေါစားဟု အထင်သေးခံခဲ့ရသော်လည်း ယခုအခါ၌ ဂျပန်ပစ္စည်းတို့သည် ကမ္ဘာ့ဈေးကွက်၌ မျက်နှာပန်းလှနေ၏။ စီးပွားရေးအောင်မြင်သော ဂျပန်သည် သူ၏ဥစ္စာနေကို မည်သို့သုံးသည်ကို စောင့်ကြည့်ရပေမည်။ ဂျပန်သမိုင်းကို တစ်ဘက်အစွန်းမှ နောက်တစ်ဘက်အစွန်းသို့ သွားသော နာရီချိန်သီး swing of the pendulum နှင့် တူသည်ဟု ဆိုကြ၏။ မိမိထက်သာသော တိုင်းတစ်ပါးမှ ယဉ်ကျေးမှု (တရုတ်၊ ကိုရီးယား၊ ဥရောပ၊ အမေရိကန်)ကို သွင်းယူသောကာလ (total abosrption period) လည်းရှိ၍ ယင်း ယဉ်ကျေးမှုတို့ကို ပြည်တွင်းဖြစ်လုပ်သည့်ကာလာ (total assimilation period) လည်းရှိ၏။ အတုခိုးသည့်ကာလတွင် ဂျပန်တို့သည် တောင်အာဖရိကလို apartheid နေရာ၌ လူဖြူလုပ်ခဲ့သည်မှာ သိပ်မသင့်တော်ခဲ့။ ကိုလိုနီထောင်သည့်ကာလ စစ်ဖြစ်သည့်ကာလတို့တွင် ဂျပန်စကား၊ ဂျပန်ယဉ်ကျေးမှုတို့ကို အတင်းရိုက်သွင်းသည်မှာလည်း မှုမမှန်ခဲ့။ အနာဂတ်တွင် မဇ္ဈိမပဋိပဒါကို ကျင့်သုံးလိမ့်မည်ဟု မျှော်လင့်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## The Peninsulares

While it is obvious that the British called Malaya and Singapore the Straits Settlements after the Malacca Straits, it is still a mystery, at least to the author why they were known to the Myanmars as Pashu Peninsula (ပသျှူးကျွန်းဆွယ်)။ Even more mystifying is the apellation of Free Masons in Myanmar as the Pashu Headhun'ers Association. (ပသျှူးခေါင်းဖြတ်အသင်း)။ A less terrifving and much more edible item of peninsular origin is the Pashu noodles (ပသျှူးခေါက်ဆွဲ), on sale, at the Chinese restaruants in Yangon.

One suspects that the popular Myanmar reference is to the Malaysian Chinese rether than the Malaysi proper --- especially those Chinese families commuting pre-war between Yangon, Penang and Singapore, the most prominent among them being the Tiger Balm King.

The racial composition of Malaysia is evenly divided between Malays and Chinese, with a sizeable Indian community, mostly of Tamil origin. On the other hand the island state of Singapore is about 90 per cent Chinese, about 10 per cent Indian, with a small Malay community living in the outskirts of the city.

The Malay Peninsula is rubber country, a train journey from Bangkok to Singapore being the most con-



vincing proof of it. Rubber needs a moderate but year round rainfall which can however be very monotonous to human inhabitants. Equally visible, but only form the air, are the open tin mines in the South, producing the second most important export commodity. Life on plantations and at the mines is therefore the most common type of experience for the majority of workers although there is now rapod industialization and IT products and oil figure prominenly among exports. An importer of labour, Malaysia tries to be a financial centre like Signapore.

As for the multi-racial elite, British educational influence remains strong as a cementing tie, Malaysia being the most recent South-east Asian country to declare its independence. Nowhere else will you find so many barristers-at-law in positions of power as in Malaysia. However, partly as a result of Colombo Plan, nearby Australia is now fast supplanting far away Britain as a favourite seat of learning for Malaysian students. A spirit of compromise and practicality prevails in the administration, its culmination being found in the rotating kingship among the former Sultans. In fact Malaysia is a place where Guinness is still good for you.

Malay is a simple sonorous language, the easiest among South-east Asian tongues for foreigners to pick up. Also spoken by Indonesians, disparities between Malaysian and Indonesian Bahasa spellings-- legacies of the differing colonial systems-- are now in the process of being eliminated. Malay ranks with Arabic after Chinese, Indian and Japanese as numerically the most important Asian tongue. Add to this its basic simplicity and its romanization and it is bound to become the most important South-east Asian language of the future.

Malay character is no mystery to the Myanmar, both being of the same Mongoloid extraction. Both are tol-

www.burmeseclassic.com

www.burmeseclassic.com



erant, generous and fun-loving types although they can also be religious - Moslem in the case of the Malay and Buddhist in the case of the Myanmar, However both can flare up at a sense of being deceived or wronged and can be quick at the draw, the dagger in the case of the Malay and the *dah* in the case of the Myanmar.

Essentially a non-economic administrative type like the Myanmar, the Malay is fond of being a bureaucrat. More fond of tinkering with machines than with people, the Malay like the Maynamr is a good mechanic and a superb driver. A caneball player like the Myanmar, the Malay is a dedicated soccer fan, from the Prime Minister downwards, as evidenced by the annual Merdeka tourney.

Like the Myanmar, the Malay is fond of colour and festivity. Sarong kebaya in various bues and patterns is as graceful as the male ceremonial dress in black and deep colours is elegant. A Malay wedding ceremony is as much a splash of colours as its Myanmar counterpart.

Happily the qualities of the Malays are complemented by those of the Malaysian Chinese. Multi-racial Malaysia is truly Asia.

## ကျွန်းဆွယ်သားများ

Malacca Straits မလက္ကာ့ရေလက်ကြားကိုစွဲ၍ ဗြိတိသျှတို့က မလေးယား နှင့် စင်္ကာပူကို Straits Settlements ဟုခေါ်ကြောင်း ထင်ရှားသော်လည်း မြန်မာတို့က အဘယ်ကြောင့် ပသျှူးကျွန်းဆွယ်ဟုခေါ်ကြောင်း မရှင်းလင်းပါ။ ပိုမရှင်းလင်းသည်မှာ Free Masons တို့ကို ပသျှူးခေါင်းဖြတ်အသင်းဟု ခေါ်ခြင်းပင်။ ရန်ကုန်ရှိ တရုတ်စားသောက်ဆိုင်တို့၌ရောင်းသော ပသျှူး ခေါက်ဆွဲကား လူသိပိုများပါသည်။ ယခင်က မြန်မာတို့အနေဖြင့် ဘူမိပုတ္တရ ဟုတွင်သော မလေးရှားတိုင်းရင်းသားတို့ထက် ရန်ကုန် - ပီနန် - ကွာလာလမ်ပူ - စင်္ကာပူအတွင်း ကူးသန်းသွားလာနေကြသော မလေးရှားတရုတ် တို့ကို ပိုသိခဲ့ကြ၏။ ဥပမာအားဖြင့် ကျားဘမ်းသူဌေးဆွေမျိုးစု။

မလေးရှား လူဦးရေမှာ မလေးတစ်ဝက်၊ တရုတ်တစ်ဝက်၊ တမီလ် အနည်းငယ် ပါဝင်၏။ စင်္ကာပူ လူဦးရေမှာ တရုတ် ၉၀ ရာနှိုင်းနှုန်းခန့်၊ အိန္ဒိယ လူမျိုး ၁၀ ရာနှိုင်းနှုန်းခန့်၊ မြို့စွန်မြို့ဖျားနေ မလေးအချို့တို့ ဖြစ်၏။ ဒုတိယ ကမ္ဘာ စစ်ကြီးအထိ မလေးကျွန်းဆွယ်မှာ ကြက်ပေါင်စေးတိုင်းပြည် ဖြစ်ခဲ့၏။ စစ်အတွင်း ယိုးဒယားမှ စင်္ကာပူအထိ မီးရထားစီးရာ၌ တွေ့ခဲ့ရ၏။ ကြက် ပေါင်စေးပင်သည် တစ်နှစ်လုံး အနည်းငယ် မိုးရွာသည့် ရာသီဥတုကို ကြိုက် ၏။ လူတို့အတွက်ကား မစားသာ၊ ငြိုးငွေ့စရာ။ ဒုတိယပိုင်းကုန်မှာ ခဲမဖြူဖြစ် ၍ မလေးရှားတောင်ပိုင်းရှိ ခဲမဖြူကျင်းတို့ကို လေယာဉ်စီးလျှင် ပိုမို ထင်ရှား စွာ တွေ့ရ၏။ ထိုအခါက အလုပ်သမား အများစုမှာ ရော်ဘာခြံနှင့် ခဲမဖြူ ကျင်းတို့၌ လုပ်ကိုင်ခဲ့ရသော်လည်း စစ်ပြီးခေတ်တွင် မလေးရှားသည် စက်မှု လက်မှုလုပ်ငန်းများစွာ တည်ထောင်ပြီး၍ အခြေအနေများစွာ ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



သွားပေပြီ။ ပို့ကုန်လုပ်ငန်းတွင် IT အိုင်တီလုပ်ငန်း၊ ရေနံလုပ်ငန်းများစွာ ပါဝင်၍ စင်္ကာပူနှင့်တန်းတူ ဘဏ္ဍာရေးဗဟိုဖြစ်ရန် ကြိုးစားလျက်ရှိ၏။ လူဦးရေနည်း၍ နိုင်ငံခြားလုပ်သားများ သွင်းရ၏။

ဗြိတိသျှကိုလိုနီဟောင်းအဖြစ် မလေးရှား ပညာတော်သင်တို့သည် ဗြိတိန်နိုင်ငံသို့ အသွားများခဲ့၏။ (မလေးရှားအစိုးရတွင် ဝတ်လုံတော်ရဘွဲ့ရသူတို့ အထူးများပြားသည်။) မလေးရှားအစိုးရ၏ ဘူမိပုတ္တရတို့ကို ဦးစားပေးသည့် ပေါ်လစီကြောင့် တက္ကသိုလ်၌ နေရာမရသော တရုတ်နွယ်ကျောင်းသားတို့သည် နိုင်ငံခြားသွားရောက်ကြရာ တစ်ခါက ဗြိတိန်နိုင်ငံရှိ နိုင်ငံခြားကျောင်းသားများအနက် မလေးရှားမှ အများဆုံး ဖြစ်ခဲ့၏။ ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာက နိုင်ငံခြားကျောင်းသားများ၏ ကျောင်းလခကို မြှင့်တင်လိုက်သည့်အခါ မလေးရှားဝန်ကြီးချုပ်မဟာသီယာက စိတ်ဆိုးပြီး ပညာတော်သင် အများအပြားကို အမေရိကန်နှင့် ဩစတြေးလျသို့ ပို့ခဲ့၏။

မလေးစကားသည် သာယာ၍ အရှေ့တောင်အာရှ စကားများအနက် အလွယ်ကူဆုံး ဖြစ်၏။ အင်ဒိုနီးရှားတို့သည်လည်း မလေးစကားပြောရာ သမိုင်းအမွေအဖြစ် ခြားနားချက်တို့ကို ဖယ်ရှားဆဲဖြစ်၏။ အာရှစကားများအနက် တရုတ်၊ အိန္ဒိယ၊ ဂျပန်တို့ပြီးလျှင် အာရပ်စကားနှင့် တန်းတူ ပြောသူအများဆုံးဖြစ်၏။ သဒ္ဒါကလည်း လွယ်၊ ရောမအက္ခရာဖြင့်လည်း ရေးနိုင်ရာ မလေးဘာသာသည် အနာဂတ်တွင် အရှေ့တောင်အာရှ၏ အရေးကြီးဆုံး ဘာသာစကား ဖြစ်လာဖွယ်ရာရှိ၏။

မွန်ဂိုလွိုက် မျိုးနွယ်ချင်းဖြစ်၍ မြန်မာတို့အဖို့ မလေးသဘာဝကို နားလည်ဖို့ မခက်။ နှစ်ဦးစလုံး ရက်ရက်ရောရော၊ အေးအေးဆေးဆေး၊ ပျော်ပျော်ရွှင်ရွှင် နေတတ်သော်လည်း ဘာသာရေးလည်း ကိုင်းရှိုင်း၏။ မလေးက မူဆလင်၊ မြန်မာက ဗုဒ္ဓ ဘာသာ။ သို့သော် အလိမ်ခံရပြီ၊ အစော်ကားခံရပြီထင်လျှင် နှစ်ဦးစလုံး ရှူးရှူးရှဲရှဲ ဖြစ်တတ်သည်။ မလေးက ဓားမြှောင်ထုတ်၊ မြန်မာက ဓားထုတ်၏။

နှစ်ဦးစလုံး စီးပွားကုန်သွယ်ရေးထက် အုပ်ချုပ်ရေးတွင် ဝါသနာပါ၏။ ဆက်ဆံရေးထက် စက်ပြင်ပိုဝါသနာပါ၏။ သို့ကြောင့် နှစ်ဦးစလုံး ယာဉ်မောင်းကျွမ်းကျင်၏။ နှစ်ဦးစလုံး ခြင်းလုံးခတ်၍ ဘောလုံး ဝါသနာပါ၏။ ဝန်ကြီးအဆင့်အထိ ဝါသနာပါ၍ အစိုးရက နှစ်စဉ် မာဒေးကားဘောလုံးပြိုင်ပွဲ ကျင်းပပေး၏။



မြန်မာကဲ့သို့ မလေးသည် ပွဲလမ်းအလှအပ ကြိုက်၏။ မလေးအမျိုးသမီး တို့၏ ရောင်စုံ sarong kebaya သည် လှပ၍ မလေးယောကျာ်းတို့၏ အနက်အရင့်ရောင် အဝတ်အစားသည် ခန့်ညား၏။ မလေးမင်္ဂလာဆောင်သည် မြန်မာနည်းတူ ရောင်စုံလွှမ်းဝေဆာ၏။ မလေးပြည်နယ်ဦးစီး Sultan စော်ဘွားတို့ကို အလှည့်ကျ ဘုရင်တင်မြှောက်အုပ်စိုးစေရာ တော်ဝင်ပွဲလမ်းတို့မှာ ခန့်ညားတင့်တယ်၏။

မလေးသဘာဝ မလေ့တို့ကို ဖြည့်စွမ်းပေးနေသည်မှာ တရုတ်၊ ဇီနိုယ နှင့် စီး ပွားရေး စွမ်းဆောင်မှုပင်ဖြစ်၏။ တစ်ဖက်တွင်လည်း မလေးတို့အကြား နေထိုင်ရင်း မလေးသဘာဝမလေ့ ကူးစက်သော တရုတ်လူမျိုးတို့သည် မြောက်ပိုင်းနေ ဟောင်ကောင်သားတို့ထက် ပိုသဘောကောင်း၊ ဆက်ဆံရေး ပိုလွယ်ကူလေသည်။ လူမျိုးစုံ၊ ဝတ်စုံ မလေ့ဖြစ်၍ ရုပ်မြင်သံကြား၌ ကြော်ငြာသလို Malaysia Truly Asia ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## Suddenly Last Summer

Before 1933 no one had heard of Pakistan because it was only then that the name was invented by one Choudhri Rahmat Ali at Cambirdge. The word has a double meaning. It can mean 'land of the pure'; also the letters in it indicate some of the intended provinces of the new Muslim state --- Punjab Afghan (ie Panthan for North-West Frontier province), Kashmir, Sind and Baluchistan.

And before 1922 no one knew that the site of the new state-to-be was also one of the oldest cradles of civilization, because it was only then that the two buried cities of Mohenjodaro and Harappa, 400 miles apart along the banks of the Indus River, were discovered by archaeologists. Originating about 2500 BC, -- this Indus Valley culture maintained for about a thousand years an amazingly high standard of urban life. Each city was dominated by a fortress and had wide streets and narrow side-lanes flanked by houses of baked brick two or three storeys high, built around courtyards, 'There were temples, granaries, punlic baths as well as municipal and household drainage systems.

But as suddenly as it appeared fully grown, without any preceding adolescent period, before the startled eyes of the archaeologists, this Harappan civilization vanished one day. Judging by the grotesquely twisted



skeletons clutcing valuables, as of persons caught and slautghtered while fleing before a foe, unearthed in Mohenjodaro, the city must have been stormed and set to fire by some invaders--probably the tall, pale-skin-ned blue-eyed Aryan-speaking newcomers from Central Asian uplands.

Then followed a historical blank of about a thousand years-- the dark millenium to the baffled arcaeologist--until the arrival of Persian Power--personified by Alexander the Great of Macedon. And soon after him came the great Asoka of the Mauryan dynasty, retaining Taxila as the provincial capital and bringing Buddhist learning to its precursor of universities (တက္ကသိုလ်) Here again, as at Mohenjodaro, the end came by violence. The White Huns swept down from Central Asia in the fifth century AD and put Taxila and its Buddhist monasteries to fire and the sword.

A thousand years after Asoka came another conqueror bringing another faith. This time it was an Arab-- Mohammed ibn Quasim -- who invaded Sind to protect Arab trading and seafaring interest in the pirate-infested coast of Sind. If his invasion was accidental, its consequence was of great moment because he brought Islam with him. While Islam's foothold on the Sub-continent thus established in Sind was maintained, its expansion came only 300 years later when power within the Muslim world had largely passed from Arab hands to Turkish, So it was under the Turkish chiefs of Ghazni and Ghur, and of the Dehli sultanate that Islam spread by various means, first to Punjab and later to other parts of India,'Further expansion took place under Moghul rule beginning with Babul in 1528 and ending with Bahadur Shah Zafar in 1858 when he was exiled by the British to Yangon.

www.burmeseclassic.com

www.burmeseclassic.com



Although the world Moghul is a variant of Mongol, the Moghuls were not Mongols but Turks, though they might have had some Mongol blood as suggested by portraits of Akbar.His efforts to harmonize the two antagonistic social systems of Hindu and Moslem failed, as did Aurangzeb's reversal of Akbar's secularist policy and reinstatement of Muslim supremacy.

When Mohgul rule in India was finally ended by the British, the Muslims found themselves abruptly relegated from first to third position, the second place going to the Hindus who had no recent privileged past to be nostalgic about, Christian proseyltization alarmed Moslem believers whereas Hindus regarded it with equanimity, certain in the knowledge that Christian zealots could eventually be turned into a new Hindu caste. Substitution of English for Persian, the official language under the Moguls, reduced many learned Muslims to the status of near illiterates. On top of all this, the British considered the Sepoy Mutiny of 1857 mainly Muslim-instigated and the subsequent retribution such as the confiscation of land bore much more hardly n Muslims than on Hindus.

Muslim reaction to all this was to sulk and with draw themselves into Urdu poetry or a more meticulous religious practice. In spite of Sir Sayed Ahmed Khan's efforts to draw them out of their shell, including the founding of the Anglo-Oriental College, later to become the famous Muslim University of Aligarh, the Muslims were left behind the Hindus in the race for modernity, on the eve of the departure of the British Raj.

Outnumbered by three to one and outdistanced even more in the apparatus of mosemity by the Hindus, Muslims of India under Mohanmed Ali Jinnah opted for partition in 1947. At the time of partition which came suddenly even to the Muslims, Pakistan was extremely



short of men trained in banking and finance, commerce and technology. In the civil service, for example, there were only four Joint Secretaries, whereas India had several fullfledged Secretaries. While India inherited a well established imperial secretaritat in the capital city of Delhi, Pakistan government had to start in war-time hutments in karachi without telephones or type-writers. Moreover, almost all the large industrial plants and most of the mines happened to be in Hindu-majority areas which went to India under the boundary awards. Add to this the turmoil pf partition involving an exodus of 6 million Hindus and an influx of 7 million Muslims following communal riots in Punjab and other places taking a toll of half-a-million deaths and 2 million casualties, one can easily imagine what a miracle it was after all that the young state survived.

But survive she did, thanks to a traditionally efficient army and an inspired corps of officials and professionals. With the removal of non-Muslim competiton, the native entepreneurial class forged ahead with agricultural expansion and rapid industrialization. Behind them were the hard-working, ever patient masses, proud to be members of the largest Muslim state in the world.

So the modern Pakistani was motivated by this competitive spirit -- to be on a par with a larger and more powerful neighbour. Keeping up with the Indian Joneses shows itself most noticeably in the international arena. Every Indian participation and representation in international affairs had to be matched by a Pakistani one. This meant that the ordinarily fun-loving Pakistani official or delegate had to work doubly hard while his other more care-free neighbours could afford to relax. But this long-standing rivalry eventrually engendered a mutual understanding and eveen respect between the officials of these

www.burmeseclassic.com

www.burmeseclassic.com



two activist Asian nations. When their official briefs produced a confrontation to a degree which would certainly invite ridicule from others, they would lapse into Urdu or Hindustani (they sound the same secret language to foreigners any way) and a compromise would soon emerge. When secret voting for election of officials in international committees took place the results made one wonder if the supposedly eternal antagonists really voted against each other.

Having lived in the past in the historic corridor of passage of races and cultures, the modern Pakistani is now much travel-prone, both short-term and long-term. Having written Arabic and spoken Persian in the past, the modern Pakistani now speaks fluent English without betraying a strong accent characteristic of large nations. Hard-working as well as hard-playing, the modern Pakistani abroad, perhaps dazzled by a world free from purdah and full of apparent beauty, often cuts a dashing figure. Used to Moghul romance and poetry, only Pakistan had the genius to appoint a man with the reputation of an international play-boy as its spokesman at the world forum, thereby adding glamour to excitement. Similarly, when a modern Pakistani girl (known in Myanmar as a Mogul girl), used to wearing the *chunni* and exercising her property rights, really breaks out, she can cut a social figure no less stunning than her western sisters. A product of extremes of climate season to season and even noon to dawn, the Pakistani is tough and vigorous. Following a clear-cut creed, he becomes more spirited and deciive. Ever martial and often thinking in terms of black and white, his weakness is that the grey compromise of life has no appeal for him.

If one has seemed to have dwelt disproportionately on the behaviour of the elite often dubbed as Moslem



Englishmen, it is because one is dealing with a country where at one time a population of over a hundred million was administered by a hard core of 300 civil servants and where the mercantile and industrial life of the nation was dominated by 22 families. All this is changing now but the appraisal of the changes, including the sudden loss of the East Wing, must be left to a future survey.

www.burmeseclassic.com

www.burmeseclassic.com

# ရှတ်တရက်ပြောင်းလဲတတ်သည့်နိုင်ငံ

၁၉၃၃ - ခုနှစ် မတိုင်မီက Pakistan ပါကစ္စတန်ဆိုသည်ကို မည်သူမျှ မကြားဘူးကြ။ အကြောင်းမှာ ထိုနှစ်တွင်မှ Choudhri Rahmat Ali ဆိုသူက စကားလုံးကို Cambridge ၌ တွင်သောကြောင့်ဖြစ်၏။ စကားလုံးသည် အဓိပ္ပာယ်နှစ်မျိုးထွက်၏။ တစ်မျိုးမှာ Land of the Pure သန့်စင်သောမြေ။ နောက်တစ်မျိုးမှာ မူဆလင်နိုင်ငံသစ်တွင် ပါဝင်မည့်ပြည်နယ်များ Punjab, Afghan (Northwest Frontier Province) Kashmir, Sind, Baluchistan ကို ညွှန်ပြသည်။

၁၉၂၂ - ခုနှစ် မတိုင်မီက နိုင်ငံသစ်ထူထောင်မည့်နေရာသည် ရှေးဟောင်းယဉ်ကျေးမှုတစ်ခု ပေါ်ခဲ့ရာဖြစ်ကြောင်း မည်သူမျှ မသိခဲ့။ အကြောင်းမှာ ထိုနှစ်တွင်မှ Indus မြစ်ကမ်းပါးတွင် မိုင် ၄၀၀ ကွာခြားသောနေရာနှစ်ခု Mohenjodaro နှင့် Harappa ၌ မြုပ်နေသော မြို့ကြီးနှစ်ခုကို ရှေးဟောင်းသုတေသနပညာရှင်တို့က တူးဖော်တွေ့ရှိသောကြောင့် ဖြစ်၏။

၂၅၀၀ ဘီစီခန့်မှစ၍ နှစ်ပေါင်း ၁၀၀၀ ခန့် ကြာရှည်ခဲ့သော Indus တောင်ကြားဒေသ ယဉ်ကျေးမှု၌ အတော်အဆင့်မြင့်သော မြို့ပြနေထိုင်မှုရှိခဲ့၏။ မြို့တိုင်းတွင် ခံတပ်တစ်ခုရှိ၍ လမ်းကျယ်လမ်းကျဉ်းတို့၌ နှစ်ထပ်သုံးထပ်ရှိ အုတ်အိမ်များကို အိမ်ဝင်းခြံများအတွင်း ဆောက်လုပ်ထား၏။ စေတီပုထိုး၊ အစားအစာ သိုလှောင်ရာကျီ၊ အများသုံး ရေချိုးခန်း၊ အိမ်တွင်းအိမ်ပြင် ရေမြောင်းစနစ်တို့ ရှိခဲ့၏။

ဤကဲ့သို့ ရှတ်တရက် ကြီးထွားလာသော Harappan ယဉ်ကျေးမှုကြီးသည် ရှေးဟောင်းသုတေသနပညာရှင်တို့ အံ့သြလောက်အောင် တစ်နေ့



တွင် ရှတ်တရက် ပျောက်ကွယ်သွားလေသည်။ Mohenjodaro ၌ တူးဖော်တွေ့ရှိရသော ကောက်ကွေးနေသော အရိုးစုများလက်ထဲတွင် အိုးတန်ပစ္စည်းများ ဆုပ်ကိုင်ထားပုံကို ထောက်သော် ရန်သူတို့ထံမှ ထွက်ပြေးရင်း အသတ်ခံရပုံရ၏။ မြို့ကိုဝင်စီး၍ မီးရှို့သွားပုံရ၏၊ ဝင်စီးသူတို့မှာ အာရှအလယ်ပိုင်း ကုန်းမြင့်ဒေသမှ ဆင်းလာသော အာရိယန်စကားပြော အရပ်ရှည် အသားဖြူမျက်စိပြာတို့ ဖြစ်ဟန်တူ၏။

ထို့နောက် အနှစ်တစ်ထောင်ခန့်သော သမိုင်းကာလ ပျောက်ကွယ်သွား၏။ ရှေးဟောင်းသုတေသနပညာရှင်တို့အတွက် အမှောင်ကာလကြီး ဖြစ်၏၊ ထိုနောက် အနောက်ဘက် Macedonia မှ Alexander the Great ဘုရင်နှင့် သူ့စစ်တပ် ရောက်လာ၏၊ ထိုနောက် မောရိယမင်းဆက်မှ အသောကမင်းတရားကြီးလက်ထက်၊ ပြည်နယ်မြို့တော် Taxila သို့ ဗုဒ္ဓဘာသာ ဆိုက်ရောက်၍ ရှေးဦးပထမတက္ကသိုလ် ပေါ်လေသည်။ Mahenjodaro မှာကဲ့သို့ပင် ဤဗုဒ္ဓဘာသာ ယဉ်ကျေးမှုကြီးကို ဖျက်ဆီးသူတို့မှာ ၁၅ - ရာစုနှစ် အေဒီမြောက်ဘက် အာရှအလယ်ပိုင်းဒေသမှ ဆင်းလာသော White Huns တို့ဖြစ်၍ Taxila မြို့တော်နှင့်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတို့ကို မီးရှို့ဖျက်ဆီးကြလေသည်။

အသောကနောက် အနှစ်တစ်ထောင်တွင် နောက်ဘာသာတစ်ခု ယူဆောင်လာသူမှာ အာရပ်လူမျိုး Mohammed Ibn Quasim ဖြစ်၍ ပင်လယ်ဓားပြများ ကျက်စားရာ Sind ကမ်းခြေရှိ အာရပ်သင်္ဘောများနှင့် ကုန်သည်တို့ကို အကာအကွယ်ပေးရန် ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်၏။ အမှတ်တမဲ့ ဝင်လာခြင်းဖြစ်သော်လည်း နောက်အကျိုးဆက်မှာ ပိုမို ကြီးမား၏။ အိန္ဒိယတိုက်၌ အစ္စလာမ်ဘာသာ စတင် အခြေစိုက်သည်မှာ Sind ကမ်းခြေဖြစ်သော်လည်း နောက်အနှစ် ၃၀၀ အကြာတွင်မှ အခြားဒေသများသို့ ပျံ့နှံ့သွား၏။ ထိုအချိန်၌ မူဆလင်လောကတွင် အာဏာသည် အရပ်တို့လက်မှ တူရကီတို့လက်သို့ ရောက်သွားပေပြီ။ ထိုကြောင့် တူရကီမှူးကြီးများ ဖြစ်သော Ghazni နှင့် Ghur တို့လက်ထက် Delhi Sultan တို့ လက်ထက်တွင်မှ နည်းအမျိုးမျိုး သုံး၍ ပထမတွင် ပန်ဂျပ်နယ်၊ နောက်အခြားဒေသတို့သို့ ပျံ့နှံ့သွားခြင်း ဖြစ်၏။ ထပ်မံ ပျံ့နှံ့သည်မှာ မဂိုရ်ဘုရင်များလက်ထက် (၁၅၂၈ Babul အစ၊ ၁၈၅၈ Bahadur Shah Zafar အဆုံး) ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



Mohul ဆိုသည့် စကားလုံးသည် Mongol ဆိုသည့် စကားလုံးမှ ဆင်းသက်သော်လည်း Moghuls မဂိုရ်ဘုရင်တို့သည် မွန်ဂိုများ မဟုတ်ဘဲ Turks တူရကီအနွယ်တို့ ဖြစ်ပါသည်၊ သို့သော် Akbar ဘုရင်၏ ရုပ်ပုံကို ရှုခြင်းအားဖြင့် မွန်ဂိုသွေး အနည်းငယ်တော့ ပါနိုင်ပါသည်။ ထိုဘုရင်၏ ဟိန္ဒူနှင့် မူဆလင် လူမှုရေးစနစ်တို့ မတည့်သည်ကို တည့်အောင်ကြိုးစားမှုမှာ မအောင်မြင်ပါ။ ထိုပေါ်လစီ၏ပြောင်းပြန် Aurangzeb ၏ မူဆလင်ကြီးစိုးရေး ကြိုးပမ်းမှုလည်း မအောင်မြင်ခဲ့ပါ။

အင်္ဂလိပ်တို့လက်၌ မဂိုရ်မင်းဆက် ပြုတ်သောအခါ မူဆလင်တို့သည် ပထမနေရာမှ ရုတ်တရက် တတိယနေရာသို့ ကျဆင်းသွားပါသည်၊ ဒုတိယနေရာကို အခွင့်ထူးခံ အတိတ်ကိုလွမ်းစရာမရှိသော ဟိန္ဒူတို့က ရရှိသွားပါသည်။ ခရစ်ယာန်ဘာသာတိုးချဲ့ရေးကို မူဆလင်တို့က စိုးရိမ်သော်လည်း ဟိန္ဒူတို့က မမှုခဲ့ပါ။ အကြောင်းမှာ ခရစ်ယာန် ဘာသာဝင်သစ်တို့များမကြာမီ ဟိန္ဒူဇာတ်သစ်တစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်၏။ ရုံးသုံးဘာသာသည်လည်း မဂိုရ်ဘုရင်များလက်ထက်က ပါရှားဘာသာ ဖြစ်ခဲ့ရာမှ ယခုအင်္ဂလိပ်လက်အောက်တွင် အင်္ဂလိပ် ဘာသာသို့ ပြောင်းသွားရာ မူဆလင်ပညာရှိတို့ နေ့ချင်းညချင်း စာမတတ်နိုးပါး ဘဝသို့ ရောက်သွား၏။ ထို့အပြင် ၁၈၅၇ - ခုနှစ် Sepoy သူပုန်သည် မူဆလင်တို့မှ စတင်သည်ဟု ယူဆ၍ မြေယာသိမ်းခြင်း စသည့်ဒဏ်ပေးချက်တို့ကို ဟိန္ဒူတို့ထက် မူဆလင်တို့က ပိုခံရလေသည်။

ယင်းတို့အတွက် စိတ်ခုနေသော မူဆလင်တို့သည် အူရဒူ လက်ဘာ လေ့လာခြင်း၊ ဘာသာရေးလိုက်စားခြင်းတို့ဖြင့် အချိန်ကုန်စေခဲ့ပါသည်။ Sir Sayed Ahmed Khan က နောင် Aligarh မူဆလင်တက္ကသိုလ်ဟု နာမည်ကြီးလာမည့် Anglo-Oriental College ကို ထူထောင်ပေးခြင်း စသည်ဖြင့် မူဆလင်တို့အား ပြင်ပလောကထဲ ဆွဲထုတ်ရန် ကြိုးစားသော်လည်း British Raj ဗြိတိသျှမင်းတို့ ထွက်ခွာခါနီးကာလ၌ မူဆလင်တို့သည် ခေတ်ခါန်မှုတွင် ဟိန္ဒူများနောက် ကျန်ရစ်ခဲ့ပါသည်။

လူဦးရေ သုံးပုံတစ်ပုံသာရှိပြီး ခေတ်ဆန်မှုတွင်လည်း နောက်ကျနေသော မူဆလင်တို့သည် ၁၉၄၇ - ခုနှစ်တွင် Mohammed Ali Jinnah ၏ ခေါင်းဆောင်မှုအောက်တွင် အိန္ဒိယမှ ခွဲထွက်ခဲ့လေသည်။ မမျှော်လင့်



ဘဲ ခွဲထွက်ချိန်၌ ပါကစ္စတန်တွင် ဘဏ်နှင့်ငွေကြေးလုပ်ငန်း၊ စီးပွားရေးနှင့် နည်းပညာ စသည်တို့တွင် ကျွမ်းကျင်သူအလွန် ရှားပါးခဲ့၏။ အုပ်ချုပ်ရေးတွင်လည်း အိန္ဒိယဘက်၌ အတွင်းဝန်ကြီးများစွာ ရှိသော်လည်း ပါကစ္စတန်ဘက်၌ တွဲဘက်အတွင်းဝန်အဆင့်ရှိသူ လေးဦးသာ ရှိ၏။ အိန္ဒိယဘက်၌ ဒေလီမြို့တော်တွင် အစိုးရ အတွင်းဝန်ရုံးကြီးများ အဆင်သင့် ကျန်ရှိသော်လည်း ပါကစ္စတန်ဘက်၌မူ ကရာချိမြို့တွင် အစိုးရရုံးအဖြစ် တယ်လီဖုန်းမရှိ၊ လက်နှိပ်စက် မရှိသောတဲအိမ်များဖြင့် စရသည်။ စက်ရုံကြီး၊ သတ္တုတွင်းအားလုံးနီးပါးသည် ဟိန္ဒူအများစုနေရာဟု သတ်မှတ်သော ဒေသထဲသို့ ပါသွား၏။ ဤအထဲ လူငါးသိန်းသေ၊ တစ်သန်းဒဏ်ရာရသော ဘာသာရေး အဓိကရုဏ်းများ ပန်ဂျပ်နှင့် အခြားပြည်နယ်တို့တွင် ဖြစ်ပြီးနောက် ဟိန္ဒူခြောက်သန်း ထွက်ပြေး၊ မူဆလင် ခုနစ်သန်း ဝင်လာသော နိုင်ငံသစ် ဆက်လက် တည်ရှိနေသည်မှာ အံ့ဩဖွယ်ရာပင်။

နိုင်ငံသစ် ဆက်လက်တည်ရှိသည်မှာ အစဉ်အလာအရ အင်အားတောင့်သော စစ်တပ်၊ စိတ်အားထက်သန်သော အရာထမ်းများနှင့် ပညာတတ်ပုဂ္ဂိုလ်တို့၏ ကျေးဇူးကြောင့်ပင်။ ပြိုင်ဆိုင်မှု နည်းပါးသွားသည်နှင့်အမျှ တိုင်းရင်းသား လုပ်ငန်းရှင်တို့ကလည်း လယ်ယာတိုးချဲ့စိုက်ပျိုး၊ စက်မှုတိုးချဲ့ ထူထောင်ကြ၏။ ၎င်းတို့နောက်ပိုင်းတွင်ကား အမြဲတမ်း သည်းညည်းခံ အလုပ်ကြိုးစားလုပ်ကြသော လူထုကြီးက ကမ္ဘာပေါ်တွင် အကြီးဆုံး မူဆလင်နိုင်ငံ၏ နိုင်ငံသား ဖြစ်ရသည်ကို ကျေနပ်ကြ၏။ (အရှေ့ပါကစ္စတန်က ဘင်္ဂလားဒေသအဖြစ် ခွဲထွက်သွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံက အကြီးဆုံး မူဆလင်နိုင်ငံ ဖြစ်လာ၏)။

သို့ဖြင့် ခေတ်သစ်ပါကစ္စတာနီတို့ ပိုမိုကြီးမားသည့် အိမ်နီးနားချင်းနှင့် ပြိုင်ဆိုင်နေရပုံကို အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတို့၌ ထင်ရှားစွာ တွေ့ရှိရ၏၊ အိန္ဒိယပါသော ကော်မီတီတိုင်းတွင် ပါကစ္စတန်ကလည်း ပါနိုင်အောင် ပါကစ္စတာနီကိုယ်စားလှယ်တော်တို့သည် အခြားကိုယ်စားလှယ်တော်တို့ထက် နှစ်ဆ ပိုကြိုးစား၏။ အမြဲတမ်း ပြိုင်ဆိုင်နေရသည့် အိန္ဒိယနှင့် ပါကစ္စတာနီ ကိုယ်စားလှယ်တော်တို့သည် မကြာမီ နားလည်မှု ရရှိလာကြ၏။ မြို့တော်က ပါးလိုက်သည့် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပါက သူတို့ရန်ဖြစ်နေသည်ကို အများက ငိုင်းရယ်မည်စိုးရသည့်အခါ အချင်းချင်း အူရဒူ သို့မဟုတ် ဟိန္ဒူစတန်နီစကား ပြောကြ၍ နားလည်မှုယူကြ၏။ လျှို့

www.burmeseclassic.com

www.burmeseclassic.com



ဝှက်မဲပေးရသည့်အခါ အချင်းချင်းများ မဲပေးရော့သလား ထင်ရသည့် အထိပင်။

ယခင်က အာရပ်စာရေး၍ ပါရှားစကား ပြောခဲ့သော ခေတ်သစ်ပါကစ္စတာနီသည် ယခုအင်္ဂလိပ်စကား မွတ်နေအောင်ပြော၏။ အလုပ် ကြိုးစားသည့်တစ်ဘက်တွင် အပျော်အပါးလည်း ကြိုက်၏။ တစ်ခါက ပါကစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ဟောလိဝုဒ်မင်းသမီး Rita Hayworth ၏ ကြင်ယာလောင်း Prince Aly Khan ကို ခန့်ထားရာ ၎င်းစကားပြောမည့်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ညီခန်းဆောင်၌ အနောက်တိုင်း အချောအလှအများအပြား တွေ့ရှိနိုင်၏။

ဤဆောင်းပါးတွင် မူဆလင်အင်္ဂလိပ် လူကြီးလူကောင်းများဟုခေါ်သော ပါကစ္စတာနီ အထက်တန်းလွှာများအကြောင်း ရေးသားရသည့်အကြောင်းမှာ တစ်ခါက သန်းတစ်ရာကျော် လူဦးရေကို အရာရှိ ၃၀၀ ခန့်က အုပ်ချုပ်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုစီးပွားရေးကို ဆွေမျိုး ၂၂ ထုက လက်ဝါးကြီးအုပ်ထားခြင်းကြောင့် ဖြစ်၏။ ထိုအခြေအနေမှ ယခုပြောင်းလဲနေပြီဖြစ်ရာ ဆက်လက်လေ့လာရန် လိုအပ်ပါသည်။ အထူးသဖြင့် ၁၁/၉ နောက်ပိုင်း၌ ပြောင်းလဲမှုတို့သည် မြန်ဆန်လှပါသည်။

Latins of Eastern Europe

'If you wish to know how your lovely bride will look like twenty years from now, just look at your mother- in-law'. 'If you want to know how attentive your devoted husnand will be to you in twenty years time, just watch the way your father-in-law mimbles to your mother-in-law'.

Projecting this somewhat disconcerting crystal-gazing exercise onto a national level, it was fascinating experience to observe an economy the like of which your own will grow into in a few decades.

Romanian state emblem has all the clements indicative of the resource endowmetn of its economy -- a sheath of corn for its agriculture (60% of land area), coniferous trees for its forests (27% of land area) and an oil well for its mineral resources. What needs to be added is a cogwheel, with industry now contributing two-thirds of its national income.

The land area of Romania -- a little more than a third of Myanmar's, hill and plains in almost equal propor tions. Romanian landscape offers you not only a physical variety -- Carpathian ranges, tablelands of Transylnania and Moldavia, and the plains along the Danube -- but also a sociological contrast of farm cottages, where the old farmer couple live, side by side with high-rising apartment

www.burmeseclassic.com

www.burmeseclassic.com



buildings, where their children have moved to.

Surrounded by countries inhabited by Slavs and Magyars, Romanians claim descent from a fusion of original Dacians (Gatae in Greek) and the Roman legions who conquered the territory in the second century AD. Romanian is therefore a Romance language that has preserved both the grammatical structure and the basic word stock of Latin. But its vocabulary is a mirror of the history of the Romanian people. To this basic Latin language has been added over the centuries elements from the language of the various populations with which the Romanians have successively lived with on friendly or hostile terms, the Slavs, Bulgarians and Hungarians between the 4th & 10th centuries and the Turks between 14th & 18th centuries. So, although the Romanian uses the Slavonio affirmative and negative of *da* and *ne*, the foreign language he can pick up most easily is Italian. If you come across a noisy Latin-sounding tourist group and if they are not Italians, you can rest assured that they are Romanians.

Latin character of Romanians shows through in their love of music and dancing. International reputation of Romanian musicians such as Georges Enesue and Dinn Lipatti can perhaps be traced to the continutng fold-source of musical creation in Romania much in the same way as the internationally famous football teams of a country can be traced to village and street football teams which serve as an unending spring of new talent. Romanian folksongs are sung and improvised by villagers or by a wandering fiddler or guitar player. The Romanian sings carols, harvest songs, wedding songs, funeral songs-- in other words, the Romanian simply sings. Enjoying a long continental summer, the Romanians are fond of dancing outdoors in the evening.

Latin dramatic and artistic talent in the Romanian



received its main stimulus not from Italy but from France. This French catalyst has been amply repaid by many a Romanian who has contributed to French cultural life. Jean Yonnel, the dean of the Comedie Francaise, actors Eduard de Max and Marie Venture, writers Pannit Istratin and Anne de Noailles are all of Romanian origin.

Romania's population of over 20 million contains 1.7 million Magyars, nearly half a million Germans and another half a million Bulgars, Turks, Ukranians, Jews and Gypsies. Used to multiracial living, Romanians are tolerant and hospitable, especially to young foreign students. No wonder, many among the latter have fallen willing prey to the charm and beauty of Romanian women, living up to the Burmese saying of ပညာလည်းစုံ၊ ကြင်ရာလည်းစုံ။

If the Romanian is inspired by French intellect, his ideals of physical beauty are closer to the Italian. A handsome and suave middle-aged man with a greying temple and a younger but elegant lady are as much a Romanian ideal as a Roman one.

Roman's capital, Bucharest, is a city of wide treelined boulevards and has a facade which attempts to combine a Parisian atmosphere with a socialist grandeur of public buildings. Walking along or even crossion these wide boluevards in continental summer heat induces a thirst which is pleasantly quenched by excellent Romanian wines production of which dated from ancient times. Less care, however, appears to be given to the preparation of food, perhaps because there is a plentiful supply of fruits and vegetables.

Now, the Romanian interpretation of this tragic tale is that it represents a double symbol-- the artist sacrificing his wife and child-- the creatures dearest to his heart--in.

www.burmeseclassic.com

www.burmeseclassic.com

# အရှေ့ဥရောပမှ လက်တင်လူမျိုး

"ခင်ဗျားတို့ရဲ့ သတို့သမီး နောက်အနှစ် ၂၀ မှာ ဘယ်လိုပုံစံ ထွက်မယ်ဆိုတာ သိချင်ရင် ခင်ဗျားယောက္ခမကြီးကိုကြည့်" "ခင်ဗျားရဲ့ ခင်ပွန်းလောင်း နောက်အနှစ် ၂၀ မှာ ခင်ဗျားအပေါ် ဘယ်လောက်ကြင်နာမယ်ဆိုတာ သိချင်ရင် ယောက္ခမကြီးက သူ့မိန်းမကို ဘယ်လိုဟောက်သလဲဆိုတာ ကြည့်ထား"

အထက်ပါဟောကိန်းများကို တိုင်းပြည်အဆင့်သို့ မြှင့်တင်လိုက်ပါက သင့်နိုင်ငံ၏ စီးပွားရေးမည်ကဲ့သို့ တိုးတက်လာမည်ကို သိရှိနိုင်ပေမည်။ ရိုမေနီးယားနိုင်ငံတံဆိပ်တွင် စီးပွားရေး အမှတ်အသားများပါဝင်ရာ မြေဧရိယာ၏ ၆၀ ရာခိုင်နှုန်း စိုက်ပျိုးခြင်း၏ အမှတ်အသားအဖြစ် ဂျုံအမြွှေး၊ မြေဧရိယာ၏ ၂၇ ရာခိုင်နှုန်း သစ်တောများ၏ အမှတ်အသားအဖြစ် ထင်းရှူးပင်၊ ဓာတ်သတ္တုပစ္စည်းများ၏ အမှတ်အသားအဖြစ် ရေနံတွင်းတို့ ဖြစ်၏။ ကျန်နေသည်မှာ တိုင်းပြည်ဝင်ငွေ၏ သုံးပုံနှစ်ပုံကို ဖြည့်ဆီးပေးသည့် စက်မှုလက်မှုလုပ်ငန်း၏ အမှတ်အသား ခွေးသားစိတ်ဘီး ဖြစ်၏။

မြန်မာပြည်ဧရိယာ၏ သုံးပုံတစ်ပုံသာသာရှိသော ရိုမေနီးယားပြည်သည် တောင်၊ တောင်ကုန်း၊ မြေပြန့်ဖြင့် ညီတူညီမျှပြီး၏။ Carpathian တောင်တန်း၊ Transylvania နှင့် Moldavia မြေမြင့်၊ Danube မြစ်ဝှမ်းဒေသတို့ဖြစ်၏။ ပြည်သူပြည်သားတို့ နေပုံနေနည်းမှာလည်း အဘိုးကြီးအဘွားကြီးတို့က တစ်ထပ်အိမ်ကလေးများ၌ပင် ပျော်မွေ့၍ သားသမီးတို့က ဘေးနားရှိ အထပ်မြင့်တိုက်ခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြ၏။



စလဗ်နှင့် မဂ္ဂယာလူမျိုးတို့ ခြံရံထားသော ရိုမေနီယားတို့သည် မူလ Dacian လူမျိုးနှင့် အေဒီ ၂ - ရာစုနှစ်တွင် ဝင်ရောက်သိမ်းပိုက်သော ရောမတပ်သားတို့မှ ဆင်းသက်သည်ဟု ဆို၏။ သို့နှင့် ရိုမေနီးယားစကားသည် လက်တင်ဘာသာစကား၏ သဒ္ဒါပုံစံနှင့် အခြေခံစကားလုံးတို့ကို ထိန်းသိမ်းထားသော ရိုမန့်စ်စကားဖြစ်၏။ နောက်ပိုင်း ဝင်လာသော စကားလုံးများမှာ သမိုင်းတစ်လျှောက် မိတ်ဆွေဖြစ်သော်လည်းကောင်း၊ ရန်သူအဖြစ်သော်လည်းကောင်း ဆက်ဆံခဲ့ရသော လူမျိုးများ လေးရာစုနှစ်နှင့် ၁၀ ရာစုနှစ်အတွင်း စလဗ်၊ ဘူလ်ဂေးရီးယန်၊ ဟန်ဂေးရီယန်၊ ၁၄ - ရာစုနှစ်နှင့် ၁၈ ရာစုနှစ်အတွင်း တူရကီတို့ထံမှ လာ၏။ ရိုမေနီယန်တို့ သုံးသော 'ဟုတ်ကဲ့၊ မဟုတ်ဘူး' စကားလုံးများမှာ စလဗ်တို့ပြောသော 'ဒ' နှင့် 'နေး' ဖြစ်သော်လည်း ၎င်းတို့ အလွယ်တကူ ပြောနိုင်သော နိုင်ငံခြားဘာသာမှာ အီတာလျံဖြစ်၏။ အီတာလျံဘာသာဖြင့် စကားပြောနေသည် ထင်ရသော ကမ္ဘာလှည့်ခရီးသည်တစ်စု အီတာလျံလူမျိုး မဟုတ်လျှင် ရိုမေနီယန် ဖြစ်ဖို့ သေချာ၏။

ရိုမေနီယန်တို့၏ လက်တင်သွေးသည် အဆိုအက မြတ်နိုးမှုတွင်ပေါ်၏။ ကမ္ဘာ့အဆင့်အတန်းရှိသည့် ဘောလုံးအသင်းများ ထွက်သော နိုင်ငံတွင် ရွာဘောလုံးအသင်း၊ လမ်းဘောလုံးအသင်းတို့မှ မျိုးဆက်သစ် လူတော်များ အဆက်မပြတ် မွေးထုတ်ပေးသလို ရိုမေးနီယားတွင်လည်း လူထုကြားမှ မွေးထုတ်ပေးသော အဆိုအက ပါရမီကြောင့် Georges Enescu နှင့် Dinn Lipatti ကဲ့သို့သော ကမ္ဘာကျော် အနုပညာရှင်ကြီးများ ထွက်ပေါ်သည်ဟု ဆိုနိုင်၏။ ရိုမေနီယန်း ရိုးရာသီချင်းများကို ရွာသားများကသော်လည်းကောင်း၊ နယ်လှည့်တယောသမား၊ ဂီတာသမားတို့ကသော်လည်းကောင်း တီထွင် သီဆိုကြ၏။ ရိုမေနီယန်းတို့သည် ကျမ်းစာသီချင်း၊ ကောက်သိမ်းသီချင်း၊ မင်္ဂလာပွဲသီချင်း၊ အသုဘသီးချင်းတို့ကို သီဆိုကြ၏။ ဆိုလိုသည်မှာ ရိုမေနီယန်းတို့သည် အမြဲလိုပင် သီချင်းဆိုကြ၏။ ကုန်းတိုက်ဥတုဖြစ်သော နွေရာသီကာလရှည်ကြီးတွင် ရိုမေနီယန်းတို့သည် ညနေခင်းတွင် အိမ်ပြင်ပ၌ ကပွဲကလေ့ရှိ၏။

ရိုမေနီယန်တို့၏ လက်တင်အနုပညာဗီဇကို မြေတောင်မြှောက်ပေးခဲ့သည်မှာ အီတလီ မဟုတ်ဘဲ ပြင်သစ်ဖြစ်လေသည်။ ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြင်သစ်ယဉ်ကျေးမှုကို အကျိုးပြုခဲ့သည့် ရိုမေနီယန်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



Comedie Francaise ၏ အကြီးအကဲ Jean Yonnel ဇာတ်ဆောင် Eduard de Max နှင့် Marie Venture ကလောင်ရှင် Pannit Istrati နှင့် Anne de Noailles တို့ဖြစ်၏။

ရိုမေနီယားတို့၏ လူဦးရေ ၂၂ သန်းအနက် ရိုမေနီယန်း ၁၉ သန်းနီးပါး၊ မဂ္ဂယာ ၂ သန်းနီးပါး၊ ဂျာမန် ၅ သိန်းခန့် ပါဝင်၍ ကျန် ၅ သိန်းမှာ ဘူလ်ဂါ၊ တူရကီ၊ ယူကရိန်းနီယန်၊ ဂျူး၊ ဂျပ်ပစီတို့ ဖြစ်၏။ လူမျိုးစုံနှင့် နေထိုင်နေကျ ရိုမေနီယန်းတို့သည် သည်းညည်းခံတတ်၍ ညှိဝတ်ပြုငှာသောကြောင့် နှစ်ရှည်လများ ပညာသင်ကြားကြသော နိုင်ငံခြားကျောင်းသားများသည် ဗညာလည်းစုံ၊ ကြင်ယာလည်းစုံတတ်ကြ၏။

ရိုမေနီယန်းတို့သည် ပြင်သစ်အနုပညာကို မြတ်နိုးအတုယူတတ်ကြသော်လည်း အလှအပတွင်ကား ရုပ်ရည်ချင်းဆင်သော အီတာလျံတို့ကို အတုယူကြပါသည်။ ရုပ်ချောပြေပြစ်၍ နားထင်ဖြူသော သက်လတ်ရွယ်ယောက်ျားနှင့် အသက်ငယ်သော်လည်း ခန့်ညားသောမိန်းမတို့သည် ရိုမေနီယန်ရော် အီတာလျံပါ မျှော်မှန်းရာ ဖြစ်ပါသည်။

ရိုမေနီယား၏မြို့တော် ဘူကာရက်စ်သည် သစ်ပင်များ စီတန်းနေသည့် လမ်းကျယ်ကြီးများရှိ၍ ပါရီပုံစံနှင့် ခန့်ညားသော အစိုးရအဆောက်အဦများ ထင်ရှားသော ဆိုရှယ်လစ်ပုံစံတို့ကို ရောနှက်ထားပါသည်။ နွေရာသီတွင် ဤလမ်းမကြီးများကို လျှောက်လျှင်သော်လည်းကောင်း၊ ဖြတ်လျှင်သော်လည်းကောင်း ရေငတ်လာနိုင်ရာ ရေငတ်ပြေစေရန် ရွှေသရော အခါကတည်းက စိုက်လာသော စပျစ်သီးမှ ထုတ်လုပ်သော ဝိုင်အရက်ကောင်းများ ရှိပါသည်။ ရိုမေနီယန်းအစားက အသောက်လောက် မကောင်းသည့်အကြောင်းမှာ သစ်သီးသစ်နှံ ပေါလွန်းသဖြင့် ဂရုတစိုက် မချက်ပြုတ်ကြခြင်းကြောင့် ဖြစ်နိုင်ပါသည်။

## North of The Border

Among many things the Scots have given to the world (of course, in exchange for that they have taken) providing a subject of humour has been one. It night therefore be rewarding to go into the sociological origin of these popular Scottish jokes.

One is that it is easier to comes across a Scot outside Scotland than in his homeland. While there are 5.2 million Scots living in modern Scotland of 30,000 square miles, the number of expatriates of the diaspora overseas (of whatever generation removed) is estimated as high as 20 million). The absentees love their native land, mostly on St. Andrew's night, but apart from being reliable importers or customers of Scottish exports, they have seldom laid a brawny shoulder to any wheel for Scotland's sake.

Between 1861 and 1951, Scotland lost nearly 1.6 million persons by emigration or nearly half of its natural increase. In fact the Borders and the Highlands had periods of absolute decline in numbers. Even to day Scotland is losing over 20,000 a year and naturally it is still the bright, the ambitious and the enterprising who leave.

www.burmeseclassic.com

www.burmeseclassic.com



Some say it is the harsh climate with its average of less than one hour of sunshine a day in the depth of winter - that makes them leave. Even while committing in Britain, one needs thicker socks for Scotland than in England. But than the Scandinavians too see the sun only six months of the year.

The real reason, pointed out by Dr. Samuel Johnson 200 years ago, is still valid to day. It is that the noblest prospect in Scotland is the road to London. Scotland always has had and still has lower earnings, higher unemployment, poorer housing and greater alcoholism than England. The whole of Scotland (with a few exceptions like Edinburgh) is at present ranked as a development area. The distribution of wealth in Scotland has been uneven both geographically and socially.

The Central Lowlands have always done better than the Highlands and the Borders. But even in the lowlands, the contrast between the East (centering on Edinburgh) and the West (centering on Glasgow) is so sharp that a new slogan of "Eastward, Ho, Westward, Oh, has been coined.

Although Scotland has under 10 per cent of Britain's population and only 7 per cent of Britain's financial wealth, there are more wealthy persons proportionately there. The Scots save more than the English and this had been a source of many a joke about Scottish thrift or parsimony, depending on how you look at it. Whatever it may be, it is an undeniable fact that the Scots have always been fascinated by money. They have been pioneers in many forms of finance-investment trusts, branch banking, insurance and unit trusts. The Scots however realized long ago that there was more money to be made outside than inside Scotland, and since Scottish love of money



exceeded Scottish love of Scotland, Scottish money, for example, had played a key role in the development of the American West, to the detriment of the economy of Scotland.

However, economic inequality in Scotland has never meant social inequality. Socially the laird (landowner) and his tenants have freely mixed, especially in kirk sessions and have sent their sons to the same village school. Clan society in the Highlands had the same egalitarian effect. Being a MacGregow on a MacArmy was more important than to be a laird or a tenant.

Scottish educational system which the Scots still clain to be the best in the world has also been a levelling influence socially. In Edinburgh or Glasgow a wie lad, already bespectacled and carrying a heap of books nearly as tall as he, trying to get into a tram. There have always been relatively more university places in Scotland than in England. At one time Scotland had five universities compared with only two in England. Opportunity for children from poor families to get to university has always been greater in Scotland. St. Andrew (founded 1412). Glasgow (1451), Aberdeen (1495), and Edinburgh (1583), have no pecking order, as each of them caters for a regional intake, although many students come from far-flung parts of the world. In fact there are more Edinburgh FRCS and MRCPS than London ones among Myanmar doctors.

If Scotsmen are scholarly, they are also pedantic and disputatious. Pedantry arises from the book-learning type of Scottish education. Even at universities there is a greater dependence on lectures rather than tutorials and seminars compared to Oxford and Cambridge. The Scotsman's capacity for their splitting hairs to do with too much theology, too much law and too much education.

www.burmeseclassic.com

www.burmeseclassic.com



The thick volume of "An inquiry into the wealth of Nations" by Adam Smith, who was a Glasgow don, is still a favourite missile on London stage. This has now been matched by a three volumed "Inquiry into the Poverty of Nations" by the Swedish philosopher economist Gunnar Myrdal.

According to another Scottish economist, formerly Economic Adviser to the British Treasury, the segment of Britain lying north of the Border is a distinct society with a unity and cohesion of its own. Not only does it coincide with an ancient kingdom in which the fire of nationalism ignited by Robert Bruce, Mary Queen of Scots and Robert Burns still burns but it is a country in its own right, differing from England and Wales in memories and aspirations, temperament and tastes, institutions and cultures.

The pure air and water of Scotland had given the world its best drinks. In its birthplace Scotch is always taken meat or at most with water. Scoth and soda was meant to be taken in far-fluing outports of the Empire where the water was not safe. According to a heroine of a James Bond film, the Scotsman wears his kilt also neat.

There are more than 350 excellent golf conses in the land of birth of the game. Edinburgh musical festival which started immediately after the war's end is still world-renowned . Scottish bagpipe is still played worldwide on emotional occasions. The farewell song of Auld lang syne is still sung throughout the world. Such an impact of a six million people on a world of five billion people in still unparalleled.

## နယ်ခြားမြောက်ပိုင်းမှ

စကော့တို့က ကမ္ဘာသို့ပေးသည့်အရာတစ်ခု (ပြန်ယူသည်မှာ လည်း အများကြီး) မှာ ဟာသ၏ယဉ်ကောင်ဖြစ်ခြင်းပင်။ စကော့တို့အကြောင်း ဟာသရယ်မွယ်တို့ကို စိစစ်ကြည့်ကြပါစို့။

ဟာသတစ်ခုမှာ စကော့တို့ကို သူတို့ဇာတိမှာထက် အပြင်မှာတွေ့ဖို့ လွယ်ကူသည်ဆိုသည့်အချက်ပင်။ စတုရန်းမိုင် ၃၀,၀၀၀ ကျယ်ဝန်းသော စကော့တလန်တွင် လူဦးရေ ၅ - သန်းကျော် နေထိုင်ရာ အဝေးရောက် သူဦးရေ (အဆင့်ဆင့် ဆင်းသက်သူများ အပါအဝင်) မှာ သန်း ၂၀ ခန့် ရှိ သည်ဟု ခန့်မှန်းပါသည်။ အဝေးရောက်တို့သည် ဇာတိချက်ကြွေ Caledonia ကို (အထူးသဖြင့် St. Andrew ညတွင်) နှစ်သက်မြတ်နိုးကြသော်လည်း စကော့တလန်၏ ပို့ကုန်တို့ကို တင်သွင်းသုံးစွဲကြသည်မှအပ မိခင်တိုင်းပြည် ကို အထူး ကူညီကြခြင်း ရှိခဲ့၏။

၁၈၆၁ - ခုနှစ်နှင့် ၁၉၅၁ ခုနှစ်ကြား သဘာဝတိုးသည့် လူဦးရေ ၏ ထက်ဝက်နီးပါး တစ်နှစ်လျှင် ၁. ၆သန်း နီးပါး စကော့တလန်မှ ထွက်ခွာ သွားကြ၏။ အမှန်စင်စစ် Borders နယ်ခြားဒေသနှင့် Highlands ကုန်းမြင့် ဒေသတို့တွင် လူဦးရေ လျော့ပါးသွားခဲ့၏။ ယနေ့တိုင် တစ်နှစ်လျှင် လူ ၂၀,၀၀၀ခန့် ထွက်ခွာနေကြ၏။ ခေါင်းကောင်းသူ၊ ရည်မှန်းချက် မြင့်မားသူ၊ လုပ်ရည်ကိုင်ရည်ရှိသူတို့ ဖြစ်ကြ၏။

အချို့က ကြမ်းတမ်းသော ရာသီဥတုကြောင့်ဟု ဆို၏။ ဆောင်း တွင်းလယ်၌ တစ်နေ့လျှင် နေသာချိန် တစ်နာရီပင် မပြည့်ဟု ဆို၏။ ဗြိတိန် ၌ ခရီးသွားစဉ် အင်္ဂလန်ထက် စကော့တလန်တွင် ခြေအိတ်ပိုထူဖို့ လို၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စကန်ဒီနေဗီယား၌ တစ်နှစ်တွင် ခြောက်လမျှသာ နေမြင်ရသည်ကို သတိချပ်ရမည်။

တကယ့်အကြောင်းရင်းမှာ လွန်ခဲ့သည့် အနှစ် ၂၀၀ က Dr. Samuel Johnson ထောက်ပြခဲ့သလို စကော့တလန်၌ အမြင့်မြတ်ဆုံး မြင်ကွင်းမှာ လန်ဒန်သို့သွားသည့်လမ်းဖြစ်သောကြောင့်ပင်။ စကော့တလန်သည် အင်္ဂလန်ထက် အမြဲတမ်းဝင်ငွေနည်း အလုပ်လက်မဲ့ပိုများ၊ နေအိမ်ပိုညံ့၊ အရက်မူး ပိုပေါများ၏။ Edinburgh လို နေရာမျိုးကလွဲ၍ စကော့တလန်အနှံ့အပြားသည် ဖွံ့ဖြိုးဆဲဒေသဟု အသတ်မှတ်ခံရ၏။ စနစ်ခွဲဝေမှုသည် စကော့တလန်တွင် ဒေသအားဖြင့်သော်လည်းကောင်း၊ လူမှုရေးအားဖြင့်သော်လည်းကောင်း မျှတမှု ပိုနည်းပါး၏။ Central Lowlands ဗဟိုမြေနိမ့်ဒေသတို့သည် Highlands ကုန်းမြင့်ဒေသနှင့် Borders နယ်ခြားဒေသတို့ သာခဲ့၏။ သို့ငြားသော်လည်း ဗဟိုမြေနိမ့်ဒေသတွင်း၌ပင် Edinburgh ကို ဗဟိုပြုသော အရှေ့နှင့် Glasgow ကို ဗဟိုပြုသော အနောက်အကြား ကွာခြားမှု များလွန်း၍ Eastward, Ho! Westward, Oh! အရှေ့ဆို လား၊ အနောက်ဆို အလိုလေးဟု ပြောစမှတ်ပြုကြ၏။

စကော့တလန်သည် ဗြိတိန်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက် ဗြိတိန်မြေ၏ ခုနစ်ရာခိုင်နှုန်းမျှသာ ရှိသော်လည်း သူဌေးပိုပေါ၏။ စကော့တို့သည် အင်္ဂလိပ်တို့ထက် ပိုက်ဆံပိုစုရာ ရှုထောင့်ပေါ်တည်၍ ပိုချွေတာသည် သို့မဟုတ် ပိုကပ်စေးနည်းသည်ဟု ဖျက်ရယ်ပြုနိုင်၏။ ငြင်း၍ မရနိုင်သည်မှာ စကော့တို့ ပိုက်ဆံပိုမက်ခြင်း ဖြစ်၏။ ၎င်းတို့သည် ဘဏ္ဍာရေးနယ်ပယ်များစွာ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ၊ ဘဏ်ခွဲလုပ်ငန်း၊ အာမခံလုပ်ငန်း စသည်တို့ကို တီထွင်ခဲ့ကြ၏။ စကော့တို့သည် ရှေးယခင်ကပင် စကော့တလန်ပြည်တွင်းမှာထက် ပြည်ပ၌ ပိုက်ဆံရှာရလွယ်မှန်း သိခဲ့၏။ စကော့တို့၏ ပိုက်ဆံမက်အားသည် စကော့တို့၏ တိုင်းပြည်ချစ်စိတ်ထက် လွန်ကဲသောကြောင့် စကော့တလန်ကို ပစ်ပယ်ပြီး အမေရိကန်ပြည်အနောက်ပိုင်းတွင် ငွေရင်းနှီးမြှုပ်နှံခဲ့ကြ၏။

စီးပွားရေး မညီမျှမှုသည် စကော့တလန်၌ လူမှုဆက်ဆံရေး မညီမျှမှုသို့ ပို့ဆောင်မပေးပါ။ Laird ခေါ် မြေပိုင်ရှင်နှင့် သူရင်းငှားတို့သည် လွတ်လပ်စွာ (အထူးသဖြင့် ဘုရားရှိခိုးကျောင်း၌) ဆက်ဆံကြ၍ ၎င်းတို့၏ သားသမီးတို့သည်လည်း ရွာကျောင်းအတူ တက်ကြ၏။ ကုန်းမြင့်ဒေသရှိ Clan ခေါ် အမည်တူ လူစုစနစ်ကလည်း တန်းတူဖြစ်ရေးကို အားပေး၏။ Mac Gergor, MacDonald ဖြစ်ရေးသည် မြေပိုင်ရှင် သို့မဟုတ် သူရင်းငှား ဖြစ်ရေးထက် ပိုအရေးကြီး၏။



ကမ္ဘာတွင် အကောင်းဆုံးသော ပညာရေးစနစ်ဟု ဂုဏ်ယူသော စကော့ပညာရေးစနစ်ကလည်း လူမှုဆက်ဆံရေးတန်းတူဖြစ်စေရေးကို အားပေး၏။ အက်ဒင်ဘာရာ၊ ဂလပ်စ်ဂိုမြို့များ၌ ငယ်ငယ်နှင့် မျက်မှန်တပ်နေရပြီး စာအုပ်ကြီးများကို မနိုင့်တနိုင် ပွေ့ပိုက်၍ စာတတ်ရထားပေါ် တက်နေသည့် စကော့ကလေးများကို မြင်နိုင်၏။ ရှေးအခါက အင်္ဂလန်တွင် တက္ကသိုလ်နှစ်ခုသာ ရှိခိုက် စကော့တလန်တွင် ငါးခု ရှိခဲ့၏။ တက္ကသိုလ်များ မှိုလိုပေါက် ပေါများနေသည့် ယနေ့တွင်လည်း ဆင်းရသည့် လူငယ်တစ်ယောက် တက္ကသိုလ်သွားနိုင်ဖို့ အခွင့်အရေးသည် အင်္ဂလန်မှာထပ် ပိုများ၏။ ၁၄၁၂ - ခုနှစ်ထောင် St. Andrew, ၁၄၅၁ - ခုနှစ်ထောင် Glasgow, ၁၄၉၅ - ခုနှစ်ထောင် Aberdeen, ၁၅၈၃ - ခုနှစ်ထောင် Edinburgh တက္ကသိုလ်တို့သည် အဆင့်အတန်းမခွဲဘဲ ဒေသအလိုက် ကျောင်းသားများကို လက်ခံသည့် တစ်ဘက်၌ ကမ္ဘာ့လေးမျက်နှာမှ ကျောင်းသားများလည်း ဝင်ကြ၏။ မြန်မာဆရာဝန်များအကြား Edingburgh မှ FRCS, MECP တို့သည် London ထက် ပိုများ၏။

စကော့တို့သည် ပညာရှင်ပီပီ ငြင်းခုံတတ်၊ ဆရာလုပ်တတ်ကြ၏။ ဆရာလုပ်တတ်ခြင်းမှာ စာအုပ်ကြီးများ ဖတ်ရလွန်း၍ဖြစ်၏။ Oxford, Cambridge တို့နှင့်တလျှင် စကော့တက္ကသိုလ်တို့၌ tutorial ခေါ် နည်းပြခံယူမှု၊ seminar ခေါ် ဆွေးနွေးပွဲတို့တက်၊ lecture ခေါ် ပြောဟောသင်ကြားမှုပေါ် ပိုအလေးထား၏။ စကော့တို့ အသေးစိတ် လိုက်သည့်အလေ့မှာ ဘုရားတရားစာ၊ ဥပဒေပညာ၊ ပညာရေး စသည်တို့ လိုက်စားသည်မှ ရ၏။ Glosgow တက္ကသိုလ်ဆရာ Adam Snith ရေးခဲ့သော An Inquiry into the wealth of Nation စာအုပ်ထူကြီးကို လန်ဒန်ပြဇာတ်စင်တို့၌ ပေါက်တန်းကစားကြတုန်းပင်။ ယင်းစာအုပ်ကို တုယှဉ်ပြိုင်သည့် နောက်ဆုံးထုတ်သုံးတွဲစာအုပ်မှာ ဆွီဒင်မှ ဒဿနိကဗေဒ၊ ဘောဂဗေဒပညာရှင် Gunnar Myrdal ရေး An Inquiry into the Poverty of Nations ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ် စကော့ဘောဂဗေဒ ပညာရှင် Alec Cairncross (ဗြိတိသျှ ဘဏ္ဍာရေးဌာန၏ အကြံပေးအရာရှိဟောင်း) ၏ အဆိုအရ ဗြိတိန်၌ အင်္ဂလိပ်နယ်နိမိတ်၏ မြောက်ပိုင်းဒေသတွင် နေထိုင်ကြသူတို့သည် စည်းစည်းရုံးရုံးရှိ၍ အင်္ဂလန်နှင့် ဝေလပြည်တို့နှင့် ရှေးရိုးရာ အနာဂတ် မျှော်မှန်းချက် စိတ်နေစိတ်ထားနှင့်အကြိုက်၊ ဖွဲ့စည်းပုံနှင့် ယဉ်ကျေးမှုတို့တွင် ကွဲပြားခြားနားသူတို့ ဖြစ်၏။ ရှေးဘုရင့်တိုင်းပြည်အဖြစ် တည်ရှိခဲ့၍ Robert Bruce, Mary Queen of Scots, Robert Burns တို့ မြိုက်ခဲ့သည့် မျိုးချစ်စိတ်မီးရှင်သန်ဆဲဖြစ်၏။

စကော့တလန်၏ လေသန့်ရေသန့်တို့မှ ကမ္ဘာ့အကောင်းဆုံးအရက်ထွက်ပေါ်ခဲ့၏။ ထွက်ပေါ်ရာအရပ်၌ Scotch ကို ၎င်းအတိုင်းသော်လည်းကောင်း သို့မဟုတ် အလွန်ဆုံး ရေရော၍သော်လည်းကောင်း သောက်ကြ၏။ Scotch နှင့် ဆိုဒါဆိုသည်မှာ ရေကိုစိတ်မချရသော ဗြိတိသျှအင်ပါယာ၏ ရပ်ဝေးဒေသတို့၌သာ သောက်သုံးကြ၏။ James Bond ရုပ်ရှင်ကားထဲမှ မင်းသမီးတစ်ဦး၏ အဆိုအရ စကော့ယောက်ျားတို့သည် kilt ဂါဝန်တိုကို ၎င်းအတိုင်း ဝတ်ကြ၏။

ဂေါက်သီးကစားခြင်းကို စတွင်သော စကော့တလန်၌ အကောင်းစား ဂေါက်ကွင်း ၃၅၀ ကျော်ရှိ၏။ စစ်ပြီးစတွင် စတင်သော Edinburgh ဂီတပွဲတော်သည် ကမ္ဘာကျော်တုန်းပင်။ စကော့အိတ်မြွေ bagpipe ကို ကြည်နူးဖွယ်အချိန်အခါတွင် တစ်ကမ္ဘာလုံး၌ တီးတုန်းပင်။ တွေ့ဆုံကြုံကြဲသည့်အခါတို့၌ Aludlang syne သီချင်းကို တစ်ကမ္ဘာလုံး၌ ဆိုတုန်းပင်။ သန်းခြောက်ထောင်ကျော် ကမ္ဘာတွင် ဤမျှလှုပ်ရှားထင်ရှားနိုင်သော ငါးသန်းကျော်လူဦးရေမျိုး ရှားပါဘိ။

# Night Into Day

Before the tourist stampede a Myanmar visiting Spain had better take some *balachaun* with him lest he starve before restaurants open for dinner at 10 pm. And if he wishes to see the typical Spanish dance of flamenco, he must be prepared to step out at mid-night to return home by four just before dawn. With a late lunch and the following siesta taking up a good part of the day, a Myanmar will find his Spanish day turned into night and the night into day. That was the Spanish way to fight heat before air-condition arrived.

In spite of the temporal differences in life style, a Myanmar will find many life attitudes in common with a Spaniard. For example, although the Spanish dance with their feet and the Myanmar with their hands, the spontaniety and group participation in the flamenco will remind him of the ozi dance. Although more tourists visit Spain each year than the native population, the Myanmar will find the Spaniard remaining a gracious host as he himself aspires to be. A discriminating Myanmar will also discover to his delight that like him the Spaniard is partial to succulence in his women as well as in his pork. On the negative side, the Myanmar will be reminded of his own ပကာသန pretensions in the honourable but hungry *hidalgo* (A Spanish gentleman who refuses to work for his

www.burmeseclassic.com

www.burmeseclassic.com



living), coming out of his house brushing away the crumbs which he would like others to imagine had fallen on his clothes, and picking his teeth to give an mpression of the meal which he had not eaten. Let us therefore look into the background of these fascinating life attitudes.

First, let us take geography. The Iberian peninsula contains many types of land and climate-olives and vineyards on the Catalonian seaboard, hot ricefields around lower Guandalquivir, wet granite hills in Galicia, orange-groves in Valencia, and palm trees in Elche. Between these coasts lies the great stretch of the *meseta* or table-land. crossed by bright green stripes along the rivers. The climate inland alternates between blazing, waterlss heat and a long winter of bitter winds, with violent storms and floods. Except for the sea-faring Basques, the land has had more influence than the sea in the making of the Spanish character; hence their stubbornness. Another geographic influence on national character is the mountains tending to divided the people into small independent groups.

Let us take history, next. First discovered by the Phoenicians but first written up by the Greeks, Spain soon fell under exploitation by Hannibal of Carthage. This in turn invited Roman intervention in resisting which the early Spaniards exhibited a quality amply inherited by their successors. This was fanatical defence of a beleagured post, whether it be Virathus keeping Rome at bay all over western Spain for eight years (147 - 139 BC) or the Numantines breaking two Roman armies before Scipio starved them out (133 AD) or the fighters of Galicia and Asturias defying Agrippa in their mountains (27-16 BC) or the long siege of Madrid (1936 - 39). Tourist guides at Toledo are fond of pointing out the telephone on which a beleagured general of Franco told



his lieutenant son in the captivity of the Republicans to die rather than be ransomed for the surrender of his garrison.

Ethnically, the Spanish are drawn from two stocks, the Iberians coming from North Africa and the Celts coming from Europe. Later came the Moslem Berbers, known as Moors because they were from Morocco. But their leaders were Arabs, such as Tariq and Musa. The Moslem colonists brought no women with them and married into Spanish families becoming as Spanish as the Christians were. Although according to Arab custom, the children were given the names of their ancestors in the male line only, and thereby inherited a long series of Arab names, it meant, because of the successive crossing with Spanish strains, that the more Arab names a man had, the less Arab blood he had in his veins. A more permanent mark however was left by these Arabic-speaking Spaniards in many place names and int he names of some common objects of everyday Spanish life. Then came the Christian reconquest of Spain, under the kings of Castille and Leon, and of Aragon and Catalonia, crowned by the Spanish Inquisition under the Catholic Kings. It is somewhat ironical however that Ruy Diaz de Bivar, the *Cid*, that great champion of Christian Castille was known nevertheless by a title which is Arabic, meaning *Sidi* or my Lord.

The advent of absolutist Spain under Ferdinand and Isabel brought intellectual and geographical adventure with it. It was under Isabel's encouragement that Columbus discovered the New World. Spanish *conquistadores* were adventurous and courageous if also cruel and greedy. The murder of the Inca ruler of Peru Atahualpa at the hands of the treacherous Fernando Pizarro after

www.burmeseclassic.com

www.burmeseclassic.com



being promised his life, if he filled a large roim with gold as high as a man could reach with his sword, still provides poignant drama on the stage.

When Renaissance came to Spain, quixotism or the spirit of a crusade was satirized by Cervantes in his *Don Quixqte* who charged at every windmill taking it for a castle. The genius of Cervantes lies in his ability to portray a universal character present in each land and in each age. Often in Spain one comes across a huge unfinished church started on a grand scale. Like many magnificent enterprises in the course of Spanish hisory, the Empire came to a ragged end leaving behind a proud people nostalgic of past greatness and unable to pull together to overcome the stark realities of the present.

The rich historical heritage, the proud mien and grand manners of the people, the sun and the beaches, the relatively lower prices and the official encouragement, have combined to make, modern Spain a tourists', paradise. While some other countries have only the capital to show off, Spain has its tourist attractions all over the peninsula. Apart from Madrid in the centre with its art-rich Prado National Museum and the Royal Palace, there is Toledo nearby, the home of El Greco, famous for its gold Damascene works, the Cathedral and the Church of Santo Tome. Then there is in the north-east, Barcelona, the most cosmopolitan city in Spain. Ancient, beautiful Valencia with its gay fiestas, lies on the east coast while in the south are Seville and Granada with its Moorish architectural heritage. San Sebastian where the best bull-fighting and other sports can be seen lies on the north coast in the Bay of Biscay. Other fine beaches are the Costa de Sol and the Costa Brava known as the Spanish Riviera. It is no wonder then that Spain ranks next only



to the United States in the volume of incoming visitors and is second to none int the volume of net earnings from tourism. It is estimated that by 1980 there would be more tourists than Spaniards in the country -- 50 million visitors bringing in $ 3.7 billion of foreign exchange.

Summing up the Spanish, one sure thing is that it is not possible to be indifferent to them. For the Spanish have given much--both good and bad--to the world. They have discovered the New World for making but they have also made life miserable for its original inhabitants. They have given the world the most widely spoken tongue as well as the Inquisition. They have added much colour to international life but they have also contributed to world conflagration. In fact, for all their reserve and hermitic withdrawal, they have been one of the most talked about people in the world, Hemingway *et al. Ole!*

www.burmeseclassic.com

www.burmeseclassic.com

# ညမှနေ့သို့

မြန်မာတို့ စပိန်နိုင်ငံသွားလည်လျှင် ငါးပိကြော်နည်းနည်းဆောင်သွားဖို့ လိုလိမ့်မည်။ အကြောင်းမှာ (ကမ္ဘာလှည့်ခရီးသည် အများအပြားမလာမီက) စပိန်စားတော်ဆက်တို့သည် ည ၁၀ - နာရီမှ ဖွင့်သည့်အတွက်ပင်။ Flamenco စပိန်အက ကြည့်လိုပါကလည်း ညသန်းခေါင်အထိ စောင့်ရလိမ့်မည်။ ပွဲကြည့်လျှင် အရုဏ်လင်းခါနီး ၄ - နာရီခန့်တွင်မှ ဟိုတယ်ပြန်ရောက်လိမ့်မည်။ မွန်းလွဲနေ့လယ်မှာ စားပြီး တရေးတမောအိပ်၊ ညနေစောင်း ၅ - နာရီလောက်မှ ဆိုင်များပြန်ဖွင့်၍ ဈေးဝယ်။ ညစာ ၁၀ - နာရီမှ စား။ စပိန်ရောက် မြန်မာတို့အတွက် နေ့သည်ညဖြစ်၊ ညသည်နေ့ဖြစ်လာမည်။ လေအေးစက် မပေါ်မီက စပိန်တို့ နေပူကို ရှောင်နည်းဖြစ်၏။

မြန်မာနှင့် စပိန်တို့ နေပုံထိုင်ပုံချင်း မတူသော်လည်း၊ ဘဝအတွေးအခေါ် ဆင်တူသည့်အချက်များလည်း ရှိ၏။ စပိန်အကတွင် ခြေကို အသုံးများ၍ မြန်မာအကတွင် လက်ကို အသုံးများသည် မှန်သော်လည်း စပိန်အကတွင် မီးစင်ကြည့်ကပုံ၊ ပရိသတ်အားပေးပုံတို့မှာ မြန်မာ့အိုးစည်ကနှင့်ဆင်၏။ တိုင်းပြည်လူဦးရေထက် မနည်းသော ကမ္ဘာလှည့်ခရီးသည်များနှစ်စဉ်လာနေသည့်ကြားထဲက စပိန်တို့သည် အိမ်ရှင်ကောင်း ပီသစွာ နေကြသည်မှာ မြန်မာတို့ အားကျစဖွယ်ပင်။ စပိန်နှင့်မြန်မာတူသည့် နောက်တစ်ချက်မှာ မိန်းမလှဆိုရင် ဝဖြိုးရမည်။ ဝက်သားကင်ဆိုရင် ကျွတ်ရမည်ဆိုသည့် succulence ကြိုက်ခြင်းဖြစ်၏။ အနုတ်လက္ခဏာ ဆင်တူချက်မှာ



ပကာသန ဟန်ဆောင်မှုဖြစ်၏။ hidalgo ခေါ် ဘော်ကြော့လက်ကောက်ကြီးသည် ထမင်းစားပြီးလေဟန် သွားကြားထိုးရသည်ကတစ်မျိုး၊ ကုတ်အင်္ကျီမှပေါင်မုန့်စကလေးများ ခါချရသည်မှာတစ်ဖုံ ဖြစ်၏။ ဤလူထူးလူဆန်းတို့၏နောက်ခံကို လေ့လာကြည့်ကြစို့။

ပထမဆုံး ပထဝီဝင်ကို ကြည့်ကြစို့။ Iberian ကျွန်းဆွယ်တွင် မြေမျိုးစုံ၊ ရာသီဥတုမျိုးစုံ ရှိ၏။ Catalonia ပင်လယ်ကမ်းခြေဒေသ၌ သံလွင်ပင်နှင့် စပျစ်ပင်များ၊ Guadalquivir အောက်ပိုင်းတစ်ဝိုက်၌ စပါးကွင်းများ၊ Galicia ၌ ကျောက်တောင်များ၊ Valencia ၌ လိမ္မော်ပင်များ၊ Elche ၌ ထန်းပင်များ ရှိ၏။ အတွင်းဘက်တွင် meseta ကုန်းမြင့်ဒေသရှိ၍ ဤမြစ်များတစ်လျှောက်သာည မိမ်းလန်းစိုပြေ၏။ နွေအခါ ခြောက်သွေ့နေပူပြင်း၍ ဆောင်းကာလရှည်ကြီး၌ လေအေးတိုက်၊ လေပြင်းမုန်တိုင်းကျ ရောကြီး၏။ သို့နှင့်ပင်လယ်ထွက်သည့် Basque လူမျိုးနှင့်မတူ၊ စပိန်တို့သည် ခေါင်းမာ၍ ကိုယ့်အစုနှင့်ကိုယ်နေတတ်၏။

သမိုင်းကို ကြည့်ကြစို့။ စပိတ်ကို စတွေ့သည်မှာ Phoenicians စပိန်အကြောင်း စရေးသည်မှာ ခေါ် [illegible] စပိန်ကို စအုပ်စိုးသည်မှာ Carthage ဘုရင် Hannibal၊ ထို့နောက် ရောမတို့ ဝင်တိုက်သည်ကို ခုခံပုံမှာ အထူးသဖြင့် ရန်သူဝိုင်းသည်ကို ယခုထိ သမိုင်းဝင်သည်။ (၁၄၇ - ၁၃၉ ဘီစီ) ရှစ်နှစ်တိုင်တိုင် Virathus သည် စပိန်နောက်ပိုင်းတွင် ရောမတပ်တို့ကို တန့်စေခဲ့သည်။ Numantines တို့သည် ရောမတပ်မဟာနှစ်ခုကို ချေမှုန်းခဲ့သောကြောင့် နောက်ဆုံး (အေဒီ ၁၃၉) တွင် Scipio က အင်တော်လက်နက်သုံးခဲ့ရ၏။ Galicia နှင့် Asturias တောင်တန်းမှ တိုက်ပွဲဝင်တို့သည် (၂၇ မှ ၁၆ ဘီစီအထိ) Agrippa ကို အာခံခဲ့ကြ၏။ ၁၉၃၆ - ခုနှစ်မှ ၁၉၃၉ - ခုနှစ်အထိ မဒရစ်မြို့တော် အဝိုင်းခံခဲ့ရ၏။ Toledo ခံတပ်တွင်း၌ ပိတ်မိနေသော ဖရန်ကို၏ ဗိုလ်ချုပ်က Republican တပ်တို့၏ လက်ထဲရောက်နေသော သူ၏သားယော်ဝိုလ်အား မိမိတို့ လက်နက်ချမည် မဟုတ်၍ အသေခံရန် တယ်လီဖုန်းဆက်ပြောပုံကို ယခုထိ ပြသထား၏။

လူမျိုးအနေဖြင့် စပိန်တို့သည် မြောက်အာဖရိကမှလာသော Be-

www.burmeseclassic.com

www.burmeseclassic.com



rians တို့နှင့် ဥရောပမှလာသော Celts တို့မှ ဆင်းသက်၏။ ၎င်းနောက် Morocco မှလာ၍ Moors ဟုတွင်သော မူဆလင်ဘာသာဝင် Berbers တို့ ရောက်လာ၏။ ၎င်းတို့၏ ခေါင်းဆောင်တို့မှာ Tariq နှင့် Musa စသော အာရပ်လူမျိုးများ ဖြစ်ကြ၏။ ၎င်းတို့သည် မိန်းမပါမလာကြဘဲ စပိန်အမျိုးသမီးတို့နှင့် အိမ်ထောင်ကျ၍ စပိန်သွေးမျိုးထဲဝင်၊ ခရစ်ယာန်များလောက်ပင် စပိန်ဆန်လာကြပါသည်။ အာရပ်ထုံးစံအရ အဖေဘက်မှ ဘိုးဘေးတို့၏ အမည်များကို ဆက်ခံရသည်ဖြစ်ရာ ယနေ့စပိန်အချို့တွင် အာရပ်နာမည်များလေ အာရပ်သွေးနည်းလေ ဖြစ်၏။ နေရာအမည်အချို့နှင့် အိမ်သုံးပစ္စည်းအချို့ကို ခေါ်ပုံခေါ်နည်းတွင်လည်း အာရပ်စကားများ ကျန်ရစ်တုန်းပင်။

ထိုနောက် Castille, Leon, Aragon, Catalonia ခရစ်ယာန် ဘုရင်များလက်ထက်ပင် စပိန်နိုင်ငံကို Moors လက်အောက်မှ ပြန်လည် သိမ်းပိုက်ကြ၏။ နောက်ဆုံးတွင်ကား ရိုမန်ကက်သလိပ်ဘုရင်များလက်ထက် Spanish Inquisition ခေါ် ဘာသာရေးနှိပ်ကွပ်မှုကြီး ပေါ်သည်အထိပင်။ ထူးဆန်းသည်မှာ ခရစ်ယာန် Castille လူစွမ်းကောင်း El Cid ခေါ် Ruy Diaz de Bivar မှာ ကျွန်တော့်အရှင် အှမိပ္ပာယ်ပေါက် Sidi ဆိုသည့် အာရပ်နာမည် ရှိခြင်းပင်။

သက်ဦးဆံပိုင် Ferdinand နှင့် Isabel လက်ထက်ပညာနှင့် ပထဝီဝင် စူးစမ်းခြင်းနယ်ပယ်၌ စပိန်တို့ စွန့်စားခန်းများ စတင်လေသည်။ Isabel ၏ အားပေးမှုဖြင့် Columbus သည် ကမ္ဘာသစ် အမေရိကန်တိုက်ကြီးကို တွေ့ရှိလေသည်။ *Conquistadore* ခေါ် လွှမ်းမိုးသူတို့သည် တစ်ဘက်တွင် လောဘဒေါသကြီးပြားသော်လည်း တစ်ဘက်တွင် သတ္တိရှိရှိ စွန့်စားလေသည်။ အခန်းကျယ်ကြီးတွင် လူတစ်ယောက်နှင့် မားတစ်လံမြင့် ရွှေပုံပေးက အသက်ချမ်းသာပေးမည်ဟု ပီရူးပြည် အင်ကာဘုရင် Atahualpa အား ကတိပေးပြီး စကားမတည်သော Fernando Pizzaro အကြောင်း ယနေ့တိုင် ဇာတ်ကတုန်း ဖြစ်၏။

Renaissance ခေါ် ကမ္ဘာ့ပြန်လည် နိုးကြားခေတ်ရောက်သော် စာရေးဆရာကြီး Cervantes က cursading စိတ်ဓာတ်ကို ပျက်ရယ်ပြုရန် လေရဟတ်စက်မြင်တိုင်း ရဲတိုက်ထင်ပြီး မြင်းပေါ်မှ မားနှင့်ဝင်ခုတ်နေသည့်



Don Quixote ရုပ်လွှာကို ထွင်ခဲ့၏။ ထိုမှ quixotic ဆိုသည့် စကား ဆင်းသက်လေသည်။ Cervantes တော်သည်မှာ တိုင်းပြည်တိုင်း ခေတ်တိုင်းတွင် Don Quixote လို အရူးရှိသည်ကို ထောက်ပြခြင်း ဖြစ်၏။ စပိန်မြေပေါ်တွင် ကြီးမားသော ဘုရားရှိခိုးကျောင်းကြီး ဆောက်မည်ဟု စတင်ပြီး ဆုံးခမ်းတိုင် မရောက်သည့် သာဓကများ ရှိ၏။ စပိန်အင်ပါယာကြီး ပြိုကွဲသွားပြီးနောက် အတိတ်ကာလက ရွှေထီးဆောင်းခဲ့ရသည်ကိုလည်း မမေ့နိုင်၊ မျက်မှောက်ပြဿနာတို့ကိုလည်း မကျော်လွှားနိုင်သည်မှာ တစ်ဒုက္ခ။

ကြွယ်ဝသော သမိုင်းအမွေ၊ ကျက်သရေရှိသော မျက်နှာရှင်များနှင့် ၎င်းတို့၏ မဟာဆန်သော အမွေအရာ၊ နေရောင်ခြည်နှင့်ပင်လယ်ကမ်းခြေများ၊ ချိုသာသောဈေးနှုန်းနှင့် အစိုးရ၏ အားပေးမှုတို့ကြောင့် ယနေ့စပိန်သည် ကမ္ဘာလှည့်ခရီးသည်တို့၏ လောကနိဗ္ဗာန် ဖြစ်နေ၏။ အခြားနိုင်ငံအချို့တွင် မြို့တော်တစ်ခုတည်းလောက်သာ ပြစရာရှိသောလည်း စပိန်ကျွန်းဆွယ်အနှံ့အပြားတွင် ကမ္ဘာလှည့်ခရီးသည်တို့ စိတ်ဝင်စားစရာများ ရှိ၏။ Madrid ၌ ဘုရင့်နန်းတော်နှင့် ပန်းချီပန်းပုများစွာရှိသော Prado အမျိုးသားပြတိုက်၊ အပြင်ဘက် Toledo ၌ El Greco နှင့် သူ၏လက်ရာများ၊ Catherdral နှင့် Church of Saint Tome အရှေ့မြောက်ပိုင်း၌ စပိန်၏ နိုင်ငံတကာအကျဆုံးမြို့ Barcelona အရှေ့ဘက်ကမ်းခြေ၌ ပွဲလမ်းများ၍ လှပသောဈေးမြို့ Valencia, တောင်ပိုင်း၌ Moorish ဗိသုကာကျန်သော Seville နှင့် Granada-Burllfight အတွက် နာမည်ကြီးသော Bay of Biscay မြောက်ဘက်ကမ်းရှိ San Sebastian ကမ်းခြေကောင်း၍ Spanish Rivera ဟုခေါ်သော Costa Brava နှင့် နေရောင်ခြည်ကမ်းခြေဟု တွင် သော Costa del Sol ။ ဤနေရာတစ်ခုတစ်ခုသို့ ကားမောင်းသွားသည့်အခါ ကြားရသော ရေဒီယိုမှ စပိန်တေးဂီတမှာ မြန်မာတို့အတွက် နားဝင်ချိုပါ သည်။

စပိန်လူမျိုးတို့အကြောင်း နိဂုံးချုပ်ရလျှင် ၎င်းတို့သည် ကမ္ဘာသို့ ကောင်းကျိုးရော ဆိုးကျိုးပါပေးခဲ့ပါသည်။ ကမ္ဘာ့လူသားတို့အတွက် အမေရိကန်တိုက်ကြီးကို ရှာဖွေပေးခဲ့၏။ သို့သော် ယင်းကမ္ဘာသစ်၌ ဦးစွာနေခဲ့သူတို့ကိုကား အတော်နှိပ်စက်ခဲ့၏။ ကမ္ဘာပေါ်တွင် လူအများဆုံး ပြောသော စကားကို ပေးခဲ့၏။ တစ်ဖက်တွင်ကား Spanish Inquisition ဟု သမိုင်းတွင်သော ဘာသာရေးနှိပ်စက်မှုကြီးကို ထွင်ခဲ့၏။ ၎င်းတို့သည် နိုင်ငံတကာစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားဖွယ်ဖြစ်အောင် လုပ်ပေးခဲ့၏။ တစ်ဘက်တွင်လည်း ၎င်းတို့၏ ပြည်တွင်းစစ်ဖြင့် ဒုတိယကမ္ဘာစစ်ကြီးကို မီးမွေးပေးခဲ့၏။ စကားတိတ်ဆိတ်၍ ရှေ့တန်းတက်ခဲ့သော်လည်း Hemingway လို စာရေးဆရာကြီးများ လက်ရာကြောင့် သူတို့အကြောင်း ကမ္ဘာက အတော်သိ အတော်ပြောကြ၏။ Real Madrid, Barcelona, Valencia ဘောလုံးအသင်းများ၊ စပိန်အမျိုးသား၊ အမျိုးသမီး တင်းနစ်ချန်ပီယံတို့ကြောင့် ယနေ့စပိန်သည်လည်း ကမ္ဘာကျော်နေဆဲဖြစ်၏။

*

## The Invisible Neutrals

The most visible country with the most invisible people in the wrold must be Switzerland and the Swiss. There is hardly any traveller who has not been to Switzerland. By the same token, hardly any traveller has really got to know the Swiss. Of course, one cannot fail to be impressed by the courtesy and tact of the legendary Swiss hotelier. The Swiss banker is at once discreet, offering numbered accounts, and strict, requiring a holder of traveller's cheques to sign them in his presence. But socially it is difficult to meet the Swiss. Even at night-clubs the only Swiss one xomes across are bald-headed company executives entertaining foreign colleagues on expense account. "Where are all the young Swiss?" one may enquire. "They ate all busy making money so that when they have lost their hair, they could come to the night-club on expense account", was the answer.

Switzerland is the head-quarters of dozens of international organizations and Geneva is known as the delegates' town. The only delegation missing, however, is the Swiss, because the traditionally neutral Switzerland was unwilling until very recently to commit itself to impose sanctions against another country even on orders from the United Nations. Federated in 1291, freed from

www.burmeseclassic.com

www.burmeseclassic.com



the Holy Roman Empire since the Treaty of Westphalia in 1648 and neutral since the Congres of Vienna in 1815, the Swiss Confederation now consisting of 22 sovereign centons, each of which has a veto power over federal legislation by referendum, is the oldest democracy in the world.

Another factor making for the invisibility of the Swiss is that while the natives number a little over seven million in all they are outnumbered by the hordes of tourists, delegates and foreign workers. While Basle is the meeting place of European central bankers, being the site of the Bank of iInternational Settlements, Zurich is the international centre of banking and finance, the meeting place of the so-called 'Gnomes of Zurich'. But the most cosmopplitan city in this international country is Geneva, the European headquarters of the United Nations and the seat of the former League of Nations.

The Palais des Nations was built in a beautiful park near Lake Geneva to rpvide serenity of mind to anguished statesmen deliberating on innumerable problems of the world. While the sketches of the distinguished delegates of the past era are displayed on the walls of the gourmet restaruant of Bavaria, their less distinguished contemporary colleagues can be seen live in the rowdy night-clubs where the third session of the day, devoted to so-called leg-work, is held till 3 O'clock in the morning. The Swiss establishments are so accommodatiing to the visiting delegates on actual expense account that beer is classified as mineral water and a place of assignation is known as the arrangement.

The Swiss identity of race and language disappears on scrutiny. The ancient Helvetians were a warrior race forming part of the general tribe of Gauls and spoke



a Celtic tongue. Romanized by Julius Caesar, they became Christians from the fourth century onwards together with the Germanic Burgundians who joined them around Geneva. Another Germanic tribe, the Allemanni, invaded the plateau towards the end of the fifty century. Unlike the Burgundians, the Allemani retained their Germanic tongue and became Christians only very gradually. This is the origin of the division which separated the Swiss today into those who speak French and those who speak an Allemanic dialect. Although I spent over half a year in Geneva I did not extend my knowledge of written French or spoken French, confusing it with German which is spoken in Swizerland with an accent. Swiss French has in fact no accent.

High German is spoken by 69 per cent of the Swiss population and French by 19 per cent. Italian is spoken by another 9.5 per cent and Romansch by 0.9 per cent. Religion-wise, 52.6 per cent of the Swiss are Protestants while 45.6 per cent are Roman Catholic. But unlike in neighbouring France and Germany the Protestants are mostly French-speaking and the Roman Catholics are mostly German -speaking.

Although the Swiss Germans are Germans by culture and character, they are not pure Germans racially. Along with the fair-haired blue-eyed. Teutonic types, there are among them many examples of relatively dark-skinned. Alpine types, with black hair, a rather fine bone structure and often keen, lively and clear eyes. Compared to the French Swiss, they are more stolid, a little heavy and rather slow in their reactions. They are as precise as the watches they make and as systematic as their German neighbours althought their romanticism is never pathologic and immoderate as it ofter times is on the other side of the Rhine. Another interesting difference is that the

www.burmeseclassic.com

www.burmeseclassic.com



Alemannic Swiss use their dialect in their everyday life and in their local discussions while they use German at their universities and in their federal debates both in speech and in written word.

Unlike the Allemanic Swiss the French-speaking Swiss or the Romands as they are called use French language both as a spoken and a written language, both for everyday life and for business affairs. Compared to the German Swiss, the temperament of the French Swiss is livelier, more level-headed, Another source of difference is the fact that the majority of the French Swiss are Calvinist Protestants with Anglo-Saxon contacts-an example of which is the so-called Oxford Group which has developed into the Moral Rearmament Army based in Caux.

The Italian-speaking minority, which has increased from 4 per cent to 9 per cent of the population in the last three decades, is concentracted almost entirely in Ticino. Their habits and customs as well as their temperament are the same with the Lomardians and are more lively, more talkative, more excitable and more expressive than their fellow Swiss. The Italian they speak has however, an idiom which is a patoi like the one used in Milan.

The fourth language of Switzerland, albeit a declining tongue, is Romansch, spoken chiefly in Grisons. It is a Celtic-Roman idiom belonging to the Latin family. Its preservation is an official policy of Switzerland in her wise taste for diversity.

This self-effacing invisible people happen to live in the most pleasantly visible country in the world. Lake Geneva in the shadows of the mighty Mont Blanc in the west, Interlaken with a superb view of the Jungfrau, the beautiful Lake Lucerne in the centre,the legendary St Moritz and other resorts in the east, the fabulous lakes of



Lugano and Maggiore in the south, are some of the breathtaking beautiful scenes of Switzerland. It may sound paradoxical but looking at Swiss scenery gives you the feeling that you are looking at colour picture post-cards, so neat and tidy and yet so real.

A country without a standing army but where every able-bodied man above twenty keeps a gun in his home and where every mountain pass and tunnel is mined to deny entry to the enemy in readiness to defend their highly prized neutrality, an insular nation giving itself to the cause of internatioal peace as symbolized by a national flag the reverse in colours of the Red Cross, a heterogenous people affording the world and example of harmonious living amidst diversity of race, language and religion.

www.burmeseclassic.com

www.burmeseclassic.com

## မမြင်ရသော ကြားနေများ

ကမ္ဘာပေါ်၌ အဝေးက အမြင်ရဆုံးတိုင်းပြည် (Alps တောင်တန်းများကြောင့်) နှင့် မမြင်ရဆုံးလူမျိုးမှာ ဆွစ်ဇာလန်ပင် ဖြစ်၏။ ခရီးသွားများအနက် ဆွစ်ဇာလန်ကို မရောက်ဖူးသူ ရှား၏။ ဆွစ်ဇာလန်ကို ရောက်ဖူးသူများအနက် ဆွစ်လူမျိုးကို တကယ်သိသူနည်း၏။ ဆွစ်ဟိုတယ်လုပ်ငန်းရှင်တို့၏ ဖော်ရွေအလိုက်သိတတ်မှုမှာ အများသိဖြစ်၏။ လျှို့ဝှက်နံပါတ်စာရင်းဖွင့်နိုင်သော ဆွစ်ဘဏ်တို့၏ သိပ်သည်းမှု၊ စည်းကမ်းကြီးမှု (ခရီးသွား ချက်လက်မှတ်တို့ကို ပိုင်ရှင်ကိုယ်တိုင် ၎င်းတို့ရှေ့မှောက်၌ လက်မှတ်ထိုးခိုင်းသည်) မှာလည်း အများသိဖြစ်၏။ သို့သော် ပေါင်းသင်းဆက်ဆံရေး၌ ဆွစ်တို့ကို သိရန်ခက်၏။ ညကပွဲရုံများ၌ တွေ့ရသောဆွစ်တို့မှာ ကုမ္ပဏီပိုက်ဆံနှင့် နိုင်ငံခြားဧည့်သည်တို့ကို ခေါ်လာသော ကတုံးပြောင်ကုမ္ပဏီလူကြီးများ ဖြစ်၏။ ဆွစ်လူငယ်တွေ ဘယ်ရောက်နေသလဲဟုမေးသော် "အလုပ် ကုန်းလုပ်နေကြတယ်။ ကတုံးပြောင်တော့မှ ကပွဲရုံကို ကုမ္ပဏီပိုက်ဆံနှင့် လာနိုင်မို့" ဟု ပြန်ဖြေ၏။

ဆွစ်ဇာလန်၌ အပြည်ပြည်ဆိုင်ရာရုံး အမြောက်အမြားရှိရာ ဂျီနီဗာကို ကိုယ်စားလှယ်မြို့တော်ဟု ခေါ်ကြ၏။ သို့သော် ဘယ်တော့မှ မတွေ့ရသည့် ကိုယ်စားလှယ်တော်များမှာ ဆွစ်တို့ဖြစ်၏။ ကြားနေနိုင်ငံအဖြစ် အခြားနိုင်ငံတို့အပေါ် ဖိအားမပေးလို၍ ဆွစ်ဇာလန်သည် ကုလသမဂ္ဂထဲ မဝင်သည်မှာ မနေ့တစ်နေ့ကအထိ ဖြစ်၏။ ၁၂၉၁ - ခုနှစ်တွင် ပြည်ထောင်စုဖွဲ့၊ ၁၆၄၈ - ခုနှစ် Treaty of Westphalia အရ Holy Roman Empire လက်အောက်မှလွတ်မြောက်၊ ၁၈၁၅ - ခုနှစ် Corgress of Vienna မှ စ၍



ကြားနေနိုင်ငံအဖြစ် တည်ရှိခဲ့သော Swiss Confederation တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာရှိသော Canton ၂၂ - ခု ပါဝင်၏။ ၎င်းတို့သည် referendum ပြုလုပ်ပြီး ပြည်ထောင်စုက ပြုလုပ်သော ဥပဒေတို့ကို ဗီတိုလုပ်နိုင်၏။

ဆွစ်တို့ကို မမြင်ရသည့် နောက်အကြောင်းတစ်ခုမှာ လူဦးရေ ခုနစ်သန်းကျော်ကျော်မျှသာ ရှိသဖြင့် များလှစွာသော ကမ္ဘာလှည့်ခရီးသည်များ၊ ကိုယ်စားလှယ်တော်များနှင့် နိုင်ငံခြားသား အလုပ်သမားများကြားတွင် ပျောက်ကွယ်သွားခြင်းဖြစ်၏။ Bank of International Settlements တည်ရှိရာ Basle မြို့သည် ဥရောပ ဗဟိုဘဏ်အရာရှိများ တွေ့ဆုံရာဖြစ်၍ Zurich မြို့မှာ အပြည်ပြည်ဆိုင်ရာ ဘဏ်နှင့်ငွေကြေးလုပ်ငန်း ဗဟိုဖြစ်ပြီး Gnomes (ဘုတ်ဘီလူး) ထွက်ရာမြို့ဟူ၍ပင် ခေါ်ကြ၏။ သို့သော် အပြည်ပြည်ဆိုင်ရာအကျဆုံး ဆွစ်မြို့မှာ ယခင်က league of Nations၊ ယခု ကုလသမဂ္ဂ၏ ဥရောပဌာနချုပ်တည်ရာ Geneva ဂျီနီဗာ ဖြစ်၏။

Palais des Nations နိုင်ငံတကာနန်းတော်ကို ဂျီနီဗာကန်ဘေး ဥယျာဉ်သာယာ၌ တည်ဆောက်သည့် အကြောင်းတစ်ခုမှာ ကမ္ဘာ့ပြဿနာပေါင်းစုံကို စဉ်းစားရ၍ ခေါင်းရှုပ်နေသော ခေါင်းဆောင်ကြီးများ စိတ်တည်ငြိမ်မှု ရရန်ဖြစ်၏။ ယင်းခေါင်းဆောင်ကြီးများ၏ ပုံရိပ်တို့ကို Bavaria စားသောက်ဆိုင်၏ နံရံတို့တွင် ချိတ်ဆွဲထား၏။ ၎င်းတို့နေရာ ဆက်ခံသူလက်ရှိကိုယ်စားလှယ်တော်တို့ကို လူကိုယ်တိုင် တွေ့နိုင်သည့်နေရာမှာ နံနက်သုံးနာရီအထိ ဖွင့်သော ညကပွဲရုံတို့၌ ကျင်းပသော legwork ခေါ် ပြင်ပစေ့စပ်ရာ တတိယမြောက် အစည်းအဝေးတို့ ဖြစ်၏။ စရိတ်စကအလုံးစုံကို အစိုးရက ကျခံသော ကိုယ်စားလှယ်တော်တို့ စိတ်ချမ်းသာစေရန် ဆွစ်ဟိုတယ်ဈေးဆိုင်ကနားတို့က ဘီယာကို ဓာတ်ဖက်ဝင်ရည် mineral water ဟု သတ်မှတ်၍ assignation ချိန်းဆိုရာအခန်းကို arrangement စီစဉ်ရာအရပ်ဟု ခေါ်ဝေါ်လေသည်။

ဆွစ်လူမျိုးနှင့် ဘာသာစကားတို့သည် သေသေချာချာ စိစစ်ပါက မရှိကြောင်း တွေ့ရသည်။ ရှေးခေတ် Helvetians တို့သည် Gauls လူမျိုး၏ တစ်စိတ်တစ်ပိုင်း စစ်သည်မျိုးဖြစ်၍ Celtic စကားပြော၏။ Julius Caesar လက်အောက်တွင် ခေါင်းမဆန်လာပြီး လေးရာစုနှစ်မှစ၍ Germanic

www.burmeseclassic.com

www.burmeseclassic.com



Burgundian များနှင့်အတူ ခရစ်ယာန်ဘာသာဝင်ပြီး ဂျီနီဗာတစ်ဝိုက်တွင် အတူနေကြ၏။ ငါးရာစုနှစ်ဆုံးခါနီး၌ Allemanni ခေါ် Germanic လူမျိုးတစ်စုက ဝင်ရောက်တိုက်ခိုက်ကြ၏။ ၎င်းတို့သည် ပြင်သစ် Burgundians များနှင့်မတူ သူတို့စကားကို ဆက်ပြောကြပြီး ခရစ်ယာန်ဘာသာသို့ တဖြည်းဖြည်းသာ ဝင်ကြ၏။ သို့ကြောင့် ယနေ့ဆွစ်လူမျိုးတို့အကြား ပြင်သစ်စကားပြောသော အုပ်စုနှင့် Allemanic စကားတစ်မျိုးပြောသောအုပ်စု ကွဲနေကြခြင်း ဖြစ်၏။ (ကျွန်တော် ဂျီနီဗာ၌ ခြောက်လကျော် နေခဲ့ဖူးသော်လည်း ပြင်သစ်စာဖတ်တတ်လျက်နှင့် ပြင်သစ်စကားပြော မသင်ခဲ့သည်မှာ ဂျာမန်စကားနှင့် အထင်လွဲမှားခဲ့သောကြောင့် ဖြစ်သည်။ ဆွစ်ဂျာမန်စကားသည် ဂျာမနီမှ ပြောသောစကားနှင့်မတူ အနည်းငယ် ဝဲနေ၏။ ဆွစ်ပြင်သစ်သကားမှာ မဝဲပါ)။

ဆွစ်လူမျိုး၏ ၆၉ ရာခိုင်နှုန်းသည် High German စကားပြောကြ၍ ၁၉ ရာခိုင်နှုန်းသည် ပြင်သစ်စကား ပြောကြ၏။ ၉. ၅ ရာခိုင်နှုန်းက အီတာလျံစကား ပြောကြ၍ ၀. ၉ ရာခိုင်နှုန်းက Romanch စကား ပြောကြ၏။ ဘာသာရေးအရ ခွဲခြားလျှင် ၅၂. ၆ ရာခိုင်နှုန်းက Protestants ဖြစ်၍ ၄၅. ၆ ရာခိုင်နှုန်းက Roman Catholics ဖြစ်၏။ သို့သော် အိမ်နီးနားချင်း ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့နှင့် ပြောင်းပြန် Protestants တို့က ပြင်သစ်စကားပြောကြ၍ Roman Catholics တို့က ဂျာမန်စကား ပြောကြ၏။

ဂျာမန်ဆွစ်တို့သည် ယဉ်ကျေးမှုနှင့် စိတ်နေစိတ်ထားအားဖြင့် ဂျာမန်များ ဖြစ်ကြသော်လည်း အားလုံးက ဂျာမန်သွေး မစစ်ပါ။ ဆံပင်ဖျော့၍ မျက်စိပြာသော Teutionic ပုံစံများနှင့်အတူ အသားရောင် ပိုရင့်ပြီး မေးရိုးပေါ်ပေါ်၊ မျက်စိစူးစူးပုံစံများလည်း ပါရှိပါသည်။ ဆွစ်ပြင်သစ်တို့နှင့်စာလျှင် ၎င်းတို့သည် ပို၀၊ ပိုလေးပါသည်။ ၎င်းတို့ ထုတ်လုပ်သောနာရီများကဲ့သို့ တိကျကြ၏။ အိမ်နီးနားချင်း ဂျာမန်များကဲ့သို့ စနစ်ကျသော်လည်း အရူးထသည့်အကျင့်တော့ မရှိပါ။ ၎င်းတို့အချင်းချင်း၊ အိမ်မှာ စကားပြောသည့်အခါ ဒေသန္တရဆွေးနွေးသည့်အခါ၊ ၎င်းတို့၏ Allemanic စကားကို သုံးသော်လည်း တက္ကသိုလ်တို့၌လည်းကောင်း၊ ပြည်ထောင်စုဆိုင်ရာအစည်းအဝေးတို့၌ လည်းကောင်း ဂျာမန်စာစကားစစ်စစ်ကို အသုံးပြုလေသည်။



ဂျာမန်ဆွစ်တို့နှင့်မတူ ပြင်သစ်ဆွစ် (Romands ဟုခေါ်သည်) တို့သည် ပြင်သစ်စာနှင့် စကားကို အိမ်မှာရော နုံးမှာပါ သုံးကြ၏။ ဂျာမန်ဆွစ်တို့နှင့်စာလျှင် ပြင်သစ်ဆွစ်တို့သည် ပိုမိုဖျတ်လတ်၊ တစ်ဦးချင်းဆန်၍ စည်းကမ်းပိုလျော့နည်းသည်။ သို့သော် ပြင်သစ်ပြည်မှ ပြင်သစ်တို့နှင့်စာလျှင် နိုင်ငံရေး ပိုရင့်ကျက်သည်။ ခြားနားချက် နောက်တစ်ရပ်မှာ ပြင်သစ်ဆွစ်အများစုသည် Calvinist Protestants ဖြစ်ကြ၍ Anglo-Saxons တို့နှင့် အဆက်အသွယ် ရှိကြ၏။ ဥပမာ Oxford Group နှင့် အဆက်အသွယ်မှ Caux ၌ အခြေစိုက်သော Moral Rearmanent Army (MRA) ပေါ်ပေါက်သွားလေသည်။

အနှစ် ၃၀ အတွင်း လူဦးရေ၏ လေးရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းသို့ တိုးလာသော အီတာလျံစကားပြော လူနည်းစုသည် Ticino နယ်၌ အနေများလေသည်။ ၎င်းတို့၏ ဓလေ့စရိုက် စိတ်နေစိတ်ထားတို့မှာ Lombardians တို့နှင့် ဆင်တူ၍ အခြားဆွစ်တို့ထက် ပိုဖြတ်လတ်၊ ပိုစကားများ၊ ပိုပွင့်လင်း ဆူညံလေသည်။ ၎င်းတို့ပြောသော အီတာလျံစကားသည် Milan ၌ ပြောသလို ကျေးလက်စကား ဆန်လေသည်။

ဆွစ်ဇာလန်၏ စတုတ္ထစကားမှာ အများအားဖြင့် Grisons ၌ ပြောသည့် Romansch ဖြစ်၍ တစ်နေ့တခြား ပြောသူနည်းလာသော စကားဖြစ်၏။ လက်တင်မျိုးနွယ်ဝင် Celtic-Roman စကားထူးဖြစ်၏။ ခြားနားမှုကို အားပေးသော ဆွစ်ပေါ်လစီအရ ယင်းဘာသာ တည်တံ့ရေးကို ကြိုးပမ်းနေကြ၏။

မြင်ရခဲသော ယင်းလူမျိုးတို့ နေသည့်တိုင်းပြည်တွင် ထင်ပေါ်ကျော်ဇောသော ရှုမြင်ခင်းတို့မှာ အနောက်ဘက်တွင် နှင်းဖုံးသော Mont Blanc အရိပ်အောက်က ဂျီနီဗာ ကန်တော်ကြီး၊ Interlaken မှ ကောင်းစွာရှုမြင်နိုင်သော Jungfrau တောင်ထိပ်၊ အလယ်တည့်တည့်တွင်ရှိသော Luceme ကန်သာယာ၊ အရှေ့ဘက်တွင်ရှိသော နာမည်ကျော် St. Mortiz နှင့် အခြားအပန်းဖြေစခန်းများ၊ တောင်ဘက်တွင်ရှိသော အံ့ဖွယ် Lugano နှင့် Maggiore ကန်သာယာတို့ ဖြစ်၏။ ဆွစ်ရှုမြော်ခင်းတို့ကို ကြည့်ရသည်မှာ ရောင်စုံချယ် ပို့စကတ်တို့ကို ကြည့်ရသဖွယ်ပင်။

အမြဲတန်း စစ်တပ်မထားသော နိုင်ငံ၊ စစ်မှုထမ်းပြီး ပေးကျြား

www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်တိုင်း၌ သေနတ်ထားသည့်နိုင်ငံ၊ ရန်သူမဝင်နိုင်အောင် တောင်ကြားတိုင်း ဥမင်လိုက်ခေါင်းတိုင်းကို ပုံးထောင်ထား၍ ကြားနေဝါဒကို ထိန်းသိမ်းထားသည့်နိုင်ငံ၊ နိုင်ငံတကာ ငြိမ်းချမ်းရေးကို သရုပ်ဆောင်ရန် နိုင်ငံတော်အလံတွင် ကြက်ခြေနီအမှတ်အသားထားသည့် နိုင်ငံ၊ လူမျိုး ဘာသာ၊ စကားခြားနားမှုများ ကြားထဲမှ ညီညွတ်အေးချမ်းစွာ နေထိုင်နည်းကို ကမ္ဘာအားပြသည့်နိုင်ငံမှာ ဆွစ်ဇာလန်နိုင်ငံပင် ဖြစ်သည်။

# Not So Identical Twins

It is no secret that when Myanmar students abroad are up to some mischief, as all exuberant youths are wont to, they successfully pose as Thais -- a compliment known to be amply reciprocated by Thai students. Next door neighbours, fellow Buddhists, strong believers in the philisophy of *mai pen rai* and *keik sa ma shi bu,* their nutual problem in history has been that their monarchs cherished the same status symbols in short supply such as white elephants.

Now inhabiting adjacent areas in the same Souvannabhumi or Golden Peninsula, both the Myanmar and the Thai originally came from the north, albeit in consecutive southward movements. Their tonal monosyllabic languages belong to the same Tibeto-Chinese group, although Myanmar is closer to Tibetan and Thai to Chinese. They both reveived their alphabetic script from South India and their Theravada Buddhism via Sri Lanka. While Ramayana and the Brahmin rites in Thai royal circles also came from Cambodia, those at the Myanmar court were imported more directly from India. The ancient Myanmar and Thai had even the same method of doing in their royalty, tying up in a velvet sack and beating up

www.burmeseclassic.com

www.burmeseclassic.com



with sandalwood clubs so that royal blood would not be spilled.

The first thing people look for in identical twins is the defferences. So let us exaggerate the differences between the Myanmar and the Thai while taking the similarities for granted. First, the appearance. While the northern Thai in Chiangmai (ဇင်းမယ်) is as fair as the Shan (the same word as Si-am), the southern Thai is dasrker than the average Myanmar. While most Thai visitors concede that Myanmar girls are prettier, this may have something to do with the dress. Many a Myanmar passenger on Thai Airways Royal Orchid Service have been struck by the transformation of a Thai air hostess when she changes from the ill-fitting western uniform to the traditional Thai costume- a great revival of which was inspired by Her Majesty Queen Sirikit.

While Myanmar and Thai are both sing-song languages, Thai with five tones is an even better language to sing than Myanmar with only three tones. On the other hand, a Myanmar finds it easier than the Thai to pronounce English words. For this difference in facility with foreign language as well as such historical reasons that the Thais never had to learn other languages as official or working languages, there developed this difference in attitude that whereas a Myanmar is surprised if a foreigner speaks his tongue, a Thai is surprised if a foreigner does not speak his tongue. However ith so many Thai students going abroad during the last three decades, the Thai elite has now surpassed the Myanmar counterpart in facility with foreign languages.

Originally, both the Myanmar and the Thai must have had the shortest names in the world, consisting of one or two syllables. But in the process of modernization in the last century. The Thais adopted long surnames of



Sanskrit origin. Thai names are therefore quite difficult to remember as much as Myanmar names are quite easy to forget through similarity. However, amongst themselves the Thais address each other by the simple first name.

Heat and humidity being the main features of the climate of both countres, rural housing is constructed out of wood or bamboo in the same open style, except that it needs more frequent renewal in rainier Myanmar. It is, however, in urban housing that differences are more pronounced. Thai style bungalows with thinner walls and more colourfully decorated exterior, as introduced by the architect Captain Kyu Kyaw, are now very popular in Yangon. It is ironical however that Bombay Burma bungalows in Bangkok, an obvious transplant from Yangon with thick British standard walls and teak panelling, were always pointed out by the Thai as the best houses in Bangkok.

Everything in Thailand appears to have converged on Bangkok which had been built up together with Thonburi across the Chao Phya River into a great metropolis. Unlike in Myanmar, there are very few towns of any significant size otuside Bangkok and even Chiangmai, the historic capital of the North and the second largest city in the country trailed far behind Bangkok in population. Therefore being a Bangkokian in Thailand is much more important to a Thai than being a Yangonite to a Myanmar. Having been a growth and not a planned city, Bangkok is spread out without any centre. Bangkok receives half the rainfall of Yangon (Bangkokians never carry umbrellas but simply wait out the rainstorm) and because of the much greater build-up at the expense of greenery, is always five degrees Fahrenheit or more above Yangon in temperature. Traffic has grown so much and pace of life is now so fast, its impact on the ordinarily placid Thais should be worth observing.

www.burmeseclassic.com

www.burmeseclassic.com



As in Myanmar, the words for 'rice' and 'food' are almost synonymous. The equivalent of *thamin sarthi, hew khao* means literally to be hungry for rice. As with the Myanmar, *kapi* and *nam-pla* are favourites with the Thai. The only difference between the Myanmar and Thai curry is that while the chillies are ground into the Myanmar curry thereby colouring it, the Thais let the chillies float in it, proving the Thai love of lottery even in eating. Lately many Thai restaurants have sprung up in Yangon. While the same fruits are available in both countries, the Thai manner of cutting them is less hurried and more artistic than in Myanmar.

There is also much in common between the Myanmar and the Thai in spiritual life, both being devout Buddhists. There is even the vestige of the same pre-Buddhist spritit-worship. Correspending to the Myanmar nat, there is in the compound of every Thai house or building a 'spriti house' of Phra Phum Chao Thi or "owner of the land", who must be propitiated when building on his land.Like the Myanmar, the Thai likes to have his fortune told-especially by Myanmar fortune-tellers. In fact there was the case of a Myanmar in Bangkok who quit his well-paid post at an international organization to take up the more lucrative business of fortune-telling.

While both the Myanmar and the Thai are fun-loving, it appears that the Thai is somewhat moe devoted in a more sophisticated manner to his *snuk,* judging by the busy night life in Bangkok and its rarity in Yangon. Some ascribe the constraint on the Myanmar to his puritanical strain but more likely it is the more dominant position of the Myanmar woman vis-a vis the Thai khun-yin in family life. While less beautiful than her Myanmar sister, the Thai woman is more feminine and therefore more permissive of masculine pursuit of pleasure outside the home. If a more macabre comparison may be drawn, a Thai



funeral reception is usually held in a monastery which has facilities for cremation. On the other hand, the Myanmar is more of a home-lover, prefering to dine in as well as to lie in state at home.

Masters of unconcern, never displaying their anger in public, one of the rare preoccupations of the Thais is the love of ritual and protocol. Or so it appears to the informal Myanmar. The Thais must also be the most uniformed people in the world, with uniforms extending to college students, many classes of civil officials and cadres, labourers and even samlor-drivers.

The greatest difference between the Myanmar and the Thai lies perhaps in the field of external relation. In the distant past the Myanmar had tended to act like a banyan tree and the Thai like a willow tree with different historical consequences. By the same token, in the economic field, until very recently the Myanmar had followed the equal level method of growth whereas the Thai had put his faith in the spill-over method.

www.burmeseclassic.com

www.burmeseclassic.com

## သိပ်မတူသော အမြွှာညီနောင်

နိုင်ငံခြားရောက် မြန်မာကျောင်းသားတို့ လူငယ်ဘဝ ဗရုတ်ကျသည့်အခါ ထိုင်းကျောင်းသားယောင်ဆောင်ကြသည်မှာ အများသိပင်။ ထိုင်းကျောင်းသားတို့ကလည်း အလားတူပင် မြန်မာကျောင်းသား ယောင်ဆောင်ကြ၏။ မြန်မာနှင့် ထိုင်းတို့သည် အိမ်နီးချင်း ဗုဒ္ဓဘာသာဝင်တို့ဖြစ်ကြ၍ mai pen rai (ဝါ) ကိစ္စမရှိဘူးဝါဒကို ယုံကြည်ကြသူတို့ဖြစ်၏။ ၎င်းတို့၏ သမိုင်းဝင် ပြဿနာမှာ ၎င်းတို့၏ ပြည့်ရှင်ဘုရင်တို့ ဆင်ဖြူတော် အစရှိသည့် ရှားပါးပစ္စည်းတို့ကို လိုချင်တပ်မက်မောခြင်းပင် ဖြစ်၏။

ယခုခေတ် သုဝဏ္ဏဘူမိတွင် အနီးကပ်နေထိုင်လျက်ရှိသော မြန်မာနှင့် ထိုင်းတို့သည် နှစ်ဦးစလုံး မြောက်ဘက်ဒေသမှ ပြောင်းရွှေ့လာကြသူများ ဖြစ်သော်လည်း တစ်ဦးပြီးမှ တစ်ဦးဝင်လာကြပါသည်။ သူတို့ပြောသော စကားတို့သည် အသံအနိမ့်အမြင့်ရှိသော Tibeto-Chinese ဝင် ဇကဝဏ္ဏစကားများ ဖြစ်သော်လည်း မြန်မာစကားက တိဗက်စကားနှင့် ပိုနီး၍ ထိုင်းစကားက တရုတ်စကားနှင့် ပိုနီးစပ်၏။ သူတို့နှစ်ဦးစလုံး အက္ခရာကို အိန္ဒိယပြည်တောင်ပိုင်းမှ ရရှိ၍ ဗုဒ္ဓဘာသာကို သီရိလင်္ကာမှတစ်ဆင့် ရရှိကြလေသည်။ မြန်မာတို့၏ ရာမဇာတ်အကနှင့် ပုဏ္ဏားညီတို့ နယ်မြေချင်း နီးကပ်သော အိန္ဒိယမှ တိုက်ရိုက်လာသော်လည်း ထိုင်းတို့သည် ယင်းတို့ကို ကမ္ဘောဒီးယားမှတစ်ဆင့် ရရှိလေသည်။ ရှေးမြန်မာနှင့် ထိုင်းတို့သည် ဘုရင့်သွေးမြေမကျကောင်းဟု ယုံကြည်ကြသောကြောင့် ဘုရင့်မျိုးနွယ်တို့ကို သုတ်သင်သည့်အခါ ကတ္တီပါအိတ်ထဲထည့်၍ တုတ်နှင့်ရိုက်သတ်ပုံမှာ အတူတူပင်။



အမြွှာပူးတို့တွင် ပထမဆုံး ရှာလေ့ရှိသည်မှာ မတူသည့်နေရာတို့ဖြစ်၏။ ဆင်တူသည်တို့ကို မေ့ထား၍ မြန်မာနှင့်ထိုင်းကွာခြားပုံကို သရုပ်ဖော်ကြပါစို့။ ရုပ်အင်္ဂါနှင့် ပတ်သက်၍ ဇင်းမယ်ရှမ်းတို့သည် Thai-rai (ဝါ) ထိုင်းကြီးဟု ခေါ်သော မြန်မာရှမ်း (Si-am စာလုံးတူ) လို အသားဖြူသော်လည်း တောင်ပိုင်းထိုင်းတို့သည် ပျမ်းမျှဗမာထက် အသားညိုလေသည်။ ထိုင်းညှိသည်တို့က သူတို့မိန်းကလေးတို့ထက် မြန်မာမိန်းကလေးတို့က ပိုလှသည်ဟုဆိုရာ အဝတ်အစားကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထိုင်းလေကြောင်းစီး မြန်မာခရီးသည်တို့၏ မျက်စိထဲတွင် ထိုင်းလေကြောင်းမယ်ကလေးများ သူတို့နှင့် မလိုက်သည့် အနောက်နိုင်ငံ အဝတ်အစားမှ (မိဖုရားဆီရိကစ်ဦးဆောင်လမ်းပြသွားသည့်) ရှေးရိုးထိုင်း အဝတ်အစားသို့ ပြောင်းလဲဝတ်စားသည့်အခါ လှပချောမော ရုပ်ပြောင်းသွားသည်။

မြန်မာစကားရော ထိုင်းစကားပါ အသံနိမ့်ချီမြင့်ချီရှိ၍ သီချင်းဆိုနေသလို ထင်ရသည့် sing-song languages ဟု အများက ခေါ်ဝေါ်ကြရာ ၅ သံရှိ ထိုင်းက ၃ သံရှိ မြန်မာထက်ပင် သီချင်းဆို၍ ကောင်းပါသည်။ တစ်ဖက်တွင်ကား မြန်မာတို့သည် ထိုင်းတို့ထက် အင်္ဂလိပ်စာလုံးတို့ကို ပိုမိုပီသစွာ ဖတ်နိုင်လေသည်။ ဤအချက်အပြင် ထိုင်းတို့သည် တိုင်းတစ်ပါးစကားကို တရားဝင် ရုံးသုံးစကားအဖြစ် သင်ကြားရန် မလိုအပ်ခဲ့ခြင်းကြောင့်၊ ထိုင်းနှင့်မြန်မာတို့ အနေအထား ကွဲပြားသည်မှာ နိုင်ငံခြားသားတို့က မိမိတို့စကားပြောလျှင် မြန်မာတို့က အံ့အားသင့်တတ်၍ နိုင်ငံခြားသားတို့က မိမိတို့စကားကို မပြောတတ်လျှင် ထိုင်းတို့က အံ့အားသင့်လေသည်။

အစပထမတွင် ထိုင်းရောမြန်မာတို့ပါ ဝဏ္ဏတစ်ခုနှင့်တစ်ခု ပါဝင်သည့် ကမ္ဘာပေါ်တွင် အတိုဆုံးနာမည်တို့ ရှိခဲ့ပါသည်။ သို့သော် လွန်ခဲ့သည့် ရာစုနှစ်အတွင်းက ခေတ်မီအောင် ဆောင်ရွက်ချက်တစ်ခုအနေဖြင့် ထိုင်းတို့သည် သင်္သကရိုက်ဘာသာမှ ဆင်းသက်သော နာမည်ရှည်တို့ကို ၎င်းတို့၏ မျိုးရိုးနာမည်များအဖြစ် ခံယူခဲ့ကြလေသည်။ နာမည်တိုဆင်တူများသဖြင့် မြန်မာနာမည်တို့ကို မေ့လွယ်သလို ထိုင်းနာမည်တို့မှာ ရှည်လွန်းလှသဖြင့် မှတ်ရခက်၏။ ထိုင်းလူမျိုးအချင်းချင်းတောင်မှ ကိုယ်ပိုင်နာမည်တိုကိုပဲ သုံးစွဲကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပူပြင်းမှုနှင့် စိုထိုင်းမှုပြည့်ဝသော ရာသီဥတုကြောင့် နှစ်နိုင်ငံစလုံးတွင် တောနေအိမ်တို့ကို သစ်ဝါးတို့ဖြင့် ပွင့်ပွင့်လင်းလင်း ဆောက်လုပ်ကြလေသည်။ မိုးပိုရွာသည့် မြန်မာပြည်တွင် ယင်းနေအိမ်တို့ကို အဖန့်ပိုမို မြှုပြင်ရန် လိုအပ်လေသည်။ မြို့နေအိမ် ဆောက်လုပ်ရာတွင်ကား ခြားနားမှု ပိုရှိပါသည်။ ဗိသုကာဗိုလ်ကြီး ကျူးကျော် စတင်ဆောက်လုပ်သော နံရံပါး၍ မှက်နှာပြင်ကို အရောင်အဆင်း ချယ်လှယ်ထားသည့် ထိုင်းစတိုင် တစ်ထပ်အိမ်တို့ ယခု ရန်ကုန်မြို့၌ ရေပန်းစားနေပါသည်။ သို့သော် ရန်ကုန်စတိုင်ဗြိတိသျှပုံစံ နံရံထူထူ ကျွန်းသစ်ထရံကပ် ဘုံဘေဘားမား ကုမ္ပဏီအိမ်တို့ကို ထိုင်းလူမျိုးတို့က ဘန်ကောက်မြို့ရှိ အကောင်းဆုံးအိမ်များဟု ယူဆကြပါသည်။

ထိုင်းနိုင်ငံ၌ ဘာမဆိုသည် ဘန်ကောက်မြို့တော်သို့ ရှေ့ရှုစုဝေးကြ၏။ ဘန်ကောက်နှင့် ချောင်ဖယားမြစ် တစ်ဖက်ကမ်းရှိ သွန်ဘူရီတို့သည် ယခုအခါ metropolis ခေါ် ရောမမြို့တော်ကြီး ဖြစ်နေပါပြီ။ မြန်မာနိုင်ငံနှင့်မတူ ထိုင်းနိုင်ငံတွင် မြို့ကြီးကြီး သိပ်မရှိပါ။ ဒုတိယအကြီးဆုံးမြို့ဆိုသည့် မြောက်ပိုင်း ရှေးမြို့တော် ဇင်းမယ်ပင် လူဦးရေသိပ်မများလှပါ။ သို့အတွက်ကြောင့် ထိုင်းနိုင်ငံတွင် ဘန်ကောက်မြို့သား ဖြစ်ရေးသည် မြန်မာနိုင်ငံတွင် ရန်ကုန်မြို့သား ဖြစ်ရေးထက် ပိုမို အရေးကြီးပါသည်။ ဘန်ကောက်မြို့သည် စီမံကိန်းချ၍ ဆောက်တည်သော မြို့မဟုတ်ဘဲ တစ်စတစ်စ ကြီးထွားလာသော မြို့ဖြစ်သဖြင့် ဗဟိုမရှိ ပြန့်ကျဲနေပါသည်။ ဘန်ကောက်မိုးသည် ရန်ကုန်၏ ထက်ဝက်မျှသာရှိ၍ ဘန်ကောက်သားတို့သည် မိုးရွာလျှင် မိုးတိတ်သည်အထိစောင့်၍ ထီးကိုင်ဆောင်လေ့ မရှိပါ။ ထို့ပြင် သစ်ပင်မြက်ခင်းတို့ကို ဖယ်ရှား၍ လမ်းတိုက်တာ အဆောက်အအုံ များသောကြောင့် ဘန်ကောက်သည် ရန်ကုန်ထက် အမြဲတန်း အပူချိန် ဖာရင်ဟိုက် ၅ ဒီဂရီ ပိုမြင့်၏။ ယာဉ်များ အသွားအလာ အလွန်ထူလာပြီး နေ့စဉ် လှုပ်ရှားမှု အလွန်မြန်လာသောကြောင့် အေးအေးဆေးဆေး နေတတ်သော ထိုင်းလူမျိုးတို့အပေါ် မည်သို့ အကျိုးသက်ရောက်မည်ကို စောင့်ကြည့်ရပေမည်။

မြန်မာစကားမှာကဲ့သို့ ထိုင်းစကားတွင် 'ဆန်' နှင့် 'အစာ' သည် ထပ်တူပင်။ ထမင်းဆာသည်ကို ထိုင်းစကားတွင် hew khao ဆန်ဆာသည်ဟု ဆိုသည်။ မြန်မာကဲ့သို့ ထိုင်းတို့သည်လည်း ငါးပိ kapi နှင့် ငံပြာရည် nam-pla အလွန်ကြိုက်၏။ မြန်မာနှင့် ထိုင်းတို့ ဟင်းချက်နည်း ကွာခြားပုံမှာ မြန်မာဟင်းတွင် ငြုပ်သီးကို ထောင်းထည့်၍ အရောင်ရစေပြီး ထိုင်းဟင်းချိုတွင် ငြုပ်သီးကို အတောင့်လိုက် ပေါလောမျှော၍ ထိဖောက်လေသည်။ ယခုတလော ရန်ကုန်၌ ထိုင်းစားသောက်ဆိုင်များ ပေါ်လာ၏။ နှစ်နိုင်ငံစလုံးတွင်ပေါ်သော သီးနှံချင်းတူသော်လည်း လှီး ပုံစားပုံမှာ ထိုင်းက မြန်မာထက် ပိုသပ်ရပ်လှပ၏။



မြန်မာနှင့် ထိုင်းတို့သည် အယူဝါဒချင်းလည်း တူကြ၍ ဗုဒ္ဓဘာသာကိုင်းရှိုင်းကြသူများ ဖြစ်၏။ ဗုဒ္ဓဘာသာ မရောက်မီက အယူများတွင်လည်း တူကြ၏။ မြန်မာတို့တွင် နတ်ကိုးကွယ်မှု ရှိသလို ထိုင်းအိမ်တိုင်း အဆောက်အဦတိုင်း၏ ခြံထဲတွင် Phra Phum Chao Thi ခေါ် 'မြေပိုင်ရှင်' နတ်ကိုကိုးရလေသည်။ မြန်မာတို့လိုပင် ထိုင်းတို့သည် ဗေဒင်လက္ခဏာ ဝါသနာပါလေသည်။ အထူးသဖြင့် မြန်မာဗေဒင်လက္ခဏာဆရာတို့ကို သဘောကျ၏။ ဘန်ကောက်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၌ လခကောင်းရနေသူ မြန်မာတစ်ဦးသည် မိမိ၏အလုပ်မှထွက်ခါ ပိုက်ဆံပိုရသော ဗေဒင်ဆရာလုပ်လေသည်။

မြန်မာရော ထိုင်းပါ ပျော်တတ်ကြသော်လည်း ဘန်ကောက်တွင် ညအချိန် ပျော်ပွဲရွှင်ပွဲတို့ရှိ၍ ရန်ကုန်၌ မရှိသည်ကိုထောက်၍ ထိုင်းတို့ ၎င်းတို့၏ sanuk ခေါ် အပျော်အပါးကို ပိုမို ခံစားတတ်ကြောင်း ထင်ရှား၏။ အချို့က မြန်မာယောကျ်ားတို့၏ အယူဝါဒအမူအရာ ပိုမို ကြပ်တည်းခြင်းကြောင့် ဖြစ်မည်ဟု ထင်မှတ်သော်လည်း အမှန်မှာ မြန်မာအမျိုးသမီးတို့၏ အပေါ်စီးနေရာကြောင့် ဖြစ်နိုင်လေသည်။ khun yin ထိုင်းအမျိုးသမီးတို့သည် မြန်မာအမျိုးသမီးတို့လောက် မလှသော်လည်း မိန်းမပိုဆန်သောကြောင့် ၎င်းတို့၏ လင်ယောကျ်ားတို့အား အိမ်ပြင်လွတ်လပ်မှု ပိုမိုပေးထားခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုင်းတို့သည် ပြင်ပ၌ စားသောက်လေ့ရှိ၍ မိတ်ဆွေတို့အားလည်း ပြင်ပ၌ ဧည့်ခံလေ့ရှိပါသည်။ ကွယ်လွန်သည့်အခါတောင်မှ မီးသင်္ဂြိုဟ်နိုင်သော ဘုန်းကြီးကျောင်း၌ လဲလျောင်းဧည့်ခံပါသည်။ အိမ်ကြီးပျော် မြန်မာကမူ အိမ်မှာပင် ထမင်းစား၊ အိမ်မှာပင် မသာခမ်းနား ကျင်းပပါသည်။

လောကခံတရားကြုံကြုံခံ၍ လူသူ့ရှေ့မှောက်တွင် ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



အမျက်ဒေါသမပြသော ထိုင်းတို့၌ ပျော့ကွက်တစ်ခု ရှိပါသည်။ ၎င်းမှ ဝတ်ပြုံးနည်းနိသျှနှင့် အခမ်းအနား ကြိုက်နှစ်သက်ခြင်းပင်ဖြစ်၏။ အခမ်းအနား မရှိသော မြန်မာတို့က ဤသို့မြင်ပါသည်။ ထိုင်းတို့သည် ကမ္ဘာပေါ်တွင် တူညီဝတ်စုံအကြိုက်ဆုံးလူမျိုး ဖြစ်ပေလိမ့်မည်။ ကောလိပ်ကျောင်းသားများ၊ အရာရှိ အရာခံများ၊ အလုပ်သမားများ၊ ဆိုက်ကားသမားများအထိ တူညီဝတ်စုံ ဝတ်ကြလေသည်။

မြန်မာနှင့်ထိုင်းတို့ အခြားနားဆုံး နယ်ပယ်မှာ နိုင်ငံခြားနှင့် ဆက်ဆံရေးပင် ဖြစ်ပေမည်။ ရှေးသရောအခါက မြန်မာတို့သည် ကုက္ကိုပင်ကြီးလို ပြုမူခဲ့၍ ထိုင်းတို့သည် ယိမ်းနွဲ့ပါးပင်လို ပြုမူခဲ့၏။ သို့နှင့် သမိုင်းအကျိုးဆက် ကွဲပြားခဲ့၏။ စီးပွားရေးနယ်ပယ်တွင်လည်း မြန်မာတို့က equal level method အတူတက် အတူဆင်းနည်းကို လိုက်ခဲ့၍ ထိုင်းတို့က spill-over method လျှံကျနည်းကို ယုံကြည်ခဲ့ကြ၏။

## Islands in the Sun

The overseas Chinese that the Myanmar knew in Yangon were either the short-sleeved Cantonese or the long-sleeved Fukienese. So when the Myanmar went earlier to Hong Kong en route to Japan and later to Singapore for shopping, he expected to meet the same type of people.

Geographically Hong Kong and Singapore are similarly placed as islands adjacent to mainlands Kowloon and the New Territory in the case of the former, and Malaysia in the case of the latter. Hong Kong draws its supply of food and water from China and acts as its window on the world. Singapore does the same with Malaysia.

Historically also both were British colonies until the re-integration of the former to the China mainland and the independence from Britain of the latter.

A comparison between the Chinese of Singapore and of Hong Kong, two similarly placed island economies, is perhaps more revealing of the influence of the southern sun on the immigrant Chinese.

Like Hong Kong, Singapore started off from entrepot trade and has now gone on to industry, especially of the export processing zone type. As in Hong Kong, the most important resource is skilled labour and entrepre-

www.burmeseclassic.com

www.burmeseclassic.com



neurial ingenuity. In the absence of primary industry, reliance is placed on tertiary and of late on secondary industries.

In spite of these similarities, the Singapore Chinese are more polite and courteous, more relaxed and informal, without detracting however from the essence of being a rugged society, a requirement laid down by its dynamic no-nonsense Prime Ministers.

To the original Chinese habits of industry, adaptability and business acumen have been added the Malay traits of poise, informality and capacity for self-abnegation. The final product is a happy medium in attitude towards life and a more likeable personality. As usual these traits show up more among women-folk than men-folk.

Perhaps Hong Kong can claim a larger number of natural beauties -- not aided by make up as their Japanese sisters or by dress-up as their Thai counterparts -- but Singapore has more suntanned girls of greater sex appeal. Perhaps Hong Kong girls wear more breath-taking *cheong-tseons*, but then Singapore girls compensate by their south-sea style hairdo. No doubt Hong Kong girls can dance better but than they change partners faster than traffic lights. Perhaps Hong Kong girls can speak more fluent English but it sounds more brash without the tempering of the Malay accent. On closer acquaintance, the mellowness of Chinese womanhood reveals itself in both, but the southern girl has more grace and charm if also less sophistication. Both are fond of brandy but the warmer climate produces greater merriment in a shorter period.

One reason adduced for the lack of good nightclubs in Hong Kong compared to Tokyo or Bangkok is that the transients have been tired out by shopping and would rather replenish their energy by good food which abounds in Hong Kong restaurants. Another may be that



the premanents in Hong Kong are so keyed up with work that they cannot really relax. Being without these constraints, Singapore can boast of better international floorshows than Hong Kong, While pushing tourism, by a great rush of hotel building, on the one hand, Singapore is cracking down on the unwanted by-products of the Western way of life such as hippies, drugs and long-hair, on the other hand.

Multi-racial living Asian style among the islanders has passed its first political test. There is no doubt however that continued economic prosperity will be a precondition for its continued success.

www.burmeseclassic.com

www.burmeseclassic.com

## နေထိကကျွန်းများ

ရန်ကုန်တွင် မြန်မာတို့သိသော အဝေးရောက်တရုတ်တို့မှာ အကျီတို Cantonese တို့နှင့် အကျီရှည် Fukienese တို့ဖြစ်၏။ သို့နှင့်စောစောပိုင်းက မြန်မာတို့ ဂျပန်အသွား ဟောင်ကောင်ဝင်သည့်အခါ နောက်ပိုင်းဈေးဝယ်ထွက်ရန် စင်္ကာပူသွားသည့်အခါ ၎င်းတို့ကဲ့သို့သော တရုတ်တို့ကိုပင် တွေ့မည်ဟု ထင်ခဲ့ကြ၏။

ပထဝီအနေအထားအားဖြင့် ဟောင်ကောင်ရောက် စင်္ကာပူပါ အလားတူ ကုန်းတိုက်နီးပါးတွင် ရှိကြ၏။ ဟောင်ကောင်သည် ကောင်လွန်းနှင့် နယ်သစ်ဘေး၌ရှိ၍ စင်္ကာပူသည် မလေးရှားဘေး၌ ရှိ၏။ ဟောင်ကောင်သည် တရုတ်ပြည်မှ၊ စင်္ကာပူသည် မလေးရှားမှ ရေနှင့်အစားအစာကို ရရှိ၏။ ဟောင်ကောင်သည် တရုတ်ပြည်၏ ကမ္ဘာသို့ ပြတင်းပေါက်ဖြစ်၏။

သမိုင်းအားဖြင့်လည်း ဟောင်ကောင်ရော စင်္ကာပူပါ အလားတူ ဗြိတိသျှကိုလိုနီများ ဖြစ်ခဲ့၏။ မကြာမီကမှ ဟောင်ကောင်သည် တရုတ်ပြည်ကြီးနှင့် ပြန်ပေါင်း၏။ စင်္ကာပူသည်ကား ဗြိတိသျှထံမှ လွတ်လပ်ရေး ပြန်ရခဲ့၏။

အထက်ပါကဲ့သို့ အခြေအနေတူသော ကျွန်းနှစ်ခုနေ တရုတ်လူမျိုးတွကို နှိုင်းယှဉ်ကြည့်ပါက ၎င်းတို့အပေါ် ကျရောက်သည့် တောင်ပိုင်းနေ၏ အကျိုးအာနိသင်ကို တွေ့ရှိရပေမည်။

ဟောင်ကောင်ကဲ့သို့ပင် စင်္ကာပူသည် ကုန်သွယ်ရေး ဗဟိုဆိပ်ကမ်းအဖြစ် စတင်၍ အခွန်လွတ်နယ် မြေပုံစံစက်မှုလုပ်ငန်းများ ဆက်လက် လုပ်



ကိုင်လေသည်။ ဟောင်ကောင်မှာကဲ့သို့ပင် အရေးအကြီးဆုံး အင်အားမှာ လုပ်အားနှင့် လုပ်ငန်းကျွမ်းကျင်မှု ဖြစ်၏။ သယံဇာတပစ္စည်းပေါ် အခြေခံသည့် လုပ်ငန်း မရှိသဖြင့် အကျိုးဆောင်လုပ်ငန်းပေါ် အားထားခဲ့ပြီး နောက်ပိုင်းတွင် အိုင်တီလုပ်ငန်း၊ ထွန်းကား၏။

ယင်းကဲ့သို့ တူညီချက်များ ရှိသော်လည်း မဟုတ်မခံ တွန်းအားပေးသော ဝန်ကြီးချုပ်တို့ ညွှန်ကြားသလို ကြိုးစားလုပ်ကိုင်နေသည့်ကြားမှ စင်္ကာပူသားတို့သည် ပိုမိုပြေပြစ်အေးဆေး ယဉ်ကျေး၏။ တရုတ်တို့၏ မူရင်း လူ့လဝီရိယ၊ ပြုပြင်လွယ်မှု၊ လုပ်ငန်းသဘောပေါက်တို့သို့ မလေးတို့၏ တည်ငြိမ်မှု၊ အေးဆေးမှု၊ မိမိကိုယ်မိမိ နှိမ့်ချမှု စသည့်အရည်အသွေးတို့ကို ပေါင်းစပ်လိုက်သော် ဘဝ၏ မဇ္ဈိမပဋိပဒါလမ်းကိုလိုက်သော် ခင်မင်ဖွယ်ကောင်းသော လုပ်ပုံစံ ပေါ်လာ၏။ ဤအရည်အသွေးတို့သည် အမျိုးသားတို့ထက် အမျိုးသမီးတို့တွင် ပိုပေါ်၏။

ဟောင်ကောင်တွင် သဘာဝ အချောအလှ၊ ဂျပန်မတို့ကဲ့သို့လည်း မချယ်လှယ်၊ ထိုင်းအမျိုးသမီးတို့လိုလည်း တောက်တောက်ပြောင်ပြောင် မဝတ်စားဘဲ ပိုများပါ၏။ သို့သော် စင်္ကာပူတွင် စွဲမက်ဖွယ် အသားညိုချောပိုများ၏။ ဟောင်ကောင်မယ်တို့ ဝတ်သော ပေါင်ခွဲဂါဝန်သည် ပိုရင်ထိတ်ဖွယ်ကောင်း၏။ သို့သော် စင်္ကာပူမယ်တို့၏ တောင်ပင်လယ်ဆံသသည် ပိုကြည့်၍ကောင်း၏။ ဟောင်ကောင်မယ်တို့သည် အကပိုတော်၏။ သို့သော်ယာဉ်ထိန်းမီးများထက် ပိုမိုလျှင်မြန်စွာ ပြောင်းကြ၏။ ဟောင်ကောင်မယ်တို့သည် အင်္ဂလိပ်စကားပြော ပိုတော်သော်လည်း စင်္ကာပူမယ်များကဲ့သို့ မလေးသံ မပါသောကြောင့် အသံပိုကြမ်း၏။ အနားကပ် ပေါင်းကြည့်သောအခါ နှစ်ဦးစလုံး တရုတ်အမျိုးသမီးသဘာဝ ရင့်ကျက်မှု ရှိသော်လည်းတောင်ပိုင်းမယ်က ပိုရိုးသား၊ ပိုတင့်တယ်၊ ပိုစွဲမက်ဖွယ်ကောင်း၏။ နှစ်ဦးစလုံး ဘရန်ဒီကြိုက်သော်လည်း ပိုနွေးသောဥတုက စိတ်ပေါ့ပါးစေမှု ပိုမြန်၏။

တိုကျိုနှင့် ဘန်ကောက်တို့နှင့်စာလျှင် ဟောင်ကောင်၌ ညကပွဲဦးရေ ပိုနည်းသည့်အကြောင်းတစ်ရပ်မှာ ခရီးသည်များ ဈေးဝယ်ရသည်နှင့် မောပန်းနွမ်းနယ်သွားပြီး ဟောင်ကောင်ရှိ အစားအသောက်ဆိုင်ကောင်းတို့၌ အားအင်ပြန်လည်ဖြည့်တင်းရသောကြောင့် ဖြစ်၏။ နောက်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်မှာ ဟောင်ကောင်သားတို့သည် အလုပ်တွင် ဇောက်ချလုပ်ကိုင်နေရသောကြောင့် အပန်းမဖြေနိုင်ခြင်း၊ ဖြစ်နိုင်၏။ ဤအကြောင်းရပ်များ မရှိသော စက်ာပူတွင် အပြည်ပြည်ဆိုင်ရာ ကပွဲများ ပိုများ၏။ စင်္ကာပူသည် ဟိုတယ်မြောက်မြားစွာ ဆောက်လုပ်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကို အားပေးနေသော်လည်း တစ်ဘက်တွင် အနောက်နိုင်ငံ နေထိုင်မှု၏ မလိုလားအပ်သော အစွယ်အပွားများ ပုံစံအားဖြင့် ဟစ်ပီများ၊ မူးယစ်ဆေးဝါးမှီဝဲမှု၊ ဆံရှည်ထားမှုတို့ကို ကာကွယ်တားမြစ်နေ၏။

လူမျိုးပေါင်းစုံ အာရှပုံစံ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးသည် ပထမနိုင်ငံရေးတိုင်းကို ကျော်လွှားနိုင်ခဲ့ပြီ။ သို့သော် ဆက်လက်အောင်မြင်ရန်အတွက် စီးပွားရေးဆက်လက် ကြီးပွားဖို့လည်း လိုပါလိမ့်မည်။

*

# Land of the Bulgars

My visit to Bulgaria was on the occasion of 1985 General Conference of Unesco in Sofia. My previous visit to the Balkans was in 1980 also on the occasion of the General Conference of Unesco. I had then wanted to drive from Paris to Belgrade, but the official policy then was to discourage motoring by the secretariat members lest free seats offered by the host government on the national airline remain unfilled. Moreover I needed a driving companion and none was forthcoming from my staff. This time, determined to drive, I found a driving companion in the husband of a French langugae teacher at Unesco, a somewhat eccentric gentleman named Eshmarkoff. So with Khin seated at the back, the two of us took turns driving the Volvo, with some essential spare parts in the luggage boot just in case they were not avaiable in the Eastern European countries.

Driving through the Western European countries of France, FRG and Austra was uneventful but as we entered Eastern Europe, the checking of passports took much longer and if it was at night, involved search-lighting. Armed with a UN laissez-passer, my wife and I were above suspicion, but my driving companion with a Slav name and eccentric behaviour (like asking for a tobacco shop in the middle of nowhere) must have aroused some

www.burmeseclassic.com

www.burmeseclassic.com



suspicion among the border guards. Nevertheless, three days and three nights after we left Paris, we arrived in Sofia without any mishap.

Our safe arrival in Sofia was felicitated by my colleagues whom I rewarded with lifts to the conference centre and on sightseeing tours. But my driving and parking problems were to begin in Sofia. Parking regulations at the conference site changed from day to day in the begining. At the Vitosha-New Otani Hotel whenever there was a VIP visiting, resident cars were all diven away from the parking lot. My Chinese appearance in a satellite country politically closest to the Soviet Union at a time when Sino-Soviet relations were at the lowest ebb did not help matters. Traffic regulations in the police state reached their apex with the arrival of the Comintern heads of state in Sofia. The first arrival being Ceaucescu of Romania, all roads leading to the city centre were closed. Since the Unesco Conference hall was also there, the ferry from hotels which usually took about ten minutes now took an hour because of the road diversions. I missed two meetings of the Director General with the Asian delegation where as Director of Asia I should have been present. So did my European counterpart. We explained our absence to the DG who immediately informed the host authorities of the problem. The traffic blocks were lifted the following day.

Having discharged my responsibilities as the political commissar for Asia by securing the smooth opening of the General Conference by monitoring the then trouble spots in the region of Cambodia-Vietnam (the former being under the latter's occupation whilst the UN seat was occupied by the exiled regimes), North and South Koreas, Soviet-occupied Afghanistan, and Iran-Iraq War, I found time to look into the ancient history and culture of Bulagria. Inhabited since 7000 years ago in the age of



the Thraces, Sofia became the most brilliant city of Serdika inside the Roman Empire until it was reduced to ashes by Atilla the Hun. Rebuilt by Emperor Justinien, it was again overwhelmed by the Slav tribes who invaded the Balkan peninsula. Absorbed by the state of Bulgares founded in 681 in the beginning of the 11th century the city flourished under the Slav name of Sredets for a century and then fell under Ottoman rule for several centuries.

Sofia lies at the foot of Mount Vitosha which houses old Orthodox churches as well as new inns and restaruants featuring folkloric dances. One restaruant with a German name. "Unter den Linden" was where my wife and I celebrated our 27th wedding anniversary. To the south from Sofia, one can drive in a little more than an hour to the monumental monastery of Rila. To the east but at double the distance is Plovdiv with many historic sites. From Plovdiv if one goes northeast you hit the Black Sea. But if one goes straight east you get into Turkey which is just what we did with some luck.

Having come to Sofia by car, I had not received the re-entry visa stamped on the passports of all Unesco arrivals by air or by train. One hour before our departure on the only weekend trip, i.e., 5 o'clock on a Saturday morning, the re-entry visa was delivered at our hotel, enabiling the Thet Tuns and the Constadses to drive to Istanbul rather than the Black Sea resorts. Driving east via Plovdiv and Svilengrad, we reached the frontier near Edirne (formerly Adrainople). We drove into the diplomatic lane which was supposed to be closed. As we were about to withdraw, the Turkish Immigration motioned us to stay. Aswell because the 5 minutes check there could have extended to one or two hours behind other cars in other lanes. Time was precious during the weekend trip.

www.burmeseclassic.com

www.burmeseclassic.com



That way we did not have to overspeed on the none too wide highway and go the way of many vehicles overturned on both sides of the road. En route we saw many brand new Mercedes Benzes brought back from West Germany by Turkish *gast-arbeitens*. We were told they fetch handsome prices in Turkey.

In the teeming Istanbul (formerly Constantinople), we discovered that cars drive not only on the right side of the road but also in the middle and even on the pavement. The only place where the traffic was more or less orderly was on the long bridge on the Bosporus which divides Europe and Asia. Unesco's Asian director was really delighted to tread on Asian soil even if it was through car tyres. On the way back to Bulgaria one can see road-signs of "Bulganistan", which together with the lilting music and sheeshkabab food was a reminder of the long Ottoman rule.

# ဘူလ်ဂါးတို့နေပြည်

ဘူလ်ဂေးရီးယားနိုင်ငံသို့ ရောက်ဖူးသည်မှာ ၁၉၈၅ - ခုနှစ် ဆိုဖီယာမြို့တော်၌ ယူနက်စကို အထွေထွေညီလာခံ ကျင်းပစဉ်က ဖြစ်ပါသည်။ ဘော်လကန်ဒေသသို့ ယခင်တစ်ခါ ရောက်ဖူးသည်မှာ ၁၉၈၀ - ခုနှစ်တွင် ယူနက်စကို အထွေထွေညီလာခံကို ယူဂိုစလားဗီးယားနိုင်ငံ၌ ကျင်းပစဉ်က ဖြစ်ပါသည်။ ထိုစဉ်အခါကလည်း ပါရီမှ ဘဲလဂရိတ်မြို့သို့ ကားမောင်းသွားချင်ခဲ့သော်လည်း အိမ်ရှင်နိုင်ငံက အမျိုးသားလေကြောင်းယာဉ်ပေါ်၌ အခမဲ့စီးခွင့်ပြုသောဦးရေ မပြည့်မီစိုး၍ ယူနက်စကိုဝန်ထမ်းများကားနှင့် သွားခြင်းကို အားမပေးခဲ့ပါ။ ထို့အပြင် ကားမောင်းဖော်တစ်ဦး လိုအပ်ရာ ရုံးတွင်း၌ ရှာမတွေ့ပါ။ ဤတစ်ခါတော့ ကားနှင့်သွားဖြစ်အောင် သွားမည်ဟု သန္နိဋ္ဌာန်ချ၍ ယူနက်စကိုမှ ပြင်သစ်ဘာသာစကား ဆရာမ၏ယောကျ်ား Eshmarkoff ဆိုသူ ခပ်ကြောင်တောင်တောင် ပြင်သစ်တစ်ဦးကို ယာဉ်မောင်းဖော်ပြုရလေသည်။ အရှေ့ ဥရောပနိုင်ငံတို့တွင် ဝယ်ရခက်မည့် Volvo ကားအပိုပစ္စည်းအချို့ကို ကားနောက်ဖေးခန်းတွင် ထည့်၊ ကျွန်တော့်ဇနီးသည်က နောက်ကထိုင်၊ ကျွန်တော်တို့ ယာဉ်မောင်းနှစ်ဦးက ရှေ့မှ တစ်ယောက်တစ်လှည့်စီ မောင်း၍ ခရီးရှည်ကြီး ထွက်ကြ၏။

အနောက်နိုင်ငံများဖြစ်သော ပြင်သစ်၊ အနောက်ဂျာမနီနှင့် ဩစတြေးလျားတို့ကို ဖြတ်မောင်းရာတွင် ပြဿနာ မရှိသော်လည်း အရှေ့ဥရောပဝင်သည်နှင့် နိုင်ငံကူးလက်မှတ် စစ်ဆေးမှု အချိန်ကြာလာပြီး ညအချိန်တွင် ကားနှင့်လူများပေါ် မီးမောင်းထိုးထားလေသည်။ ကုလသမဂ္ဂနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော ကျွန်တော်နှင့် ဇနီးတို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ မရှိသော်လည်း စလစ်နာမည်လည်းရှိ ကြောင်တောင်တောင်နှင့် တောကြိုတောင်ကြား၌ ဆေးလိပ်ဆိုင် လိုက်ရှာတတ်သော ယာဉ်မောင်းဖော်ကို နယ်စပ်အစောင့်တို့က သက်ာမကင်း ရှိမည်လားမပြောတတ်။ သို့ပြား လည်း ပါရီမှ ထွက်ပြီး သုံးရက်နှင့်သုံးညအလွန် ဆိုဖီယာမြို့သို့ ဘေးမသီ ရန်မခဘဲ ရောက်လေသည်။

ဤကဲ့သို့ ရောက်လာခြင်းကို ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်တို့က ကြိုဆိုချီးကျူးကြ၏။ ကျွန်တော်ကလည်း သူတို့အား စည်းဝေးခန်းမ သွားရာ၌လည်းကောင်း၊ မြို့ပြင်လည်ပတ်ရာ၌လည်းကောင်း ခေါ်ဆောင် သွား၏။ သို့သော် ကျွန်တော့်ကားမောင်း၊ ကားရပ်ပြဿနာတို့မှာ ဆိုဖီယာ တွင် စတင်သည်။ စည်းဝေးခန်းမရှိရာ၌ အစပထမတွင် ကားရပ်စည်းကမ်း တို့ တစ်နေ့ပြီးတစ်နေ့ ပြောင်းနေ၏။ ဟိုတယ်သို့ VIP တစ်ဦးလာတိုင်း ဟိုတယ် ဧည့်ကားတို့ကို အပြင်မောင်းထုတ်၏။ တရုတ် - ဆိုဗီယက် ဆက် သွယ်ရေး အဆိုးဆုံးကာလ၊ ဆိုဗီယက်နှင့် အရင်းနှီးဆုံး နောက်လိုက်နိုင်ငံ ၌ တရုတ်ရုပ်ပေါက်သော ကျွန်တော့်အတွက် မလွယ်လှ။ အာဏာရှင်နိုင်ငံ ၏ ယာဉ်စည်းကမ်းတို့ အထွတ်အထိပ် ရောက်သည်မှာ Cominform ဥရောပ ကွန်မြူနစ်နိုင်ငံ အဓိပတိတို့ ဆိုဖီယာ၌ အစည်းအဝေး ကျင်းပချိန် ဖြစ်၏။ ပထမဦးဆုံး ရိုမေးနီးယားမှ Ceaucescu ရောက်လာရာ မြို့လယ်သွားလမ်း များ အကုန်ပိတ်ပစ်၏။ ယူနက်စကို စည်းဝေးခန်းမမှာလည်း မြို့လယ်၌ တည်ရှိရာ ကျွန်တော်တို့ ဟိုတယ်မှ ခါတိုင်း ၁၀ - မိနစ်သာကြာသော ဘတ်စ် ကားခရီးသည် ယခု ဟိုမဝင်ရ ဒီမဝင်ရတို့ကြောင့် တစ်နာရီလောက် ကြာ သွား၏။ အာရှကိုယ်စားလှယ်တို့ ညွန်ချုပ်နှင့် တွေ့ဆုံပွဲနှစ်ခု ကျွန်တော် လွတ်သွား၏။ ဥရောပဒါရိုက်တာလည်း ထိုနည်းနှင်နှင်။ ကျွန်တော်တို့ ပြဿနာကို ညွှန်ချုပ်အား ရှင်းပြသည့်အခါ အိမ်ရှင်အာဏာပိုင်တို့အား အကြောင်းကြားမည်ဟု ဆို၏။ နောက်တစ်နေ့ ယာဉ်လမ်း တားဆီးမှုများ ရုတ်သိမ်းလိုက်၏။

အာရှဒေသဆိုင်ရာ နိုင်ငံရေးတာဝန်ခံအဖြစ် ယူနက်စကို အတွေ တွေညီလာခံကြီး ပြေပြစ်စွာ ဖွင့်လှစ်နိုင်စေရန် ဒေသတွင်း ပြဿနာများ ကိုယ်စားလှယ်အဖွဲ့များအကြား မပေါ်ပေါက်စေရန် ကြိုးပမ်းရ၏ (၎င်း တို့မှာ ကမ္ဘောဒီးယားကို ဗီယက်နမ်က သိမ်းပိုက်ထားသော်လည်း ကုလသမဂ္ဂ



တွင်း ကိုယ်စားလှယ်နေရာကို ပြည်ပြေးအစိုးရအဖွဲ့တို့က ရယူထားခြင်း ဖြစ် ရပ်၊ မြောက်နှင့်တောင်ကိုရီးယား ပြဿနာ၊ အာဖဂန်နစ္စတန်ကို ဆိုဗီယက် တပ်များ သိမ်းပိုက်ထားခြင်း၊ ဒေသတွင်း အီရန်နှင့် ဒေသပြင်ပ အီရန်တို့၏ စစ်ပွဲတို့ ဖြစ်၏)။ အစည်းအဝေးကြီး ပြေပြစ်စွာ ဖွင့်လှစ်သွားပြီးနောက် အိမ် ရှင် ဘူလ်ဂေးရီးယားနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုကို အနည်းငယ် လေ့လာ ခွင့် ရရှိခဲ့၏။

နှစ်ပေါင်း ၇၀၀၀ ကျော် Thraces တို့မှ အစပြု၍ လူသူနေထိုင် ခဲ့သော ဆိုဖီယာဒေသတစ်ဝိုက်သည် ရောမအင်ပါယာတွင်းရှိ Serdika ပြည်၏ အစည်ကားဆုံး မြို့တော် ဖြစ်ခဲ့သည်မှာ Hun တို့ဘုရင် Atilla က မီးရှို့ဖျက်ဆီးသည် အထိပင်။ Emperor Justinien က ပြန်လည် တည် ဆောက်ခဲ့ပြီး ဘော်လကန်ကျွန်းဆွယ်ကို ဝင်ရောက်သိမ်းပိုက်သော စလဗ် အမျိုးအနွယ်တို့၏ လက်အောက်သို့ ကျရောက်ခဲ့၏။ ၆၈၁ ခုနှစ်က တည် ထောင်သော ဘူလ်ဂါးနိုင်ငံက ၁၁ - ရာစုနှစ်အစတွင် သိမ်းသွင်းခဲ့ပြီး စလဗ် နာမည် Sredets အဖြစ် အနှစ် ၁၀၀ ခန့် တည်ရှိပြီး တူရကီတို့လက်အောက် သို့ ရာစုနှစ်ပေါင်းများစွာ ကျရောက်သွား၏။

ဆိုဖီယာမြို့သည် ဗိတောရှတောင်ခြေရင်း၌ ရှိ၍ တောင်ပေါ်တွင် Orthodox ဘုရားရှိခိုးကျောင်းများ၊ ရိုးရာကပွဲတို့ ပြသသော စားတော်ဆက် များ၊ တည်းခိုခန်းများ ရှိ၏။ "Unter den Linden" ဟူသော ဂျာမန်နာမည် ရှိ စားတော်ဆက်၌ ကျွန်တော်တို့ရှိမောင်နှံ၏ ၂၇ - နှစ်မြောက် မင်္ဂလာ ပွဲကို ကျင်းပခဲ့ပါသည်။ ဆိုဖီယာတောင်ဘက် တစ်နာရီကျော်သာ ကားမောင်း လျှင် ရီလာဘုန်းကြီးကျောင်းကြီးသို့ ရောက်၏။ ဆိုဖီယာအရှေ့ဘက် နှစ် နာရီခန့် ကားမောင်းလျှင် သမိုင်းအဆောက်အဦများစွာရှိသော Plovdiv သို့ ရောက်၏။ Plovdiv မှ အရှေ့မြောက်သို့ ယွန်းသော် ပင်လယ်နက် ကမ်းခြေသို့ ရောက်၏။ အရှေ့တည့်တည့် ယွန်းသော် ကံအားလျော်စွာ တူရကီပြည်ထဲ ရောက်မည်။

ဆိုဖီယာသို့ ကားနှင့်လာခဲ့၍ လေဆိပ်နှင့် မီးရထားဘူတာရုံတို့၌ ယူနက်စကို နိုင်ငံကူးလက်မှတ်အားလုံးတွင် နှိပ်ပေးသော re-entry ပြည် ပြန်ဝင်ခွင့်ဗီဇာ ကျွန်တော်တို့တွင် မရှိ၍ ပြန်တောင်းရသည်။ စနေနေ့ မနက် ၅ နာရီအချိန်၊ ခရီးမထွက်မီ တစ်နာရီအလိုတွင် ဟိုတယ်သို့ လာပေး၍

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ Constande လင်မယားနှင့်အတူ Istanbul သို့ ကားမောင်းသွားကြ၏။ (ဗီဇာသာ အချိန်မီ မရရှိပါက ပြည်တွင်းခရီး ဖြစ်သော ပင်လယ်နက် အပန်းဖြေစခန်းတို့သို့ သွားရမည် ဖြစ်ပါသည်။) အရှေ့ဘက် တူရှကာ Plovdiv နှင့် Svilen grad တို့ကို ဖြတ်ကျော်၍ Edirne (ယခင် Adrainople) အနီး၌ နယ်စပ်သို့ ရောက်၏။ ပိတ်ထားသည်ဟု ရေးထားသော သံတမန်ဝင်ပေါက်သို့ မှားဝင်မိ၍ ပြန်ထွက်မည်အလုပ် တူရကီ လူဝင်မှုကြီးကြပ်ရေး အရာရှိတို့က ပြန်ခေါ်၍ ၅ - မိနစ်အတွင်း ဝင်ခွင့်နှိပ်ပေး၏။ ကောင်းလေစွ။ အခြားဝင်ပေါက်တွေမှာ တခြားကားတွေနောက် တန်းစီးရလျှင် တစ်နာရီနှစ်နာရီလောက် ကြာမည်။ နှစ်ရက်ခရီးစဉ်ဖြစ်၍ အချိန်မှာ တန်ဖိုးရှိလှသည်။ သို့ဖြင့် သိပ်မကျယ်လှသော လမ်းမကြီး၌ သိပ်အမြန်ကြီးမောင်းဖို့ မလိုတော့။ ယင်းလမ်းမကြီး နှစ်ဘက်နှစ်ချက်တွင် မှောက်ကျသွားသည့် ကားများကို တွေ့ရသည်။ အနောက်ဂျာမနီမှ gast-arbeiten ခေါ် ဧည့်လုပ်သားတူရကီလူမျိုးတို့ မောင်းနှင်လာသော အသစ်ချပ်ချွတ် မာစီဒီးကား အများအပြား တွေ့ရ၏။ တူရကီ၌ ဈေးကောင်းသည်ဆို၏။

အလွန်စည်ကားသော Istanbul (ယခင်အခေါ် Constantinople) ၌ ကားများသည် လမ်းညာဘက်သာမက လမ်းလယ်၊ လမ်းဘေး လူသွားလမ်းခင်းပေါ်ပင် မောင်းနှင်ကြ၏။ ယာဉ်အသွားအလာ နည်းနည်းစည်းကမ်းရှိသည့်နေရာ တစ်ခုတည်းမှာ ဥရောပနှင့် အာရှကိုခြားသည့် Bosporus ပေါ်မှ တံတားရှည်ကြီး ဖြစ်သည်။ ယူနက်စကို အာရှဒါရိုက်တာအဖြစ် အာရှမြေပေါ်ခြေတော့မဟုတ်၊ မော်တော်ကားဘီး ချရသည်ကို ဝမ်းသာမိ၏။ ဘူလ်ဂေးရီးယားသို့အပြန် "Bulganistan" ဟု ရေးထားသောလမ်းဆိုင်းဘုတ်တို့ကို တွေ့ရ၏၊ နွဲ့ပျောင်းသော ဂီတတေးသံ၊ တုတ်ထိုးအသားကင်တို့နှင့်အတူ ဘူလ်ဂေးရီးယား၏ အတိတ်ကို ဆောင်သူတို့ဖြစ်၏။

## Greece

Like some people, some countries have a knack of hitting the headlines. It is not necessarily the size of a country that determines its newsiness. In fact very large countries like the US can be covered only by a team of reporters which only very large establishments like the Time or Newsweek can afford. Correspondents are an individualistic lot and prefer to cover a smaller country which they can put in a nutshell.

Like individuals, some countries get a good press while some others get a bad press. This is what the Japanese call PR in short for public relations. In PR conscious countries, a whole PR industry has grown up. The Fourth Estate has its own representation in each country, just like a diplomatic corps. National as well as foreign press clubs are their centres which public men neglect to cultivate at their own peril.

A dog biting a man is no news whereas a man biting a dog makes news. News media go in for the dramatic. No wonder the country of origin of the Greek drama attracts the attention of the world press. Newswriters like to preface their reports with dramatic phrases like "the cradle of civilisation" or "the birth-place of democracy". Let us probe what kind of country Greece is and what manner of people live there.

www.burmeseclassic.com

www.burmeseclassic.com



Occupying the southern tip of the Balkan Peninsula in the eastern Mediterranean Sea, Greece is at the crossroads between Europe and Africa, Asia and the Middle East. Endowed with a mountainous inland in the north and an indented coastline and many islands in the south, sunny Greece is a natural tourist attraction. Add to this three thousand years of recorded history and you get a tourist industry which provided the leading source of foreign exchange earnings.

Greek civilisation reached the peak of its glory in the fifth century BC when direct democracy was practised in the city states and Socrates asked his famous, well, Socratic, questions (This was about a century after Gautama preached his Buddhist doctrine in India and Confucius formulated the rules of princely conduct in China). As the city states declined, his disciple Plato dreamed of the philosopher king. His disciple Aristotle found one in his pupil, Alexander the Great, although the latter proved better in territorial conquest than in Aristotelian logic.

By the middle of the second century Greece had declined to the status of a Roman province. Learned Greek slaves became tutors to the scions of prominent Roman citizenry, enabling Asian subjects of European Powers to say 'I felt like a Greek slave in the City of Rome'. much later in history.

Remaining within the Eastern Roman Empire until the thirteenth century, Greece by the middle of the fifteenth century had become part of the Ottoman Empire. Only in the beginning of the nineteenth century was Greece able to extract herself out of Turkish domination as a result of the insurrection made famous by the participation of the English poet Lord Byron.



The nine million modern Greeks are no less dramatic than their famous ancestors, judging by recent happenings. They still value a sense of the dramatic. I once came across a Greek central banker at the International Monetary Fund who was baffled by the reduced value of the remittance from home, so well guarded was the secret of the impending devaluation of the drachma!.

The physical beauty of the land and the islands (sung in poetry as 'Island of Roses', 'Bride of the Sun', etc) is unfortunately not matched by the personal beauty of the contemporary inhabitants. Although Greek gods were worshipped as much for their physical beauty as for their oracles by the ancient Greeks, their descendants to-day are not a handsome lot. Like Merlina Mercouri of 'Never on Sunday day', fame, (later to become Minister of Culture), world famous opera star Maria Callas old mistress of Aristotle Onesis who married President Kennedy's widow Jackie, their facial features are too prominent and might even appear ugly to Oriental eyes used to flat Mongoloid features. But again like Merlina Mercouri, Maria Callas they more than make up for their lack of physical beauty by their dramatic, passionate and at times tragic gestures in life.

If Greek features do not please the Oriental eye, Greek food, such as *Kokoretsi* (meat on small spits) and *dolmadakia* (rice, ground meat and spices rolled in vine, leaves), suits the Oriental palate fine. Greek restaruants in the West have always been gastronomical haven for Oriental students from boiled insipid food of the host country.

The capital city of Athens is dominated by the fabulous Parthenon (again fifth century BC) standing like a crown on the rocky hill of the Acropolis, the way the landscape of Yangon is dominated by Shwe Dagon on

www.burmeseclassic.com

www.burmeseclassic.com



*Theingottara* hill. While Olympia with the Stadium where the original Olympic Games were held is about 200 miles away, the stadium where the first of the modern series of Olympic Games was held in the early part of this century is situated in Athens.

Situated on the slopes of Mount Parnassus is the world faous Delphi, the site of the Oracle of Pyithia. There stand the Tempke of Apollo, the world's earliest open air theatre, the Staduim, the Sanctuary of Athena Pronia. Inside the tempke, the statue of Apollo is guarded by a Greek soldier in the traditional skirtlike uniform. Most visitors confess it was all very Greek to them!

## ဓေါမ

လူပုဂ္ဂိုလ်များနည်းတူ တိုင်းနိုင်ငံတို့သည်လည်း သတင်းမြန့် ကျော်ကြားတတ်သည့်နည်း ရှိ၏။ သတင်းထဲပါဖို့ရန် တိုင်းကြီးပြည်ကြီး ဖြစ်ဖို့ မလိုပါ။ အမှန်မှာ အမေရိကန်ကဲ့သို့ ကြီးမားသည့်နိုင်ငံအကြောင်း ရေးသားရန် သတင်းထောက်များများ စုစည်းထောက်လှမ်းဖို့ လိုအပ်ရာ Time, Newsweek ကဲ့သို့သော ရုံးကြီးများကသာ တတ်နိုင်၏။ သတင်းထောက်တို့သည် တစ်ဦးချင်းလုပ်ကိုင်ဆောင်ရွက်ခြင်းကို မြတ်နိုးသူတို့ဖြစ်ရာ သေးငယ်သည့် နိုင်ငံကို အကျဉ်းချုံးဖော်ပြရေးသားရသည်ကို ပိုနှစ်သက်၏။

လူပုဂ္ဂိုလ်များနည်းတူ တိုင်းနိုင်ငံအချို့သည် သတင်းကောင်း အရေးခံရ၍ အချို့သည် သတင်းဆိုးအရေးခံရ၏။ ဂျပန်လူမျိုးတို့က PR ဟုခေါ်သော Public Relations အများနှင့် ဆက်ဆံပုံကြောင့်ဖြစ်၏။ PR တန်ဖိုးကို ယုံကြည်သော နိုင်ငံများတွင် PR လုပ်ငန်းကြီးများပင် ပေါ်ထွန်းလာ၏။ စတုတ္ထမဏ္ဍိုင်ဟုပင် အမည်တွင်သော တနယ်ဇင်းနယ်ပယ်သည် နိုင်ငံအသီးသီးတွင် သံတမန်အဖွဲ့အလား ကိုယ်စားလှယ်လွှတ်ထားကြ၏။ ၎င်းတို့ စုဝေးရာ ပြည်တွင်းပြည်ပ သတင်းထောက်အသင်းအဖွဲ့များ ရှိကြ၍ နိုင်ငံရေးရာနှင့် သက်ဆိုင်သူတို့ မပေါင်းမဖြစ်သည့် အသိုင်းအဝိုင်းဖြစ်၏။

ခွေးကလူကို ကိုက်ခြင်းသည် သတင်းမဟုတ်။ လူကခွေးကိုကိုက်လျှင် သတင်းဖြစ်၏။ တနယ်ဇင်းတို့သည် ထူးဆန်းသည်ကို လိုက်စား၏။ သို့အတွက်ကြောင့် ထူးခြားသည့် ရောမပြဇာတ်ပေါ်ရာ ဂရိနိုင်ငံသည် ကမ္ဘာ့သတင်းထဲ ခဏခဏပါသည်မှာ မထူးဆန်း။ 'ယဉ်ကျေးမှုစရာ အရပ်' 'ဒီမိုကရေစီမွေးဖွားရာအရပ်' စသည် ပြဇာတ်ဆန် အနှီးစကားသုံး သတင်းရေး

www.burmeseclassic.com

www.burmeseclassic.com



ကြသော လက်ရှိခေါမနိုင်ငံသည် ဘယ်လိုတိုင်းပြည်လဲ၊ ဘယ်လိုလူတွေ နေကြသလဲဆိုသည်ကို စူးစမ်းကြစို့။

ဂရိနိုင်ငံသည် မြေထဲပင်လယ်အရှေ့ဘက်၊ ဘောလကန်ကျွန်းဆွယ်၏ တောင်ဘက်အစွန်း၌ တည်ရှိ၍ ဥရောပ၊ အာဖရိက၊ အာရှနှင့် အရှေ့အလယ်ပိုင်းတို့ ဖြတ်သန်းရာလမ်းကြောင်း ဖြစ်၏။ မြောက်ဘက်တွင် တောင်ထူထပ်သော အတွင်းပိုင်းရှိ၍ တောင်ဘက်တွင် ကမ်းခြေအထစ်ထစ်နှင့် အတူ ကျွန်းများစွာ ရှိ၏။ နေလည်းသာ၊ အနှစ်သုံးထောင် မှတ်ကျောက်တင်သမိုင်းနှင့်လည်း ပြည့်ဝသောကြောင့် ကမ္ဘာလှည့်ခရီးလုပ်ငန်းမှ နိုင်ငံခြားငွေ အများဆုံး ရရှိ၏။

ခေါမ ယဉ်ကျေးမှုသည် ခရစ်မတိုင်မီ သက္ကရာဇ် ငါးရာစုနှစ်အတွင်းက အထွတ်အထိပ်သို့ ရောက်ခဲ့၏။ ဒီမိုကရေစီကို ကိုယ်စားလှယ်မပါ လူတိုင်းပါဝင် တိုက်ရိုက်ကျင့်သုံးသည့် ကာလ၊ ဒဿနိကဆရာကြီး ဆိုကရေးတီးက လမ်းပေါ်၌ မေးခွန်းတရားဟောခေတ် ဖြစ်၏။ (အိန္ဒိယ၌ ဂေါတမဗုဒ္ဓတရားဒေသနာ ဖြန့်ချိပြီး တရုတ်ပြည်၌ ကွန်ဖြူးရှပ်က မင်းသားတို့ ကျင့်စဉ်မူကို ချမှတ်ပြီးနောက် အနှစ်တရာကျော်ကာလ ဖြစ်ပါသည်)။ ခေါမမြို့ပြနိုင်ငံများ တိမ်ကောလာသည့်အခါ ဆိုကရေးတီး၏ တပည့်ဖြစ်သူ ပလေတိုက Philospher king ခေါ် ဒဿနိကပညာရှင် ဘုရင်မျိုးကို လိုလားလေသည်။ ၎င်း၏တပည့် Aristotle ရှာတွေ့သော တပည့်မင်းသားမှာ နောင် Alexander the Great ခေါ် ဘုရင်ကြီး ဖြစ်လာရာ ဆရာ သင်ပေးခဲ့သော Aristotelian logic ဘာသာရပ်ထက် စစ်တိုက်နယ်ချဲ့သည်ဘက်တွင် ပိုမိုကျွမ်းကျင်လေသည်။

ဒုတိယရာစုနှစ် အလယ်ပိုင်းရောက်သော် ခေါမသည် ရောမနယ်တစ်နယ်အဆင့်သို့ ကျဆင်းသွားပေပြီ။ ပညာတတ် ခေါမတို့သည် ကျွန်သဘောက်အဖြစ် ရောမလူကြီးလူကျယ်တို့၏ သားသမီးတို့ကို ပညာသင်ပေးသူတို့ ဖြစ်လာ၏။ သမိုင်းနောက်ပိုင်းတွင် ဥရောပအင်အားကြီးနိုင်ငံတို့၏ လက်အောက်သို့ ကျရောက်သော အာရှလူမျိုးတို့က 'ကျုပ်တို့ ရောမမြို့က ခေါမကျွန်တွေလို ခံစားရတယ်' ဟု ဆိုစမှတ်ပြုလေသည်။

ခေါမသည် ၁၃ - ရာစုနှစ်အထိ အရှေ့ရောမအင်ပါယာအတွင်း၌ ရှိနေပြီး ၁၅ - ရာစုနှစ် အလယ်ရောက်သော် Ottoman Empire ခေါ်



တူရကီတို့လက်အောက်သို့ ကျရောက်လေသည်။ ၁၉ - ရာစုနှစ် အစပိုင်းကျမှ တူရကီလက်အောက်မှ ရုန်းကန်လွတ်မြောက်ရလေသည်။ ယင်းသူပုန် ထကြွမှုတွင် အင်္ဂလိပ်ကဗျာဆရာ Lord Byron လည်း ပါဝင်သဖြင့် အတော် လူသိများသွားလေသည်။

၁၀ - သန်းခန့်ရှိ ခေတ်သစ်ခေါမတို့သည် ဇာတ်ဆန်ရာ၌ ၎င်းတို့၏ ဘိုးဘေးဘီဘင်တို့ထက် အဆင့်မနိမ့်ပေ။ သူတစ်ပါး အံ့အားသင့်စရာတွေ လုပ်တတ်၏။ ဝါရှင်တန်ရှိ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေရုံး၌ ဂရိဗဟိုဘဏ် အရာရှိတစ်ဦး သူအိမ်မှပို့သော ငွေ၏ ဒေါ်လာတန်ဖိုး အဘယ်ကြောင့် ထက်ဝက်ကျဆင်းပါလိမ့်ဟု တအံ့တဩ ဖြစ်နေသည်ကို တွေ့ဖူး၏။ သူ၏ ဗဟိုဘဏ်က Greek drachma ကို ၅၀ ရာခိုင်နှုန်း တန်ဖိုးချလိုက်သည်ကို သူ့အား အသိပေးပုံမရ။

Island of Roses နှင်းဆီကျွန်း၊ Bride of the Sun နေမင်း၏ ကြင်ယာလောင်း စသဖြင့် တေးဖွဲ့ရလောက်သည့် ဂရိနယ်မြေနှင့် ကျွန်းများ၏ သဘာဝအလှကို ခေါမတိုင်းသူတိုင်းသားတို့ ယှဉ်နိုင်ပုံမရ။ ရှေးခေတ်ခေါမတို့ နတ်များကို ကိုးကွယ်သည့်မှာ ဗေဒင်ဟောစာတမ်း ဖတ်နိုင်စွမ်းအတွက်သာ မဟုတ်၊ ရုပ်ရည်ရူပါကာအတွက်ပါ ဖြစ်သော်လည်း ယနေ့ခေတ်ဂရိလူမျိုးများအနက် ချောမောလှပသူနည်း၏။ Never on Sunday ရုပ်ရှင်မင်းသမီး Merlina Mercouri (နောင် ယဉ်ကျေးမှုဝန်ကြီး ဖြစ်လာသည်)ကို ကြည့်ကြည့်၊ သမ္မတကနေဒီ၏ မုဆိုးမ Jackie ကို လက်ထပ်သည့် Aristotle Onassis ၏ ရည်းစားဟောင်း ကမ္ဘာကျော် အော်ပရာအဆိုကျော် Maria Callas ကိုကြည့်ကြည့်၊ မျက်နှာပုံပန်းမှာ နှာတန့်ချွန်လွန်း၍ Mongoloid မျက်နှာပြားပြား ကြည့်နေကျ ကျွန်ုပ်တို့ မျက်စိထဲတွင် အရုပ်ဆိုးအကျည်းတန်သည်ဟူ၍ပင် ထင်ရ၏။ သို့သော် ဂရိအမျိုးသမီးတို့သည် Merlina Mercouri, Marla Callas တို့ကဲ့သို့ပင် ရုပ်မလှသော်လည်း ဇာတ်ဆန်ဆန် စိတ်ပြင်းပြ၊ ပြဿနာအပြည့် ဘဝမျိုးကို နေပြကြ၏။

အရှေ့တိုင်းသားတို့ မျက်စိထဲ ခေါမသူတွေ မချောလျှင် ခေါမအစားအစာသည် အရှေ့တိုင်းသားတို့ ခံတွင်းတွေ့ဖွယ်ရာ ဖြစ်ပါလိမ့်မည်။ ပုံစံအားဖြင့် *Kokoretsi* ခေါ် တုတ်ထိုးအသားကင်၊ *dolmadakia* ခေါ် စပျစ်ရွက်လိပ် ထမင်းနှင့် အမွှေးအကြိုင်ခေတ် အသားစင်း၊ အနောက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိ ခေါမစားသောက်ဆိုင်တို့သည် အိမ်ရှင်နိုင်ငံထွက် ရေလုံချက် အစာကို ရှောင်ရှားကြကုန်သော အရှေ့တိုင်းကျောင်းသားတို့ ခိုလှုံရာဖြစ်၏။

အေသင်မြို့တော်၌ Acropolis ကျောက်တောင်ပေါ် ခန့်ညားသော (ခရစ်မတိုင်မီ ငါးရာစုနှစ်ထောင်) Pathenon temple သည် ခန့်ညားဝင့်ကြွား နေ၏။ ရန်ကုန်မြို့တော်၌ သိင်္ဂုတ္တရကုန်းပေါ် ရွှေတိဂုံစေတီတော်ကြီး ကြည်ညိုသဖွယ်ကဲ့သို့။ ကမ္ဘာ့သမိုင်းတွင် ပထမဦးဆုံးသော အိုလံပစ်ပြိုင်ပွဲ ကျင်းပခဲ့သော ကစားကွင်းသည် မိုင် ၂၀၀ ကွာဝေးသော Olympia ၌ ရှိသော်လည်း ခေတ်သစ် ၂၀ - ရာစုနှစ် အစပိုင်းတွင် ပြန်လည်ကျင်းပသော အိုလံပစ် ပြိုင်ပွဲကွင်းသည်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲကွင်းသည်လည်းကောင်း အေသင်မြို့တော်၌ တည်ရှိပါသည်။

Oracle of Phithiya ဖြစ်ပေါ်ရာ ကမ္ဘာကျော် Delphi သည် Mount Parnassus တောင်စောင်း၌ ရှိ၏။ ယင်းနေရာတွင်ပင် Temple of Apollo ကမ္ဘာ့ရှေးအကျဆုံး လဟာပြင်ဇာတ်ပွဲရုံ၊ ကစားကွင်း၊ Sanctuary of Athena Pronia တို့ တည်ရှိကြ၏။ Temple အတွင်းသို့ ဝင်ကြည့်လျှင် Apollo ကျောက်ရုပ်ထုကို မိန်းမဂါဝန်ပုံစံ ယူနီဖောင်း ဝတ်ထားသော ခေါမစစ်သားတစ်ဦး စောင့်နေသည်ကို တွေ့ရပေမည်။ မိမိ နားမလည်သည့် စကားကို ခေါမစကားဟု ခေါ်ဆိုသလို ဤအချင်းအရာကိုလည်း နိုင်ငံခြားသားတို့ နားလည်မည် မဟုတ်။

## April in Portugal

Although people sing about April in Portugal and the Rain in Spain, the titles of these songs are hardly indicative of the temperament of the fellow inhabitants of the Iberian Peninsula. In fact it is dfficult to think of two neighbours so similarly situated who are yet so different in their life style.

The Portugese keep North European hours with hardly any siesta whereas the Spanish are fervent devotees of the Mediterranean siesta, dining at alnost midnight and stepping ourt afterwards, hardly ever sleeping in the dark. When a Spaniard fights a bull, he fights to the death, of either the bull or himself. When a Protugese fights a bull, he spares its life and also takes good care of his own. When a Spanish senhorita is feeling gay and romantic, she dances with you, although she may carry a dagger in her garter to use in case she feels you are overstepping. When a Portugese senhorita is feeling gay and romantic, she sints the eerie *fado* at most.

As a matter of fact, the Portugese, except for being the least racialist of men, resemble the Victorian English most. Sober and reserved, the Portugese still have gentlemen's clubs and their policemen still wear white topees. As a return compliment, the colonial British governors always had Portugese port passed around after

www.burmeseclassic.com

www.burmeseclassic.com



dinner. No wonder Portugal and Britain are the oldest allies in Europe. This alliance is carried forward even into the New World. At international conferences, if a Brazilian delegate cannot use his Portugese, he invariably falls back on English and never on Spanish.

One reason for Portugese caution towards the Spanish neighbours is historical. The Portugese had to fight for their independence from Spain in the twelfth century. And while the Portugese expanded abroad to build up an Empire which included Brazil, Persia, IndoChina, Malaya, Ceylon, West and East Africa in the sixteenth century, their homeland was invaded and held captive for 60 years by the Spaniards. By the time the Portugese dynasty was restored in the middle of the seventeenth century, their Dutch, English and French rivals had begun to gobble up the Portugese share of colonies and commerce. Since then the ex-imperial power had pathetically clung to its remaining overseas possessions until now.

The Portugese in their heyday were great explorers. Bartholomew Diaz reached the Cape of Good Hope, Vasco da Gama rached the west coast of India, and Christopher Columbus found the New World for the Old. The Portugese also produced their share of adventurers including the infamous De Brito of Syriam.

The contemporary Portugese number ten million and by European standards still include too many peasants and fishermen. Their agriculture is not sufficiently mechanized and their fishing boats are not big anough to venture out into the open sea in pursuit of the migrant sardines. Their per capita income is the lowest in Western Europe and this accounts for the fact that 1 1/2 million of them are working abroad compared to a labour force of only 3 million in Portugal itself. many Portugese



emigrate each year leaving their beautiful homeland behind.

Portugal boasts of 530 miles of beaches but the most glamorous stretch is that running from Lisbon to Sintra through Estoril and Cascais. Lisbon like Rome is built on seven hills and also borders on the blue sea. Its churches display a wide range of architectural style while its tower and castle betray Moorish influence.

The seaside resort town of Estoril, only 15 miles away, is paradoxically the republic's gilded cage for exiled monarchs including the Pretender to the Throne of neighbouring Spain. Las Vegas gamblers are known to walk in from their planes to its new casino at all hours of day or night and thence to nearby Cascais for night life. A short drive away is another resort town of Sinta called a little Eden by Lord Byron.

Seafood, cheese and pasty are Portugese specialities. And, of course port wine from the Douro Valley and Medeira wine from the island of the same name are world famous. Probably Portugal is one of the few countries in the world where a bottle of local wine is included in fixed-priced meals. And it is also probably the only country in Europe where waiters will still peel an apple or an orange and carve it into rococo shapes before serving. No wonder about 3 1/2 million tourists flock to it each year although about half of them come just across the border from Spain.

Portugal has often been described as an island in Europe. May be it was so under Salazar's long rule. But now that the winds of change have finally reached it, April in Portugal promises to be a real spring time.

www.burmeseclassic.com

www.burmeseclassic.com

# ပေါ်တူဂီက ဧပြီလ

April in Portugal 'ပေါ်တူဂီက ဧပြီလ'၊ The Rain in Sp… 'စပိန်ကမိုး' အစရှိသည့် တေးဖွဲ့ကြသော်လည်း Iberian Peninsula နှ… ရှိယန်ကျွန်းဆွယ်သားတို့၏ စိတ်နေစိတ်ထားကို မဖော်ပြကြပေ။ ဤအိ… နားချင်း လူမျိုးနှစ်မျိုးလောက် နေပုံထိုင်ပုံချင်း ကွာခြားသည်လည်း မ…

ပေါ်တူဂီတို့ အိပ်ရာထ၊ အိပ်ရာဝင်၊ စားချိန်သောက်ချိန်… ဥရောပ မြောက်ပိုင်းသားတို့နှင့် အလားတူဖြစ်၍ နေ့လယ်နေ့ခင်း အိ… အိပ်ထ မရှိသော်လည်း စပိန်တို့ကား မြေထဲပင်လယ်သားတို့နှင့် အက… ၍ နေ့လယ်ကြာမြင့်စွာအိပ်၊ ညသန်းခေါင်နီးမှ ညစာစား၊ သန်းခေါင်… အပြင်ထွက် မှောင်ခိုက်တွင် အိပ်ခြင်းမရှိသလောက်။ စပိန်တို့ နွားသိုး… သည့်အခါ သေသည်အထိတိုက်၏။ နွားသိုးသေသေ၊ သူသေသေ၊ ပေါ်… တို့ နွားသိုးတိုက်သည့်အခါ နွားကိုလည်း မသတ်၊ သူမသေအောင်… သတိထား၏။ စပိန်သူ လုပျိုဖြူ အပျော်စိတ်ဝင်သည့်အခါ သင်နှင့်ပျော်… စွာ ကလိမ့်မည်။ သို့သော် သင်လွန်ကြူးသည်ဟု သဘောရသည့်အခါ ဒ… ပြုရအောင် ဓားမြှောင်တစ်လက် သူဆောင်ထားလိမ့်မည်။ ပေါ်တူဂီ… ပျိုဖြူ အပျော်စိတ်ဝင်သည့်အခါ အလွန်ဆုံး *fado* သီချင်းကြီး ဆိုလိမ့်…

အမှန်မှာ ပေါ်တူဂီတို့သည် ဗိတိုရိယခေတ်မှာ အင်္ဂလိပ်တို့… အလွန်တူလေသည်။ သို့သော် လူမျိုးချင်း ခွဲခြားသည့် စိတ်ဓာတ်ကား… မရှိ။ ဤမြေကြီးသည် ပေါ်တူဂီတို့နိုင်ငံ၌ အမျိုးသားများသာ ဝင်ခွင့်ပြု…



ကလပ်များ ရှိ၍ ပေါ်တူဂီရဲတို့သည် (ရှေးဗြိတိသျှစတိုင်) ဖော့ဦးထုပ်အဖြူ ဆောင်းကြ၏။ ခလေ့ဖလှယ်သည့် သဘောဖြင့် ဗြိတိသျှကိုလိုနီဘုရင်ခံတို့ သည် ညစာစားပြီးလျှင် ပေါ်တူဂီပေါ်တိုဝိုင်အရက်ကို လက်ကမ်းသောက် ကြ၏။ ပေါ်တူဂီနှင့် ဗြိတိန်တို့သည် ဥရောပတွင် ရှေးအကျဆုံး မဟာမိတ် တို့ဖြစ်၏။ အမေရိကန်တိုက်၌ပင် မဟာမိတ်ပြုကြ၏။ နိုင်ငံတကာ အစည်း အဝေးတို့၌ ဘရာဇီးနိုင်ငံ ကိုယ်စားလှယ်သည် ပေါ်တူဂီစကား အသုံးမပြု နိုင်သည့်အခါ စပိန်စကား မသုံးဘဲ အင်္ဂလိပ်စကားပြော၏။

ပေါ်တူဂီတို့ အိမ်နီးနားချင်း စပိန်တို့ကို မယုံသင်္ကာရှိသည့် အကြောင်းရင်းတစ်ခုမှာ သမိုင်းနောက်ခံဖြစ်၏။ ပေါ်တူဂီတို့သည် လွတ် လပ်ရေးကို စပိန်တို့ထံမှ ၁၂ - ရာစုနှစ်တွင် တိုက်ယူရ၏။ ထို့နောက် ၎င်း တို့က တိုင်းတစ်ပါး၌ ဘရာဇီး၊ ပါရွှား၊ အင်ဒိုချိုင်နား၊ မလေးရှား၊ သီဟိုဠ်၊ အာဖရိကတိုက်အနောက်နှင့် အရှေ့ပိုင်းမှ တိုင်းပြည်မှ ပါဝင်သည့် အင်ပါ ယာကြီးကို ၁၆ - ရာစုနှစ်တွင် တည်ဆောက်နေစဉ် သူတို့ပြည်တွင်းကို စပိန် တို့က ဝင်ရောက်တိုက်ခိုက်၍ နှစ်ပေါင်း ၆၀ - ကျော် သိမ်းပိုက်ထားလေ သည်။ ၁၇ - ရာစုနှစ်အလယ်ခန့်၌ ပေါ်တူဂီမင်းဆက် ပြန်နန်းတက်သည့် အခါ ပေါ်တူဂီ ကိုလိုနီနှင့် ကုန်သွယ်လမ်းကြောင်းတို့ကို ပြိုင်ဘက်နိုင်ငံများ ဖြစ်သော ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့က အတော်ဝါးမြိုပြီး ဖြစ်သည်။ ထိုအချိန်မှစ၍ ယနေ့အထိ အင်ပိုင်ယာ ရွေ့ထိန်းဆောင်းခဲ့ဖူးသော ပေါ်တူဂီ တို့ လက်ကျန် ပင်လယ်ခြားနယ်ပယ်တို့ကို ဆုတ်ကိုင်ထားပုံမှာ သနားစရာ ကောင်းလှဘိ။

ပေါ်တူဂီတို့ စွန့်စားခဲ့စဉ်က ကမ္ဘာ့အနှံ့အပြားသို့ ခရီးသွား၍ နေရာ သစ်တို့ကို ရှာဖွေဖော်ထုတ်ခဲ့ကြ၏။ Bartholomew Diaz သည် အာဖရိက တိုက် တောင်ဘက်စွန်းရှိ Cape of Good Hope ကို ရောက်ခဲ့၏။ Vasco da Gama သည် အိန္ဒိယအနောက်ဘက်ကမ်းခြေသို့ ရောက်ခဲ့၏။ Christopher Columbus သည် ကမ္ဘာသစ် (အမေရိကန်တိုက်) ကို တွေ့ခဲ့၏။ ပေါ်တူ ဂီတို့အနက် အရဲစွန့်သူဆိုးတို့လည်း ရှိခဲ့၏။ ပုံစံအားဖြင့် သံလျင်မှ Debrito.

မျက်မှောက်ခေတ် ပေါ်တူဂီတွင် လူဦးရေ ၁၀- သန်း မပြည့်တ…

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဥရောပစံချိန်အရ လယ်သမားနှင့် တံငါသည်များလွန်းသေး၏။ သူတို့၏ စက်မှုလယ်ယာသည် မလုံလောက်သေး၊ သူတို့၏ ငါးဖမ်းသင်္ဘော တို့သည် ပင်လယ်နက်တွင် စားကျက်ရွှေ့ပြောင်းနေသော ငါးသေတ္တာလုပ်သည့် ငါးတို့ကို လိုက်ဖမ်းရန်အတွက် မကြီးမားသေး။ ပေါ်တူဂီလူမျိုးတို့၏ တစ်ဦးချင်းဝင်ငွေသည် အနောက်ဥရောပတွင် အနိမ့်ဆုံးဖြစ်၏။ သို့ကြောင့် ပေါ်တူဂီလုပ်သားထု သုံးသန်းအနက် ထက်ဝက်ခန့်သည် နိုင်ငံခြား၌ အလုပ်လုပ်နေ၏။ ပေါ်တူဂီအမြောက်အမြားသည် နှစ်စဉ် သူတို့၏ သာယာလှပသော ဌာနီကို စွန့်ခွာနေကြ၏။

ပေါ်တူဂီနိုင်ငံ၏ကမ်းခြေသည် မိုင် ၅၃၀ မျှပင်ရှိ၏။ အလှဆုံးနေရာမှာ Lisbon မှစ၍ Estoril နှင့် Cascais ကို ဖြတ်သွားပြီး Sinta ၌ ဆုံးသည့်အပိုင်း ဖြစ်၏။ မြို့တော် Lisbon သည် ရောမမြို့ကဲ့သို့ ကုန်းမြင့် ခုနစ်ခုပေါ်မှာ တည်ဆောက်ထားပြီး ပင်လယ်ကမ်းခြေပေါ်လည်း တည်ရှိ၏။ ဘုရားရှိခိုးကျောင်းတို့ ဆောက်လုပ်ပုံမှာ ပုံစံအမျိုးမျိုးဖြစ်၍ မျှော်စင်နှင့် ရဲတိုက်ဆောက်လုပ်ပုံမှာ Moor ဆန်သည်။

ပင်လယ်ကမ်းခြေ အပန်းဖြေမြို့ဖြစ်သော Estoril မှ ပေါ်တူဂီ သမ္မတနိုင်ငံမြို့တော်မှ ၁၅ - မိုင်သာ ကွာဝေး၍ ထူးထူးခြားခြား (ထိုစဉ်က စပိန်နန်းကို ရည်မှန်းသူအပါအဝင်) ဥရောပနန်းကျဘုရင်တို့ ခိုလှုံရာ ဖြစ်ခဲ့၏။ Las Vegas မှ လောင်းကစားသမားများသည် နေ့ညမပြတ် လေယာဉ်မှ ဆင်းဆင်းချင်း Estoril Casino သို့ ဝင်ရောက်ကစားပြီး ညတာအတွက် Sascais သို့ ဆက်သွားကြသည်ဆို၏။ ထိုမှ အနည်းငယ်ကားဆက်မောင်းလျှင် Lord Byron က Little Eden ဟုခေါ်သည့် Sinta အပန်းဖြေမြို့သို့ ရောက်၏။

ငါးပုစွန်၊ ဒိန်ခဲနှင့် မုန့်ပျော့တို့သည် ပေါ်တူဂီတို့ ကြိုက်နှစ်သက်သည့် အစားအစာများ ဖြစ်၏။ Douro Valley မှ port ဝိုင်အရက်နှင့် Madeira ကျွန်းမှ အမည်တူ ဝိုင်အရက်တို့သည် ကမ္ဘာကျော်၏။ ပေါ်တူဂီ တို့ကဲ့သို့ အစားမှာစားလျှင် အရက်တစ်ပုလင်း လက်ဆောင်ပေးသည့် နိုင်ငံများက ကမ္ဘာတွင် သိပ်မရှိတော့ပေ။ စားပွဲထိုးတို့က ပန်းသီး၊ လိမ္မော်သီး



တို့ကို လှလှပပ ခွာပြီး လိုးပြီးမှ ယူလာသည့်နိုင်ငံမျိုး ဥရောပတွင် ပေါ်တူဂီ တစ်ခုသာ ကျန်၏။ သို့ကြောင့်လား မသိ၊ ပေါ်တူဂီသို့ ကမ္ဘာလှည့်ခရီးသည် တစ်နှစ်လျှင် လေးသန်းနီးပါး လာကြ၏။ သို့သော် ထက်ဝက်ကျော်မှာ အိမ်နီးချင်း စပိန်မှဖြစ်၏။

ပေါ်တူဂီကို ဥရောပတိုက်ထဲက ကျွန်းဟု ခေါ်ကြ၏။ သို့သော် အာဏာရှင် Salazar ၏ လက်အောက်မှ လွတ်မြောက်ပြီးနောက်ပိုင်း April in Portugal ဆိုသည့် အသုံးအနှုန်းသည် တကယ့်နွေဦးရာသီ ဖြစ်လာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## Modern Phoenicians

"After you shook hands with a Lebanese, make sure you still have all your fingers". This is a joke the Lebanese like to tell on themselves, alluding to trading skills and entrepreneurial ability they think they have inherited from their Phoenician ancestors,

Inhabiting a strip of land only 120 miles long and 35 miles at its widest, over half of which is barren mountain swamp and desert with no oil underneath, it appears that the Lebanese will have to make the most of their human resources -- which indeed they have done. Lebanon before the civil war enjoyed a standard d of living higher than that of most countries in the Third World.

The topography of Lebanon, consisting of a narrow strip of coastal plain facing the eastern Mediterranean, the two parallel mountain ranges and the fertile Bekaa Valley between them, has largely determined its history and culture. The ancient coastal ports of Byblos (now Jubail), Tyre (Sour) and Sidon (Saida) served as thriving Phoenician trading centres, protected by the mountain from the east. Later Egyptian, Assyrian, Persian and Selucid invaders exploited the mountain forests of which the Cedars, the oldest in the world, dating back to 4000 BC, remain. Still later Greek, Roman, Byzantine and Arab conquerors built their cities in the valley, of which Baalbek is the most famous ruin.



About the ninth century, the predominantly Christian settlements were penetrated by Islam, particularly by sects of Shia and Druse. Traditionally a refuge for racial and religious minorities (17 different religious sects) and enjoying a certain amount of autonomy even during the long period of Ottoman rule, the civil strife in Lebanon between The Druses and the Christian Maronites invited French intervention, forcing the Sultanate in 1860 to grant Lebanon autonomy under a Christian Governor. With the dismemberment of the Ottoman Empire after World War I, the French received a League of Nations mandate over Syria and Lebanon, and drew the present borders of Lebanon to include some predominantly Moslem areas. So that today there is a delicate confessional balance maintained by a series of constitutional conventions whereby the President is always a Maronite Christian, the Prime Minister a Sunni Moslem and the Speaker of the Chamber a Shia Moslem.

Before the Civil War about 3 million people lived in Lebanon, just over 2 million being Lebanese and the rest being Palestinian refugees, Syrian and Kurdish workers and other foreigners. No wonder Lebanon reflects in a concentrated form all the existing tensions within the Arab world and the Middle East.

This is most noticeable in the campus life of Beirut's four universities, the American University founded 1866, the French St Joseph's University founded 1878, the new Lebanese State University and the Arab University (a branch of Alexandria University). The Lebanese are fond of learning and adept at languages, as if upholding the Phoenician tradition of spreading the first written alphabet. In the same way as historic Lebanon has been the meeting place of civilisations, modern Lebanon keeps an open mind to all currents of thought. Beirut

www.burmeseclassic.com

www.burmeseclassic.com



boasts best bookshops in the area while a total of 90 publications including 30 dailies in Arabic and 8 in other languages emanate from Lebanon. Art galleries in Beirut and the annual international festival at Baalbek have contributed to the emergence of Lebanon as the cultural centre of the Middle East.

Beirut where about a third of the population of Lebanon live and work generates the largest proportion of the national income. And two-thirds of the national income comes from trade and services. A thriving transit trade where one is supposed to be able to buy anything except a father and a mother has earned Beirut its well deserved name of Hong Kong of the Middle East. In the same way as visitors to the United States make their clothes in Hong Kong en-route, visitors to Europe pick up their requisites in Beirut. This despite the fact that the two airports similarly situated between the mountain and the sea are the most difficult to land. Arab oil money and the Swiss style numbered accounts of its banks may also turn Beirut into the financial centre of the Middle East.

But Beirut (Beyrouth in French) is not all culture and commerce. It is also a fun city, if only because earnings from tourism are needed to supplement other invisible items to offset Lebanon's chronic trade deficit. The city has a large number of night-clubs, cabarets, discotheques, English-style pubs, French-style cafes, all-night Turkish and American coffee-shops, European and Arab restaurants. Egypt may produce the greatest exponents of the Oriental Dance but it is Beirut which provides its most exposed version. Half an hour's drive from Beirut there is the Casino du Liban where you can gamble and also see the mot expensively mounted and lavishly spectacular show outside Las Vegas. For a cheaper view of the live mermaids, the underground bar at Hotel Phoenicia is built into an exposed side of the swimming pool.



Lebanon is one of the few countries which can provide swimming at the beach as well as skiing on the mountainside at the same time of the year and with a few miles commuting. And it is small enough to be substantially explored in a taxi from Beirut--usually a used Mercedes driven back from a German car dump. A holiday in Lebanon has become a status symbol for Arabs east of Suez who have consequently become he mainstay of Lebanese tourism earning one-sixth of the national income.

Industries were also being eve-oriented from import substitution to export proustion. An economic and cultural centre of the middle East became a goal.

These areams sadly went up in smoke, thanks to the Civil war and continued activities of the Syrian backed Hisbollah and the Israel backed Lebanese militia.

www.burmeseclassic.com

www.burmeseclassic.com

## ခေတ်သစ် ဖီနစ်ရှင်များ

'လီဘာနွန်တစ်ဦးနဲ့ လက်ဆွဲနှုတ်ဆက်ပြီးရင် သင့်လက်ချောင်းအားလုံး ရှိသေးရဲ့လား ပြန်ကြည့်ဦး' ဟု မိမိကိုယ်မိမိ ဖျက်ရယ်ပြုရလောက်အောင် လီဘာနွန်တို့သည် ဖီနစ်ရှင်ဘိုးဘေးဘီဘင်တို့ထံမှ အရောင်းအဝယ်ကျင်လယ်ပုံကို အမွေဆက်ခံလိုက်သည်ဟု ယုံကြည်နေကြ၏။

မိုင် - ၁၂၀ ရှည်၍ အကျယ်ဆုံး ၃၅ - မိုင်သာရှိသော ဧရိယာ၏ ထက်ဝက်ကျော်မှာ တောင်ကတုံး နွံနှင့် သဲကန္တာရ (အခြားအာရပ်နိုင်ငံတို့လို မြေကြီးအောက်မှာလည်း ရေနံမရှိ) လူအင်အားကိုသာ အားကိုးရသော လီဘာနွန်သည် အားကိုးရကျိုးနပ်ပေသည်။ ၁၉၇၅ - ခုနှစ်ပြည်တွင်းစစ်မစမီက လီဘာနွန်တို့၏ လူနေမှု အဆင့်အတန်းသည် တတိယကမ္ဘာနိုင်ငံအများအားဖြင့်ထက် မြင့်လေသည်။

လီဘာနွန်၏ ပထဝီအနေအထား တောင်တန်းနှစ်ခုနှင့် ၎င်းတို့အကြားရှိ ဝပြောသော Bekaa Valley ပါဝင်၍ အရှေ့မြေထဲပင်လယ်ကို မျက်နှာမူသော မြေကျဉ်းမြောင်းကလေးက ၎င်း၏ သမိုင်းနှင့် ယဉ်ကျေးမှုကို လမ်းကြောင်းပေး၏။ ရှေးဆိပ်ကမ်းမြို့များဖြစ်သော Byblos (ယခု Jubail)၊ Tyre (ယခု Sour)၊ Sidon (ယခု Saida) တို့သည် စည်ကားသော ဖီနစ်ရှင်ကုန်သွယ်ရေး ဗဟိုတို့ ဖြစ်ခဲ့၏။ အရှေ့မှရန်ကို တောင်တန်းတို့က အကာအကွယ်ပေးခဲ့၏။ နောင်အခါ အီဂျစ်၊ အဆီရီယန်၊ ပါရှားနှင့် ဆီလူစီတို့က ဝင်ရောက်လာခဲ့ပြီး တောင်ပေါ်မှ သစ်တို့ကို ခုတ်ခဲ့ကြ၏။ ကျန်ရှိသည်မှာ ခရစ်မတိုင်မီ အနှစ် ၄၀၀၀ မှ ထင်းရှူးပင်တစ်မျိုးဖြစ်သော ကမ္ဘာကျော် cedar ဖြစ်၏။ ထို့နောက်ပိုင်း ခေါမ၊ ရောမနှင့် ဘိုင်ဇန်တင်းတို့က



တောင်ကြားချိုင့်ဝှမ်း၌ မြို့များ တည်ကြ၏။ နာမည်အကျော်ဆုံး မြို့ပျက်မှာ Baalbek ဖြစ်၏။

၉ - ရာစုနှစ်ခန့်တွင် အများအားဖြင့် ခရစ်ယာန်ဘာသာ ကိုးကွယ်သူတို့အကြား အစ္စလာမ်တို့ (အထူးသဖြင့် Shia နှင့် Druse ဂိုဏ်းဝင်များ) ဝင်ရောက် ထိုးဖောက်လာ၏။ အစဉ်အလာအားဖြင့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ (၁၇ - ခုမျှ) ရောနှော နေထိုင်ခဲ့ကြ၍ တူရကီတို့ ကာလရှည်ကြာစွာ အုပ်စိုးခဲ့စဉ်ကပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတန်ရှိခဲ့၏။ ၁၈၆၀ - ခုနှစ်တွင်မှ မူဆလင် Druse နှင့် ခရစ်ယာန် Maronite တို့ ပဋိပက္ခ ဖြစ်ကြရာမှ ပြင်သစ်အစိုးရက ဝင်၍ တူရကီ ဆူလတန်အား ခရစ်ယာန်အစိုးရလက်အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးစေ၏။ ပထမကမ္ဘာစစ်ကြီးအပြီး အော်တိုမန်အင်ပါယာကြီး ဖျက်သိမ်း၍ League of Nations က ပြင်သစ်အစိုးရအား ဆီးရီးယားနှင့် လီဘာနွန်ကို ခေတ္တအုပ်ချုပ်စေလေသည်။ မူဆလင်နေရာများ ပါလာအောင် လီဘာနွန်၏ နယ်နိမိတ်ကို ပြန်ဆွဲခဲ့ရာ ယခုအခါ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတွင် Maronite ခရစ်ယာန်က သမ္မတ၊ ဆွန်နီမူဆလင်က ဝန်ကြီးချုပ်၊ ရှီအာ မူဆလင်က လွှတ်တော်ဥက္ကဋ္ဌ ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားလေသည်။

ပြည်တွင်းစစ် မဖြစ်မီက လီဘာနွန်၏ လူဦးရေမှာ သုံးသန်းဟု ခန့်မှန်းရရာ၊ လီဘာနွန်သားစစ်စစ်မှာ တစ်သန်းသာသာရှိပြီး၊ နှစ်သန်းနီးပါးမှာ ပါလက်စတိုင်းမှ ပြေးလာသူများ၊ ဆီးရီးယားနှင့် ကတ်အလုပ်သမားများနှင့် အခြားနိုင်ငံခြားသားများ ဖြစ်လေသည်။ အာရပ်လောကနှင့် အရှေ့အလယ်ပိုင်းဒေသ၏ နိုင်ငံရေး တင်းမာမှုများ အလေးအနက် လီဘာနွန်မှာ ရောင်ပြန်တပ်သည်မှာ မထူးဆန်းလှပေ။

အထူးသဖြင့် မြို့တော် Beirut ဘေရွတ်ရှိ တက္ကသိုလ် လေးခု၌ ပိုမို ထင်ရှားလေသည်။ ၁၈၆၆ - ခုနှစ် ထောင် American University၊ ၁၈၇၈ - ခုနှစ်ထောင် ပြင်သစ် St. Jpseph's University၊ လီဘာနွန်တက္ကသိုလ်သစ် State University၊ Alexandria University သို့ ပူးတွဲထားသည့် Arab University တို့ ဖြစ်၏။ လီဘာနွန်တို့သည် ပညာသင်ကြားရေး ဝါသနာပါပြီး ကမ္ဘာ့သမိုင်းတွင် ပထမဆုံးသော အက္ခရာကို ဖြန့်ခဲ့သော ဖီနီရှင် ဘိုးဘေးတို့၏ ခြေရာကိုနင်း၍ ဘာသာစကား ကျွမ်းကျင်၏။ ရှေး

www.burmeseclassic.com

www.burmeseclassic.com



ခေတ် လီဘာနွန်သည် ယဉ်ကျေးမှုတို့ တွေ့ဆုံရာ ဖြစ်ခဲ့သလို ခေတ်သစ် လီဘာနွန်တို့သည် အတွေးအခေါ် ပေါင်းစုံကို လေ့လာ၏။ ဘေရွတ်၌ ဒေသတွင်း အကောင်းဆုံး စာအုပ်ဆိုင်များရှိ၍ အာရပ်ဘာသာ နေ့စဉ်သတင်းစာ ၃၀ နှင့် နိုင်ငံခြားဘာသာ ၈ - စောင် အပါအဝင် စာနယ်ဇင်း အစောင် ၄၀ ထွက်၏။ ဘေရွတ်ရှိ ပန်းချီပန်းပုပြခန်းများ၊ Baalbek ၌ နှစ်စဉ် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ပွဲတော်တို့ကြောင့် လီဘာနွန်သည် အရှေ့အလယ်ပိုင်းဒေသ၏ ယဉ်ကျေးမှုဗဟိုအဖြစ် ပေါ်ထွက်စ ပြုခဲ့၏။

လီဘာနွန် လူဦးရေ၏ သုံးပုံတစ်ပုံ နေထိုင်သော ဘေရွတ်သည် တိုင်းပြည်ဝင်ငွေ၏ အများစုကို ထုတ်ပေး၏။ တိုင်းပြည်ဝင်ငွေ၏ သုံးပုံနှစ်ပုံသည် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုမှလား၏။ ကုန်ဖြတ်သန်းရာ ဗဟိုဖြစ်သဖြင့် ဘေရွတ်၌ အဖေနှင့်အမေကလွဲ၍ ဘာမဆို ဝယ်လိုရသည်ဟု ဆိုကြ၏။ အရှေ့အလယ်ပိုင်း၏ ဟောင်ကောင်ဟု အမည်ပေးကြ၏။ အမေရိကန်သို့အသွား ခရီးသည်များ ဟောင်ကောင်၌ အဝတ်အစား ချုပ်ကြသလို ဥရောသို့အသွား ခရီးသည်များ ဘေရွတ်၌ လိုအပ်သည်တို့ကို ဝယ်ခြမ်းကြလေသည်။ ၎င်းတို့ လေယာဉ်များ တောင်တန်းနှင့် ပင်လယ်အကြား ခက်ခက်ခဲခဲ ဆင်းရသည့်တိုင်အောင် အာရပ်ရေနံဒေါ်လာနှင့် ဆွစ်စတိုင်နံပါတ်ဘဏ်စာရင်းများကြောင့် ဘေရွတ်သည် အရှေ့အလယ်ပိုင်း၏ ဘဏ္ဍာရေးဗဟို ဖြစ်လာနိုင်ဖွယ်ရာ ရှိခဲ့၏။ ဘေရွတ်၌ ယဉ်ကျေးမှုနှင့် ကုန်သန်းရောင်းဝယ်ရေးသာမက အပျော်အပါးလည်း ရှိ၏။ ကုန်သွယ်မှု အမြတ်ငွေကို ဖြည့်တင်းရန် အခြားဝန်ဆောင်မှုများနှင့်အတူ ကမ္ဘာလှည့်ခရီးသည်များ လုပ်ငန်းမှ ဝင်ငွေရရှိဖို့ လို၏။ မြို့ထဲ၌ ညကပွဲများ၊ ဒစ်စကိုများ၊ အင်္ဂလိပ်စတိုင် အရက်ဆိုင်များ၊ ပြင်သစ်စတိုင် ကဖီးများ၊ ညလုံးပေါက် တူရကီနှင့် အမေရိကန် ကော်ဖီဆိုင်များ၊ ဥရောပနှင့် အာရပ်စားတော်ဆက်များ ရှိ၏။ အီဂျစ်မှ Oriental Dance ခေါ် ဗိုက်ဖော်ကချေသည် အတော်ဆုံး ထွက်ချင်ထွက်မည်။ သို့သော် ဘေရွတ်၌ ဗိုက်အဖော်ဆုံး အကတို့ကို တွေ့ရ၏။ ဘေရွတ်အပြင်ဘက် နာရီဝက် ကားမောင်းလုက်လျှင်ရောက်သော Casino du Liban သည် Las Vegas မှအပ ကမ္ဘာတွင် ငွေကုန်ကြေးကျ အများဆုံး၊ ကြည့်ရှုဖွယ်ရာ အကောင်းဆုံး ကပွဲရှိ၍ လောင်းကစားလည်း ပြုလုပ်နိုင်၏။ ဈေးသက်သက်သာသာနှင့် သက်ရှိရေသူမတို့ကို ကြည့်ရှုလိုပါက



Hotel Phoenicia ရှိ ရေကူးကန်တစ်ခြမ်းကို မှန်နှင့် ပြီးထားသော မြေအောက် bar မှ ကြည့်နိုင်၏။

မိုင်အနည်းငယ်သာ ကားမောင်းရုံဖြင့် တစ်နေ့တည်း ပင်လယ်ကမ်းခြေမှာ ရေကူး၍ တောင်ပေါ်၌ စကီးစီးနိုင်သော လီဘာနွန်လို နိုင်ငံမျိုး ကမ္ဘာတွင် အနည်းငယ်သာ ရှိပေမည်။ ဧရိယာ မကျယ်ဝန်းလှသောကြောင့် ဘေရွတ်မှ တက်ကစီငှား၍ လှည့်လည် ကြည့်ရှုနိုင်၏။ (တက်ကစီမှာ ဂျာမနီကားဟောင်းပုံမှ တိုက်ရိုက်မောင်းနှင်လာသော မာစီးဒီးကား ဖြစ်ဖို့များ၏)။ စူးအက်အရှေ့ဘက်နေ အာရပ်တို့အတွက် လီဘာနွန်သို့ အလည်သွားခြင်းသည် ဂုဏ်ယူဖွယ်ရာ ဖြစ်လာ၍ တိုင်းပြည်ဝင်ငွေ၏ ခြောက်ပုံတစ်ပုံကို ခရီးသွားလုပ်ငန်းမှ ရရှိခဲ့၏။ စက်မှုလက်မှု လုပ်ငန်းတွင်လည်း သွင်းကုန်အစားထိုးလုပ်ငန်းမှ ပို့ကုန်လုပ်ငန်းသို့ ရွှေ့ရှုနေခဲ့၏။ အရှေ့ အလယ်ပိုင်း၏ စီးပွားရေး၊ ယဉ်ကျေးမှု အချက်အခြာဘဝကို မျှော်မှန်းခဲ့၏။

အထက်ပါအိပ်မက်တို့သည် ပြည်ပမှ မီးထိုးပေးသည့် ပြည်တွင်းစစ်၊ ဆက်လက်၍ ဆီးရီးယား ဩဇာခံ ဟစ်ဘိုလာ အကြမ်းဖက်၊ အစ္စရေး ဩဇာခံ လီဘာနွန် မီလစ်သျှတို့၏ ကောင်းမှုဖြင့် ဝမ်းနည်းဖွယ်ရာ လွင့်ပျောက်သွားပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## Once and a Future Land

To a Myanmar, the old name of Mesopotamia rather than the new name of Iraq would strike a bell. It would recall to him history lessons about the ancient civilisations which thrived on the basins of the Tigris and the Euphrates. It would also remind him of the short spell of soldiering the British permitted him to do between the disbandment of King Thibaw's army in 1886 and the outbreak of the Second World War in 1939.

It was of course the Tigris and the Euphrates which allowed the early development around 4000 BC of irrigated agriculture which in turn made possible a growth of population and the rise of the earliest cities. A common Sumerian culture existed throughout Mesopotamia under Sumerian kings, the contemporaries of pharaohs of the first Egyptian dynasty. But more so than the Nile, the Tigrits and the Euphartes changed their courses, due partly to natural causes and partly to methods of irrigation used. As a result, much of the Mesopotamian desert is now strewn with ruins of ancient cities, like Erech, Ur and Babylon.

The last-named city under the great Hammurabi (circa 18th century BC) was a prosperous centre of a large political and religious empire. Hummurabi's code of laws



dealt with such subjects of legislation as land tenure rent, wages, money, contracts, public order, marriage, divorce, inheritance and the position of women, which are still the concern of modern legislatures.

Babylon became a second capital in the succeeding Assyrian Empire, built on a novel idea of a permanent bureaucracy and a standing army, with Nineveh as its capital. With the destruction of Nineveh by the Scythians, Babylon became the capital again much expanded and more prosperous under the illustrious Nebuchadnezzar.

Finally in 539 BC, Babylon fell to the Persian ruler Cyrus. For so long a seat of Semitic power, Meso potamia now came under the control of an Indo-European speaking people. And it was in Babylon in 323 BC that Alexander the Great died, bequeathing to the posterity his attempted synthesis of Greek and Asian cultures.

Arab conquest of Mesopotamia, the first major one outside the peninsula, took place by accident. An expedition sent out by the first caliph and successor to Mohammed, Abu Bakr (632 - 634), merely to quell disturbances in Bahrein, took in the delta of the Euphrates as an extra prize. As in the life of an individual, accidents can transform the life of a nation. The majority of the population of Mesopotamia were converted to Islam and somewhat more slowly to the Arab language.

But it is significant that the Arab golden age that followed centred in Mesopotamia and not Arabia, and that Baghdad became the capital of the ruling caliphate. And here it was that the thousand and one Arabian nights were bore. Especially under Mansur, Harun al-Eashid and Mamum, the pinnacle of Moslem Arab glory was reached in the material and intellectual fields such as mathemat-

www.burmeseclassic.com

www.burmeseclassic.com



ics and the sciences. poetry and literature, commerce and government.

The magic carpet was however rudely pulled under by the Mongols who under Hulagu, the grandson of Genghis Khan sacked the city of Baghdad in 1256. The glory that was Mesopotamia was laid waste, the most cruel blow being the ruin of the canal system upon which the agricultural life of the land depended.

Early in sixteenth century began the long Ottoman rule which continued, except for a short interlude of Persian control in the seventeenth century, until the collapse of the Ottoman Empire at the end of the First World War, of which Mesopotamia was a constant theatre of war.

Soon after the outbreak of the First World War, the British decided to dispatch an Anglo- Indian expedition from India to Basra which the German-Turkish command immediately decided to resist. The first British advance was stopped at Al Kut on the Tigris and a garrison of 9000 British and Indian troops had to surrender after efforts costing 24,000 casualities to relieve it failed. The second British offensive under General maude succeeded in capturing Baghdad in 1917.

It was during the Mesopotamian campaign that the Myanmar Sappers and Miners as part of the British Indian forces saw action. They seemed to have fought well not only against the enemy but also against other units which happened to insult their national pride. Having proved his fiery pride the Myanmar never got a chance of soldiering again until the outbreak of the Second World War, when young Myanmars joined up, not the British Army but Aung San's Myanmar Independence Army.

Britain acquired a mandate over Iraq which was resisted by a national war of liberation in 1920. The British recognized Iraq as a kingdom in 1922 and terminated



the mandate of 1932 when Iraq was admitted to League of Nations. Iraq became a republic in 1958.

Iraq was not just a once upon a time land but also a land with a future on account of its second largest oil reserves in the world. Sadly, that future seems to here gone up in smoke became of the recent Iraq war.

www.burmeseclassic.com

www.burmeseclassic.com

## တစ်ခါကနဲ့ အလားအလာနိုင်ငံ

ရှေးမြန်မာတစ်ဦးအတွက် Iraq အီရတ်ထက် Mesopotamia မက်ဆိုပိုတေးမီးယားဆိုသည့် အမည်ကို စိုမှတ်မိပေလိမ့်မည်။ Tigris နှင့် Euphrates မြစ်တို့၏ ကမ်းခြေပေါ်တွင် ထွန်းကားခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအကြောင်း သမိုင်းသင်ခန်းစာတို့ကို ပြန်သတိရပေလိမ့်မည်။ သီပေါစစ်တပ် ဖြိုခွဲပြီးနောက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည်အတွင်း ဗြိတိသျှတို့က မြန်မာတို့အား (ပထမကမ္ဘာစစ်ကြီးအတွင်း) ခေတ္တ စစ်မှုထမ်းခွင့်ပေးခြင်းကို စမြုံပြန်ကောင်းပြန်ပေလိမ့်မည်။

Tigris နှင့် Euphrates မြစ်တို့၏ ကျေးဇူးကြောင့် ခရစ်မတိုင်မီနှစ်ပေါင်း ၄၀၀၀ ခန့်က ဆည်မြောင်းစိုက်ပျိုးရေး ပြုလုပ်နိုင်ပြီး လူဦးရေတိုးပွား၊ ရှေးဦးဆုံးမြို့များ ပေါ်ထွန်းခဲ့၏။ ပထမအီဂျစ်နန်းဆက်မှ Pharaoh ဘုရင်တို့နှင့် တစ်ချိန်တည်း Sumerian ဘုရင်တို့လက်အောက်တွင် မက်ဆိုပိုတေးမီးယားတစ်နယ်လုံး၌ Sumerian ယဉ်ကျေးမှု ပြန့်ပွားခဲ့၏။ Tigris နှင့် Euphrates မြစ်တို့သည် သဘာဝအကြောင်းများကြောင့်သော်လည်းကောင်း၊ ဆည်မြောင်းများ ဆောက်လုပ်ပုံကြောင့်သော်လည်းကောင်း စီးဆင်းလမ်းကြောင်း ပြောင်းလဲခဲ့သည်မှာ Nile နိုင်းလ်မြစ်ထက် ပိုမိုလေသည်။ သို့ကြောင့် ယနေ့ မက်ဆိုပိုတေးမီးယား သဲကန္တာရတွင် Erech, Ur, Babylon စသည့် ရှေးဟောင်းမြို့များ၏ အကြွင်းအကျန်များ ပြည့်နှက်နေခြင်းဖြစ်၏။

ခရစ်မတိုင်မီ ၁၈ - ရာစုနှစ်လောက်က Hammurabi ဘုရင်ကြီးလက်ထက်တွင် Babylon သည် နိုင်ငံရေး သာသနာရေး အင်ပါယာကြီး၏ ဗဟိုချက်ခြာ ဖြစ်ခဲ့၏။ Hammurabi ၏ တရားပေါင်းချုပ်တွင် မြေငှားစနစ်၊ သီးစားခ၊ လခ၊ ကြွေးငွေ၊ ခံဝန်ချုပ်၊ လုံခြုံရေး၊ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊



အမွေဆက်ခံခြင်း၊ အမျိုးသမီးတို့၏ အခွင့်အရေး စသည့် ယနေ့တိုင် ဥပဒေပြု လွှတ်တော်များ စိတ်ဝင်စားသည့် ကိစ္စရပ်များ ပါရှိခဲ့လေသည်။

နောက်ပေါ်လာသည့် Assyrian အင်ပါယာသည် ထိုစဉ်က အသစ်အဆန်းဖြစ်သည့် အမြဲတမ်းဝန်ထမ်းစနစ်၊ အမြဲတမ်း စစ်တပ်စနစ်ပေါ် အခြေခံ၍ မြို့တော်မှာ Nineveh ၊ ဒုတိယမြို့တော်မှာ Babylon ဖြစ်သည်။ Nineveh ကို Scythian တို့က ဖျက်ဆီးလိုက်သော်အခါ Babylon သည် ပထမမြို့တော် ပြန်ဖြစ်လာပြီး Nebuchadnezzar ဘုရင်မင်းတရားကြီးလက်ထက် ပိုမို ကြီးမား ကြွယ်ဝလာလေသည်။

ခရစ်မတိုင်မီ ၅၃၉ - ခုနှစ်တွင်ကား Babylon သည် ပါရှားဘုရင် Cyrus လက်အောက်သို့ ကျရောက်ရှာလေသည်။ Semitic အင်အားကြီးနိုင်ငံ ကြာရှည်စွာဖြစ်ခဲ့သော မက်ဆိုပိုတေးမီးယားသည် အင်ဒိုဥရောပစကားပြောသူများလက်အောက် ရောက်ခြင်းဖြစ်၏။ ခရစ်မတိုင်မီ ၃၂၃ခုနှစ် Babylon၌ပင် Alexander the Great ကွယ်လွန်ခဲ့ရာ နောင်လာနောက်သားတို့အား ခေါ်မနှင့် အာရှ ယဉ်ကျေးမှုတို့ ရောစပ်မှုအမွေကို ပေးခဲ့၏။

အာရပ်တို့က ကျွန်းဆွယ်အပြင်ဘက်၌ ပထမဦးစွာ အမှတ်တမဲ့ မက်ဆိုပိုတေးမီးယားကို သိမ်းပိုက်မိ၏။ တမန်တော် မိုဟာမက်၏ အရိုက်အရာကို ပထမဆုံး ဆက်ခံသူ Abu Bakar (၆၃၂ - ၆၃၄) က Bahrain ၌ ဆူပူမှုတို့ကို နှိမ်နင်းရန် စေလွှတ်လိုက်သောတပ်သည် Eupharates မြစ်ဝကျွန်းပေါ် ဒေသကိုပါ အောင်မြင်သည့် အပိုဆုအဖြစ် ယူလာကြ၏။ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ဘဝမှာလို တိုင်းပြည်လူမျိုးတစ်မျိုး၏ ဘဝသည်လည်း အမှတ်တမဲ့ ပြောင်းလဲတတ်၏။ မက်ဆိုပိုတေးမီးယား လူဦးရေ၏ အများစုသည် အစ္စလာမ်ဘာသာဝင်တို့ ဖြစ်လာ၍ နောက်တဖြည်းဖြည်းတွင်မှ အာရပ်စကားပြောသူတို့လည်း ဖြစ်လာကြ၏။

ထူးခြားသည်မှာ အာရပ်တို့၏ ရွှေခေတ်သည် Arabia ၌ မဟုတ်ဘဲ မက်ဆိုပိုတေးမီးယား၌ အချက်အခြာ ပြုခြင်းဖြစ်၏၊ မိုဟာမက်အားဆက်ခံသူတို့၏ မြို့တော်သည် Baghdad ဖြစ်၍ တစ်ထောင်တစ်ခုသော အာရပ်ညတို့ ပေါ်ထွန်းရာ ဖြစ်၏။ အထူးသဖြင့် Mansur, Barun al-Raschid နှင့် Mamum တို့ လက်ထက်တွင် သင်္ချာနှင့် သိပ္ပံပညာ၊ ကဗျာနှင့်စာပေ၊ ကုန်သွယ်ရေးနှင့် အုပ်ချုပ်ရေး စသော ရုပ်ဝတ္ထု၊ နာမ်ဝတ္ထု နယ်ပယ်တို့၌ မူဆလင်-အာရပ် ယဉ်ကျေးမှု အထွဋ်အထိပ် ရောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ magic carpet ခေါ် ကောင်းကင်ပျံ ကော်ဇောကို လိပ်လိုက်သူမှာ Genghis Khan ၏ မြေး Hulago ဖြစ်၍ ၎င်းသည် ၁၂၅၀ ခုနှစ်တွင် Baghdad တို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့၏။ ခမ်းနားကြီးကျယ်ခဲ့သော မက်ဆိုပိုတေးမီးယားပြည်ကြီး ပျက်စီး၍ အဆိုးရွားဆုံးမှာ နိုင်ငံစိုက်ပျိုးရေး၏ အသက်သွေးခဲဖြစ်သော ဆည်မြောင်းစနစ် ပျက်စီးခြင်း ဖြစ်၏။

၁၆ - ရာစုနှစ် အစတွင် တူရကီတို့၏ အုပ်စိုးမှုသည် ၁၇ - ရာစုနှစ်အတွင်း ပါရှားတို့၏ ခေတ္တချုပ်ကိုင်မှုမှအပ ပထမကမ္ဘာစစ်ကြီးအပြီး အော်တိုမန် အင်ပါယာကြီး ချုပ်ငြိမ်းသည်အထိ ဆက်လက်ခဲ့၏။ ယင်း စစ်ပွဲကြီးအတွင်း မက်ဆိုပိုတေးမီးယားမှာ အမြဲတမ်းလို စစ်မြေပြင် ဖြစ်ခဲ့၏။

ပထမကမ္ဘာစစ်ကြီး စ၍ မကြာမီအတွင်း ဗြိတိသျှတို့က အင်္ဂလိပ် အိန္ဒိယတပ်ကို Basra သို့ ပို့ရာ ဂျာမန်၊ တူရကီတပ်က ခုခံရန် ဆုံးဖြတ်၍ Tigris မြစ်ပေါ်ရှိ Al Kut ၌ တားဆီးတိုက်ခိုက်ရာ အင်္ဂလိပ် - အိန္ဒိယ တပ်သား ၂၄,၀၀၀ ကျဆုံး ဒဏ်ရာရပြီး တပ်သား ၉၀၀၀ လက်နက်ချရလေသည်။ ဗြိတိသျှတန္ဓ General Maude ဦးစီး၍ ဒုတိယအကြိမ် တိုက်ခိုက်တော့မှ ၁၉၁၇ - ခုနှစ်တွင် Baghdad ကို သိမ်းပိုက်နိုင်၏။

မက်ဆိုပိုတေးမီးယား တိုက်ပွဲအတွင်း အင်္ဂလိပ် - အိန္ဒိယတပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် Myanmar Sappers and Miners သည် တိုက်ပွဲဝင်ခဲ့သည်။ ရန်သူသာမက ၎င်းတို့၏ အမျိုးသားဂုဏ်ဖြပ်ကို ထိပါးသူ အခြားတပ်ဖွဲ့တို့ကို ကောင်းစွာ တိုက်ခဲ့၏။ ၎င်းတို့၏ ရဲရဲတောက် ဂုဏ်ဖြပ်ကို ပြသပြီးနောက် မြန်မာလူငယ်တို့သည် စစ်သားဘဝကို ပြန်ရသည်မှာ ဒုတိယ ကမ္ဘာစစ်ကြီးစမှ ဖြစ်၏။ ဤတစ်ကြိမ်တွင်ကား ၎င်းတို့သည် ဗြိတိသျှတပ် မဟုတ်ဘဲ အောင်ဆန်း၏ ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်ကြ၏။

အီရတ်ကို အုပ်ချုပ်ခွင့် mandate ကို ဗြိတိန်ကရသော်လည်း အီရတ်တို့က ၁၉၂၀ခုနှစ်တွင် ခုခံတော်လှန်သောကြောင့် ဘုရင်အုပ်စိုးသော နိုင်ငံအဖြစ် ဗြိတိသျှတို့က ၁၉၂၂ ခုနှစ်တွင် အသိအမှတ်ပြုရ၏။ ၁၉၃၂ ခုနှစ်တွင် အီရတ်ကို League of Nations ထဲ ဝင်ခွင့်ပြုသောအခါ အုပ်ချုပ်ခွင့် ရုပ်စဲလိုက်သည်။ ၁၉၅၈ ခုနှစ်တွင် အီရတ်သမ္မတနိုင်ငံ ဖြစ်လာသည်။

ကမ္ဘာတွင် ဒုတိယရေနံအကြွယ်ဝဆုံး နိုင်ငံအဖြစ် အီရတ်သည် 'တစ်ခါက' နိုင်ငံသာ မဟုတ်ဘဲ 'အလားအလာ' နိုင်ငံလည်း ဖြစ်ခဲ့၏။ ဝမ်းနည်းဖွယ်ရာ ထိုအလားအလာသည် အီရတ်စစ်ပွဲ၌ ပျက်စီးခဲ့ရ၏။

## Divided by the Tongue

'After centuries of enslavement', as the title of the Belgian national anthem runs, Belgium became an independent political entity only in 1830. But Belgic tribes of Celtic origin had already been settled in the southern part of the Low Countries known to the Romans as Gallia Belgica, when Julius Caesar conquered it in 50 BC. These tribes were later joined by Salian Franks from the north who now roughly represent the Flemish speaking element, while the French speaking Walloons of the southern part are generally of a purer Celtic stock, This is the utmost ethnic distinction that can be made of the Belgians who today can be differentiated only by the tongue they speak and no longer by the way they look.

Fifty years ago, one half of the population of Belgium spoke Flemish, another third spoke French, while the remaining one - sixth spoke both Flemish and French. The bilingual group must have grown larger now as a result of the official policy to require all public servants to know both languages although they can express themselves in the language of their preference. So an official letter written in Flemish can be answered in French and vie versa. There is in addition a small community of 80,000 in the east, speaking German.

With ten million people living in an area less than

www.burmeseclassic.com

www.burmeseclassic.com



twelve thousand square miles, Belgium had one of the highest population densities in the world One result of packing a lot of active, innovative people in a strategic cross-road of European civilization over a 2000 year period is that one cannot travel over a few miles in Belgium without coming across a piece of history. A veritable paradise for a student of European economic history this small country has preserved within its boundaries, monuments to ancient, medieval or feudal, mercantile, industrial stages of development it had passed through right up to the present stage of regional integration.

As in other parts of the Roman Empire, it was again the Romans who built the first roads in Belgium, especially those leading to other parts of Europe. The middle ages are represented by numerous castles where the feudal lords lived churches where ecclesiastical authorities presided and medieval towns where trades thrived. Most illustrative of feudal power is the War of the Cow (1275 - 1277) which originated in the following manner.

One day in the year 1275 a certain Engoran stole a cow from a man named Rigaud who lived at Corbion. He hoped it would fetch 15 sols at the Andenne Fair, which was crowded with people come to see the princes' contest. But Rigaud recognized his cow among the cattle in the square. The ensuing fight led to the intervention of the Condroz bailiff, who forced the culprit to admit his theft and to lead the cow back to its byre, under the watchful eye of four sergeants. But no sooner had Engoran returned home, then he was overpowered by his escort and hung from the branch of a tree. This of course was a grave encroachment on the preserves of the Lord of Goesnes within whose jurisdiction Engoran lived. The ensuing War of the Cow caused the death of 15,000 people and ruined a hundred villages.



Land of Bishop Princes, Belgium was also noted for its nunnerises. Symbolic of medieval piety is the magnificent Antwerp Cathedral the tower of which according to popular tradition was built thanks to the offerings of the poor people of the city, whereas the tower that was to be built by the wealthy remained unfinished. Symbolic of feminine dedication to religious cause is the Church of Saint Certrude at Nivelles named after the daughter of Pepin of Landen, who allegedly refused to marry the son of the Duke of Aquitaine.

The rise of medieval towns based on trade and industry as in the great textile centres contributed to the decline of power of feudal lords who themselves came to crave for wealth, as illustrated by the following story of the haunted castle of Laarne.

In the year 1457, at the time of the festivities in Ghent, there were so many guests in the castle that one of them had to be put up in the ghost's room. At about two o'clock in the morning, the guest woke up to see the ghost approaching his bed, bearing a lighted candle. The man did not move but saw the ghost piercing the wall and removing from it a large quantity of gold and silver coins, which it started to count with the utmost care. Presumably nothing was missing, for the ghost put the treasure back in its hiding place and disappeared. The next morning, the guest related this story to his host, who immediately had the wall opened and so discovered a fabulous treasure.

Architectural reflection of power structure of the next period is seen at most town squares by the prominence of the cathedral, the town hall and the guild houses. Then came the Industrial Revolution, represented now by the area around Liege, products of which are exported through the great port of Antwerp on the North Sea. And

www.burmeseclassic.com

www.burmeseclassic.com



today Brussels has become the capital of Europe as the headquarters of the European Economic Community. This is indeed a fitting choice because Belgium has known in its long history, periods of Roman, Spanish, Austrian, French and Dutch rule, not to speak of German occupation during the two World Wars, and has also been the site of many a bloody battle such as Waterloo, Ypres, Eastogne.

The one- million city of Brussels must have the highest proportion of ambassadors resident, because apart from ambassadors accredited to the Court of the King of the Belgians there are ambassadors to the EEC as well as ambassadors to the NATO (recently moved from Paris). As if to match the number of foreign HEs Belgium boasts of numerious Counts most of whom however work for a living.

Belgium is not only the place for nature lovers (the forests of the Ardennes, the hills of Brabants, the valley of the Meuse, the beaches and dunes of the North Sea) and for art lovers (Van Eycks, Rubens, Van Dyck) but also for food lovers. Though divided by the tongue, the Belgium never go Dutch on French food.

# စကားကြောင့်ခြားနား

ဘယ်လဂျီယန် အမျိုးသားသီချင်းအမည်မှာ 'ရာစုနှစ်ပေါင်းများစွာ ကျွန်ခံခဲ့ရပြီးနောက်' ဖြစ်၏၊ ဘယ်လဂျီယန်သည် ၁၈၃၀ ပြည့်နှစ်ကျမှ လွတ်လပ်သောနိုင်ငံတစ်ခု ဖြစ်လာ၏။ သို့သော် ခရစ်မတိုင်မီ ၅၀ - ခုနှစ်၌ Julius Caesar Low Countries မြေနိမ့်နိုင်ငံများ (၎င်းတို့အခေါ် Gallia Belgica) သိမ်းသွင်းချိန် ကတည်းက Celtic နှင့် Belgic လူမျိုးတို့ ယင်းနယ်တောင်ပိုင်းတွင် နေထိုင်ပြီးသား ဖြစ်၏၊ ထိုနောက် မြောက်ပိုင်းမှ Salian Franks (ယနေ့ Flemish စကားပြောသူများ) ဝင်လာကြ၏၊ တောင်ပိုင်းနေ ပြင်သစ်စကားပြော Wallons တို့သည် Celtic သွေး ပိုစစ်သူတို့ ဖြစ်၏၊ ယနေ့ ဘယ်လဂျီယန်တို့ကို ရုပ်မြင်၌ ခွဲခြား၍မရ စကားနှင့်သာ ခွဲခြား၍ ရ၏။

၂၀ - ရာစုနှစ် တလယ်၌ ဘယ်လဂျီယန် လူဦးရေထက်ဝက်သည် Flemish စကားပြော၍ သုံးပုံတစ်ပုံသည် ပြင်သစ်စကား ပြော၏၊ ကျန် ခြောက်ပုံတစ်ပုံသည် Felmish ရော ပြင်သစ်စကားပါ ပြော၏၊ အစိုးရဝန်ထမ်းအားလုံး နှစ်ဘာသာစလုံး တတ်ရမည်ဟူသော ပညတ်ချက်ကြောင့် ယခုလောက်ဆို နှစ်ဘာသာစလုံးတတ်သည့် ဖုပ်စုသည် ကြီးထွားလာမည် ဖြစ်၏၊ (နှစ်ဘာသာစလုံး တတ်သည်ဆိုရာ၌ နားလည်ခြင်းကို ဆိုလိုသည်၊ ပြောသည်၊ ရေးသည်မှာ ကိုယ်ကြိုက်သည့်ဘာသာကို အသုံးပြုနိုင်သည်၊ Flemish လို ရေးထားသည့်စာကို ပြင်သစ်လို ပြန်ကြားနိုင်၍ ပြင်သစ်လို ရေးထားသည့်စာကို Felmish လို ပြန်ကြားနိုင်၏)၊ အရှေ့ပိုင်းတွင် ဂျာမန် စကားပြောသူ ရှစ်သောင်းခန့် ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စတုရန်းမိုင် တစ်သောင်းနှစ်ထောင် မပြည့်သည့် ဧရိယာအတွင်း လူဆယ်သန်းခန့် နေသောကြောင့် ဘယ်လဂျီယံသည် ကမ္ဘာတွင် လူဦးရေ အသိပ်သည်းဆုံး နိုင်ငံတစ်ခု ဖြစ်၏။ တက်ကြွ၍ အသစ်အဆန်း ထွင်တတ် သူတို့ကို ဥရောပ ယဉ်ကျေးမှုများ ဖြတ်သန်းရာ နေရာ၌ အနှစ် ၂၀၀၀ ခန့် ထည့်ထားရခြင်း၏ ရလဒ်တစ်ခုမှာ ဘယ်လဂျီယံ၌ မိုင်အနည်းငယ်ရောက် တိုင်း သမိုင်းအထောက်အထားတစ်ခု တွေ့ရခြင်း ဖြစ်၏။ ဥရောပစီးပွားရေး သမိုင်း သုတေသီတို့ စိတ်ဝင်စားဖွယ်ရာ ဘယ်လဂျီယံ နယ်နိမိတ်အတွင်း ရှေးခေတ်၊ အလယ်ခေတ် (သို့) ပဒေသရာဇ်ခေတ်၊ ကုန်သွယ်ခေတ်၊ စက်မှု ခေတ်၊ ဒေသအလိုက် စုစည်းရေးခေတ်တို့၏ သမိုင်းအထောက်အထားတို့ ကို တွေ့နိုင်၏။

ရောမအင်ပါယာ၏ အခြားနေရာများနည်းတူ ဘယ်လဂျီယံ၏ ပထဦးဆုံးသော လမ်းများကို ရောမတို့က ဖောက်ခဲ့၏။ အလယ်ခေတ်၏ လက်ကျန်မှာ ပဒေသရာဇ်တို့ နေထိုင်ရာ ရဲတိုက်များ၊ ဘာသာရေး အာဏာ ပိုင်တို့ ကျောင်းထိုင်ရာ ဘုရားရှိခိုးကျောင်းများ၊ ကုန်ကူးသန်းရောင်းဝယ်ရာ အလယ်ခေတ်မြို့တို့ ဖြစ်၏။ ပဒေသရာဇ် အာဏာပြန့်ခဲ့ပုံကို အောက်ပါ War of the Cow နွားမစစ်ပွဲ (၁၂၇၅ - ၁၂၇၇) မှ ရိပ်စားမိနိုင်၏။

၁၂၇၅ - ခုနှစ်တွင် Engoran သည် Corbion နေ Rigaud ၏ နွားမကိုခိုး၍ ပဒေသရာဇ်မင်းသားတို့ အားကစားပြိုင်သည့် Andenne ဈေး ပွဲတော်၌ ၁၅ - ကျပ်နှင့် ရောင်းရန် ယူသွား၏။ Rigaud က နွားသိုက်ထဲမှ သူ့နွားမကို မှတ်မိ၍ ပြန်တောင်းရာမှ ရန်ပွဲဖြစ်ကြ၏။ Condroz bailiff က တပ်ကြပ်ကြီး လေးဦးခြံရံလျက် တရားခံအား ခိုးထားသည့် နွားမကို နွားစတင်းသို့ ပြန်ပို့စေ၏။ ဖြစ်ရပုံက Engoran အိမ်ပြန်ရောက်ပြီး မှား မကြာမီ ၎င်းအားအစောင့်တို့က ဖမ်းဆီးချုပ်နှောင်ပြီး သစ်ကိုင်းမှ တန်း လန်းဆွဲ ကြိုးဆွဲချ၍ သတ်ပစ်လိုက်၏။ Engoran မှာ Lord of the Goesnes ၏ ပိုင်နက်တွင်းနေသူဖြစ်၍ ပဒေသရာဇ်ချင်း စစ်တိုက်ကြရာ ၁၅ - ကျပ် အတွက် လူ ၁၅,၀၀၀ သေဆုံး၍ ရွာ ၁၀၀ ခန့် ပျက်စီးသွား၏။ ယင်း စစ်ကို War of the Cow နွားမစစ်ပွဲဟု ခေါ်၏။

Land of Bishop Princes ဂိုဏ်းအုပ်ဆရာတော်တို့ နိုင်ငံဟု ခေါ် ဝေါ်သော ဘယ်လဂျီယံသည် သီလရှင်ကျောင်းများအတွက်လည်း ကျော်



ကြား၏။ အလယ်ခေတ်၏ ဘုရားတရား ကြည်ညိုမှု၏ သာဓကမှာ Antwer ဘုရားရှိခိုးကျောင်းကြီးဖြစ်၏။ ၎င်း၏ မျှော်စင်ကြီးမှာ ဆင်းရဲသားတို့၏ အလှူဖြင့် ဆောက်လုပ်ခြင်းဖြစ်၍ ကြေးရည်တတ်တွ ဆောက်မည်ဆိုသော မျှော်စင်မှာ မပြီးစီးခဲ့။ အမျိုးသမီးတို့ ဘုရားတရား ကြည်ညိုမှု၏ သာဓက မှာ Duke of Aquitaine ၏ သားကို လက်ထပ်ဖို့ ငြင်းဆန်သော Pepin of Landen ၏ သမီး Gertrude of Nivelles ကို မှီး၍ နာမည်ပေးထားသော Church of Saint Gertrude ဖြစ်၏။

ကုန်သွယ်မှုနှင့် စက်မှုလက်မှုပေါ် မူတည်သော အလယ်ခေတ်မြို့ များ (အထူးသဖြင့် အထည်အဝတ်လုပ်ငန်း ဗဟိုတို့၌) ပေါ်ထွန်းလာသည် နှင့်အမျှ ပဒေသရာဇ်တို့ အာဏာကျဆင်းလာပြီး ၎င်းတို့ ကိုယ်တိုင်က ဥစ္စာ ဓနကို လိုလားကြသည်။ ဥပမာ ပြောရလျှင် -

၁၄၅၇ - ခုနှစ် Ghent မြို့၌ ကျင်းပသော ပွဲတော်များသို့ လာ ရောက်သည့် ဧည့်သည်များပြားလွန်း၍ ရဲတိုက်ကြီး၌ ဧည့်သည်တစ်ဦးကို သူစွေခန်း၌ ထားရလေသည်။ သန်းခေါင်ကျော် နှစ်နာရီအချိန်၌ ဧည့်သည် လန့်နိုး၍ ကြည့်လိုက်သောအခါ ဖယောင်းတိုင် ကိုင်ဆောင်သည့် သူစွေက သူ့ကုတင်နား ချဉ်းကပ်လာသည်ကို တွေ့ရ၏။ ဧည့်သည်လည်း ကြောက် လန့်၍ မလှုပ်မရှားနေသည့်အခါ သူစွေသည် နံရံကို ဖောက်၍ ရွှေဒင်္ဂါး ငွေဒင်္ဂါးများကို ထုတ်ယူလာပြီး သေချာစွာ ရေတွက်ကြည့်လေသည်။ ပျောက် ရှခြင်း မရှိကြောင်း တွေ့သည့်အခါ နေရာတကျ ပြန်ထားပြီး သူစွေသည် ပျောက်ကွယ်သွား၏။ မိုးလင်းသည့်အခါ ဧည့်သည်က အိမ်ရှင်အား ပြန် ပြောပြသည့်အခါ ပဒေသရာဇ်မင်းသည် ချက်ချင်းနံရံကို ချိုးဖောက်၍ ဥစ္စာ ဓနများစွာကို ရယူလေသည်။

နောက်သမိုင်းကာလ၏ အာဏာပုံစံကို မြို့လယ်ခေါင်တို့ရှိ အဆောက်အဦတို့ကို လေ့လာခြင်းအားဖြင့် ရိပ်စားမိနိုင်၏။ ဘုရားဝတ်ပြု ကျောင်း၊ မြို့တော်ခန်းမ၊ guilds ခေါ် လုပ်ပေါင်းလုပ်ဖော် အသင်းတိုက် တို့ ဖြစ်ကြသည်။ စက်မှုလက်မှု တော်လှန်ရေးကြီး ဆိုက်ရောက်ပြီးနောက် Liege မြို့ ပတ်ဝန်းကျင်ရှိ စက်မှုလက်မှု ထွက်ကုန်တို့ကို မြောက်ဘက် ပင်လယ်ပေါ်ရှိ Antwerp ဆိပ်ကမ်းကြီးမှ တစ်ဆင့် တင်ပို့နေ၏။ မျက်မှောက် ကာလတွင်ကား Brussels သည် ဥရောပစီးပွားရေး အုပ်စု၏ ဌာနချုပ်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဥရောပ၏ မြို့တော်ဖြစ်လာပေပြီ။ ဘယ်လဂျီယန်ကို ဥရောပ၏ ဇဟိုအဖြစ် ရွေးချယ်ခြင်းမှာ မှန်ကန်၏။ အကြောင်းမှာ ရှည်လျားသော သမိုင်းတွင် ရောမ၊ စပိန်၊ ဩစတြေးယား၊ ပြင်သစ်နှင့် ဒတ်ချ်တို့အပြင် ကမ္ဘာစစ်ကြီး နှစ်ခုအတွင်း ဂျာမန်တို့၏ စိုးမိုးခြင်း ခံခဲ့ရ၍ Waterloo, Ypres, Bastogne စသော တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့သောနေရာလည်း ဖြစ်သောကြောင့်ပင်။

လူဦးရေ တစ်သန်းခန့်ရှိ Brussels မြို့သည် သံအမတ်ကြီးများ အများဆုံးနေထိုင်ရာ အရပ်ဖြစ်၏။ Court of the King of the Belgians ဘယ်လဂျီယန်တို့၏ ဘုရင်၏ နန်းဝင်သံအမတ်ကြီးများအပြင် EU နှင့် ပြင်သစ်မှ ပြောင်းရွှေ့လာသော NATO သံအမတ်ကြီးများလည်း ရှိ၏။ သံအမတ်ကြီးဦးရေကို တုနိုင်မည်မှာ ကိုယ့်ဝမ်းကိုယ်ကြောင်းရရှာသော ဘယ်လဂျီယန်မှူးမတ် Counts ဖြစ်၏။

ဘယ်လဂျီယန်သည် (Ardennes သစ်တော၊ Brabant ချိုင့်ဝှမ်း၊ Meuse မြစ်ဝှမ်း) သဘာဝမြတ်နိုးသူတို့သာမက (Van Eycks,Rubens Van Dyck စသည်) အနုပညာ မြတ်နိုးသူတို့အတွက်လည်း စိတ်ဝင်စားဖွယ်ရာပင်။ ဘာသာစကား ခြားနားသော်လည်း ပြင်သစ်အစားအစာ ကြိုက်သည့်လူမှာ အတူတူဖြစ်၏။

## The All-American

America is exactly half way around the globe from Myanmar and if a photograph of the earth taken from somewhere near the moon can be sufficiently magnified, an American will be seen to be standing on his head when a Myanmar is on his feet and vice versa. Pursuing this approach, one will be struck more by similarities than by differences in the outlook on life between the American and the Myanmar.

Low population density (58 per square mile in the US and 110 in Myanmar), bountiful nature (fully exploited in the US and yet to be in Myanmar), geographical isolation (as a continent in the case of the US and as a country in the case of Myanmar) and economic self-sufficiency (at an industrial level in the US and at a subsistence level in Myanmar) have bred in the inhabitants of both areas, national traits of hospitality, generosity, an optimistic nature as well as a certain amount of self-complacent insularity. Breezy informality, a hallmark of social democracy, permeates the manner of their everyday life.

A Myanmar arriving for the first time in the Land of Liberty (where he is more likely to be greeted in these days of air travel by the sight of the New York skyline rather than the Statue of Liberty) will be struck more by

www.burmeseclassic.com

www.burmeseclassic.com



material differences than cultural. For example, in the streets of Manhattan, he will be impressed by the unending rows of motor-cars, both moving and stationary, as well as by the tallness of skyscrapers which he has to strain the neck to look up. At the same time he will discover to his agreeable surprise that spitting in public is not looked upon as a crime there as it is in Britain.

When a Myanmar is introduced to an American, he is made to remember the given name rather than the family name. "My name is William so-and-so. Call me Bill". This suits the Myanmar fine since he himself has only a given name. Until such time as when he has to introduce him to another American friend by which time he will probably have forgotten the surnames of both. This is where he finds the age old British technique of mumbling the name in introductions handy. When two Americans meet and have forgotten each other's name, even the first name, they accost each other by simply saying 'Hi!', the equivalent of Myanmar(ဟေး).

When a Myanmar visits an American home, he is delighted to find that as in Myanmar the children have the general run of the house often with the aid of some neighbourhood friends. He is also moved by the concern shown by American teenage children, obviously living in a veritable paradise with budgets and markets of their own, for their bill-laden old Pop by cheering him up from time to time with a pat on the head (an untouchable part of the physique in Buddhist Myanmar!).

A Myanmar will find that like his own, American society is matriarchal and that the American woman wears the pants at home both literally and physically. Naturally matriarchs rear devoted sons to the horror of younger potential matriarchs. He will also find that unlike the chaperoned Myanmar maidens, American girls, extrovert



and always well-groomed, make wonderful dates, blind or seen, but like Myanmar women they turn into formidable life-partners. Men's Lib could well be a common cause of the American and the Myanmar.

Moving from the American suburbia to the American campus, he finds a great variety-ranging from the very good, represented by the Ivy League and well-endowed graduate schools, to the indifferent, represented by the mass-production centres of the academic diploma. An admirable American tradition of working through college has now happily spread to the Old World including the Third World where university education used to be a monopoly of the elite.

Whether at school or at work, an American's display of energy is truly impressive. He generally keeps late hours at night and yet is off to school or work early in the morning, the lost sleep to be caught up on later. During the day he is constantly on the move and spends a great deal of time behind the wheels. A week-end is a time to be spent away from home, somewhere, somehow-probably most of it behind the wheels again. Most Americans have a dual personality, one during the week and the other during the week-end. Annual vacations, a must in most offices, are generally spent in motion, often necessitating a holiday to recover from the holiday. Mobility in America is not confined to the spatial but extends to the social and economic fields. Like the European the American is achievement oriented, but because of this greater mobility, his endeavours are often *ad hoc* and not based on a life-long career.

Probably this great reservoir of American energy is derived from the intake of homogenized milk at breakfast, as a night-cap, as a refreshment and even with the meals. Wholesome food (meaning nutritions but unpalat-

www.burmeseclassic.com

www.burmeseclassic.com



able), served in generous proportions like the T-bone steak, the jumbo-sized hamburger and the super-hot-dag, probably contributes to the making of American energy.

Much of this energy appears to have been spent, since the landing of the Pilgrim Fathers, in pioneering, both physical and cultural, giving the world the megapolis and the skyscraper, the airplane and the super-highway, the assembly line and the super-market, the week-end and the TV, the cocktail and the brunch, Hollywood and the graduate school.

Sometimes this pioneering spirit of conquering nature appears to have been carried to excesses. For example, during the winter the American hotels and offices are overheated so that the occupants have to remove their jacket and eat ice-cream to cool off. In summer on the other hand, these places are air-conditioned to such a low degree that one has to keep warm by putting on a thick suit and drink steaming hot coffee. To conquer space, an American walks on wheels, And to conquer time he overspeeds at the risk of his life.

The United States is such a vast continent and the Americans such a diverse people that a common denominator of value has to be found, and for a time, it was found in material wealth. Making a fast buck has its attractions where it can buy a lot of things and where the shops are kept open most of the time. Sueing for damages, real or imaginary, has therefor replaced gun-toting as a favourite pastime. No handbook on American is complete without an enumeration of 60,000 odd millionaires and 500 largest firms they own. Happily the use of money is becoming more sophisticated as evidenced by the mushrooming of art galleries, museums and centres for the performing arts all over the country. Tourism has been another important item of expenditure. Americans with their fascination with novelty make ideal tourists and the travelled American has proved to be better American. In addition, American involvement in the affairs of the world for the last five decades had gone a long way in breaking down the proverbial insularity.



With the recent shifts in the global balance of power, political, economic and cultural, the Americans have been going through a self-reappraisal, agonizing at times, Their public life as well as their personal attitudes are being scrutinized under the glare of a vigorous press with a candour characteristic of Americans. The new American emerging out of this spiritual metamorphosis should be of engaging interest to all others, and not the least to the Myanmar.

www.burmeseclassic.com

www.burmeseclassic.com

## အမေရိကန်ဆိုသည်မှာ

အမေရိကန်သည် မြန်မာပြည်မှ ကမ္ဘာတစ်ခြမ်းတိတိတွင် တည်ရှိသည်ဖြစ်၍ လကမ္ဘာအနီးမှ ရိုက်ထားသည့် ဓာတ်ပုံကို အစွမ်းကုန်ချဲ့လိုက်ပါက အမေရိကန်က ခေါင်းပေါ် ရပ်နေ၍ မြန်မာက ခြေပေါ် ရပ်နေသည်ကို တွေ့ရပြီး ယင်းဓာတ်ပုံကို ဇောက်ထိုးကြည့်ပါက အမေရိကန်က ခြေပေါ် ရပ်နေ၍ မြန်မာက ခေါင်းပေါ် ရပ်နေသည်ကို တွေ့ရလိမ့်မည်။ ဤပုံစံကို လိုက်၍ ဆက်လက်လေ့လာပါက အမေရိကန်နှင့် မြန်မာတို့အကြား ခြားနားချက်များထက် တူညီချက်တို့က ပိုမိုများပြားကြောင်း တွေ့ရှိရပေမည်။

လူနေကျဲခြင်း (အမေရိကန်တွင် စတုရန်း တစ်မိုင်လျှင် ၆၀ ကျော်၊ မြန်မာပြည်တွင် စတုရန်းတစ်မိုင်လျှင် ၁၂၀ ခန့်)၊ ကြွယ်ဝသော သယံဇာတ (အမေရိကန်တွင် အပြည့်အဝ အသုံးချပြီး မြန်မာပြည်တွင် အသုံးမချရ သေး) သီးခြားသော ပထဝီအနေအထား (အမေရိကန်က တိုက်အဖြစ်၊ မြန်မာက တိုင်းပြည်အဖြစ်) စီးပွားရေးရာ လုံလောက်မှု (အမေရိကန်က စက်မှုလက်မှု အဆင့်၌၊ မြန်မာက စားနိုင်ရုံ ဖူလုံမှုအဆင့်၌) တို့၏ ကျေးဇူးကြောင့် အမေရိကန်နှင့် မြန်မာလူမျိုးတို့တွင် ညှိုဝတ်ကျေပွန်မှု၊ စေတနာရက်ရောမှု၊ အကောင်းဘက်ကို မြင်မှတ်တတ်မှု၊ မိမိကိုယ်မိမိ ကျေနပ်၍ သီးသန့်နေတတ်မှုတို့ ထူးကဲပါသည်။ နေပုံထိုင်ပုံမှာ လူမှုဒီမိုကရေစီ၏ လက္ခဏာတစ်ရပ်ဖြစ်သော ရွှင်ရွှင်ပျပျ၊ ဟန်ပန်ကင်းမှု။

Land of Liberty 'အချုပ်အချယ်မဲ့နိုင်ငံ' သို့ ယခင်က အသွားများခဲ့သော ရေကြောင်းနှင့်ဆိုလျှင် Statue of Liberty လွတ်လပ်ရေး မီးရှူးကိုင်ကျောက်ရုပ်ကို ဦးဆုံး တွေ့ရမည်ဖြစ်သော်လည်း ယခုအခါ အသွားများ



သော လေကြောင်းနှင့်ဆိုလျှင် ဦးဆုံး နယူးယောက်မြို့ တိုက်မြင့်ကြီးများကို တွေ့ရပေမည်။ ပထမဆုံးအကြိမ် ရောက်လာသော မြန်မာတို့အတွက် အလေ့အထထက် ရုပ်ဝတ္ထုခြားနားမှုတို့က ပိုများပေလိမ့်မည်။ ဥပမာ Manhattan လမ်းမကြီးများပေါ်၌ ရွေ့လျားနေသော ကားများ၊ လမ်းလေး တစ်ဖက်တစ်ချက်တွင် ရပ်နားထားသော ကားများ များပြားပုံမှာ မျက်စိတဆုံး။ ထို့ပြင် ခေါင်းမော့ကြည့်လိုက်တော့လည်း အဆင့်မြင့် တိုက်ကြီးများ မြင့်မားပုံမှာ လည်ညောင်းစရာ မျက်စိတဆုံး။ တစ်ဖက်တွင်ကား၊ လမ်းပေါ် တံတွေးထွေးခြင်းကို ဗြိတိန်မှာကဲ့သို့ ရာဇဝတ်မှုနှယ် မယူဆကြောင်း တွေ့ရ၍ အံ့အားသင့် ဝမ်းသာမိပေမည်။

အမေရိကန်တစ်ဦးနှင့် နှုတ်ဆက်ပေးသည့်အခါ မြန်မာအား ထိုအမေရိကန်၏ ကိုယ်ပိုင်နာမည် (မျိုးရိုးနာမည်မဟုတ်) ကို မှတ်သားစေ၏။ 'ကျွန်တော့်နာမည် ဝီလျံကိုဟင်ပါ။ ကျွန်တော့်ကို ဘီလ် (ဝီလျံ၏ အတိုကောက်) လို့ပဲခေါ်ပါ' ကိုယ်ပိုင်နာမည်သာရှိသော မြန်မာကလည်း ဤကဲ့သို့ ခေါ်ခိုင်းသည်ကို အစ၌ သဘောကျ၏။ ထိုပုဂ္ဂိုလ်အား နောက် အမေရိကန်တစ်ဦးနှင့် မိတ်ဆက်ပေးရသောအခါမှ ပြဿနာတက်၏။ အကြောင်းမှာ အမေရိကန်နှစ်ဦးစလုံး၏ မျိုးရိုးနာမည်တို့ကို မေ့ကုန်သောကြောင့်ပင်။ ဤလို အခြေအနေမျိုးတွင် အင်္ဂလိပ်စတိုင် နာမည်များကို ခပ်လုံးလုံးရှောင်၍ နှုတ်ဆက်ပေးနည်းက အသုံးဝင်လာလေသည်။ အမေရိကန်နှစ်ဦး အချင်းချင်း၏ ကိုယ်ပိုင်နာမည်တို့ကိုပင် မေ့နေသောအခါ "Hi" (ဟိုက်) ဆို၍ နှုတ်ဆက်ပါသည်။ မြန်မာလို 'ဟေး' ၏ ဘာသာပြန်ဖြစ်သည်။

မြန်မာတစ်ဦး အမေရိကန်အိမ် သွားလည်သည့်အခါ ကလေးများ (အိမ်နီးနားချင်း သူငယ်ချင်းများနှင့်အတူ) ကို အလိုလိုက်ထားသည်မှာ မြန်မာပြည်အတိုင်းပင်။ သီးသန့်ဈေးကွက်၌သုံးရန် ကိုယ်ပိုင်ဘတ်ဂျက် ရရှိထား၍ လောကနိဗ္ဗာန် ရောက်နေသော အမေရိကန် ငြိမ်းကောင်ပေါက်များက အကြွေးတောင်းခံလွှာ ဝိုင်းရံနေသော ဖခင်ကြီး၏ (ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် မကိုင်ရသော) ခေါင်းကို ပွတ်သပ်အားပေးနေသည်ကိုလည်း တွေ့ရှိရပေလိမ့်မည်။

အမေရိကန် လူမှုဆက်ဆံရေးစနစ်တွင် မြန်မာပြည်မှာကဲ့သို့ အမျိုးသမီးများ ကြီးစိုးကြောင်း တွေ့ရှိရပေလိမ့်မည်။ အင်္ဂလိပ်စကားတွေ

www.burmeseclassic.com

www.burmeseclassic.com



'ဘောင်းဘီဝတ်သည်' ဆိုသည်မှာ ကြီးစိုးခြင်းဟု အဓိပ္ပာယ်ထွက်ရာ အမေရိကန်မတို့ ဘောင်းဘီနှစ်ခါဝတ်ခြင်းဖြစ်၏။ အိမ်ထောင်ဘုပ် အမျိုးသမီးကြီး၏ သားများသည် မိခင်ကို အလွန်ရိုသေရသည်ကို ဖူးစာဖက် အိမ်ထောင်ဘုပ် အမျိုးသမီးလောင်းတို့ ထိပ်တိုက်တွေ့ရှိရပေမည်။ မြန်မာ မိန်းမပျိုတို့ ယောက်ျားကလေးများနှင့် အပြင်ထွက်သည့်အခါ မိန်းမအဖော် တစ်ယောက် ပါလေ့ရှိ၏။ ဖော်ရွေပြီး အမြဲတမ်း သပ်သပ်ရပ်ရပ်ရှိသော အမေရိကန် မိန်းမပျိုတို့ကား အဖော်မလို၊ ယောက်ျားကလေးအား တွေ့ဖူးသည်ဖြစ်စေ၊ မတွေ့ဖူးသည်ဖြစ်စေ သူတို့နှင့် အပြင်ထွက်လည်ပတ်ရသည်မှာ ပျော်စရာကောင်း၏၊ သို့သော် သူတို့နှင့် အိမ်ထောင်ကျသည့်အခါ မြန်မာမများလို လင်ယောက်ျားက ကြောက်ရသော ဇနီးသည်များ ဖြစ်လာတတ်၏။ အမေရိကန်နှင့် မြန်မာယောက်ျားတို့ Man Lib ခေါ် 'ယောက်ျားများ လွတ်မြောက်ရေး တပ်ဦး' သို့ အတူဝင်သင့်ပေပြီ။

အမေရိကန် ဆင်ခြေဖုံးရပ်ကွက်မှ ထွက်ခွာ၍ တက္ကသိုလ်နယ်မြေသို့ သွားရောက်ကြည့်ရှုလျှင် Ivy League နှင့် အခြား ငွေကြေးတောင့်တင်းသော ဘွဲ့လွန်တက္ကသိုလ်လို ကျောင်းကောင်းကြီးများ တွေ့ရသလို ဘွဲ့လက်မှတ်များ အများအစား ထုတ်လုပ်ရာ သာမန်ကျောင်းများကိုလည်း တွေ့ရှိနိုင်၏။ အလုပ်လုပ်ရင်း စာသင်၊ စာသင်ရင်း အလုပ်လုပ်သည့် အမေရိကန် အလေ့အကျင့်ကောင်းသည် ဥရောပနှင့်တကွ တတိယကမ္ဘာသို့ပါ ပြန့်နှံ့သွားပြီဖြစ်ရာ ယခင်ကလို တက္ကသိုလ်ပညာရေးသည် အထက်တန်းလွှာတို့၏ လက်ဝါးကြီးအုပ်ရာ မဟုတ်တော့ပါ။

ကျောင်းမှာပဲဖြစ်ဖြစ်၊ အလုပ်ခွင်မှာပဲဖြစ်ဖြစ် အမေရိကန်၏ ဝီရိယဇွဲအားသည် အံ့ဩလောက်ပေ၏။ အိပ်ရာဝင် မိုးချုပ်သော်လည်း နံနက်အစောကြီး ကျောင်း၊ အလုပ်ခွင်တို့သို့ သွားရောက်၏။ အိပ်ပျက်သည်ကို နောက်မှ ဖြည့်စွမ်းလေ့ရှိ၏။ တစ်နေ့လုံး လှုပ်ရှားနေပြီး ကားမောင်းချိန်လည်း များ၏။ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း များသောအားဖြင့် ကားမောင်း၍ အိမ်မှ ဝေးလံသော နေရာတို့သို့ သွားရောက်၏၊ အမေရိကန် အများအပြားသည် တနင်္လာနေ့မှ သောကြာနေ့အထိ လူပုံတစ်မျိုး၊ စနေ၊ တနင်္ဂနွေနေ့တွင် လူပုံတစ်မျိုး ဖြစ်သွား၏။ ရုံးများတွင် မယူအနေရဟု သတ်မှတ်သော နှစ်စဉ် အနားယူကာလတို့တွင်လည်း သွားလာလှုပ်ရှားနေကြ၍ တစ်ခါတစ်ရံ



အနားယူကာလမှ အနားယူရန် လိုအပ်သေး၏။ အမေရိကန်တို့၏ လှုပ်ရှားမှုသည် ခရီးသွားလာခြင်းတွင်သာမက စီးပွားရေး၊ လူမှုရေး နယ်ပယ်သို့ပါ ပြန့်လေသည်။ ဥရောပတိုက်သားတို့လို အမေရိကန်တို့သည် အောင်မြင်မှုကြိုက်ကြသော်လည်း လှုပ်ရှားနိုင်မှုအတွက် တစ်သက်တာလုပ်ငန်းထက် ကျရာလုပ်ငန်းတွင် ထူးချွန်မှုကို ဦးစားပေးလေသည်။

အမေရိကန်တို့၏ လုံ့လ၊ ဝီရိယ၊ ဇွဲအင်အားသည် နံနက်၊ ညသရေစာ၊ ထမင်းတို့နှင့်အတူ စားသုံးသည့် နို့မှ လာပုံပေါက်၏။ ဧရာမကြီးသည့် T - bone steak super hot-dog jumbo hamburger တို့ကဲ့သို့သော အာဟာရဖြည့်အစာ (အာဟာရ ပြည့်သော်လည်း အရသာမရှိသောအစာ) တို့က အမေရိကန်တို့၏ လုံ့လ၊ ဝီရိယ၊ ဇွဲအင်အားကို ဖြစ်စေပါသည်။

၎င်းလုံ့လ၊ ဝီရိယ၊ ဇွဲအင်အား အများစုကို Pilgirm fathers တို့ အမေရိကန်ကမ်းခြေ ဆင်းသက်ပြီးကတည်းက ကာယဉာဏ ဦးစွာ လမ်းထွင်မှုတို့တွင် သုံးစွဲခဲ့ပုံရ၏။ ကမ္ဘာ့ရလဒ်တို့မှာ မြို့ပြကြီးများနှင့် မိုးမျှော်တိုက်ကြီးများ၊ လေယာဉ်ပျံနှင့် အဝေးသွားလမ်းမကြီးများ weekend ခေါ် ရက်သတ္တပတ်ဆုံးနှင့် ရုပ်မြင်သံကြား၊ ကြက်မြီးပါတီနှင့် brunch ခေါ် မွန်းမတည့်မီ ထမင်း၊ ဟောလီဝုဒ်နှင့် ဘွဲ့လွန်တက္ကသိုလ်တို့ ဖြစ်၏။

သဘာဝကို အန်တုနိုင်နင်းမည်ဟူသော ဦးစွာ လမ်းထွင်မှု စိတ်ဓာတ်သည် တစ်ခါတစ်ရံ လွန်ကျူးသွားတတ်၏။ ပုံစံအားဖြင့် ဆောင်းရာသီတွင် အမေရိကန် ဟိုတယ်နှင့် ရုံးတို့၌ အနွေးဓာတ် အပေးလွန်၍ အထဲက လူများသည် အပေါ်အင်္ကျီချွတ်၍ ရေခဲမုန့်စားကာ အအေးဓာတ် ရှာရ၏။ နွေရာသီတွင်ကား ၎င်းနေရာတို့ကို အအေးဓာတ် လွန်ကဲစွာ ပေးထား၍ အဝတ်အစား ထူထူဝတ်ပြီး ကော်ဖီပူပူ သောက်နေရလေသည်။ အမေရိကန်တို့သည် အကွာအဝေးကို နိမ်နင်းရန် မော်တော်ကား၊ အမြဲစီး၍ အချိန်ကို နှိမ်နင်းရန် သက်စွန့်တဖျား ကားအမြန် မောင်းကြလေသည်။

အမေရိကန် ပြည်ထောင်စုသည် အလွန်ကြီးမားသော တိုက်ဖြစ်ပြီး အမေရိကန်တို့သည် လူမျိုးစုံလှသည်ဖြစ်ရာ တစ်ခါက အများနားလည်လက်ခံနိုင်သည့် ပိုင်းခြေမှာ ရုပ်ဝတ္ထုမန (ဝါ) ပိုက်ဆံဖြစ်ခဲ့၏။ အရာဝတ္ထုပေါင်းစုံကို ပိုက်ဆံနှင့် ဝယ်နိုင်၍ ဆိုင်တွေအမြဲလိုလို ဖွင့်ထားသော နေရာမျိုး၌ ပိုက်ဆံများများနှင့် မြန်မြန်ရှာနိုင်ဖို့ အရေးကြီး၏။ သေနတ်အားကိုး

www.burmeseclassic.com

www.burmeseclassic.com



ခေတ်နောက်ပိုင်း၌ ပိုက်ဆံလျော်ကြေးရဖို့ တရားစွဲခြင်း ခေတ်စားခဲ့သည်။ အမေရိကန်နိုင်ငံအကြောင်း လက်စွဲစာအုပ်တိုင်းတွင် သန်းကြွယ်သူဌေး ခြောက်သောင်းနှင့် သူတို့ပိုင်သော အကြီးဆုံးကုမ္ပဏီငါးရာစာရင်း မပါ၍ မပြီး။ ကံအားလျော်စွာ ပိုက်ဆံသုံးစွဲနည်း ပိုမို ယဉ်ကျေးလာ၍ ပန်းချီပြခန်းများ၊ ပြတိုက်များ၊ ကဇာတ်ရုံများ တစ်တိုင်းပြည်လုံး ပေါ်ပေါက်လာခဲ့၏။ ကမ္ဘာလှည့် ခရီးသွားလာရေးတွင် ငွေသုံးစွဲမှုလည်း အတော် တိုးလာခဲ့၏။ အသစ်အဆန်း ကြိုက်တတ်သော အမေရိကန်တို့သည် ကမ္ဘာလှည့် ခရီးသွားလာခြင်းကို နှစ်သက်ရာ ခရီးသွားဖူးသော အမေရိကန်သည် ခရီးမသွားဖူးသော အမေရိကန်ထက် ပိုမိုရည်မွန်လေသည်။ လွန်ခဲ့သော အနှစ် ၅၀ အတွင်းက ကမ္ဘာ့ရေးရာတို့တွင် အမေရိကန်တို့ ပါဝင်ခဲ့သောကြောင့် ယခင်ကကဲ့သို့ သီးခြားနေလိုစိတ် မရှိတော့ပါ။

အင်အားကြီးနိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ဝင်ရောက်ပါဝင်ခဲ့သော အမေရိကန်သည် ပထမနှင့် ဒုတိယကမ္ဘာစစ်ကြီးနှင့် အခြားစစ်ပွဲများကို ဆင်နွှဲခဲ့၏။ သို့သော် ယင်းစစ်ပွဲအားလုံးသည် အမေရိကန်တိုက် ပြင်ပတွင် ဖြစ်ပွားခဲ့၏။ အမေရိကန် ပြည်တွင်းသို့ စတင်စစ်ရောက်သည်မှာ ၂၀၀၁ - ခုနှစ် စက်တင်ဘာလ ၁၁ - ရက်နေ့ပင်။ ယင်းနေ့နောက်ပိုင်း အနေအထိုင်၊ အသွားအလာ၊ အတွေးအခေါ် ပြောင်းလဲမှုတို့မှ အသစ်ထွက်ပေါ်လာမည့် အမေရိကန်သစ်ကို မြန်မာ အပါအဝင် နိုင်ငံခြားသားတို့က စိတ်ဝင်စားစွာ စောင့်ကြည့်နေမည် ဖြစ်ပါသည်။

**ဦးသက်ထွန်း**

(အငြိမ်းစားသံအမတ်ကြီး)



## Curriculum Vitae of *Wunnakyawhtin* U Thet Tun

Born in 1926 in Yangon, U Thet Tun was educated in Myanmar, Japan and England gaining a B.A. from the University of Yangon, and a B.Sc. (Econ) (Hons) degree from the University of London. He worked 25 years in the Ministry of National Planning including a year each at the IMF, ECAFE and IBRD. After 19 years service at the head of the Ministry's Central Statistical and Economics Department, U Thet Tun was named Myanmar Ambassador to France in 1975 with concurrent accreditation to Switzerland and Spain. At the same time he served as Permanent Delegate to Unesco in Paris and Chief Delegate to the UN's Disarmament Committee in Geneva. In 1979 U Thet Tun was invited back to Unesco Secretariat to head its Asia and Pacific Division. Retiring in 1986, U Thet Tun now lives in Yangon serving as a director of Tun Foundation Bank, a part-time member of Myanmar Historical Commission, and President of Japan Alumni of Myanmar Association.

He won the 1998 National Literary Prize in the genre of *belles-lettres* for his bilingual Paris memoirs entitled "In the Footsteps of Kinwun". He is also the author of Myanmar in the world (1997) in Myanmar language, a translation into English of the Writings of General Aung San (2000), Humourous Sayings (2001), The Contemporary Myanmar (2002), Western Women's Wicked Wit (2003), National Insults between Europeans (2003) and Selected Writings of Retired Ambassador U Thet Tun (2004).

www.burmeseclassic.com

www.burmeseclassic.com

## ဝဏ္ဏကျော်ထင် ဦးသက်ထွန်း၏ ကိုယ်ရေးမှတ်စု

၁၉၂၆ခုနှစ်တွင် ရန်ကုန်မြို့၌မွေးမြင်၍ မြန်မာ၊ ဂျပန်နှင့် အင်္ဂလန်နိုင်ငံတို့၌ ပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ B.A.(Rgn) နှင့် လန်ဒန်တက္ကသိုလ်မှ B.Sc.(Econ) (Hons) ဘွဲ့တို့ကို ရရှိသည်။

၁၉၅၁ မှ ၁၉၇၅ အထိ အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပေါ်စာရင်းအင်းနှင့် စီးပွားရေးဌာနခွဲ၌ ညွှန်ကြားရေးမှူးချုပ် အဆင့်အထိ ထမ်းရွက်ခဲ့သည်။ ယင်းကာလအတွင်း ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင် (ECAFE)၊ ကမ္ဘာ့ဘဏ် (IBRD) တို့၌ တစ်နှစ်ခန့်စီ ထမ်းရွက်ခဲ့သည်။

၁၉၇၅ မှ ၁၉၇၈ အထိ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ နှင့် စပိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ယူနက်စကိုဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးကော်မတီ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အဖြစ်လည်းကောင်း၊ ပူးတွဲ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် ၁၉၇၉ မှ ၁၉၈၆ အထိ ပါရီမြို့ ယူနက်စကို ဌာနချုပ်၌ အာရှနှင့် ပစိဖိတ်ဌာနခွဲ ညွှန်ကြားရေးမှူးအဖြစ် ထမ်းရွက်ခဲ့သည်။

ယခုအခါ ထွန်းဖောင်ဒေးရှင်းဘဏ်၌ ဒါရိုက်တာအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ သမိုင်းအဖွဲ့၌ အချိန်ပိုင်း အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

၁၉၉၈ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် အမျိုးသားစာပေ (တာပဒေသာ) ဆုရ "ကင်းဝန်ခြေရာလိုက်၍သာ In the Footsteps of Kinwun" ကို ရေးသားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် မြန်မာဘာသာဖြင့် "ကမ္ဘာထဲက မြန်မာ" ကို ရေးသားသည်၊ ၁၉၉၉ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် "သံတို့အမြင်" ကို လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် "မျက်မှောက်ခေတ်မြန်မာ" ကိုလည်းကောင်း ရေးသားထုတ်ဝေသည်။

ဟာသစာပေများအဖြစ် မြန်မာဘာသာဖြင့် "အနောက်တိုင်းဟာသ" ကိုလည်းကောင်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် "သူတို့ အဆို၊ သူတို့ ဟာသ"၊ "အနောက်တိုင်း မှတ်သားကောင်းလှသော ပါးတို့၏ အဆိုများ"၊ "ဥရောပလူမျိုးအချင်းချင်း မျက်နှာအိုးမဲသုတ်ခြင်း" တို့ကို ထုတ်ဝေခဲ့သည်။ ဘာသာပြန်စာပေအဖြစ် ဦးမြဟန်၏ "ဗိုလ်ချုပ်အောင်ဆန်း၏ တပေ ဆောင်းရာများ" ကို "The Writings of General Aung San" ဟူ၍ အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည်။ သမိုင်းစာပေအဖြစ် Selected Writings of Retired Ambassador U Thet Tun ကို ထုတ်ဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

A MYANMAR LOOKS AT OTHERS






BURMESE CLASSIC .com





မြန်မာတစ်ဦး၏
# ကမ္ဘာ့အမြင်
ဦးသက်ထွန်း
(အငြိမ်းစားသံအမတ်ကြီး)

www.burmeseclassic.com